
# မိုးကျော

## ခင်းရက်ရှည်တဲ့နွေဒေသမှာ



စာမူကြိုတင်ခွင့်ပြုချက်အမှတ် (၁၀၇၇)
မျက်နှာဖုံးကြိုတင်ခွင့်ပြုချက် အမှတ် (၃၅၄)

ဖိုးကျော့

(စာရေးသူ၏ မူပိုင်)

ပြည်လုံးကျွတ်ဖြန့်ချိရာဌာန

ပေယ်ဦးစာပေဖြန့်ချိရေး

အမှတ် ၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊
ရန်ကုန်မြို့။ (ဖုန်း—၇၆၃၇၈)

# ဖိုးကျော့

# ဆောင်းရက်[illegible] [illegible]ဒေသများ

(အသစ်စက်စက် လုံးချင်းဝတ္ထု၊ အစ—အဆုံး)

၂၅

ပထမအကြိမ်
၁၉၉၀-ပြည့်နှစ်၊ စက်တင်ဘာလ
အုပ်ရေ (၅၀၀)

---

မျက်နှာဖုံးပန်းချီ
ကိုခဇော်မင်း

---

အဖုံးဖလင်
သန်းစိုး ကာလာဖလင်ဓွဲ

---

ပုံနှိပ်သူ (အတွင်း/မျက်နှာဖုံး)
ဒေါ်သန်းသန်း (၀၂၆၀၇)၊ စပယ်ဦးပုံနှိပ်တိုက်၊
အမှတ် ၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊
ရန်ကုန်မြို့။

---

ထုတ်ဝေသူ
ဦးစောလှံ (၀၁၀၉၇)၊ အညာသားစာပေ၊
အမှတ် ၁၈၊ မာန်ပြေ (၅) လမ်း၊ ၂ (ခ) ရပ်ကွက်၊ သာကေတ၊
ရန်ကုန်မြို့။

## အခန်း ( ၁ )

သည်ရက်ပိုင်းက မန်းနှင့် ရတနာ ကားလမ်းတွင် မန်းနီလာ ကားလိုင်းပင် မပေါ်သေး။ မန်း ရတနာ သွား ကားလမ်းမှာလည်း အကြမ်းသာ ရှိသေး၏။ မန္တလေး သပိတ်ကျင်း လမ်းကသာ ကတ္တရာလမ်း ဖြစ်သည်။ ရတနာကို လာလိုသူများသည် ယခင်က သပိတ်ကျင်းဘက်က လှည့်လာရသည်။ သို့မဟုတ် မိုးမိတ်က လေယာဉ်နှင့် လာရသည်။ မို မိတ်နှင့် ရတနာသည် နှစ်ဆယ့်ရှစ်မိုင်သာ ဝေးသည်။ မန်းနှင့် ရတနာကား မိုင်ပေါင်း တစ်ရာ ကျော်၏။

မန်းနှင့်ရတနာမြေကားလမ်းသည် ရေခံမြေခံကိုယ်က ကြမ်းသည်။ ပထဝီ အနေအထားလည်း မဖြူးဖြောင့်၊ ဓားပြ တဖွဲ့ထပ်သည်။ သူပုန် သူကန် ဆိုသူတွေကလည်း အချိန်မရွေး သွားနေ လာနေကြသည့် လမ်း။ လမ်းခရီးမှာ နာရီပိုင်း

အတွင်း ပြောင်းလဲ ဖောက်ပြန်မှု မြန်သည်။ တစ်နေ့ ရွှေ၊ တစ်နေ့ ငွေ မဟုတ်။ တစ်နာရီ အစိုးရ၊ တစ်နာရီက သူပုန် ဓားပြ။

မနက်က ရတနာမှ ဆင်းလာသော ကားကို မေးကြည့်လျှင် သာသာယာယာပါပဲဟု ပြောသွားကြသော်လည်း နေ့လယ်လောက်တွင် ဆင်းလာသော ကားများကို မေးကြည့်လျှင် ဓားပြတိုက်ခံရ၍ ပြောင်ပြောင်ကုန်လာပါပြီဟု ငိုယိုကာ ပြောသွားတတ်ကြပြန်သည်။

ထို့ကြောင့်လည်း အက်စကော့ အစောင့်အရှောက် မပါလျှင် ဤ လမ်းခရီးကို မည်သည့် ကားပိုင်ရှင်၊ မည်သည့် ခရီးသည်ကမှ မသွားရဲကြ။ အစောင့် အရှောက် ပါသည့်ကြားထဲကပင် ကားတန်းကြီး ရှေ့နှင့် နောက်တွင် ညှပ်ပါလာကြသော ရဲများ မသိလိုက်ဘဲ အလယ်က ကားတွေကို လျှပ်ပြတ်သလို တောင်အကွေ့ ချောင်းအကူး လမ်းကြမ်းတွေမှာ ဓားပြက သုံးကား လေးကား ဖေါက်၍ တိုက်သွားတတ်၏။ အဆင်မသင့်လျှင် ခရီးသည်တွေ အသတ်ခံရမည်။ ကားမီး ရှို့ခံရမည်။ ဤသည်က ခိုးသား ဓားပြတို့၏ အန္တရာယ်။

သဘာဝ အန္တရာယ်က ရှိသေးသည်။ ချောက်ထဲ ကျမည်။ တောင်ပြိုမည်။ ကားလမ်းကို ဖြတ်၍ သစ်ပင် လဲမည်။ ချောင်းကူးတွင် တံတားကျိုးမည်။ ချောင်းရေ လျှံမည်။ ကား ပျက်မည်။ လမ်းတွင် ကားပျက်လျှင် ထမင်းငတ်၊ ရေငတ်၊ အစာရေစာပြတ်၍ တောကြီးမျက်မည်းထဲ တစ်ညလား နှစ်ညလား၊ ပြန်မကောင်းမချင်း အိပ်ကြရမည်။





ဤလို လမ်းမျိုးတွင် အသက်ကို ဖက်နှင့် ထုပ်၍ သွားလာနေကြသူတွေကတော့ ဆွေမျိုး မိတ်သင်္ဂဟတို့၏ သာရေးနာရေး၊ မသွား မဖြစ်သည့် အစိုးရ အမိန့်၊ အလုပ် ကိစ္စ၊ အပြောင်းအရွှေ့၊ မသွားမဖြစ်ကြသည့် ခရီးသည်များ ဤလို လမ်းခရီးကို ခြေရာချင်း ထပ်အောင် သွား လာ နေကြသူတွေကတော့ ရတနာ မှော်ခို ကုန်သည်များ။

အကြောင်း အမျိုးမျိုးကြောင့် ဤလမ်းခရီးတွင် မတူမညီ ရည်ရွယ်ချက်တွေနှင့် ဆုံစည်းမိကြသော်လည်း တူညီသော ရည်ရွယ်ချက်၊ သို့မဟုတ် စိုးရိမ်ချက် တစ်ခုကတော့ အားလုံး ခရီးသည်ချင်း တူညီကြသည်။ ဘယ်ကွေ့မှာ ဓားပြတိုက်ခံရလေမလဲ၊ ဘယ် တောင်စောင်း အကောက်မှာ ကား ချောက်ထဲ ကျလေမလဲ စသည် ရင်တမမနှင့် စိုးရိမ် သောက ကတော့ အတူတူပင်။

* * *

## အခန်း (၂)

ကားထွက်ခါနီးမှ မန်းရတနာ ကားဂိတ်သို့ သူ အမြေး အလွှား ရောက်လာသည်။ ကားပေါ်တွင် ခရီးသည်တော့ပင် စုံနေပြီ။ လူကလည်း ငါးပိငါးချဉ်သိပ် ပြည့်ကျပ်နေသည်။

ကားက ဒေါ့ဂျစ် သာသာကား။ မည်သည့်အမျိုးအစားဟု ခန့်မှန်းရန်ပင်မလွယ်။ သံစည်တိုင်ကီကို ဘောဲဒီထုထားသလား ထင်ရသည်။ ပိန့်သည့်နေရာက ပိန်၊ ဖောင်းသည့် နေရာက ဖောင်း၊ ပေါက်သည့်နေရာက ပေါက်နှင့် စုတ်ပြတ်နေသည်။

တင်ထားသည့် ပစ္စည်းတွေကလည်း ဆီပုံး၊ ဆန်အိတ်ကစပြီး ကြက်သွန်၊ အာလူး၊ ငရုတ်၊ ငှက်ပျော၊ သဘော်၊ မာလကာ စုံတကာစေ့ ဟုပင် ဆိုရမည်။

ခရီးသည်တွေ အားလုံးလိုလိုပင် ဤလိုကားမျိုးနှင့် ရတနာသို့ လိုက်ပါရစေအကြောင်း ညစောင့်အိပ်သူကအိပ်၍ လက်မှတ်





ကြို့တင်ယူထားကြရသည်။ သူကမူ ကြိုတင်လက်မှတ် မရှိသူ၊ ကားထွက်ခါနီးမှ ရောက်လာသူ။

“ဒီကားလားဗျာ၊ ရတနာကို သွားမယ့်ကား”

“ဟုတ်ပါတယ်”

အိပ်ရာလိပ် ခပ်နွမ်းနွမ်းတစ်လိပ်နှင့် ဟင်းဘတ်အိတ်အစုတ် တစ်လုံးကို ကိုင်ဆွဲကာ ကားနောက်ပိုင်းမှ ခရီးသည်များအား အောက်ကနေ လှမ်းမေးနေသည်။ သူ့အား ခရီးသည် တစ်ယောက်က “ဟုတ်ကဲ့” လိုက်၏။

သူက သူ့အိပ်ရာလိပ်နှင့်လက်ဆွဲအိတ် စုတ်ကိုကားပေါ်တင် လိုက်သည်။ သူ့အိပ်ရာလိပ် ထည့်ထားသော ဂုန်နီအိတ်ပေါ် အတင်ခံရသူခရီးသည်တစ်ယောက်က မနာလိုအကြည့်တစေ့ ဖြင့် သူ့ကို လှမ်းကြည့်သည်။

အမှန်က ဤခရီးကို သွားသူတိုင်းမှာ အိပ်ရာလိပ်ကို သူ့လို အိပ်ရာလိပ်အတိုင်းချည်း မည်သူမှ ယူလေ့မရှိကြ။ ကားက ဆောင့်၊ လမ်းက ကြမ်း၊ ပစ္စည်း အစိုအခြောက်တွေကလည်း ဘေးကကျပ်၊ အပေါ်က ဖိမို့ အိပ်ရာလိပ် ပျက်စီးခြင်း၊ ပေခြင်း၊ စွန်းထင်းခြင်းရှိတတ်သဖြင့် ဂုန်နီအိတ်တူ ထူနှင့် အိတ်လုပ်ထား သော အပြင်အိတ်ထဲကို အိပ်ရာလိပ် ထည့်၍သာ ယူလေ့ရှိကြ သည်။ ယခု သူလုပ်လာပုံမှာ ဆန်းနေသဖြင့် စောစောက မနာ မလို တစေ့ကြည့်ထားသော ခရီးသည်က သူ့ကို မေးသည်။

“မောင်ရင် ဒီကားမှာ လိုက်မလို့လား”

“ဟုတ်ကဲ့ ခင်ဗျား”

“လက်မှတ် ရပြီးပြီလား”

“ဗျာ လက်မှတ်က ကြိုတင်ယူထားရမလားခင်ဗျား”

အသံထွက်မလာသော်လည်း အားလုံးက သူ့ကို ဝိုင်းပြုံး ကြည့်ကြသည်။ စောစောက သူ့ကို ပြောသူကတော့....

"ခင်ဗျားဗျာ စုံစမ်းလဲ ကြည့်ပါဦး၊ သူများတွေဆို သုံး လေးရက်ကတောင် ကြိုလုပ်ထားကြရတာ၊ ခင်ဗျားက ခု လာ လာချင်း စီးချင်လို့ ဘယ်ရမလဲဗျ"

သူက ခဏ ငိုင်သွားသည်။

"ကျွန်တော်က အရေးကြီးလို့ပါဗျာ"

"ဘာအရေးလဲ၊ ခင်ဗျား ဘယ်ကလဲ"

"ကျွန်တော် မန္တလေးကပါ"

"ဒါတော့ ကားသမားနဲ့ ပြောပေါ့ဗျ၊ ကျွန်တော်တို့က ခရီးသည်တွေပဲ၊ ကားသမားသဘောပေါ့"

သူ့ကို ဟောက်ချင်နေသူအား မဆီရယ်တဲ့ အိုမဆိုင် လုပ်ရ လေမလားဟု နောက်ခရီးသည်တစ်ယောက်က ပြောပြန်သည်။

"ကားဆရာတွေက ဘယ်မှာလဲဗျ"

"ဘာလဲဗျ ဘာတွေ ဖြစ်နေကြတာလဲ"

အသံကြားသဖြင့် ကားစပယ်ယာက အနားရောက်လာ သည်။ လက်ဖက်ရည်သောက်နေသော ဒရိုင်ဘာကလည်း လှမ်း ကြည့်နေ၏။

"ဒီလိုပါအစ်ကို၊ ကျွန်တော် ဒီကားနဲ့ ရတနာကို လိုက်ချင် လို့ပါ....အဲဒါ"

သူ့အသံမှာ နှိမ့်ချချိုးနှိမ်သံအပြည့် ပါသည်။ စပယ်ယာ က သူ့စကားဆုံးအောင် မစောင့်။

"ခင်ဗျား လက်မှတ်မှုပြီးပလား"





"အဲဒါ ဒီလို လက်မှတ်ကြိုတင်လုပ်ရတယ်ဆိုတာလဲ ကျွန် တော် မနေ့ကပင် မသိ"

"ဘယ်ရမလဲဗျ"

ကားစပယ်ယာက အသံကို မြှင့်ပြောသည်။ ဘေးဘီကို လည်း မျက်လုံး ဝေ့ကြည့်၏။

"တောင်းပန်ပါတယ်အစ်ကိုရာ၊ဖြစ်နိုင်ရင် ကျေးဇူးပြုပြီး"

"ဘာတွေလဲကွ၊ ဘာဖြစ်နေကြတာလဲ"

ကားကလည်း ထွက်ခါနီးပြီဖြစ်သဖြင့် ကားဒရိုင်ဘာက ရောက်လာ၍ မေးပြန်သည်။

"ဒီလူက ရတနာကို လိုက်ချင်လို့တဲ့ဗျ၊ ကားလက်မှတ်လဲ ခုထိ မရှိသေးဘူး၊ ကြိုတင်လုပ်ထားတာမဟုတ်ဘဲနဲ့ ကျုပ်တို့က ဘယ်လိုလုပ် တင်ရမှာလဲ"

စပယ်ယာ စကားကြောင့် ဒရိုင်ဘာက သူ့ကို စူးစူးရဲရဲ တစ်ချက် ကြည့်သည်။

"ဟုတ်တာပေါ့ဗျ၊ ဘယ်ရမလဲ၊ ကြိုတင်လက်မှတ်ယူထား ရတယ်"

"မသိလို့ပါအစ်ကိုရာ၊ ကျေးဇူးပြုပြီး ဆောင်ရွက် ပေးပါ ဗျာ၊ လက်မှတ်ရောင်းတဲ့နေရာလဲ ကျွန်တော် မသိလို့ပါ၊ ကျွန် တော့်မှာ ကိစ္စ အရေး....အရေး...."

"ဟော့ ကားမှာလဲ လူပြည့်နေပြီကွ၊ လုပ်မနေနဲ့၊သန်ဘက်ခါ မှ လိုက်"

"ဟင် ကားက မနက်ဖြန်လဲ မရှိဘူးလားခင်ဗျား"

“သန်တက်ခါတောင် ကားလက်မှတ်က မသေချာဘူးကွ”

မန်းရတနာကားမှာ နေ့စဉ် မရှိဟု ထင်သွားပုံ ရသည်။ သန်ဘက်ခါတောင် ကားလက်မှတ်က မသေချာဟု ပြောသော ဒရိုင်ဘာ၏ စကားကြောင့် သူ့မှာ ပို၍ စိုးရိမ်သွားဟန်ရှိသည်။ ကားသမားကို ထပ်၍ တောင်းပန်သည်။

“လုပ်စမ်းပါ အစ်ကိုရာ၊ ကျွန်တော် အရေးကြီးနေ....”

“ဟေ့ကောင် မင်း မြန်မာစကား နားမလည်ဘူးလား၊ ငါက မြန်မာလို ရှင်းရှင်းလေး ပြောနေတာ၊ ဂျပန် ရေချိုးတာ တက်တောင် ရှင်းသေး”

“မဟုတ်ပါဘူး အစ်ကိုရာ၊ အစ်ကိုကြီးပြောတာ ကျွန်တော် သဘော ပေါက်ပါတယ်၊ ကျွန်တော့်မှာလဲ အခက်အခဲရှိ....”

“ဟေ့ကောင် တော် တော်ကွာ၊ မင်း အခက်အခဲရှိတာ ငါတို့နဲ့ မဆိုင်ဘူး၊ ငါတို့က ကားပိုင်ရှင်လဲ မဟုတ်ဘူး၊ မင်း ငါတို့လာပြီး ငိုပြနေလို့လဲ အလကားပဲ၊ ရတနာ လိုက်ချင်ရင် ကားလက်မှတ် ကြိုယူရတယ်ဆိုတာ မင်း မသိဘူးလား”

“မသိလို့ပါ အစ်ကိုရာ”

“မသိရင် ခု သိပြီ မဟုတ်လား၊ ခင်ဗျားကို ကျုပ်တို့ ပြောတာ အပ်ကြောင်း ထပ်နေပြီ”

စပယ်ယာက ထပ်၍ ဟောက်ပြန်သည်။

“အစ်ကိုတို့ကို ကျွန်တော်က လူမှုရေးအရ တောင်းပန်တာပါဗျာ၊ ကျွန်တော့်မှာလဲ အရေးတကြီး မသွား မ....”

“ဟေ့.... သွား သွား၊ မင်း ရတနာကို ဒီကားနဲ့ လိုက်ချင်ရင် အုံနာကို သွားပြောကွာ၊ တို့ လာ ငိုပြမနေနဲ့၊ နားငြီးတယ်၊ သွားခါနီး လာခဲ့နော်”





“ကားပိုင်ရှင်ကော ဘယ်မှာပါလဲခင်ဗျား”

“ဟိုမှာကွ၊ ဟိုမှာ ဟိုမှာ”

ဘယ်လိုမှ ပြောမရမှန်း သိသဖြင့် ဒရိုင်ဘာက ကားပိုင်ရှင် အိမ်နှင့် လက်မှတ်ရောင်းရာ ဌာန၊ မန်းရတနာ ကြီးကြပ်ရေး အဖွဲ့ဟု ဆိုင်းဘုတ်ရေးထားသော အိမ်ကို လက်ညှိုး ထိုးပြလိုက်သည်။

တစ်ကားလုံးက သူ့ကို စိတ်ဝင်စားသလို ဖြစ်နေကြသဖြင့် ခပ်ကုပ်ကုပ်နှင့် ထွက်သွားသော သူ့ကို အားလုံး လှမ်းကြည့်နေကြသည်။

“ဘယ်လို အူကြောင်ကြောင် အကောင်တွေနဲ့ လာတွေ့နေမှန်း မသိပါဘူး”

စပယ်ယာက ညည်းသည်။

“အေးကွ၊ တော်တော်တုံးတဲ့ အကောင်၊ အုံနာ အိမ်ရှေ့ ကားဂိတ်မှာမှ လာပြီး ငိုပြရတယ်လို့၊ ဟိုကလဲ ဘယ်လိုမှ လိုက်ခွင့်ပြုမှာ မဟုတ်ပါဘူးကွာ၊ သူတို့ သတ်မှတ်ထားတဲ့ ပါစင်ဂျာ ပြည့်နေပြီပဲ”

“ဟုတ်တယ်ဗျ၊ ဒီမှာ တွေလား၊ ကျုပ်တို့ကသာ ပြောနေကြတာ၊ သူကတော့ ပိုင်ပါ့ဗျာ၊ သူ့ အိပ်ရာလိပ်နဲ့ အိတ်စုတ် ကလေးတောင် ကားပေါ်တင်ထားပြီးပြီ ဟိ-ဟိ”

“ဟဲဟဲ၊ တော်တော် လာတဲ့ အကောင်၊ ခရီးမသိ အရောက် သွား၊ အချိန်မသိ အဝစား ဆိုတဲ့ အကောင်မျိုးဟာ ဒီလို အကောင်မျိုးပေါ့ကွ”

“ဟုတ်တာပေါ့ဗျ”

စောစောက သူ့ အိပ်ရာလိပ်ပေါ် အတင် စံထားရသူက ဒရိုင်ဘာနှင့် စပယ်ယာတို့ ပြောနေသည့် ကြားထဲ ဝင်ပြော၏။

အမှန်က ခရီးသည်တိုင်း လိုလိုပင် ခရီးသည် ခရီးသွားချင်းဟု စာနာစိတ် ရှိသူတွေ နည်းကြသည်။ ခရီးသည် တစ်ယောက် ပိုတက်လာလျှင် နေရာကျပ်တည်း ကျဉ်းမြောင်းသွားမည်ကို မလိုမလား ဖြစ်နေကြသည်။ သူတို့ဖင်တစ်နေရာစာကို သိကြားမင်း ပဏ္ဍုကမ္ဗလာ ထင်၍လား မသိ၊ ခရီးသည် တစ်ဦး ပိုလာမည်ကို အလိုလို စိတ်ထဲက မလိုမလား ဖြစ်နေကြသည်။

ခရီးသည် အချင်းချင်းက နေရာ ကျပ်တည်းကျဉ်းမြောင်းသွားမှာစိုး၍ မလိုလားကြသလို၊ ဒရိုင်ဘာနှင့် စပယ်ယာတို့ကတော့ လူတစ်ယောက်အတွက် မခိုးရ၍ မကျေနပ်ကြ။ ထို့ကြောင့်လည်း ကားပိုင်ရှင် အုံနာအိမ်ရှေ့ ကားဂိတ်မှာ လာငိုပြရမလားဟု ဒရိုင်ဘာက သူ့ကို ဒေါကန်သည်။

ဤနေရာက လက်မှတ်နှင့် တင်သွားသူမှာ သူတို့အိတ်ထဲ ပိုက်ဆံဖြည့်မည့်သူ မဟုတ်၊ ကား အုံနာနှင့် ကားအဖွဲ့ကသာ ရမည်။ မြို့ပြင်ရောက်၍ လမ်းက ဖြတ်စီးသူဆိုလျှင် ဘယ်နှစ်ယောက်ပဲ တက်တက်၊ သူတို့အတွက် ပိုက်ဆံချည်းပင်၊ ခရီးသည်တွေ တက်နိုင်လို့ကတော့ တက်စမ်း၊ ဘယ်နှစ်ယောက်တက်မလဲ၊ ကားထဲက လူတွေ မည်မျှ ကျပ်ကျပ်၊ ညှပ်၍ သေမည်ဆိုလျှင်ပင် ချမ်းသာ ပေးမည် မဟုတ်။

ဤသည်ကို အထာမသိ သူကတော့ ဒရိုင်ဘာနှင့် စပယ်ယာဆီတွင် အကြိမ်းအမောင်းခံပြီး အုံနာဆီ သွားပြောနေရလေပြီ။





နှလုံးသား ရှိသော၊ ခရီးသွားချင်း ကိုယ်ချင်းစာစိတ် ရှိသော ရှုပါတို့ မိန်းမသား သုံးယောက်ကတော့ သူ့အတွက် ရင်မ နေကြရသည်။

ထုံးတမ်းစဉ်လာလည်း မဟုတ်။ အမှန် ၎င်းကယ် သတ်မှတ်ထားသော လူဦးရေ ကန့်သတ်ချက်ကလည်း ပြည့်နေပြီ။ သူ့ကို မည်သူက စီးခွင့် ပြုပါမည်နည်း။ အသင်းအဖွဲ့၏ စည်းမျဉ်း ဥပဒေသတစ်ခုကို မည်သူက ချိုးဖောက်ရဲမည်နည်း။

"ကဲ မရဘူးကွာ၊ သူ ဘယ်လိုပဲ ပြောပြောပေါ့၊ အဲဒီကောင် အိပ်ရာလိပ်နဲ့ သူ့အိတ်စုတ် ကားပေါ်က ချထားလိုက်ကွာ"

ဒရိုင်ဘာ၏ အမိန့်အတိုင်း စပယ်ယာက သူ့အိပ်ရာလိပ်နှင့် ဟင်းဘက်အိတ်ကို ကားပေါ်က ဝုန်းခနဲ ပစ်ချလိုက်သည်။

ရှုပါနှင့် ယှဉ်ထိုင်နေသော ဒေါ်ခင်ခင်ကြီးက ရိုင်းလိုက်တာဟု စပယ်ယာကို မျက်စောင်းထိုးသည်။ ရှုပါနှင့် မသင်းရီနောက် မိန်းမသားများကတော့ ဘာမှ ဝင်မပြောကြဘဲ ကားအဖွဲ့၏ ဆိုင်းဘုတ်ရှိရာ အိမ်ဘက်သို့သာ ရင်တမမနှင့် ငေးကြည့်နေကြသည်။

"သူများကားတွေတောင် ထွက်သွားကြပြီ၊ တို့လဲ သွားကြမယ်ကွာ"

ဒရိုင်ဘာ၏ စကားမဆုံးခင်ပင် သူနှင့် အဖွဲ့လူကြီး တစ်ယောက်က ရှေ့ဆင့်နောက်ဆင့် အိမ်ရှေ့ ထွက်လာကြသည်။ အသင်းလူကြီးက သူ့ကို ကားရှိရာဘက်သို့ လက်ညှိုး ထိုးပြ၏။ သူက ရှိသေလေးစားသမှုနှင့် ခေါင်းညိတ် ပြသည်ကို မြင်နေရသည်။

အသင်းလူကြီးက မှုံးခန်းလုပ်ထားသော အိမ်ထဲ ပြန်ဝင်သွားသည်။ သူက ကားရှိရာသို့ ကမန်းကတန်း ပြေးလာသည်။

ဘယ်က ဘယ်လို ပြောယူလာသည် မသိ။ သူ့လက်ထဲ မန်းရတနာစီးခွင့် ကားလက်မှတ် ပါလာသည်။ ဒရိုင်ဘာနှင့် စပယ်ယာက သူ့ကို မကျေမနပ်နှင့် ခါးထောက်ကြည့်နေကြသည်။

"ကျေးဇူးပဲ အစ်ကိုရေ၊ ကားလက်မှတ်တော့ လုပ်ပေးလိုက်...."

သူ့စကားက ရပ်သွားသည်။ စပယ်ယာ ပစ်ချထားသော ဖုန်တောထဲက အိပ်ရာလိပ်နှင့် လက်ဆွဲအိတ်တို့ကိုမြင်သောအခါ ကျေးဇူးတင် စကားက နှုတ်ဆွံ့သွားသည်။ မျက်နှာလည်း အနည်းငယ်ညှိုးသွား၏။ သို့သော် ဒရိုင်ဘာနှင့် စပယ်ယာက သူ့ကို လုံးဝအရေးမစိုက်။ ကားခေါင်းထဲ ဝင်၍ စက်နှိုးတော့သည်။ စပယ်ယာကလည်း ကားဘေးကို တွယ်လိုက်၏။

သူ့အိပ်ရာလိပ်နှင့်ဟင်းဘက်အိတ်ကို သူသည် ဖုန်တောထဲမှ ကမန်းကတန်း ကားပေါ် ကောက်တင်သည်။ အိပ်ရာလိပ် တစ်ခြမ်းတွင် ဖုတ်တွေ သဲတွေ ပေနေလေရာ သူ့အိပ်ရာလိပ် အတင်ခံရသူ ခရီးသည် တစ်ယောက်က သူ့ကို မျက်စောင်းထိုးပြန်သည်။ သူ့ဟင်းဘတ်အိတ်ကို လှမ်းတင်လိုက်သော အခါ ကားဘီးလိမ့်စပြုနေလေပြီ။ သူက ကားပေါ် မရောက်သေး။

"ဟိုး....ဆရာ... ဟိုး... ဟိုး"

"ဟိုး....ဆ...."

ဒရိုင်ဘာက သူ အော်သော်လည်း ကားကို လုံးဝမရပ်ပေး၊ သူက ကားပေါ် အတင်း တွယ်တက် လာရတော့သည်။ သူက ကုန်းကုန်းကွကွနှင့် နေရာမရသေး။





"လူကြီးတွေကိုယ်က သောက်စည်းကမ်းမရှိတာ၊ ကျုပ်တို့ကျတော့ စည်းကမ်း စည်းကမ်းနဲ့ တစ်ကမ်းတည်း ကမ်းနေကြတာ၊ သူတို့ကျတော့ ငိုပြရင်လဲပေး၊ ရယ်ပြရင်လဲ ပေးနဲ့၊ ကားမဆံ့တာလဲ မြင်သားနဲ့ လက်မှတ် အပိုရောင်းတယ်"

စပယ်ယာက လူကြီးတွေကို မကျေမနပ်ဆဲဆိုရင်းက သူ့ကို စောင်းပြောသည်။ သူကမူ မျက်နှာညှိုးနေ၏။

သူ၏ အမြင်မှာမူ သနားစရာ ကောင်းလောက်အောင် ရိုင်းစိုင်းသူ၊ မသိသားဆိုးဝါးသူ၊ လူမှုရေး ညံ့ဖျင်းလွန်းသူတွေဟု သနားနေပုံရသည်။ သူ့မျက်နှာကမူ စပယ်ယာကို ခွင့်လွှတ်သည့်အပြင် သနားပင် သနားသွားသလို ထင်ဟပ်ပြနေသည်။

"ထိုင်လေဗျာ .... ခင်ဗျား ဒီလို တစ်နေလုံး ကုန်းလိုက်နိုင်မလား"

"ဟုတ်ကဲ့ အစ်ကို"

စပယ်ယာက မချေမငံ ပြောသော်လည်း သူကား ယဉ်ယဉ်ကျေးကျေး ဆက်ဆံသည်။

ဘေးနှစ်ဖက် ထိုင်ခုံ သစ်သားတန်းတွင် ခရီးသည် မိန်းမ ယောကျ်ားတွေနှင့် ပြည့်ညပ်နေလေရာ သူ့မှာ ထိုင်စရာ နေရာ မရှိ။ အလယ်က ဆန်အိတ်၊ အာလူးအိတ်၊ ကြက်သွန်အိတ်၊ ငရုတ်သီးအိတ် ပေါ်တွင်လည်း လူတွေက ပြည့်နေလေသည်။ သူသည် မျက်လုံးဝင့်ကြည့်၍ နေရာ ရှာနေ၏။

သူနှင့် အကြည့်ချင်း လစ်ခနဲ တစ်ချက် ဆုံမိလိုက်သည်ကို ရူပါ သတိပြုမိလိုက်သည်။ စောစောကပင် သူ့အဖြစ်ကို ကရုဏာသက်ထားမိ၍လားမသိ။ ရင်ထဲအေးခနဲ နွေးခနဲနှင့် ဟာသွားသည်။

သူသည် အနည်းငယ် ချောင်သော ကားနောက်ပိုင်း ဆန့်အိတ်ပေါ်တွင် ထိုင်လိုက်သည်။

စက္ကန့်ပိုင်းသာ ရှိသေးသည်၊ ကားစပယ်ယာသည် သူ့ကို တမင်ပြုံးသံနှင့် သတိပေးစကား ပြောသည်။

"ဟေ့လူ ရှေ့တိုးထိုင်ပါဗျ၊ ခင်ဗျား လိမ့်ကျလို့သေတာက အရေးမကြီးဘူး၊ ကျုပ်တို့ ဂါတ်တဲရောက်နေပါဦးမယ်"

"ဟုတ်ကဲ့ အစ်ကို၊ ကျေးဇူးပါပဲ"

စပယ်ယာသည် ပါးစပ်ကို မဲ့၍ မတ်တတ် ရပ်လိုက်သည်။ ကားရှေ့လမ်းထောင့်တွင် ခရီးသည်စောင့်၍ ရှိမရှိကိုလှမ်းကြည့်နေပုံရသည်။ ကားသည် မန်းမြို့နယ်နိမိတ်က မထွက်ရသေးပေ။

"ဟိုမှာ လူ သုံးယောက်ရမယ် ဆရာရေ့၊ရပ်ဦး၊ ရပ်ဦး"

ရှေ့က ဒရိုင်ဘာက ဦးစွာ မြင်ထားပြီး ဖြစ်သော်လည်း သူလည်း မြင်ပါသည် လျှင်ပါသည် ဟူသော သဘောဖြင့် စပယ်ယာက အော်ပြောသည်။

ကားရပ်လိုက်သော အခါ အထုပ် အပိုးတွေနှင့် ခရီးသည် သုံးယောက် ကားပေါ်တက်လာကြသည်။ စပယ်ယာက နေရာ လုပ်ပေး၏။

"ဟေ့လူ ဟိုဘက်ရွှေ့ထိုင်ဗျ၊ဒါကိုယ်ပိုင်ကား မဟုတ်ဘူး"

"ဟုတ်....ဟုတ်ကဲ့"

"ဟာ....ဒုက္ခပဲ၊ ဘယ်မှာသွားထိုင်ပြန်တာလဲဗျ၊ အဲဒါငရုတ်ထည့်လာတဲ့ အိတ်ဗျ၊ အကုန် ကြေကုန်တော့မှာပါပဲ၊ ဟိုဘက်တန်းနားတိုးထိုင်တာ မဟုတ်ဘူး၊ သိပ်ပြောရ ကျပ်တာပဲ"

စပယ်ယာက သူ၏ လူအောက်ဆိုက် ရရန် ကားပေါ်တင်လိုက်သောအခါ ခရီးသည်ချင်း စာနာတတ်သောသူက ရှေ့ကို





ရွှေ့ပေးသည်။ ပြီး စပယ်ယာ၏ အပို တင်လာသူ မှန်းလည်း သိလေရာ စပယ်ယာ ကြည်ဖြူအောင် ကတ်ကတ်သတ်သတ်ရွှေ့ထိုင်၍ နေရာ ပေးရှာ၏။ သို့သော် မိန်းကလေးတွေ အနားကိုလည်း အားနာ၍ တိုးမကပ်ရဲ ဖြစ်နေလေရာ ငရုတ်အိတ်တွေပေါ် မသိမသာထိုင်မိ၍ စပယ်ယာဆီမှာ အဆူခံရပြန်သည်။

စပယ်ယာ၏ အသံမှာ ငြိုးသံ မကျေနပ်သံ ပါနေသည်ကို ဘေးလူများပင် သိသာသော်လည်း သူကမူမသိသလိုနေသည်။ ပယ်ယာကိုလည်း ကလန်ကဆန် လုံးဝ ပြန်မပြော။ ဟုတ်ကဲ့ ခင်ဗျား....ကျေးဇူးတင်ပါတယ်....မသိလို့ပါနှင့်သာ လိုက်ပါလာသည်။ တော်တော် အရေးထူပါလား၊ တော်တော် သည်းခံနိုင်ပါလားဟူသောအကြည့်များဖြင့် အားလုံးက ဝိုင်းကြည့်ကြသော်လည်း သူကား ပုံမှန်မျက်နှာနှင့်သာ။

သူ့တွင် မည်ကဲ့သို့သော အခက်အခဲ အကျပ်အတည်းတွေများ ရင်ဆိုင်လာရ၍ ဤမျှ ညှိုးညှိုးငယ်ငယ် ဖြစ်လာပါလိမ့်ဟု တွေးတတ်သူ ရှုပါကတော့ သူ့မျက်နှာကို မသိမသာ ခိုးကြည့်၍ ကရုဏာသက်မိနေ၏။

သူသည် မန္တလေးက ဆိုသော်လည်း အသားဖြူသည်။ သေသေချာချာကြည့်လျှင် ရှမ်းသွေးပါသည်ဟုထင်နိုင်စရာရှိသည်။ ဝင်းသောအသားနှင့် မျက်ခုံး နှာတန်တို့က ထင်းနေသည်။ တ်ခမ်းမွေး ရေးရေးနှင့် မျက်လုံးကမူ ခပ်မှိုင်းမှိုင်း ရှိသည်။ စ်ဖက်သားအပေါ် ကရုဏာထားတတ်သော မျက်ဝန်းရစ်နှင့် မ်းလဲ့သော မျက်လုံးအရည်ကြည် ရှိသည်။ ပါးလွှာသော တ်ခမ်းနှစ်လွှာကို ပိပိရိရိ စေ့ထားသည်မှာ တင်းစုံတစ်ခုကို

တွေးတောနေသလိုလည်း ရှိသည်။ တစ်စုံတစ်ခုကြောင့် ကိုယ်လက် လှုပ်ရှားသောအခါ သူ့မျက်လုံးအစုံသည် မသိမသာ ရှေ့ကို ဝေ့ကြည့်တတ်သည်။ သူ လှုပ်ရှားနေထိုင်မှုသည် ကားပေါ်တွင် တစ်မျိုးတစ်ဘာသာ ဖြစ်နေသည်။

သူ့မျက်နှာသာ ညိုးနေသည်မဟုတ်။ သူ့အဝတ်အဆင်တွေကလည်း ညှိုးနွမ်းသည်။ တက်ထရွန်အဖြူ ရှပ်လက်ရှည် အဟောင်းနှင့် ပင်နီကြမ်း တိုက်ပုံအင်္ကျီကို ဝတ်ထားသည်။ လုံချည်ကလည်း ကွက်တုံးလုံချည် တစ်ပတ်နွမ်းပင်။ အသစ်ဆို၍ မန္တလေးစောင်းကောက်တံဆိပ် သားရေဖိနပ်တစ်ရန်သာပါသည်။ အထင်သေးတတ်သူများဆိုလျှင် တောင်းလာတာလား အလစ်ဝင်ဆွဲလာတာလားဟုပင် ထင်စရာ။ သူ့အဝတ်အဆင်တွေကဟောင်းငင်ဟောင်းနွမ်းသော်လည်း ဖြူဖြူစင်စင်သပ်သပ်ရပ်ရပ် ရှိ၍သာ တော်သေးသည်။ သို့မဟုတ်လျှင် ထင်စရာ။

ဤကားပေါ်တွင် သူ့လို အဝတ်အဆင် နွမ်းပါးသူ တစ်ယောက်မှ မပါ။ ကားစပယ်ယာပင် တက်ထရက်ဘောင်းဘီ၊ သားရေဂျာကင် ဖော့ရှပ်၊ ယိုးဒယားခြေသိုး ဖိနပ်တို့နှင့် ဖြစ်သည်။ ပြီး သူ့အရွယ်လူငယ်တွေမှာ လုံချည်နှင့် တိုက်ပုံနှင့် တစ်ယောက်မှ မပါ။ အားလုံး ဂျင်းဘောင်းဘီ၊ ဂျင်းဂျာကင်၊ တက်ထရက်ဘောင်းဘီ၊ သားရေ ဂျာကင်တွေနှင့်ချည်း ဖြစ်သည်။ အားလုံးမှာ ရန်ကုန်မြို့သားတွေ ဖြစ်ကြသဖြင့် အဝတ်အဆင်တွေကလည်း ဘောက်တောက် ပြောင်ပြောင် ရှိကြသည်။

"ကဲ ရှေ့ကို နည်းနည်းတိုးကြဦး"

စပယ်ယာ နောက်လူ တင်လို၍ အော်ပြောသည်။





စပယ်ယာက အော်တိုင်း သူသည် တဖြည်းဖြည်း လူသစ်ခရီးသည်သစ်တွေကို နေရာရွှေ့ပေးရင်း ရှပါတို့အနား ရောက်လာသည်။ သူသည် ကားပေါ်တွင် တစ်မျိုး တစ်ဘာသာလို ဖြစ်နေသဖြင့် ရှပါက သူ့ကို အမြဲသတိထားမိသည်။

"ဒီရွှေ့ထိုင်ပါရှင်၊ ခရီးသည်ချင်းပဲ အားမနာပါနဲ့"

"ဟုတ်သားပဲကွယ်၊ လာ လာ ဒီရွှေ့၊ အားမနာနဲ့"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျေးဇူးပါပဲ"

ဒေါ်ခင်ခင်ကြီးနှင့် ရှပါတို့က နေရာရွှေ့ထိုင်ရန် ပြောကြသည်ကို သူက ကျေးဇူးတင်ကြောင်း ပြော၍ ရှပါတို့အနား ရောက်လာ၏။

ဒေါ်ခင်ခင်ကြီးနှင့် ရှပါတို့၏ ခြေရင်းတွင် ကျို့ကျို့ ယို့ယို့ လာထိုင်နေသော သူ့ကို ရှပါက သက်မ မသိမသာ ရှိုက်၏။

သူ ရှပါတို့ခြေရင်း ကပ်ထိုင်နေသည်ကို ဇော်မြင့်အောင်နှင့် ဗရုတ်ကောင်ထူးမင်းသိန်းတို့က မျက်စောင်းထိုးကြသည်။ နေရာမရ၍ ဘေးတန်းခုံပေါ်တွင် ထိုင်နေကြသော ခရီးသည်များ၏ ခြေရင်းတွင် ကျို့ကျို့ယို့ယို့ လာထိုင်နေသူကိုပင် သူတို့က အပြစ်မြင်နေကြသည်လား မသိ။

ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့က မျက်စောင်း ခဏခဏ ထိုးကြည့်ကြသည်ကို သူကတော့ အမှတ်ထားပုံမရ။ ဟည်ငြိမ်သည် တံဘံ မလှုပ်မရှက်ဘဲ ထိုင်နေ၏။ ထိုအခါ သူ့ကို ဂရုတစိုက် ကြည့်တတ်သူ ရှပါနှင့်သူ့ကို မကြာခဏ မျက်စောင်းထိုး

နေတတ်ကြသော ဇော်မြင့်အောင်၊ ထူးမင်းသိန်းတို့ မျက်လုံးနှင့် အများဆုံး ဆုံမိကြသောမျက်လုံးမှာ ရှုပါ၏ မျက်လုံးပင် ဖြစ်လေသည်။

ကားဆောင့်တိုင်း ရှုပါ၏ ဒူးခေါင်းနှင့် သူ့ဘေးစောင်း ထိမိသည်ကို ဇော်မြင့်အောင်က ပြောပါလားဟူသော သဘောဖြင့် မျက်ရိပ်မျက်ခြည်ပြ၏။ ရှုပါက သူ့ကို ဘာမှ မပြော။ ထိုအခါ ဇော်မြင့်အောင်၏ မျက်စောင်းက ရှုပါဆီ ရောက်လာ၏။ သို့သော် ရှုပါကား ဇော်မြင့်အောင်ကို နည်းနည်းမှ ဂရုစိုက်သူ မဟုတ်ပေ။

ဇော်မြင့်အောင်မှာ ရှုပါကို တစ်ဖက်သတ် ပိုးပန်းနေသူ ဖြစ်သည်။ ယခု ဤကားနှင့် ဇော်မြင့်အောင် လိုက်လာသည်မှာ လည်း ရှုပါ ဤကားနှင့် ရတနာကို ပြန်မည်မှန်း သိသဖြင့် လိုက်လာခြင်း ဖြစ်သည်။

အကယ်၍ ရှုပါသာ ဤကားနှင့် ရတနာကို ပြန်မည်မှန်း မသိလျှင် သူသည် ကျောက်ရောင်း၍ရသော ငွေနှင့် မန္တလေး တွင် ပျော်နေဦးမည်။ ရှုပါနှင့် ဇော်မြင့်အောင်တို့မှာ တစ်ရပ် တည်း ဖြစ်ကြသည်။ ငယ်စဉ်ကပင် ကျောင်း အတူနေဖူး၍ ဇော်မြင့်အောင်အကြောင်းကို ရှုပါက ချေးခါးအူမ အကုန် သိသည်။

• •

ငယ်ရွယ်စဉ် ကျောင်းမှာတုန်းကပင် ရည်းစား မှုလိုပေါက် အောင် ထားခဲ့သည်။ အတန်းထဲက မိန်းကလေးတွေဆိုလျှင် ဇော်မြင့်အောင် ရည်းစားစာ မပေးဖူးသော ကျောင်းသူ မရှိ သလောက်ပင်။ ကိုးတန်း နှစ်က ဆိုလျှင် ဆရာမလေးတစ် ယောက်ကို ရည်းစားစာပေး၍ ပြဿနာပင် ဖြစ်ဖူးသည်။





မိဘတွေက ပိုက်ဆံချမ်းသာသူ ဖြစ်သဖြင့်သာ ကျောင်းထုတ် မခံခဲ့ရခြင်း ဖြစ်သည်။ သို့သော် မကြာပါချေ။ ကိုးတန်းတွင် သုံးခါကျ၍ ကျောင်းထွက်လိုက်ရ၏။ သူ ကျောင်းက ထွက် သောအခါ မိဘလုပ်ငန်းဖြစ်သော ရတနာလုပ်ငန်းကို ဝင်လုပ် သည်။

ရတနာ မြို့သူမြို့သားတွေ အနေကလည်း ကျောင်းပညာ၊ အစိုးရအမှုထမ်း အရာထမ်းတွေကို အထင်ကြီးကြသည်မဟုတ်။ စာရေးစာချီ၊ ကျောင်းဆရာ ဆရာမ စသည့် အစိုးရ အမှုထမ်း တွေမှာ လူ့ဥမ္မာ လူတောင် ပြောင်သော အလုပ် မဟုတ်။ လူဖျင်း လူညံ့ လူတုံးများ လုပ်သော အလုပ်ဟု သဘော ထားကြလေ သည်။

သူတို့ အထင်ကြီးသော အလုပ်မှာ သူတို့ ရတနာမြေထွက် သော ရတနာ အရောင်းအဝယ် လုပ်ငန်းသာ ဖြစ်လေသည်။ သားသမီးများ ကိုးတန်း ဆယ်တန်း အောင်လျှင် တက္ကသိုလ် ပို့ရန်ထက် ဘယ်ကျောက်တစ်ပွင့် ဘယ်လောက် တန်သည်။ ဘယ်ကျောက် အမျိုးအစားသည် ဘယ်ဈေးရှိသည်။ ကျောက် ကြမ်းတစ်တုံးကို ဘယ်လို သွေးလိုက်လျှင် ဘယ်လို ရတနာ တစ်ပွင့် ဖြစ်လာမည်၊ တန်ဖိုး ဘယ်လောက် ရှိမည် ဆိုသည့် ရာဖြတ် သိတတ်ဖို့ အလုပ်သာ အရေးကြီးလေသည်။ ထို့ ကြောင့်လည်း အစိုးရ အမှုထမ်း အရာထမ်းတွေကို သူတို့က အထင်သေးကြသည်။

သူတို့အနေမှာ လက်ဖျားတွင် ငွေသီးနေသူတွေမို့ အထင် သေးမည်ဆိုကလည်း အထင်သေးစရာ။ သူတို့ကား ဘာကို မဆို ငွေနှင့်သာ ဆုံးဖြတ်ပေးတတ်ကြသူတွေ ဖြစ်သည်။ အရာ

အားလုံးသည် ငွေအောက်၌သာ ရှိသည်ဟု ခံယူထားကြသူများ ဖြစ်လေသည်။

မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ ဆိုသလို သိတတ်နားလည်စ အရွယ်ကပင် ယခု အသက်အရွယ်ထိ ရတနာ အရောင်းအဝယ် ကြားထဲ၌သာ ကြီးပြင်းလာရသူပီပီ ကျောင်းစာထက် ရတနာနှင့် ပတ်သက်သော ပတ္တမြား၊ နီလာတို့၌သာ စိတ်ဝင်စားခဲ့လေသည်။

ထို့ကြောင့်လည်း ဆယ်တန်းကို နှစ်ချင်းပေါက် အောင်ခဲ့သော်လည်း တက္ကသိုလ် ဆက်မသွားဖြစ်။ ကျောက်အလုပ် အရောင်းအဝယ်၌သာ ကျင်လည်နေခဲ့သည်။

ကျောက်တွင်းတွေ ပြည်သူပိုင်သိမ်းပြီး နောက်ပိုင်းမှာတော့ ရှုပါသည် ကျောက် ဓမ္မာင်ခိုသမ ဖြစ်မှန်းမသိ ဖြစ်လာလေသည်။ ကျောင်းဆရာမ လုပ်ရန် ငယ်စဉ်က အလွန် ဝါသနာထက်သန်ခဲ့သော ပညာရေးပိုင်း ဆိုင်ရာကိုပင် မေ့သွားခဲ့လေသည်။

ကျောက်တွင်းလုပ်ငန်း၊ ကျောက်သွေးလုပ်ငန်း၊ ကျောက်အရောင်းအဝယ်လုပ်ငန်းတွေက အဖမ်းဆီး အရှာအဖွေ များလာသော အခါမှာတော့ ကျောက်လုပ်ငန်းကို ရှုပါ စိတ်ပျက်စ ပြုလာပြန်သည်။ ထို့ကြောင့်လည်း တက္ကသိုလ် ဆက်တက်ပြီး ကျောင်းဆရာမလုပ်ရန် ဟူသော ငယ်စဉ်က ဗီဇသည် တစ်ခါတစ်ခါ ခေါင်းထောင်ထလာတတ်သည်။ သို့သော် လောလောဆယ်မှာမူ ကျောက် သံသရာထဲက မထွက်နိုင်သေး။ ကြီးကြီးကျယ်ကျယ် မလုပ်ဖြစ်သော်လည်း သွားရင်းလာရင်း ထမင်းစား ရေသောက် ဆိုသလိုကား မကင်းနိုင်သေးပေ။





ယခု မန္တလေးက ပြန်လာရသည်မှာပင် ကျောက်ကိစ္စ ဖြစ်သည်။

မန္တလေးရှိ ကျောက်ပွဲစား တစ်ယောက်ဆီတွင် လွန်ခဲ့သော သုံးလခန့်က အဖေ ရောင်းရန် ပေးထားသော နီလာ တစ်ပွင့်အတွက် သွားစုံစမ်းရခြင်း ဖြစ်သည်။ ရတနာကုန်သည်က ယခုထိ မရောင်းရသေးဟု ပြော၏။

မရောင်းရသေးရင်လဲ ဖေဖေထံ ပြန်ပေးလိုက်ပါလို့ မှာလိုက်ပါတယ်ဦး ဟု ပြောတော့ မင်း အဖေကို လွှတ်လိုက်ပါ၊ မန္တလေးမှာ ရောင်းတာထက် ငွေ ပိုရနိုင်တဲ့ နည်းလမ်းလေး တစ်ခု တွေ့ထားလို့ မင်း အဖေနဲ့ တိုင်ပင်ချင်ပါတယ်တဲ့။ ရှုပါ စိတ်ပျက်၍ မန္တလေးက ပြန်လာခဲ့ခြင်း ဖြစ်သည်။

မြို့နယ်နိမိတ်က လွန်လာပြီ ဖြစ်သဖြင့် ကားသည် ပို၍ မြန်လာလေသည်။

* * *

## အခန်း (၃)

ရှုပါတို့ စီးနင်းလာကြသော ကား ဟေမဝါကို ရောက်တော့ နံနက် ဆယ်နာရီ ကျော်နေလေပြီ။ ရှုပါတို့ ကားထက်စော၍ ရောက်နေကြသော ကား လေး ငါး စီးကိုလည်း တွေ့ရသည်။ အားလုံး ရတနာကို တက်ကြမည့် ကားချည်းပင်။

၎င်း ဟေမဝါစခန်းသည် မြေပြန့် နောက်ဆုံးစခန်း ဖြစ်သည်။ ၎င်းစခန်းက လွန်လျှင် ကားလမ်းမှာလည်း တောင်တက်ချည်း ဖြစ်၏။ ရတနာကို သွားမည့် ကားမှန်သမျှသည် ၎င်းစခန်းတွင် စုစည်းပြီး ရဲအစောင့်အရှောက်နှင့် စီတန်းသွားရမည်။ ထို့ကြောင့်လည်း မည်သည့်ကား မည်သည့်အချိန်တွင် ဟေမဝါကို ရောက်ရောက်၊ စောစော ရောက်လာသမျှ ကားများသည် နောက်ဆုံး ကားကို စောင့်ပြီး ဆယ့်တစ်နာရီကျော်မှ ဟေမဝါက ထွက်လေ့ ရှိကြလေသည်။





ဟေမဝါတွင် ကားရပ်သည်နှင့် ခရီးသည် အားလုံး ကားပေါ်က ဆင်းကြရ၏။ နံနက်စာကို ခရီးသည်အားလုံး ဟေမဝါတွင် စားကြရမည် ဖြစ်သည်။ ထမင်းစားပြီး ကြလျှင် ကားတွေ အားလုံး ရတနာကို တက်ကြရမည်။ အစောင့်အရှောက်အဖြစ် လိုက်ပါရမည့် ရဲတပ်ဖွဲ့တစ်ဖွဲ့ကလည်း ဟေမဝါတွင် စောင့်နေကြသည်။

"ဆယ့်တစ်နာရီ ထိုးတော့မယ်ဗျို့၊ အားလုံး စားသောက်ပြီးကြပြီလား"

ကားသမားတစ်ယောက် ဆော်သြလိုက်သံကို ကြားရသည်။

ထမင်း စားပြီးသွားကြသော ခရီးသည်များမှာ ကားသမားတစ်ယောက်၏ ဆော်သြလိုက်သံကြောင့် အားလုံး ကားပေါ် ပြန်တက်ကြသည်။ ရှုပါတို့ကားတွင်လည်း လူစုံသလောက်ဖြစ်နေပြီ။

ရှုပါသည် သူ့ကို သတိထားမိသည်။

စောစောက ခရီးသည်အားလုံး နံနက်စာ စားရန် ကားပေါ်က ဆင်းကြတော့ သူလည်း ကားပေါ်က ဆင်းသည်။ ရှုပ့ါတို့ စားပွဲနှင့် မနီးမဝေးရှိ စားပွဲတစ်လုံးတွင် မယောင်မလည်နှင့် ဝင်ထိုင်သည်။ တခြား ခရီးသည်တွေမှာ သူ့အဖွဲ့၊ သူ့အစုတွေနှင့် ဝိုင်းဖွဲ့ စားသောက်ကြတော့ သူက တစ်ယောက်တည်း။

တစိမ်း မျက်နှာသိ မဟုတ်သူ ဆို၍လည်း ရှုပါတို့ ကားတွင် သူ တစ်ယောက်တည်းသာ ပါ၏။ သူသည် ပထမ ဦးဆုံး

ဝင်ထိုင်နေသော စားပွဲမှ ထသွားပြီး သူ့လိုပင် တစ်ယောက်တည်း ထမင်းစားနေသော ရဲသားတစ်ယောက် စားပွဲမှာ သွားထိုင်သည်။ ထိုရဲသားမှာလည်း ရဲသားဝတ်စုံပင် မူလကဘာအရောင်မှန်း မသိ။ နေစား၍ အရောင်တွေပင် ပျောက်နေလေပြီ။

အမှန်က ရတနာသူ ရတနာသားများသည် သာမန် ရဲသားလောက်ကို မည်သူမျှ အပေါင်းအသင်း မလုပ်ချင်ကြ။ အသိမိတ်ဆွေ မဖွဲ့ချင်ကြ။ အနည်းဆုံး စခန်းမှူးလောက်မှ။ ယခုသူတို့၏ အသက်စည်းစိမ်ကို ကာကွယ် စောင့်ရှောက်ပြီး လိုက်ပါမည့် ရဲသားပင် ဖြစ်သော်လည်း အဝတ်အဆင်ကပြေး ဂျိုလို့ စုတ်ချာလှသော ရဲသားကို မည်သူကမျှ ထမင်းတစ်နပ် ကျွေးချင်ကြပုံ မရပေ။ မသိလိုက် မသိဘာသာ နေကြ၏။

သူကတော့ ထိုရဲသားနှင့် မိတ်ဖွဲ့နေပုံရသည်။ ထိုရဲသားကိုထမင်း ကျွေးနေပုံ ရသည်။ သူ့အား ရဲသားက စီးကရက်ပြန်တိုက်နေသည်ကိုလည်း လှမ်းမြင်ရသည်။ အပြန်ပြန် အလှန်လှန် အပေါင်းအသင်း လုပ်နေကြပုံရသည်။ တစ်ခါမှ သူ့ကိုဤသို့ အရေးတယူ ရှိလှသော ခရီးသည်ကို မတွေ့ဖူးသော ရဲသားမှာလည်း အတော်ကျေနပ်နေပုံရသည်။ ရှုပါတို့ ကားပေါ်ပြန်ရောက်လာကြသည်ထိ သူက ရဲသားနှင့် စကား မပြတ်သေး။

"ဟေး၊ မောင်လှမင်းတို့ ကား လူစုံပြီလားကွ၊ လူစုံရင်ရှေ့မှာ နေရာယူ၊ တို့ကားက ကားကြီးဆိုတော့ နောက်ကပါလိုက်မယ်"





ကား ဒရိုင်ဘာများ ထဲတွင် အသက်ကြီး၍ ဩဇာလည်းရှိဟန်တူသော လူတစ်ယောက်က ရှုပါတို့ ကားဒရိုင်ဘာ ကိုလှဆိုသူကို လာပြောသည်။

"ကဲ လူစုံကြပြီလား၊ ကိုယ့်အဖွဲ့က လူ ကိုယ် စစ်ကြဗျို့"

ကားစပယ်ယာနှင့် ဒရိုင်ဘာက လူစစ်ခိုင်းသည်။

"ကျုပ်တို့ လူတွေတော့ စုံပြီ"

"ကျွန်မတို့ လူတွေလဲ စုံပါပြီရှင်၊ မြန်မြန်သာ ထွက်ကြ၊ မောင်မင်းကြီးသားတို့ရယ်"

ရှုပါတို့အဖွဲ့ရှေ့က အမျိုးသမီး တစ်ယောက် လျှာရှည်လိုက်သည်။

"စုံပြီဗျို့၊ ကားဆရာ ထွက်တော့၊ ထွက်တော့"

ရှုပါတို့အတန်းတွင် ထိုင်နေသော ထူးမင်းသိန်းကလည်း လ အော်သည်။

သူ ရောက်မလာသေးသည်ကို ရှုပါ သတိပြုမိသည်။ ထို့ကြောင့် ဒေါ်ခင်ခင်ကြီးကို လက်ကုတ်၍ ကမန်းကတန်း ပြောရ၏။

"ကြီးကြီး၊ ဟိုတစ်ယောက် ပြန်မရောက်သေးဘူးတော့"

"အေး၊ ဟုတ်သားပဲ၊ ဟဲ့-ဟဲ့ မောင်လှတို့ နေကြပါဦး၊ ဟဲ့...."

ဒေါ်ခင်ခင်ကြီး၏ အထိတ်တလန့်အသံကြောင့် အားလုံးက ဒေါ်ခင်ခင်ကြီးကို ဝိုင်းကြည့်ကြသည်။

"ဘာလဲ အန်တီ"

ထူးမင်းသိန်းက ရှုပါတို့ဘက် လှည့်ကြည့်၍ မေးသည်။

"ဟဲ့၊ ဟိုသူငယ်လေး တစ်ယောက် မရောက်သေးဘူးဟဲ့၊ စောင့်ခေါ်ကြပါဦး၊ ခမျာ အသိအကျွမ်းလဲ ပါပုံမရဘူး"

ထူးမင်းသိန်းက ဒေါ်ခင်ခင်ကြီးကို မျက်စိ စွေကြည့်သည်။ စောစောက ဒေါ်ခင်ခင်ကြီးအား ရှုပါ သတိပေးပြောသည်ကို မြင်ထားပြီးဖြစ်သော ဇော်မြင့်အောင်ကတော့ ရှုပါကို လှည့်ကြည့်၍ မသိမသာမျက်နှာမဲ့၏။ သူ့အကြည့်မှာ ဒီကလေကချေ အကောင်အတွက် ပူတတ်နေလိုက်ကြတာ ဟူသော သဘောပင်။

"ဘယ်သူလဲဗျ၊ ဒေါ်ခင်ခင်ကြီး"

"ဟို သူငယ်လေးကွယ်"

ဒေါ်ခင်ခင်ကြီး စကားကို စပယ်ယာကပါ မဲ့သွားသည်။

"ဩော်၊ ဟိုကောင်လား၊ ဒီကောင် ကသိကအောက်လုပ်ပြန်ပြီ၊ ခု ဘယ်သွား သေနေပြန်လဲ"

စပယ်ယာက ထမင်းဆိုင်တွင် အိပ်ပျော်နေသည်ဟု ထင်ပုံရ၏။

"အပေါ့အပါး သွားနေတာ ဖြစ်ပါလိမ့်မယ်ကွယ်"

"ဟိုဘက်နားက ဆိုင်မှာ စောစောကတော့ ထမင်းစားလို့ မြင်လိုက်တာပဲ၊ အဲဒီမှာပဲ တူပါတယ်"

ခရီးသည်ချင်း ကိုယ်ချင်းစာ၍ ကြင်နာ သနားမှု ရှိသူ ဒေါ်ခင်ခင်ကြီးက ပြောသောအခါ ရှုပါမှာလည်း မနေနိုင်၍ ဝင်ပြောမိ၏။

ကြင်နာ နေလိုက် ကြတာ ဟု ဇော်မြင့်အောင်၏ မထေ့တထေ့ မကြားတကြား အပြောကို ရှုပါက မျက်စောင်းနှင့် လှမ်းနှုတ်ပိတ်လိုက်သည်။





ကားဟွန်းသံတွေက ဆူညံစွာ ပေါ်ထွက်လာသည်။

"ဟော၊ ဟိုမှာ လာနေပါပြီ"

ခရီးသည်တစ်ယောက်က လှမ်း အော်သည်။

"ဟေ့လူ၊ မြန်မြန်လာပါဗျ၊ ကားထွက်တော့မယ်"

မဆိမဆိုင် ဇော်မြင့်အောင်က သူ့ကို လှမ်းအော်တော့ ရှုပါက ဇော်မြင့်အောင်ကို မျက်စောင်းထိုးရပြန်၏။ ဤသည်ကိုပင် ဇော်မြင့်အောင်ကတော့ အဓိပ္ပာယ် မရှိ၊ 'အဟက်' ဟု ရယ်ကျဲကျဲ လုပ်နေသည်။

"ဆောရီးပဲဗျို့၊ ကျွန်တော် ကားမထွက်သေးဘူးထင်လို့"

သူ့အပြောကို စပယ်ယာက နှာခေါင်းရှုံ့၏။

"ကဲ၊ တက်တက်၊ လူစုံပြီနော်"

"ရှုပါ လူစုံပလား"

"နင် နော်"

"ဟဲ ဟဲ မသိဘူး လေဗျာ၊ ရှုပါတို့ အဖွဲ့က တစ်ယောက်ယောက်များ ကျန်နေသေးလားလို့"

"ပါးကျီးချင်လား"

"ဟဲ့ တော်ကြစမ်း၊ နင်တို့က ခွေးနဲ့မျောက်ကျနေတာပဲ၊ အတူထားလို့ကို မရဘူး"

ဇော်မြင့်အောင်နှင့် ရှုပါတို့ နောင်ဂျိန်မည် တကဲကဲလုပ်နေကြသည်ကို ဒေါ်ခင်ခင်ကြီးက ဟန့်တားသည်။

သူ တက်လာတော့ ရှုပါက မျက်နှာနီနေသည်။ ဤသည်ကိုပင် ဇော်မြင့်အောင်က လျှာထုတ်ပြပြီး အဟဲ-ဟဲ-ဟု အဓိပ္ပာယ်မရှိ ရယ်နေ၏။ ရှုပါက ခံပြင်း၍ နှုတ်ခမ်း ကိုက်ထားရသည်။

သူကတော့ ဘာမှ မသိ။ သူ အရင်က ထိုင်နေကျဖြစ်သော
ရှုပါနှင့် ဒေါ်ခင်ခင်ကြီးတို့ ခြေရင်းကြားထဲ၌ပင် ထိုင်၏။

သူ့ချည်တိုင်တော့ သူ သိသွားပဲ၊ မဆိုးပါဘူးဟု အသား
လွတ်ကြီး ဇော်မြင့်အောင်က ဆိုလိုက်သေးသည်။ သို့သော်
သူကမူ ဇော်မြင့်အောင် စကားကို ကြားပုံမရ။ တိုးတိုးပြော
သဖြင့် ရှုပါတို့သာ ကြားလိုက်ကြသည်။

မနေရာတွင် ငြိမ်ငြိမ်သက်သက် ထိုင်ပြီးသောအခါ သူက
ရှုပါကို တစ်ချက်လှည့်ကြည့်သည်။ ရှုပါ၏ ရင်ထဲမှာ နွေး
သွားမိသည်။

ရတနာ တက်မည့်ကားတွေမှာ အားလုံး ရှစ်စီး ဖြစ်သည်
ခရီးသည်ချည်းတင်သော ကားငါးစီးအပြင် လော်လီကြီးက
တစ်စီး၊ ဖင်မလီယာနှင့် မာဇဒါကလည်း တစ်စီးစီ ပါလေ
သည်။

ကားအားလုံးသည် တန်းစီပြီး စ ထွက်ကြ၏။

ကိုယ်ပိုင်ကား ဖင်မလီယာ မှာစတာ ကားနှစ်စီးက အလယ်
တွင် နေရာယူထားသည်။ ရှေ့ကားနှင့် နောက်ကားတွေမှာ
ရဲသားတွေက မျှ၍ လိုက်လာကြသည်။

ကားလမ်းမှာ လမ်းကြမ်းဖြစ်သဖြင့် ဖုန်တထောင်းထောင်
ထနေသည်။ ရှေ့က ကားသုံးလေးစီး တက်သွားသဖြင့် ဖုန်တွေ
က ရှုပါတို့ကားထဲ လှိမ့်ဝင်လာသည်။ ရှုပါတို့ကား နောက်က
ပါလာသော ကားများမှာလည်း ထိုနည်းရင်းသာ ဖြစ်မည်
ခရီးသည်တွေမှာ နှာခေါင်းကို ပဝါနှင့် ပိတ်သူပိတ်၊ ဦးထုပ်





ချွတ်၍ ယပ်ခတ်သူခတ်၊ ဦးထုပ်လည်း မပါ၊ ပဝါလည်း မပါ
သူများက မျက်နှာရှေ့ လက်နှင့်ယပ်ခတ်၍ မျက်နှာရှုံ့မဲ့နေ
ကြ၏။

သူက လက်ကိုင်ပဝါလေးနှင့် နှာခေါင်းကို ပိတ်ထား
သည်။

ဝါးနီတောင်အထက် ရောက်မှ ဖုန်က ပြေလွင့်သွားသည်။
ခေါင်းကို အုပ်ထားသော ပဝါတွေကို ရှုပါတို့က ဖြုတ်ခါကြ
သည်။ အမျိုးသားခရီးသည်တွေကလည်း ဆံပင်၊ လည်ကုပ်
အင်္ကျီ စသည်တို့ကို ခါပစ်ကြသည်။

"ဖုတ်ရောင်အင်္ကျီ ဝတ်လာတဲ့ လူတွေကတော့ ဟန်ကျတယ်
ဗျ၊ အရောင်တင်ပြီးသား ဖြစ်သွားတာပေါ့၊ ကျုပ်တို့အင်္ကျီ
တွေကတော့ ပစ်ရပြီ၊ ဒီလိုမှန်းသိ မန္တလေးက မျောက်ညိုရောင်
အင်္ကျီတစ်ထည် ဝယ်ဝတ်လာရ ကောင်းသားကွ"

ဇော်မြင့်အောင်သည် ဖုန်ကပ်နေသော သူ့ ဂျင်းအင်္ကျီကို
လက်နှင့် ဖျတ်ဖျတ် တောက်ခါရင်း ပြော၏။

ပင်နီဖျင်ကြမ်း ဝတ်လာသော သူ့ကို တမင်ပြောမှန်း ရှုပါ
သိလိုက်သည်။ ရှုပါအနားနေသော သူ့ကို ဇော်မြင့်အောင်
သည် အလိုလို မရှုစိမ့် ဖြစ်နေပုံရသည်။ အဖော်မပါဘဲ တစ်
ယောက်တည်း လာသူဖြစ်မှန်း သိသဖြင့်လည်း မထီလေးစား
လုပ်နေပုံ ရသည်။

သူ့ဘက်က ဝင်ပြောပြန်လျှင်လည်း ပို၍ ပြောစရာဖြစ်မည်
ကို တွေးမိ၍သာ အောင့်အည်း သည်းခံနေရသော်လည်း ရှုပါ
စိတ်ထဲမှာမူ ဇော်မြင့်အောင်ကို ပါးထချချင်နေသည်။

အပြစ်မဲ့သူ ချို့ငဲ့ရသူကို ဘာလို့ နိုင်လိုမင်းထက် ပြောချ
ဆိုချင်ရတာလဲဟုလည်း နားရှက်ဆဲပြီး ပါးရိုက်ချင်စိတ် ပေါ
နေ၏။ သို့သော် ရုပ်ပါကသာ သူ့ဘက်က နာကြည်းနေသေ
လည်း သူနေပုံကို ကြည့်ရသည်မှာ ခွေးဟောင်လို့ တော
မငြိမ်ရ ဟူသော တည်ငြိမ်မှုမျိုးနှင့်သာ။

သူ့ကို ကြည့်ရင်း ရုပ်ပါမှာ အလိုလို လေးစားလာမိသည်၊

လူပင် ငယ်သော်လည်း အလွန် လူကြီးစိတ်ရှိသူ၊ သည်းခံ
ခွင့်လွှတ်နိုင်သူ၊ လူကြီးလူကောင်းဆန်သူ။

သူ၏ သည်းခံနိုင်မှုကမူ စံဖြစ်လောက်သည်။

သူ့ကို ကြည့်ရင်း သည်းခံ၍ တိတ်တိတ်နေနိုင်လျှင် သူငွေး
ဖြစ်သည်ဟူသော ငယ်ငယ်က ဖေဖေ ပြောဖူးသည့် ပုံပြင်တစ်ပု
ကိုပင် သတိရနေမိသည်။

အခါတစ်ပါး၌ ဆင်းရဲသား လုလင်ပျိုတစ်ယောက်သည်
ခရီးသွားရင်း မိုးချုပ်သွားသဖြင့် သာလာယံဇရပ်တစ်ခု၌ အိပ်
နေ၏။ ညသန်းခေါင်နီးပါးအချိန် ရောက်သောအခါ သူခိုး
နှစ်ယောက်သည် သူတို့ခိုး၍ရလာသော ရွှေအိုးသုံးလုံးကို ထို
သာလာယံဇရပ်အောက်၌ မြှုပ်ဝှက်ထားရန် တိုင်ပင်ကြသည်။
အနီးအနားတွင် လူသူလေးပါး ရှိမရှိကို ရှာကြည့်သောအခါ
ဇရပ်ပေါ်၌ လူတစ်ယောက် တုံးလုံးအိပ်နေသည်ကို တွေ့ရ
သည်။

မှောင်နှင့်မည်းမည်းဖြစ်နေသော သူ့ကို သူခိုးနှစ်ယောက်
က အသေအရှင်မှန်း မသိ၍ လှုပ်နှိုးကြည့်ကြသည်။သူတို့ အကြံ





အစည်ကို ကြားထားသော သူဆင်းရဲသားလုလင်သည် အသေ
ယောင် ဆောင်နေ၏။ သူခိုးနှစ်ယောက်က ဆင်းရဲသားလုလင်
မှာ ကိုယ်ခန္ဓာလည်း နွေးထွေးနေသဖြင့် မသေကြောင်း အမျိုး
မျိုး စမ်းသပ်ကြည့်ကြသည်။ ထုရိုက်ကြည့်သည်။ လုလင်က
မလှုပ်။ ကလိထိုးကြည့်ကြသည်။ လုလင်က တွန့်ပင် မတွန့်။
ပေါင်တွင်းကြော လိမ်ဆွဲ၊ ဝမ်းရေတွေကို လိမ်ဆွဲ လုပ်ကြည့်ကြ
သည်။ ဒါလည်း လုလင်က တစ်ချက်ကလေး မတွန့်။ နောက်
တော့ ဒီလောက်တောင် ဖြစ်လှတာဟု နားရွက်တစ်ဖက်ကို ဓား
နှင့် လှီးဖြတ်ပစ်လိုက်ကြသည်။ ဒါလည်း လုလင်က မအော်။
နောက်တစ်ဖက်ကို ဖြတ်ကြပြန်သည်။လုလင်က မညည်း မတွန့်။
ထိုအခါ အသေကောင်ထင်ပြီး သူခိုးနှစ်ယောက်သည် ရွှေအိုး
သုံးလုံးကို ဇရပ်အောက်၌ မြှုပ်ဝှက်၍ ထွက်သွားကြ၏။

မိုးလင်းသောအခါ ဆင်းရဲသားလုလင်သည် သူခိုးကြီး နှစ်
ယောက် မြှုပ်ထားခဲ့သော ရွှေအိုးသုံးလုံးကို ဖော်ယူသွားလေ
သည်။ ထိုရွှေအိုးကို အကြောင်းပြု၍ "နားတိုသူဌေး" ဟူသော
နာမပညတ်ဖြင့် ချမ်းသာနေသည်။

ရွှေအိုး မြှုပ်ထားခဲ့ကြသော သူခိုး ကြီး နှစ်ယောက်က
မသကာ၍ ရွှေအို မြှုပ်ထားရာကို သွားကြည့်ကြသောအခါ
ရွှေအိုးတွေ တစ်လုံးမှ မရှိတော့ပေ။ သူတို့ နားရွက်ဖြတ်ထားခဲ့
သော ဇရပ်ပေါ်က လုလင် ယူသွားကြောင်း အတပ်သိကြ
သည်။ ထိုအခါ ထို "နားတိုသူဌေး" ဆီ သွား၍ အကျိုး
အကြောင်း ပြောကာ ပြန်တောင်းကြသည်။ တောင်း၍မရ။
ထိုအခါ သူခိုး ကြီးနှစ်ယောက်က "အရှင် ရေမှာ အဆုံး၊ ကုန်း
မှာ တစ်ဝက် ဟူသော ဥပဒေထုံးတမ်း ရှိပါသည်။ ဤ ကျွန်ုပ်

တို့၏ ပစ္စည်းကို အသင် တစ်ဝက်ပြန်ပေးပါ''ဟု ချော့မော့၍ တောင်းကြပြန်၏။

ထိုအခါ နားတိုသူဌေး'က ရေမှာ အဆုံး ကုန်းမှာ တစ်ဝက် ဆိုသည်ကို ကျွန်ုပ်လည်း လက်ခံပါသည်။ သို့သော် ရေမှာ အဆုံး၊ ကုန်းမှာ တစ်ဝက် ငါ့နားရွက်ကို ဆက်နိုင်လျှင် ဆက်ဟု ပြော၏။

သူ့နားရွက်ကို ဘယ်လိုမှ ပြန်မဆက်ပေးနိုင်သော သူခိုးကြီး နှစ်ယောက်မှာ နောက်ဆုံးတော့ လက်မှိုင်ချ၍ ပြန်သွားကြရလေသည်။

နားတိုသူဌေးမှာမူ သည်းခံနိုင်ခြင်းကြောင့် သူဌေးဖြစ်ရသည်။

ခွိခနဲ ရယ်သံကြား၍ ရှုပါ လှမ်းကြည့်သောအခါ ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့က သူ့ကို ကြည့်၍ ရယ်နေကြသည်။

ရှုပါမှာ အရှက်သည်းစွာဖြင့် မျက်နှာ နီသွား၏။ ပုံပြင်ကို တွေးရင်း သူ့မျက်နှာကို ငါ မည်မျှကြာကြာ ငေးကြည့်နေမိပါလိမ့်ဟု ရှက်သွားသည်။ မသိမသိုင် ယောင်မှား၍ သူ့နားရွက်ကိုပင် လက်နှင့် စမ်းမိသွားလေသည်။

အမှန်က ဤ ပုံပြင်မှာ အကြားနှင့်ပတ်သက်၍ သည်းခံနိုင်မှုကို ပြသော သာဓကတစ်ခုသာ ဖြစ်ပေသည်။

* * *

## အခန်း (၄)

ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့သည် သူနှင့် ရှုပါကို တစ်လမ်းလုံး စ လာကြသည်။ သူက ရှိ ရှိ သားသားမို့ မသိသော်လည်း ရှုပါကတော့ အံကြိတ်၍ မျက်စောင်းတခဲခဲ ဖြစ်လာသည်။

သုပိတ်ကျင်းနှင့် ရတနာမန်း ကားလမ်းဆုံ ရောက်သောအခါ ရတနာမှ ဆင်းလာသော ကားသုံးလေးစီးနှင့် ဆုံမိကြသည်။ ရတနာက ဆင်းလာသော ကားများရော၊ ရတနာသို့ တက်လာသော ကားများပါ အားလုံးကို ရပ်ထားကြသည်။

"ဘယ့်နှယ်လဲဗျို့၊ လမ်းခရီး အခြေအနေ"

"လမ်းခရီးကတော့ သာသာယာယာပါပဲ၊ ဒါပေမယ့် အရှေ့ပိုင်းက ဦးထွန်းမောင်တို့ ကားတော့ လမ်းမှာ အင်ဂျင်

ဟတ်ကဲ့ပြီး မီးလောင်လို့ အဲဒီက ခရီးသည်တွေ တို့ မျှတင်လာခဲ့ရတယ်''

ကားသမားအချင်းချင်း ခရီးလမ်းအခြေအနေ မေးကြ၊ ပြောကြသဖြင့် ကားတွေကို ရပ်ထားကြသည်။ လူတွေလည်း ဆင်းပြီး တပိုတပါး သွားကြ၊ ဆေးလိပ် သောက်ကြ၏။

''ဟေးကောင်၊ အမယ်လေး သေတော့မှာပဲ၊ ဘယ်မှာ သွားပြီး မီးခြစ်တွန်းရတာလဲကွ၊ အောက်မှာ ဓာတ်ဆီပုံးတွေ ပါတယ်''

ကားရပ်၍ သူများတွေ ဆေးလိပ်သောက်ကြတာ မြင်တော့ သူလည်း ကားခေါင်းနား နေရိပ်ခိုကာ မီးခြစ်တွန်းပြီး ဆေးလိပ် ညှိသောက်၏။ ဤသည်ကို ကားဒရိုင်ဘာက မြင်သောအခါ နဂိုကပင် မကျေနပ်သော သူ့ကို ဟောက်ပြန်၏။

''ဆောရီးဗျာ၊ ကျွန်တော် မသိ....''

''ဘာ မသိတာလဲကွ၊ ခုနကပဲ ကားမီးလောင်လို့ ဟိုမှာ ကားတစ်စီး ပျက်ကျန်ရစ်တယ်ဆိုတာ မင်း မကြားဘူးလား၊ ဘာလဲ မင်းက ဒီလမ်းခရီးကို ချော်ချွ အောက်မေ့နေလား''

''မဟုတ်ပါဘူး အစ်ကိုကြီးရာ၊ ဒီအောက်မှာ ဓာတ်ဆီပုံးတွေ ပါတယ်ဆိုတာ ကျွန်တော် တကယ် မသိလို့ပါ၊ တောင်းပန်ပါတယ်''

''တောင်းပန်လဲ မနေနဲ့၊ မင်း စိတ်ချမ်းသာသလို လုပ်၊ တစ်ကားလုံး မီးလောင်လို့ မသာတွေ ပေါ်ကုန်လဲ ပြီးတာပဲ''

ရှုပ်ရှေ့ အပြောအဆို ခံရသည်ကို ဤတစ်ခါတော့ သူ တော်တော် ရှက်သွားပုံရသည်။ သို့သော် သူကား မရိုင်း။





''ကျွန်တော် တကယ် မသိလို့ တောင်းပန်ပါတယ် အစ်ကိုကြီးရာ၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ ကား တစ်စုံတစ်ခုဖြစ်ရင် ကျွန်တော်လဲ ဒုက္ခရောက်မှာပါပဲ၊ အစ်ကိုကြီး ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်''

သူက အတန်တန် တောင်းပန်စကား ဆိုသည့်ကိုပင် ကားဒရိုင်ဘာကတော့ မကျေနပ်သေး။ ကား စ၍ ထွက်လာသည့်တိုင် မကြားတကြား တဗျစ်တောက်တောက် လုပ်လာသေး၏။

''ဒီလိုမှန်း စောစောက သိရင် မန္တလေးကားနဲ့ ပြန်ထည့်လိုက်ပါဗျား၊ မကျေနပ်လို့ ဆင်းကျန်ခဲ့မယ် ဆိုလဲ ထားခဲ့ပါတယ်၊ ဘယ်လို အူကြောင်ကြောင်ကောင်မှန်း မသိဘူး''

သူက ရှုပါတို့ အနားတွင် ထိုင်နေသူ ဖြစ်သဖြင့် မကြား၍တော့ ဟုတ်မည်မထင်။ ဒရိုင်ဘာက မအားရ ပြောနေသည်ကို ကြားသော်လည်း သူသည် မကြားယောင်ဆောင်ကာ သည်းညည်းခံနေပုံရသည်။

ရှုပါက သည်းညည်းခံနိုင်လွန်းသော သူ့မျက်နှာကို ကြည့်မိသည်။ သူသည် မသိမသာပင် ပြုံးနေ၏။ ရှက်ပြုံးလား၊ ခွင့်လွှတ်ပြုံးလား၊ နာကြည်း ပြုံးလား ဆိုသည်ကိုတော့ ရှုပါ မခွဲခဲ့တတ်။

အမှန်က မန်းရတနာ ကားဂိတ်မှာ တုန်းကပင် သူ့အား ဒရိုင်ဘာနှင့် စပယ်ယာတို့က မကျေနပ်ကြခြင်းမှာ ရတနာကို လက်မှတ်မရဘဲ လိုက်လိုလျှင် လမ်းက ဖြတ်မလိုက်ဘဲ ပိုင်ရှင်ဆီအောင် လက်မှတ်သွားဝယ်၊ ပိုင်ရှင် အိမ်ရှေ့တွင် လက်မှတ်မပါဘဲ အတင်းလိုက်ပါရမလား ပြောနေ၍ ဖြစ်သည်။

သူသည် ခရီးဝေးကားနှင့် သွားဖူးပုံမရ။ ကားသမားတို့၏ အထာကိုလည်း ကျွမ်းပုံမရ။ တခြား ခရီးသည်များရှေ့ ကားပိုင်ရှင်ရှေ့မို့ ကားသမားကလည်း ပွင့်ပွင့်လင်းလင်း မပြောရဲ။ သည်တော့ ကားသမားနှင့် သူတို့နှစ်ယောက်ကြားတွင် မဖြစ်သင့်တာတွေ၊ ပြဿနာတွေ ဖြစ်ရသည်။

သူတို့ပြဿနာကလည်း ရတနာကိုရောက်လို့မှ ပြီးပါ့မလား ဟု ရှုပါတို့က ရင်ထိတ်နေကြသည်။ ဤလိုတောကြီးမျက်မည်း ခရီးလမ်းထဲတွင် ကားသမားကို မည်သူမှ အာခံ ရဲကြမည် မဟုတ်။ ကားပျက်သွားပြီဆိုလျှင် မည်သူမျှ တတ်နိုင်ကြမည် မဟုတ်။ ကားသမားနှင့် ခရီးသည်တို့ အဆင် မပြေကြ၍ ညစ်လျှင် ခရီးသည်များသာ ခံရမည်။ ထို့ကြောင့် ဤလမ်း ခရီးတွင် ကားသမားနှင့် ခရီးသည်တို့ ပြဿနာဖြစ်လျှင် ခရီးသည်အများစုမှာ ဤလမ်း ဤခရီးကို သွားနေကျ လာနေကျ မှောင်ခိုသမားများသာ များသဖြင့် ကားသမားတွေနှင့် သိသူ တွေက များသည်။ သူ့မှသာ တစ်ယောက်တည်း။ ထို့ကြောင့် သူ သည်းခံနေခြင်းမှာ မည်သို့သော ခရီးသည်ကိုမှ ထိခိုက်စရာ မရှိသဖြင့် တော်သေးသည်ဟုပင် ဆိုရပေမည်။

*     *     *

အခန်း (၅)

ကားမှာ သပိတ်ကျင်း ရတနာလမ်းမပေါ် ရောက်လာပြီး ဖြစ်သည်။

ကတ္တရာလမ်းဖြစ်သဖြင့် ကားပြေးနှုန်းက မြန်လာသည်။ လူတွေမှာလည်း ငိုက်မျဉ်းစပြုလာကြ၏။ ကားစထွက်လာတုန်း ကလို စကားသံတွေလည်း မညံနိုင်ကြတော့။

ကားက ရုတ်တရက် ထိုးရပ်သွားသည်။ ကားပေါ်ပါ လူ အားလုံးမှာ ယိမ်းယိုင်လှုပ်ခါသွားကြသည်။ ဘာများ ဖြစ်ပါ လိမ့်ဟုလည်း ပူပန်သွားကြသည်။

ကားကို ရုတ်တရက် ဘရိတ် အုပ်လိုက်သဖြင့် အိပ်ငိုက်လာ သော ရှုပါက သူ့ပခုံးပေါ် လက်ထောက် မိသွားသည်။

"ကန်တော့နော် အစ်ကို"

"ကိစ္စ မရှိပါဘူးဗျာ"

ယခုမှ ခရီးသည်အားလုံးမှာ ပို၍ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ ဤလမ်း ဤခရီးကား အခါခပ်သိမ်း စိတ်ချရသည် မဟုတ်။ ဓားပြဓာန္တတွေကများ ရှေ့က ဆီးပြီး ကားရပ်ခိုင်းလေသလား။ ကားထဲက ခရီးသည်များမှာ ဘာမှမသိ။ အရေးအကြောင်း ဆိုလျှင် ဒရိုင်ဘာနှင့် စပယ်ယာ တို့သာ ဦးဆုံး သိကြသည်။

"ရေပါရင် နည်းနည်း ပေးခဲ့ကြပါကွာ"

"ရပါတယ်ကျော်ကြီးရာ၊ ဦးသန်းမောင်ကို ဘာပြောလိုက်ရမလဲ"

"မနက်ဖြန် ကားပစ္စည်းတွေ လာတင်ဖို့နဲ့၊ ကားမီးလောင်သွားတဲ့ အကြောင်း ပြောလိုက်ပါကွာ"

"အေး၊ အေး၊ မင်းတို့ ဆေးလိပ်တွေ ဘာတွေကော"

"ရှိပါတယ်ကွာ၊ ပါပါတယ်"

စောစောက မီးလောင် သွားသည်ဆိုသော ကားမှ ဒရိုင်ဘာနှင့် စပယ်ယာတို့က ကားရပ်ခိုင်းပြီး ရေ တောင်းသောက်ကြသည်။ ရတနာ ကားပိုင်ရှင်ကို ရှုပ်တို့ စီးလာသော ကားနှင့် သတင်းပို့လိုက်ခြင်း ဖြစ်သည်။

ခရီးသည် လူငယ်အချို့က မီးလောင်ထားသော ကားပျက်ကြီးကို ဇော်မြင့်အောင် တို့နှင့်အတူ ခဏတစ်ဖြုတ် ဆင်းကြည့်ကြသည်။ သူကတော့ ကားပေါ်က လုံးဝ မဆင်းရဲတော့ပေ။

ခဏသာ ရပ်ပြီး ကား ထွက်လာသည်။

ကား စထွက်လာသော အခါ စပယ်ယာက တွေ့လားကွ၊ မီးလောင်ထားတာ ဟူသော သဘောဖြင့် သူ့ကို မျက်စောင်း တစ်ချက် ထိုးကြည့်သည်။





သူကလည်း ခါတ်ဆီပုံးနား ဆေးလိပ်သွားသောက်မိသည်ကို စိတ်ကောင်းပုံမရ။ မျက်နှာ အနည်းငယ် ညှိုးနေသည်။

လမ်းတွေက ပို၍ ကွေ့ကောက်လာသည်။ တောင်ကမ်းပါးယံတွေကလည်း ပို၍ မတ်စောက်လာ၏။ အသူတစ်ရာနက်သော ချောက်နှုတ်ခမ်းပေါ်တွင် ကားက တရိပ်ရိပ်ပြေးနေသည်။ တောင်ပေါ် ရွာငယ် လေးတွေ ကိုလည်း တစ်ရွ ပြီး တစ်ရွာ ဖြတ်ကျော်လာသည်။

ခုနစ်ဆယ့်တစ်မိုင် လွန်လာသည်နှင့် ဟစ်ပြိုင်နက် ရတနာ၏ အအေးသည် ခရီးသည်များကို စတင် နှုတ်ဆက်လေ၏။ နေကလည်း ညှိုးသွားပြီဖြစ်ရာ အအေးမှာ သိသိသာသာ တိုးဝင်လာသည်။

လူများ ကျုပ်ညပ်နေကြသော်လည်း ခရီးသည်တွေမှာ အနွေးထည် ထုတ်ဝတ်ကြရသည်။ ရှုပ်တို့အဖွဲ့က ဒေါ်ခင်ခင်ကြီး အပါအဝင် အမျိုးသမီးအားလုံးမှာ သူများနည်းတူ အနွေးထည်များ ထုတ်ဝတ်ကြသည်။ ကားစပယ်ယာသည်ပင် သူ၏ သားရေဂျင်ကင်အင်္ကျီကို ဇစ်ဆွဲစေ့ထား၏။

သူကတော့ ဘာအနွေးထည်မှ ထုတ်မဝတ်၊ ရှိမြဲ ပင်နီဖျင်ကြမ်းတိုက်ပုံနှင့်သာ ခပ်ကုပ်ကုပ်ထိုင်နေ၏။

သူ့မှာ နောက်ထပ် ဝတ်စရာ အနွေးထည်လဲ မပါဘူးနဲ့တူပါရဲ့၊ ရတနာရောက်ရင် ဒီအဝတ်အစားနဲ့ သူ ဘယ်လိုလုပ်နေနိုင်မလဲ၊ သူဟာ ဘယ်လိုလူပါလိမ့်၊ ကျောင်းပိတ်လို့ မန္တလေးက ပြန်လာတဲ့ ရတနာအနီးအနား ရွာတစ်ရွာက တက္ကသိုလ်ကျောင်းသားလစ၊ ဒါလဲ မဖြစ်နိုင်၊ ရတနာအနီး

အနားရွာက ဆိုလျှင် ရတနာ၏ ရာသီဥတုကို သိပြီးသား ဖြစ်မည်။ အနွေးထည် ပါရမည်။ ရတနာကို ရရာအလုပ် ဝင်လု ရန် လာသော၊ သို့မဟုတ် ကျောက်တူးရန် လာသော မြေပြန့်သား တစ်ယောက်ယောက်လား၊ အစိုးရ အမှုထမ်းများလား၊ သူ့ကို ကြည့်ရသည်မှာ ရတနာမြို့အနီးအနားက လူတွေ ဝတ်ဆင်ပုံနှင့်တော့ နည်းနည်းမှ မတူ။ ဒီကားမှာ ပင်နီဖျင်ကြမ်း တိုက်ပုံနှင့်ဆို၍ သူ တစ်ယောက်တည်းသာ ပါသည်။ မေးလျှင် ကောင်း....။

"ဟဲ့ ကောင်၊ မနောက်နဲ့ကွာ၊ အေးပါတယ်ဆို၊ ကားက မလုံရတဲ့ ကြားထဲ"

မသိမသိုင် သူ့အကြောင်း တွေးလာသော ရူပါသည် ဇော်မြင့်အောင်အသံကြောင့် အတွေး ပြတ်သွားသည်။

ထူးခင်သိန်းက ဇော်မြင့်အောင်ကို ဦးထုပ်နှင့် ယပ်ခတ်၍ နောက်နေ၏။ သူတို့နှစ်ယောက်မှာ တစ်ကားလုံးက လူတွေကို အသက်ပါသည်ဟု မထင်ကြ။ နောက်ချင်တာ နောက်၊ ပြောင်ချင်တာ ပြောင် လိုက်လာကြသည်။

"ဒီကားက ရတနာကို ဘယ်အချိန်လောက် ရောက်မလဲ ဟင် အန်တီ"

"မပြောတတ်သေးဘူးကွယ့်"

သူ ချမ်းလာ၍ မေးခြင်းလေလားဟု ရူပါက ရင်ထဲ မေးသွား၏။

သူ့အမေးကို ဒေါ်ခင်ခင်ကြီးကတော့ မရေမရာ ဖြေသည်။ ဤသည်မှာလည်း စပယ်ယာ ကြားမှာစိုး၍ ခပ်အုပ်အုပ်သာ ဖြေခြင်း ဖြစ်၏။





ဤလမ်းခရီးက ကားသမားများသည် အယူသီးမှု ရှိကြသည်။ မိမိတို့၏ ခရီးအဆုံးကို ဘယ်တော့ ရောက်မှာလဲ၊ ဘယ်အချိန် ရောက်မှာလဲဟု မေးလျှင် မကြိုက်။ ထိုသို့ မေးလျှင် လမ်းခရီးတွင် ခေါးပြတိုက် ခံရတတ်သည်၊ ကားပျက်တတ်သည်၊ ခရီးဖင့်နှေးတတ်သည်ဟု အယူရှိကြသည်။

ဤသည်ကို မသိတော့ သူ့စကားက ဆက်လာ၏။

"နေမဝင်ခင်တော့ ရောက်ပါ့မလား အန်တီ"

"မပြောတတ်ဘူးကွယ့်၊ ခါတိုင်းတော့ မိုးမချုပ်ခင် ရောက်တာပဲ"

"ခုဆို ခရီးတစ်ဝက်လောက်တော့ ရောက်ရော့ပေါ့နော် အန်တီ"

"အင်း တစ်ဝက်လောက်တော့ ရောက်ပါပြီ"

အမေးအမြန်းထူလာသော သူ့ကို ကားစပယ်ယာက မျက်စောင်း ထိုးပြန်၏။

သူ အဟောက်ခံရတော့မည်ကို သိသော ရူပါကတော့ ရင်တထိတ်ထိတ် ဖြစ်နေရသည်။

အမှန်က သူသည် ညဉ့်နက်မှ ရောက်သွားလျှင် ညဉ့်သည် ညဉ့်နက် အတည်းခက်မည်ကို စိုးရိမ်၍ မေးခြင်းလည်း ဖြစ်ချင် ဖြစ်မည်။

"အေးပြင်နဲ့ ရတနာက တော်တော် ဝေးလား အန်တီ"

"သိပ်မဝေးပါဘူးကွယ်"

"ရတနာက အေးပြင်ကို သွားချင်ရင် ဆိုက်ကားတို့ မြင်းလှည်းတို့ ငှားစီးလို့ကော ရရဲ့လား အန်တီ"

သူ့စကားကို အားလုံး ပြုံးမိသွားကြသည်။ အထူးသဖြင့် ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့က သူ့ကို လှောင်ကြည့် ကြည့်၍ အသံထွက်ပင် ရယ်လိုက်ကြသည်။ သို့သော် သူက မမှု။ ဒေါ်ခင်ခင်ကြီး၏ အဖြေကိုသာ ငံ့လင့်နေသည်။

အမှန်မှာ ရတနာသည် တောင်ပေါ်မြို့ ဖြစ်သည်။ လမ်းတွေမှာ မြို့ထဲ၌ပင် အမတ်အစောက်၊ အတက်အဆင်းတွေ များရာ ဆိုက်ကား၊ မြင်းလှည်းတို့ ဘယ်လိုမှ သွားမရသော လမ်းများ ဖြစ်သည်။ ထို့ကြောင့် ရတနာမှာ ဆိုက်ကားတို့၊ မြင်းလှည်းတို့ ဆိုသည်ကို ကလေးများအား အရုပ်ခရုပြ၍ မေးလျှင်ပင် သိကြမည် မဟုတ်ပေ။

ဒေါ်ခင်ခင်ကြီးက ပြုံး၍ "အေးပြင်က ရတနာကို မရောက်ခင်ဘဲကွယ့်၊ လမ်းမှာလေ" ဟု မယုတ်မလွန် ဆိုသည်။ ရတနာတွင် ဆိုက်ကားတို့၊ မြင်းလှည်းတို့ မရှိကြောင်းတော့ မပြောလိုက်ပေ။

"ဪ ဟုတ်လား အန်တီ၊ ကျွန်တော်က ရတနာပြီးမှ အေးပြင်လားလို့"

"မဟုတ်ဘူးကွယ့်၊ အေးပြင် ပြီးမှ ရတနာ"

"ကျောက်တောင်ဆိုတာကရော အန်တီ"

"အထက်ကျောက်တောင်လား၊ အောက်ကျောက်တောင်လားကွယ်၊ ကျောက်တောင်က နှစ်တောင် ရှိတယ်၊ ရွာနာမည်တွေပါ"

သူ ခဏ စဉ်းစားသည်။ ပြီးမှ "အထက်ကျောက်တောင် ဆိုပါတော့" ဟု မပွင့်တပွင့် ပြော၏။





"အထက် ကျောက်တောင်ရော အောက် ကျောက်တောင်ရော ဒီကားလမ်းပေါ်မှာပဲကွယ်၊ အေးပြင်တို့ ရတနာတို့ မရောက်ခင် ရောက်မှာ"

"ဪ ကျောက်တောင်ကို စောစော ရောက်မှာပေါ့နော်"

"ဟုတ်တယ်ကွယ့်၊ မောင်ရင် အရင်က တစ်ခါမှ မရောက်ဖူးဘူးနဲ့ တူတယ်"

"ဟုတ်ကဲ့ ခင်ဗျား၊ တစ်ခါမှ မရောက်ဖူးပါဘူး"

"မင်းက ဘယ်က လာလဲ"

"ကျွန်တော် မန္တလေးက လာတာပါ"

"ဇာတိလဲ မန္တလေးကပဲလား"

"ဟုတ်ကဲ့"

စောစောက သူက မေး၍ ဒေါ်ခင်ခင်ကြီးက ဖြေသူ။ ယခု ဒေါ်ခင်ခင်ကြီးက မေး၍ သူက ဖြေရသူ။ ပြောင်းပြန် ပြန်ဖြစ်သွား၏။

သူ့အဖြေနှင့် ဒေါ်ခင်ခင်ကြီး၏ အမေးကို ရူပါလည်း နားစွင့်နေမိသည်။ ရူပါက သူ့ကို စိတ်ဝင်စားနေသည်။ ထူးထူးခြားခြားလို ဖြစ်နေသော သူ့အကြောင်းကို သိချင်နေသည်။

ဒေါ်ခင်ခင်ကြီးက ဆက်၍ စပ်စုနေ၏။

"ကျောင်းသားလားကွယ့်"

"ကျွန်တော် ကျောင်းပြီးသွားတာ နှစ်နှစ်လောက် ရှိသွားပါပြီ အန်တီ"

"ကျောင်းပြီးသွားတယ်ဆိုတော့ ဘွဲ့ရပြီးပြီပေါ့နော်"

"ဟုတ်ကဲ့ ခင်ဗျား"

သူက ဘွဲ့ရပြီးသူတစ်ယောက် ဆိုသဖြင့် ကားပေါ် ပါလာ
ကြသူတွေက သူ့ကို နည်းနည်း စိတ်ဝင်စားသွားကြပုံရသည်။ သူ့အား တစ်လမ်းလုံး အထင်သေး၍ သရော်လှောင်ပြောင် လာကြသော ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့ကပါ သူ့ကို မယုံသင်္ကာသလို လှမ်းကြည့်နေကြသည်။

"ဘာဘွဲ့လဲကွယ့်၊ ဆရာဝန်တို့ အင်ဂျင်နီယာတို့လား"

"မဟုတ်ပါဘူး အန်တီ၊ ကျွန်တော်က ရိုးရိုး ဝိဇ္ဇာဘွဲ့ပါ"

"ဝိဇ္ဇာတို့ တပသီတို့တော့ ဒီခေတ် သိပ်မစားသာဘူးဆိုပ လားကွယ့်"

"ဟုတ်ကဲ့ ခင်ဗျား"

သူက ရယ်၍ ပြန်ကြားသည်။ အလုပ်ရဖို့တောင် မလွယ်ပ ဘူးဟု ထပ်ပြော၍ ပြုံးနေ၏။

"မင်းကကောကွယ် ခု ဘာလုပ်လဲ"

"ကျွန်တော့်အလုပ်ကတော့ မည်မည်ရရရယ် မရှိပါဘူး အနုပညာသည် ဆိုပါတော့ အန်တီ"

"ဪ"

သူ့အား ဘွဲ့ရပြီးသားမို့ စောစောက အထင်ကြီးထား သော လူတွေ၏ မျက်နှာမှာ ချက်ချင်း အရိပ်အယောင် ပြော သွားကြသည်။ အလုပ်လက်မဲ့ ကလေကချေဟူသော အကြ ဖြင့် သူ့ကို ပြန်ကြည့်ကြပြန်သည်။

"ခု မင်းက တို့ရတနာကုံ လာတာ အလုပ် မရှိတေ ကျောက်တွင်းတူးဖို့ လာတာလား"

"မဟုတ်ပါဘူး အန်တီ၊ ကျွန်တော်က လေ့လာရေး သ သက်ပါ"





"ကံစမ်းတဲ့ အနေနဲ့ ကျောက်တွင်း ဝင်တူးကြည့်သွားပါ လားကွယ့်၊ အေးလေ လေ့လာရေးဆိုတော့ ကျောက်တွင်း တူးချင်လို့ လာလေ့လာတယ်ပဲ ဆိုပါတော့"

"မဟုတ်ပါဘူး အန်တီ၊ ကျွန်တော်က ဒေသန္တရ ဗဟုသုတ သဘော လာတာပါ။

"အန်တီတို့မိသားစုတွေလဲ ကျောက်တူးတဲ့ အလုပ်ပဲလား ခင်ဗျား"

"အန်တီတို့က မိန်းမသားချည်းဆိုတော့ တွင်း မလုပ်ပါ ဘူးကွယ်၊ အဖေတို့ အစ်မတို့ ခေတ်ကတော့ လုပ်ခဲ့တာပေါ့၊ ခု အဲဒါလေးတွေနဲ့ပဲပေါ့၊ အရင်းအနှီးလေးလုပ်ပြီး စားနေရ တာ"

ပြောသာ ပြောရသော်လည်း ဒေါ်ခင်ခင်ကြီးမှာ ခတ်သိ မြို့ခံတွေ ပါနေသဖြင့် နည်းနည်း လိပ်ပြာမသန့် ဖြစ်သွားပုံ ရသည်။ အသံ နည်းနည်း တိုးသွား၏။

အမှန်က ဒေါ်ခင်ခင်ကြီးတို့ မိသားစုမှာ ဘယ်တုန်းကမှ တွင်း မလုပ်ဖူးကြပေ။ ဒေါ်ခင်ခင်ကြီးတို့ အမိအဘများသည် ဈေးထဲ၌ ဈေးရောင်းကြသည်။ အဖေ အမေတွေ ဆုံးပါး သွားကြသောအခါ မိဘလက်ငုတ်ဖြစ်သော ဈေးဆိုင်ကို ညီ အစ်မနှစ်ယောက် ဆက်ရောင်း၍ ဘဝ ရပ်တည် နေကြ၏။ အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးအရွယ်ထိ အပျိုကြီး ဘဝဖြင့် ညီအစ်မနှစ်ယောက် နေလာခဲ့ကြသည်။

ညီမကိုမူ ဈေးရောင်း ခိုင်းထား၏။ ထင်ထင် ပေါ်ပေါ် တော့ ဒေါ်ခင်ခင်ကြီးမလုပ်ရဲ။ အသက်ကြီးပြီးမှ လူငယ်တွေဆီ

တပည့်ခံ လိုက်လုပ်နေရသည်။ ကိုယ့်လိပ်ပြာ ကိုယ် သန့်ပုံမရ၊ သို့သော် တစ်ဖက်ကလည်း စားဝတ်နေရေးနှင့် မိန်းမသားပိပိ လောဘကို မစွန့်လွှတ်နိုင်။ သူများ ရသည်ကြားလျှင် စမ်းကြည့်ချင်သူပင်။ မိမိတွင် ရောင်းစရာ ကျောက်မရှိသော်လည်း သူ့အဆက်အသွယ်နှင့် သူ ရှာကြံကြိုးစားနေခြင်းသာ။

ဤသည်ကို ညှော်သည် တစမ်းလူငယ်အား မသိစေချင်သော်လည်း ရတနာမြို့သူမြို့သားတို့၏ ထုံးစံအတိုင်း တစိမ်းတွေ့ဆိမ့်တော့ တွင်းလုပ်သူ ကျောက်သူဌေး ဘာဘာညာညာ လူတိုင်းအထင် ခံချင်ကြသလို ဒေါ်ခင်ခင်ကြီး မှာလည်း သူဌေးဟု အမည် မခံခဲ့သော်လည်း တွင်းလုပ်သော မျိုးရိုး စဉ်ဆက်ရှိကြောင်းကိုတော့ ညှော်သည်ဆီတွင် ပြောချင်နေပုံရသည်။

"ရတနာမြို့ အကြောင်းတော့ ကျွန်တော် ကြားဖူးပါတယ် အန်တီ၊ ကမ္ဘာကကျော်ကြား သိတဲ့ မြို့ပဲ"

"သိပ်ဟုတ်တာပေါ့ကွယ်၊ မင်းတို့မန္တလေးတို့ ရန်ကုန်တို့က သူဌေးတွေ ချမ်းသာတယ် ဆိုတာ၊ တို့မြို့က သူဌေးတွေ လှူပစ်တာလောက်တောင် မရှိဘူး၊ ဟိုခေတ်တုန်းကများဆို သူဌေးတစ်ယောက်ရဲ့ အိမ်မှာ ဘုရားပန်းတင်တာ သက်သက် တစ်နေ့ငါးရာဖိုးတဲ့၊ ဒါ ကြားပြောတာ မဟုတ်ဘူး၊ တကယ်ပြောတာ"

"ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော်လဲ ကြားဖူးပါတယ်"

ရတနာသူဌေးတစ်ယောက်၏ အိမ်တွင် တစ်နေ့ငွေငါးရာဖိုး ဘုရားပန်း တင်သည် ဆိုသော ဒေါ်ခင်ခင်ကြီး၏ စကားကို သူက အမှန်လည်း ကြားဖူးပုံ ရသည်။ အကြင်းမဲ့ ယုံကြည်ကြောင်း သူ့မျက်နှာထားက သက်သေခံနေသည်။





ဟုတ်လည်း ဟုတ်သည်။ ရတနာ သူဌေးတွေမှာ ယခင်က စက်တွင်း လက်တွင်းတွေ အမြောက်အမြား ရှိကြရာ တစ်နေ့ငွေငါးရာဖိုး ဘုရားပန်း တင်သည်မှာ ဘာမှ မဆန်းပေ။ နိုင်ငံခြားရှိ ရတနာ ဆိုင်တွေမှာ တစ်နေ့တစ်နေ့ သိန်းချီမြတ်နေ၏။ ပြီးတော့ ရတနာ လုပ်ငန်း ဆိုသည်မှာ ခန့်မှန်းရ ခက်သော လုပ်ငန်းမို့ ကံကို ယုံရသော လုပ်ငန်းလည်း ဖြစ်သည်။ ဘုရားပန်း အညှိုးမခံ။ နေ့စဉ် ဘုရားပန်း လဲသည်။ ဘုရားပန်းလန်းမှ အဆောင်းအဝယ် ပွင့်လန်းသည်၊ ရတနာရသည်ဟု ယုံကြည်ကြသည်။

ရတနာအလုပ်ဆိုသည်မှာ မဟုတ်ဟူ၍လည်း မပြောနိုင်ပေ။ တစ်ယောက်က သုံးသောင်းနှင့် ဝယ်လာသော ရတနာ တစ်ပွင့်သည် နောက်တစ်ယောက်လက်ထဲ ရောက်သောအခါ သုံးသိန်း ငါးသိန်းလည်း ရနိုင်၏။ သုံးသိန်း ငါးသိန်း ရမည် ထင်၍ တစ်သိန်းပေး ဝယ်လာသော ရတနာ တစ်ပွင့်သည် နောက်တစ်ယောက်ဆီ သွားရောင်းသောအခါ သုံးရာပင် မရဘဲ ကျောက်ခဲ ဖြစ်သွားသည်လည်း ရှိ၏။

ထို့ကြောင့် လည်း ရတနာသူ ရတနာ သားများသည် ကံ ကံ၏ အကျိုး အပြစ်တရားကို ပိုယုံကြသည်။ ဗုဒ္ဓဘုရားရှင်ကို ပို၍ ကြည်ညို လေးစားကြသည်။ ဘုရားပန်းကို တစ်နေ့ ငါးရာဖိုးက စ၍ ဆင်းရဲ ချမ်းသာ လိုက်ကာ နေ့စဉ် ပန်းတင် ပူဇော်ဆုတောင်းလေ့ ရှိကြလေသည်။

"ဘယ့်နှယ်လဲကွယ့်၊ အန်တီပြောတာ၊ မင်းတို့ ရတနာကို လာတုန်း ကံစမ်းတဲ့ အနေနဲ့ ကျောက်ဝင် တူးသွား ကြည့်ပေါ့ကွယ်၊ သိန်းကျောက်သာ ရလိုက်ရင် မင်းလဲ ချက်ချင်း သူဌေး

ဖြစ်သွားမှာပဲ၊ ဒီလိုမှ မဟုတ်ရင်လဲ ချမ်းသာတဲ့ သူဌေးအိမ် တစ်အိမ်မှာ ငကျောက်တူး အငှား သုံးနှစ် ငါးနှစ် ဝင်လုပ်ပြီး သူဌေး သမီး တစ်ယောက်လောက် ရအောင် သိုက်တူးပေါ့ ကွယ့်၊ မဟုတ်လား"

သူ မသိမသာ မျက်နှာပျက်သွားသည်။ ဒေါ်ခင်ခင်ကြီးက တော့ မြင်လိုက်ပုံမရ။ သူ့ စကားကိုသာ ဆက်ပြောနေ၏။

သူ အဝတ် အစား နွမ်းပါးသည်ကို မြင်၍ တမင်နှိမ်ပြော တာပဲဟု ထင်သွားမှာ ရှုပါ စိုးရိမ်နေသည်။ ပြီး သူက ရှုပါတို့ ကို အားနာ နေပုံရ၏။ ဒေါ်ခင်ခင်ကြီး၏ စကားကလည်း ဘာလိုလို ဆိုတော့ သူ့မှာ ပို၍ အနေရ အထိုင်ရ ခက်နေပုံ ရသည်။

"တို့ဆီမှာ ကံစားဆိုတာ ရှိတယ်ကွယ့်၊ ဒီအိမ်မှာနေ၊ အဲဒီ အိမ်မှာစား၊ အဝတ်လဲ အဲဒီအိမ်ကပဲ ဆင်မယ်၊ အားလုံးတာဝန် ယူတယ် ဆိုပါတော့၊ ကျောက်တူးတာကတော့ မင်းပဲ တူးရ မယ်၊ ရရင် တစ်ယောက် တစ်ဝက်ပေါ့၊ အဲဒါက ကံစား တွင်းသား မွေးထားတယ်လို့လဲ ခေါ်တယ်"

"မရရင်ကော အန်တီ"

ဒေါ်ခင်ခင်ကြီး၏ စကားကို သူက ဦးစွာ ဖြတ်မေးသည်။

"မရရင် တစ်သက်လုံး အဲဒီလိုပဲ တူးသွားရမယ်"

သူက ရယ်သည်။ 'ဒုက္ခပဲ' ဟုလည်း ဆို၏။

သူ့အသွင်မှာ နည်းနည်းတော့ ရဲဘင်းလာသည်။ မန်း ရတနာကားဂိတ်မှ တက်စကလို မဝံ့မရဲဖြစ်မနေတော့။ လူချင်း လည်း အတော် ရင်းနှီး လာကြပြီး ဖြစ်ရာ ပြောဝံ့ ဆိုဝံ့ ရှိလာ သည်။





"တစ်သက်လုံး မရဘဲ တူးရင်း သေသွားကြတဲ့ လူတွေလဲ ရှိမှာပေါ့နော် အန်တီ"

"ရှိပြီလားကွယ့်၊ တချို့ ခများများ သေသာ သွားတယ်၊ သိန်းကျောက်၊ သောင်းကျောက်တောင် မြင်မသွားရ ရှာဘူး၊ အဲဒါကြောင့် တို့ရတနာသူ ရတနာသားတွေက ကံကို ယုံကြ တာပေါ့၊ တချို့များဆို မင်းတို့လိုပဲ မြေပြန့်က တက်လာကြ တယ်၊ ကျောက်ဝင်တူးတယ်၊ လပိုင်းအတွင်း သိန်းနဲ့သောင်းနဲ့ တန်တဲ့ ကျောက် ရသွားတာပဲ"

"အားကျစရာပေါ့ အန်တီရယ်"

"အေး၊ အားကျရင် မင်းလဲ ကျောက်ဝင်တူးပေါ့"

"ကျွန်တော်က ကျောက်တော့ မတူးတော့ဘူး အန်တီ၊ အန်တီ ပြောသလိုဆို ပန်းပင်ပဲ စိုက်တော့မယ်"

"ဘာဖြစ်လို့လဲကွယ့်၊ တစ်သက်လုံး တူးပေမင့် ကျောက် မရမှာ စိုးလို့လား၊ သောင်းကျောက် သိန်းကျောက် မရပေမင့် ရာကျောက် ထောင်ကျောက်တော့ ရတတ်ပါတယ်၊ တို့ မုဘနာ မြေကို ရောက်ရင် မင်း စားဖို့ သောက်ဖို့တော့ ဘာမှ မပူပါနဲ့"

"စားသောက်ဖို့ ပူလို့ မဟုတ်ပါဘူး အန်တီ၊ အန်တီ ပြော သလိုဆို ပန်းစိုက်ပြီး ရောင်းစားရတာက ပိုကိုက်မယ် ထင်ပါ"

"ပန်းလဲ ကိုက်ပါတယ်၊ တခြား စိုက်ပျိုးရေးလုပ်လဲ မဆိုး ပါဘူး၊ တို့ ရတနာမြို့က လူတွေဟာ ငွေပေါတော့ အားလုံး ပိုက်ဆံနဲ့ချည်း ဝယ်စားကြရတယ်၊ ဆန် ဆီ အား ငရုတ် ကြက်သွန်က အစ သစ်သီး ပန်းမန်တွေဆိုလဲ တို့ ဆီမှာ ဈေး ကောင်းရတယ်ကွယ့်"

"ဟုတ်ကဲ့"

"ငှက်ပျောခြံတို့၊ သင်္ဘောခြံတို့လုပ်လဲ ကိုက်တာပဲ၊ မင်း စောစောက မေးတဲ့ ကျောက်တောင်ရွာဆို အဲသလို ခြံစိုက်စားတဲ့ လူတွေ များတယ်"

"သူတို့က ဘာလို့ တွင်း မလုပ်ကြတာလဲ အန်တီ"

"သူတို့ဘက်မှာ ကျောက် မပွင့်ဘူးကွယ့်၊ အဖြုံး အကြမ်းတွေပဲ ထွက်တယ်၊ တို့ဆီက အညံ့ပန်း ခေါ်တာပေါ့"

ဒေါ်ခင်ခင်ကြီး ပြောသမျှ သူက ခေါင်းညိတ်သည်။

တစ်လမ်းလုံး သူသည် ဒေါ်ခင်ခင်ကြီး တစ်ယောက်တည်းနှင့်သာ စကား ပြောလာ၏။ သူ ပြန်ပြောသော စကားများမှာ ရတနာကို ရောက်သူတိုင်း မချမ်းသာနိုင်ကြောင်း၊ ရတနာမှာလည်း ဆင်းရဲသူများ ရှိမည်ဖြစ်ကြောင်း၊ လာဘော၊ အလာဘော၊ ယသော၊ အယသော၊ နိန္ဒံ၊ ပသန္နံ၊ သုခံ၊ ဒုက္ခံ စသော ဗုဒ္ဓ၏ အဆုံးအမအတိုင်း လောကဓံတရား ရှစ်ပါးကို မည်သည့်အရပ်မှ မလွန်ဆန်နိုင်ကြကြောင်း၊ ဘယ်နေရာမဆို ဆင်းရဲသူ ရှိသလို ချမ်းသာသူလည်း ရှိမည်ဖြစ်ကြောင်း၊ သူ တစ်ပါး တွင်းလုပ်၍ ရသည်ကို သူ အားမကျမိကြောင်း ပြောသည်။

သူ၏ တွေးတွေးဆဆအပြောကို သဘောကျ၍လား မသိ။ ဒေါ်ခင်ခင်ကြီးက ညောင်ပိုင်းရောက်ခါနီးမှ သူ့နာမည်ကို မေးသည်။

သူက သူ့နာမည်သည် ထွန်းကျော် ဖြစ်ကြောင်း ပြောသည်။





ဒေသန္တရဗဟုသုတအတွက် လာသူမို့လား မသိ။ သူသည် ဒေါ်ခင်ခင်ကြီးနှင့် စကားပြောရင်းက ပတ်ဝန်းကျင်ကို သတိထားပုံရသည်။ ကားလမ်းက ရွာနာမည်တွေကို မေးတတ်သည်။ ဘုန်းကြီးကျောင်း ရှိမရှိ၊ စာသင်ကျောင်း ရှိမရှိ၊ ကိုးကွယ်ကြသည့် ဘာသာ၊ အိမ်ခြေ၊ ဆေးပေးခန်း ရှိ မရှိ၊ အစစ စုံအောင် မေးတတ်သည်။

ဘွဲ့ရ လူငယ်တစ်ယောက် ဟူသော သူ၏ အပြောကို စွပယ်ယာနှင့် ဇော်မြင့်အောင်တို့ကတော့ ကောင်းစွာ လက်ခံချင်ကြပုံ မရသေး။ သူ ယခုကဲ့သို့ ခပ်တည်တည် မေးမြန်းနေခြင်းမှာလည်း သူ့ကို အထင်ကြီးအောင်၊ သို့မဟုတ် ဒေသန္တရဗဟုသုတလာသူနှင့်တူအောင် တမင် လုပ်နေသည်ဟု ထင်ကြတုန်းပင် ဖြစ်သည်။

သူတို့၏ မျက်နှာတွေက သူ့ကို ယခုထိ သရော်နေကြတုန်းသာ။ မင်း ဖြီးတာ၊ တို့ မယုံဘူးဟူသော သဘောသာ။

* * *

## အခန်း (၆)

သည်လိုနှင့် မန်းရတနာကားက ညောင်ဝိုင်းစခန်းသို့ ဝင်လာခဲ့သည်။

အချိန်မှာ ညနေ လေးနာရီပင် ကျော်ခဲ့ပြီ။ နေစွယ်ကျိုးသည်နှင့် အေးလာတတ်သော တောင်ပေါ်ဒေသပီပီ ညောင်ဝိုင်းစခန်းသည် အေးစိမ့်နေလေသည်။ ရေပင်မြောင်ထဲမှ သစ်စိမ်းကောင်တို့၏ တဝီဝီ အော်မြည်သံကလည်း ရေဒီယို ကက်ဆက်သံတွေကို ပြိုင်နေလေသည်။

ရတနာမြေ ဟူသော သီချင်းသံကမူ ပို၍ ကျယ်လေ၏။

ရှူပါတို့ ရှေ့က သွားနေကြသော ကားများ ရပ်တန့်လိုက်သောအခါ ရှူပါတို့ စီးလာသော ကားမှာလည်း ထမင်းဆိုင်တော်း တောင်ကမ်းပါးယံနားတွင် ထိုးရပ်သွားသည်။ ခရီးသည်တင် ကားများအားလုံး ရပ်ကြသော်လည်း ဖင်မလီယာနှင့်





မာဇဒါကားလေး နှစ်စီးကမူ ရတနာကို ဆက်တက်သွားကြသည်။

ညောင်ဝိုင်းစခန်းမှာ ရတနာမြို့နှင့် နီးနေပေပြီ။ထို့ကြောင့် ခရီးပြတန္တတို့၏ ရန်ကိုလည်း ကြောက်စရာမလိုသော သူဌေးကား နှစ်စီးမှာ မည်သည့်ကားကိုမှ မစောင့်တော့ဘဲ ထွက်သွားခြင်း ဖြစ်၏။ ရဲသားများကလည်း ထိုကားနှစ်စီးကို မည်သို့မျှ မတားကြ။

မန္တလေးဆင်းမည့် ကားတွေမှာ ဦးစွာ ရောက်နေကြသဖြင့် ရတနာက ပါလာသော ရဲသားတွေနှင့် ဟောမဝါက ပါလာသော ရဲသားများ လဲလိုက်ကြသည်။ ရတနာက လိုက်လာသော ရဲသားများသည် ယခု ရှူပါတို့စီးလာကြသော ကားအုပ်စုနှင့် ရတနာကို ပြန်လိုက်ကြမည့်ဟောမဝါက ရဲသားများလည်း ရတနာက ဆင်းလာသောကားများနှင့် ဟောမဝါကို ပြန်လိုက်သွားကြလိမ့်မည်။

ကားသမားရော ခရီးသည်တွေပါ ကားပေါ်က ဆင်း၍ ထမင်း စားသူ စား၊ အပူအအေး သောက်သူ သောက် နားနေကြသည်။

ရှူပါတို့ ကားပေါ်က ဆင်းစဉ် သူလည်း နောက်က လိုက်ဆင်းသည်။ ကုပိုတပါး သွားရန်ဟု ထင်၏။ တောင်ကမ်းပါးယံ အောက်ဘက် ဆင်းသွားသည်။ ရတနာမြေ နယ်နိမိတ်ထဲ ဝင်လာပြီ။ လမ်းခရီးကလည်း စိတ်ချရပြီမို့ ကားသမားတွေရော ခရီးသည်တွေပါ သွက်လက် ဖျတ်လတ်နေကြသည်။

သူသည် လက်ဖက်ရည်ဆိုင်ထဲ ဝင်လာ၏။ ရှုပါ၊ ဒေါ်ခင်ခင်ကြီး၊ မသင်းရီတို့ ထိုင်နေကြသော စားပွဲမှာပင် လာထိုင်သည်။

"ဘာ သောက်ကြမလဲ အန်တီ၊ လက်ဖက်ရည်လား၊ ကော်ဖီလား၊ အန်တီတို့ကို ကျွန်တော် တိုက်ပါရစေ"

"ကျေးဇူးပါပဲကွယ်၊ အန်တီတို့ သောက်ပြီးကြပါပြီ"

"ဟော့ဗျာ အန်တီတို့က မြန်လိုက်တာ၊ တကယ်လား အန်တီ"

"တကယ်ပါကွယ့်၊ ဒီလမ်းခရီးမှာက သုတ်သုံးကျမ်းနဲ့ ညီရတယ်ကွယ့်၊ မြန်မြန် သုတ်သုတ်ပဲ"

"ကျွန်တော်ဗျာ အန်တီတို့ကို လက်ဖက်ရည်တိုက်မယ်လို့ လမ်းမှာကတည်းက စိတ်ကူးလာတာ"

"ကျေးဇူးပါပဲကွယ်"

သူ ခဏ တွေသွားသည်။ ပြီးမှ ဒေါ်ခင်ခင်ကြီးစကားကို သတိရသွားပုံ ပေါ်၏။ ပြုံးလိုက်သည်။

"ဟုတ်မယ်အန်တီ၊ ကျွန်တော်ကတော့ ကားနဲ့ ခရီးရှည် မသွားဖူးတော့ သုတ်သုံးကျမ်း နားမလည်တာနဲ့ တစ်လမ်းလုံး အဆူအကြိမ်း ခံလာရတယ် ဟဲဟဲ"

သူက ရှုပါ၏မျက်နှာကို မသိမသာ ကြည့်၍ ပြောသည်။ သူ့အပြောကို ရှုပါနှင့် မသင်းရီတို့ကလည်း ပြုံးမိသွားကြသည်။

"ကဲ မင်း ဘာသောက်မလဲ၊ သုတ်သုတ် မှာသောက်လေ၊ မင်း ဒီတစ်ခါလဲ လက်ဖက်ရည်သောက် နောက်ကျလို့ မင်းကို စောင့်နေရရင် ကားသမားတွေက ပစ်ထားခဲ့ကြလိမ့်မယ်"





အားလုံး ရယ်ကြသည်။ သူကလည်း "ဟုတ်တယ်၊ ဟုတ်တယ် အန်တီ"ဟု ပြောပြီး လက်ဖက်ရည် မှာသောက်၏။ လက်ဖက်ရည် သောက်ရင်းက ရှုပါ၏မျက်နှာကို ကွက်ကြည့် ကွက်ကြည့် လုပ်နေတတ်သည်။ သစ်ရွက်တွေကြားမှ နေပြောက်ထိုးထားသော သူ့မျက်နှာကို ရှုပါကလည်း တစ်ချက်တစ်ချက် ငေးမိသည်။

"ဒီအတိုင်းဆို ရတနာမြို့ကို မိုးချုပ်လို့မှ ရောက်ပါ့မလား အန်တီ"

"အေးကွယ့်၊ နည်းနည်းတော့ မိုးချုပ်လိမ့်မယ် ထင်တယ်"

သူသည် တည်းခိုရေးကို ယခုထိ တွေးနေပုံရ၏။

"ကျောက်တောင်ရွာဆိုတာကတော့ ဒီကားလမ်းမှာပဲနေဦး အန်တီ"ဟု လက်ဖက်ရည်ကို တစ်ကျိုက်နှစ်ကျိုက် ငုံ့သောက်ရင်း မေး၏။

"ဟုတ်ပါတယ်၊ ကျောက်တောင်က အရင်ရောက်မှာ၊ ရှေ့မှာ ရေနီချောင်းဆိုတဲ့ ကင်းစခန်းတစ်ခု ရှိသေးတယ်၊ အဲဒီမှာမှ ပိုကြာမှာ"

"ဘာဖြစ်လို့လဲ အန်တီ"

"ရေနီကင်းက ရတနာမြေရဲ့ တံခါးဝကွယ့်"

ဒေါ်ခင်ခင်ကြီး အသံတိုးသွားသဖြင့် သူက ဒေါ်ခင်ခင်ကြီး မျက်နှာကို စိုက်ကြည့်နေသည်။ သူ အဓိပ္ပာယ် ပေါက်ပုံမရ။ ဤသည်ကို ဒေါ်ခင်ခင်ကြီးကလည်း စိုးရိမ်မိသည်။

“ရှာကြ ဖွေကြမှာပေါ့ကွယ်၊ ဒါနဲ့ မင်းကိုလဲ ပြောထားရဦးမယ်၊ ဒီလမ်းခရီးမှာ ဟိုမေး ဒီမေး မမေးရဘူးကွယ့်၊ ဘယ်အချိန် ရောက်မှာလဲ၊ ဘယ်အချိန်မှာ ကားရပ်ဦးမလဲ၊ စခန်းက ဘယ်နှစ်ခု ရှိလဲ၊ ဘာညာပေါ့ကွယ်၊ အဲဒါ ကားသမားတွေရော ခရီးသည်တွေပါ မကြိုက်ဘူး၊ အရောင်းအဝယ် ပါကြတယ် ဟုတ်လား”

ဒေါ်ခင်ခင်ကြီး ပြောသည်မှာလည်း အမှန်ပင် ဖြစ်သည်။

အရောင်းအဝယ်သမားများက ကားကို ဘယ်နေရာ ခဏ ရပ်ပေးပါဆိုလျှင် ကားသမားက ရပ်ပေးနိုင်သည်။ အရောင်းအဝယ်ဖြစ်လျှင် ကားသမားသည် ပိုက်ဆံရမည်။ ကြိုစောင့်နေသူ ကြိုရောက်နေသူ ချိန်းထား၍ ကားပေါ် တက်တက်တတ်ပါ လာသူတွေလည်း ဤခရီး၌ ဒုနှင့်ဒေး။ သည်တော့ ကားရပ်လျှင် ခရီးသည်တွေက ဘာကြောင့် ရပ်လဲ မေးစရာမလို။ ကိုယ့်ကိစ္စ မဟုတ်လျှင် ဆိတ်ဆိတ်နေရသည်။ သူ့ကိစ္စ သူ ရှင်းလိမ့်မည်။ ဤသည်မှာ ဤလမ်း၏ နိယာမ။

သူကတော့ တွေသွားသည်။

“ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အန်တီ၊ ကျွန်တော်က ရိုးရိုးမေးတာပါ၊ မရောက်ဖူးတော့”

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အန်တီ မောင်ရင့်ကို သဘောပေါက်ပါတယ်၊ အန်တီက ကိုယ့်တူကိုယ့်သားလို ကိုယ်ချင်းစာလို့ပါ”

“ဟုတ်ကဲ့ အန်တီ၊ ဟုတ်ကဲ့”





သူက ခေါင်း တဆတ်ဆတ်ညိတ်၍ ထောင်းပန်သည်။ ချက်ချင်း နှုတ်လည်း ဆိတ်သွား၏။ လက်ကိုင်ပဝါနှင့် နှုတ်ခမ်းကို သုတ်ပြီး လက်ဖက်ရည်အကြမ်းတစ်ခွက် ငှဲ့နေသည်။

“ရှုပါ၊ ရော့၊ ဒါ ယူသွား”

သူ့ကို ငေးနေမိသဖြင့် ရှုပါက လန့်သွားသည်။

ဇော်မြင့်အောင်သည် ရှုပါ့နောက် ဘယ်အချိန်က ရောက်နေသည် မသိ။ သူက ရှုပါကို ကျော်ပြီး လှမ်းကြည့်မှ ဇော်မြင့်အောင် အသံက ထွက်လာသည်။ မျစ်ခြောက်နှင့် ကောက်ညှင်းကျည်တောက် (ပေါင်းလုံး) တစ်ခုကို ကမ်းပေးလာသည်။

“မလိုချင်ပါဘူး၊ ဘာလုပ်မှာလဲ၊ မျစ်ခြောက်များ”

“ချက်စားရတာပေါ့ဟ၊ ဝက်သားနဲ့ချက်ရင် ဘယ်လောက်ကောင်းတယ်မှတ်လဲ၊ ငါက အမှတ်တရ လက်ဆောင်ပေးတာဟ၊ ယူစမ်းပါ”

“မလိုချင်ပါဘူးဆိုနေ”

“ကောက်ညှင်းပေါင်းလုံးတော့ ယူပါဟာ၊ အမှတ်တရပေါ့”

“မလိုချင်ပါဘူး ပြောနေ၊ နင် နား မပါဘူးလား”

ရှုပါက စိတ်တိုချင်လာပြီ။ သူကလည်း အံ့ဩသလို ငေးကြည့်နေသည်။ ပြောမနာဆိုမနာ နေကြသူတွေမို့ အတော်အပြောရကျပ်သည်။ ရှုပါ မောသွားမိ၏။

“မျစ်ခြောက်တို့ ပေါင်းလုံးတို့ မလိုချင်ဘူးဆိုရင် နင် ဘာလိုချင်လဲ ပြော၊ နင် လိုချင်တာသာဆိုရင် ငါက”

“ဘာမှ မလိုချင်ဘူး၊ သွား၊ သွား”

ရှုပါက နှာခေါင်းရှုံ့၍ အော်ပစ်လိုက်၏။

မနီးမဝေးက လှမ်းကြည့်နေသော ထူးမင်းသိန်းက လက်ခေါက်မှုတ်ပြီး တယ်ပိုင်ပါလားဟု လှမ်းနောက်သည်။

အမှန်က ဇော်မြင့်အောင်သည် မျှစ်ခြောက်ခြင်းနှင့် ပေါင်းလုံး ပေးချင်၍ မဟုတ်။ သူနှင့် ရှုပါတို့ တစ်စားပွဲတည်း လက်ဖက်ရည် သောက်နေကြသည်ကို လာ၍ အကဲခတ်ခြင်း ဖြစ်သည်။ ရှုပါနှင့်သူ မည်မျှ ရင်းနှီးကြောင်း သူ့ကို သိစေလို၍ တမင် လာကြော်ငြာခြင်းသာ။

"နင်တို့ လက်ဖက်ရည်ကော သောက်ပြီးကြပြီလား"

"ပြီးပါပြီရှင့်"ဟု မသင်းရီ စကားအဆုံးမှာ "နင်ကော အရက်သောက်ပြီးပြီလား"ဟု ရှုပါက မေးလိုက်သည်။

"ဟဲ ဟဲ အေး အေးလာလို့ နည်းနည်းပါးပါး လက်တစ်လုံးလောက် ပါတဲ့"

"မောင်ရင်ကြီး ခြေတစ်လုံး ပြောပါဟာ၊ နင်နဲ့လက်နဲ့ မတန်ပါဘူး"

"အဟဲ့"ခနဲ ရယ်လိုက်သောအခါ ဇော်မြင့်အောင် ပါးစပ်ထဲက အရက်နံ့တွေ ထွက်လာ၏။ သူက ခုံနား ပို၍တိုးကပ်လာသဖြင့် မသင်းရီပါ နှာခေါင်း ရှုံ့သွားသည်။

ဒေါ်ခင်ခင်ကြီးနှင့်သူက ဇော်မြင့်အောင်ကို ပြိုင်တူ လှည့်ကြည့်သည်။

"အန်တီကော လက်ဖက်ရည် သောက်ပြီးပြီလား အန်တီ"

"အမယ်လေး၊ ကျုပ်တို့မျာ း ခုမှ မေးဖော်ရတယ် ဇော်မြင့်အောင်ရယ်၊ နင်က ငါ့ကို လက်ဖက်ရည် တိုက်ချင်လို့ မဟုတ်ပါဘူးဟဲ့၊ သိပါတယ်"





ရှုပါက နှုတ်ခမ်းစူ၍ ဒေါ်ခင်ခင်ကြီးပေါင်ကို လှမ်းဆိတ်သည်။ ဇော်မြင့်အောင်ကတော့ အရှက်ပြေ အဟက်ခနဲ ရယ်လိုက်ပြီး–

"အန်တီကိုလဲ တိုက်ပါတယ် အန်တီရယ်၊ ပြောပါ၊ ဘာသောက်မလဲ"

"ကျေးဇူးပါပဲကွယ်၊ အန်တီတို့ သောက်ပြီးပါပြီ"

မလုံမလဲနှင့် အဟက်ခနဲ ထပ်ရယ်၏။

"ပေါင်းလုံးစားပါဦး အန်တီ"

"တော်ပါပြီကွယ်"

"နင်တို့ စားကြဦးဟဲ့"

ဒေါ်ခင်ခင်ကြီးကလည်း သူ ကျွေးသည်ကို မစားသောအခါ သူ့လက်တွင်ကိုင်ထားသော ကောက်ညှင်းကျည်တောက်ကို ရှုပါနှင့် မသင်းရီတို့ရှေ့ အတင်းထိုးပေးနေ၏။

"သူဌေးသားကျွေးတဲ့ ပေါင်းလုံး စားဖူးတယ်ရှိအောင် စားကြဟာ"

ထူးမင်းသိန်းကပါ အနားရောက်လာပြီး နောက်၏။

"စားဖူးတယ်ရှိအောင် ဆိုတော့ ဘယ်မှာ သွားသေတော့မလို့လဲ"

ရှုပါက ထူးမင်းသိန်းကိုပါ လှမ်းပက်သည်။

"ပြောနိုင်လားဟာ၊ အချစ်အတွက်ဆိုရင် အသက်ကိုတောင် မနှမြောတဲ့ အချစ်သူရဲကောင်းတွေ အများကြီးပဲ၊ ရိုမီယိုနဲ့ ဂျူးလီယက် ဆိုတဲ့ အင်္ဂလိပ်ကား တို့ ရန်ကုန်မှာ ကြည့်ခဲ့သေးတယ်၊ နိုင်ငံခြားကား"

"ဇော်မြင့်အောင် သေတော့၊ နင်ပါ လိုက်သေပေါ့"

"တော်စမ်းပါကွာ၊ မင်းကလဲ"

ဇော်မြင့်အောင်က ထူးမင်းသိန်းကို ဟန့်ထားလိုက်သည်။

"တကယ်ပါဟ၊ ငါက စေတနာနဲ့ပါ၊ ဒီ ညောင်ဝိုင်းမှာ အမှတ်တရ ပစ္စည်းဆိုလို့ မျှစ်ခြောက်ရယ်၊ ကောက်ညှင်းကျည်တောက်ရယ်၊ ကြိမ်တုတ်ရယ်ပဲ ရှိတယ် မဟုတ်လား"

"အရက်လဲ ရှိပါတယ်ဟ"

"ငါက အကောင်းပြောတာပါ ရှုပါရာ"

"အကောင်း ပြောပြော၊ အဆိုး ပြောပြော သွား"

"ချစ်တာ၊ ချစ်တာ"

"နင်ပါ ပါးကျိုးသွားမယ်နော်"

ရှုပါက ရှုံ့တရက် ထလိုက်သောအခါ ထူးမင်းသိန်းက ရှောင်ထွက်သွားသည်။ ကားပေါ်တက်ကြတဲ့ဗျို့၊ ကားထွက်တော့မတဲ့ဟုလည်း လှမ်းအော်သွား၏။

အမှန်လည်း ကားထွက်တော့မည်ဖြစ်ကြောင်း ကားစပယ်ယာက အော်လိုက်သောအခါ အားလုံး ကားရှိရာသို့ လျှောက်လာကြသည်။

*　　*　　*

အခန်း (၃)

"လာ အစ်ကို၊ ဒီဘက် တိုးထိုင်"

ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့ကို တမင် အရွဲ့တိုက်ချင်နေသော ရှုပါက သူ့ကို နေရာအညွှန်းစကား ပြောလိုက်သည်။

သူကတော့ ခါတိုင်း ထိုင်နေကျ ရှုပါနှင့် ဒေါ်ခင်ခင်ကြီး ကြား ခြေရင်းမှာပင် ထိုင်၏။ ဇော်မြင့်အောင်နှင့်ထူးမင်းသိန်း တို့က ရှုပါကို မေးငေါ့ကြသည်။

ဆင်ကျတောင်၏ခရီးပတ်လမ်းကြောင်းကို ကားက တအိအိ တက်နေသည်။ လမ်းတွေမှာ အကွေ့အကောက် များလွန်းသဖြင့် တောင်အောက်တွင် ကျန်ခဲ့သော မြွေလိမ်မြွေကောက် လမ်းကို သူက ငေးကြည့်၍ လိုက်ပါလာသည်။

"တောင်အောက်ရွာက ဘယ်ရွာလဲ အန်တီ"

"အဲဒါ ညောင်ကန်လို့ ခေါ်တယ် အစ်ကို"

ဒေါ်ခင်ခင်ကြီး ပါးစပ် မဟခင်ပင် ရှုပါက ဝင်၍ ပြော လိုက်၏။

"ရွာတည်ထားတာ သိပ်လှတာပဲနော်"

"ဟုတ်ကဲ့၊ ကျွန်မတို့ ရတနာနယ်က ရွာတွေဟာ အားလုံး ဒီလိုချည်းပါပဲ၊ တောင်ကမ်းပါးယံတွေမှာ တည်ကြရတာ၊ အစ်ကိုတို့ မြေပြန့်မှာလို နေရာ မရှိဘူးလေ"

"ဟုတ်ကဲ့၊ လမ်းတွေကလဲ သိပ်လှတာပဲ၊ ဖဲကြိုးအပြာ လေးကို ကွေ့ကောက်ပြီး ချထားသလိုပဲ"

"အဲဒါ မြွေလိမ်မြွေကောက်လမ်းလို့ ခေါ်တယ် အစ်ကို"

"တွန့်လိမ်နေလို့ပေါ့နော်"

"ဟုတ်ပါတယ်"

ညောင်ကန်ရွာဘေးတွင် ကားက ရပ်သွားသည်။

ဒေါ်ခင်ခင်ကြီးနားက ညောင်ကန်ရွာသား တစ်ယောက် ဆင်းသွား၏။

"အစ်ကို့ဟိုမှာ ဝင်ထိုင်တော့လေ"

"ဟာ ဟိုဘက် တိုးကြပါဟ၊ ဒီမှာ ကျပ်လို့ သေတော့ မယ်၊ ကြိုကြိုတင်တင် လက်မှတ် ဝယ်စီးလာတာတောင် ငါ့ အသက် ဘယ်လို ရှုရမှန်း မသိဘူး"

ရှုပါ မသိမသာ အံကြိတ်မိလိုက်သည်။

ရှုပါပြောသော ဘေးတန်းတွင် သူ ဝင်ထိုင်မှာစိုး၍ ဇော် မြင့်အောင်တို့က တမင် တိုးခိုင်းနေကြသည်။ သူတို့အနားက ဘေးတန်းတွင် ထိုင်နေသူ တောင်ပေါ်သား တစ်ယောက်မှာ ရိုးသားသူ ဖြစ်သဖြင့် ဇော်မြင့်အောင်တို့ အထာကို မပေါက်။





ထိုင်မြဲ ထိုင်နေ၏။ သူက ရှုပါ ပြောသည့်အတိုင်း ဒေါ်ခင်ခင် ကြီးနှင့် ထိုလူကြီးကြားထဲ ဝင်ထိုင်သည်။ ဤသည်ကို ဇော်မြင့် အောင်တို့က မကျေနပ်ကြ။

"နောက်ဆို တို့လဲ ကြိုတင် လက်မှတ် မဝယ်တော့ဘူး၊ ဘာထူးမှာလဲ၊ ကားထွက်ခါနီး လာလဲ နေရာ ရတာပဲ၊ တစ်ရက် နှစ်ရက် ကြိုဝယ်တာတောင် အသက် မရှုသာဘူး"

"အသက် မရှုသာရင် လဲသေလိုက်ပါလား၊ နင် ဟိုတုန်း ကတော့ ဘယ်လို လုပ်လိုက်တာလဲ၊ သက်သက် မစ္ဆရိယများနေ တဲ့ အကုသိုလ်ကောင်"

သူ့ကို မကျေနပ်၍ ပြောမှန်း သိသဖြင့် ရှုပါ စိတ်ထဲက ဇော်မြင့်အောင်ကို ကျိန်ဆဲနေမိသည်။ ခရီးပန်း၍ အသက် အရွယ် ကြီးရင့်သူ၊ ရိုးသား၍ ငိုက်လည်း ငိုက်မျဉ်းလာသူ တောင်ပေါ်သား ဦးကြီးကတော့ ဇော်မြင့်အောင် သူ့ကို မကျေနပ်ကြောင်းလည်း လုံးလုံး ရိပ်မိလိုက်ပုံ မရ။ ငိုက်မျဉ်း အတိုင်း ငိုက်မျဉ်းနေ၏။

"တုံးလိုက်တဲ့ လူကြီးကွာ၊ တည့်တည့်ပြောတာတောင် ရိပ်မိပုံ မရဘူး"

တောင်ပေါ်သား ဦးကြီးကိုလား၊ သူ့ကိုလား ဆိုသည့် စကားကို ရှုပါပင် ဤတစ်ခါ မျက်စိလည်သွားသည်။ ဇော် မြင့်အောင်၏ ဘေးက တောင်ပေါ်သားကြီးကို ထိုးထား သော မျက်လုံးကမူ ရှုပါတို့ဘက် ရောက်နေသည်။

ဒီကောင် ငါ့ ပါးထချ ကောင်းမလားဟုပင် ရှုပါ တွေး လာသည်။ မဆီမဆိုင် သက်သက် မစ္ဆရိယများနေသည့် တိရစ္ဆာန်။

ကားက ရပ်သွားပြန်သည်။ ရွာ မဟုတ်။ ကားဂိတ် မဟုတ်သော်လည်း ဆင်းသူ အချို့က ခဏတစ်ဖြုတ် ဆင်းကြသည်။ ရှုပါတို့ ရှေ့တန်းက အမျိုးသမီးတစ်ယောက်လည်း ဆင်းသွား၏။ ခဏချင်း ပြန်တက်လာသည်။ သူ့နေရာတွင် ဝင်မထိုင်သေးဘဲ ဒေါ်ခင်ခင်ကြီး လေသံနှင့် ကုန်း၍ ပြောသည်။ ရှုပါပင် မကြားလိုက်ရ။

''ဟဲ့ ကလေးတွေ၊ နင်တို့ မလှတ်မကောင်းတာတွေ ပါရင် သိုသိုသိပ်သိပ် လုပ်ထားကြ၊ ရေနံကင်းအဝင်မှာ ရှာရလိမ့်မယ်တဲ့''

ဒေါ်ခင်ခင်ကြီးက ရှုပါတို့ကိုရော ဇော်မြင့်အောင်တို့ကိုပါ လက်ကုပ်၍ ပြောသည်။ ဇော်မြင့်အောင်တို့က တစ်ခါ သူနှင့် နီးရာနီးရာကို ပြောပြန်သည်။ သည်လိုနှင့် တစ်ကားလုံး ခရီးသည်တွေမှာ ဝှက်ကြ၊ ဖုံးကြ၊ ထည့်ကြ၊ ထုတ်ကြနှင့် ရှုတ်ရှုတ်သဲသဲ ဖြစ်နေကြသည်။

သူကမူ တုတ်တုတ်မျှ မလှုပ်။ အာပါလိမ့်ဟူသော အံ့ဩကြည့်နှင့်သာ လူတွေ၏ အခြေအနေကို အံ့ဩငေး ငေးကြည့်နေသည်။

''ဟဲ့ ဒီက မောင်ထွန်းကျော်အောကွယ့်၊ မလှတ်မကောင်းတာများ ပါသေးလား၊ ဝှက်ပြုယူကွယ့်''

သူ့အပေါ် ကရုဏာသက်၍ မနေနိုင်သူ ဒေါ်ခင်ခင်ကြီးက သူ့ကို ပြောသည်။ ရှုပါကလည်း ''ဟုတ်သားပဲ၊ အစ်ကိုကလဲ သူများတွေ ဝှက်ပြုနေကြတာ မမြင်ဘူးလား''ဟု ဇော်မြင့်အောင်တို့ကိုလည်း အရှဲ့တိုက်ရာရောက်၊ သူ့ကိုလည်း ကူညီရာ ရောက်အောင် ပိုင်စိုးပိုင်နင်းလေသံနှင့် ပြောလိုက်မိ၏။





''ကျွန်တော် ဘာမှ မပါပါဘူး ညီမရယ်''

ရှုပါက သက်မ ချလိုက်သည်။ အမှန်ကတော့ ရှုပါ့မှာလည်း ဘာမှ မပါ။ မန္တလေးက ဝယ်လာသော ဖေါ့ခရစ်တစ်ဝတ် နှစ်ဝတ်စာနှင့် ပါတိတ် တစ်ထည် နှစ်ထည်၊ ပေါင်ဒါဘူး၊ ရေမွှေး စသည် ထွေလီကာလီ အနည်းအပါးသာ။ အဖေ တောင်းခိုင်းလိုက်သော ကျောက်က တောင်း၍ မရခဲ့သေးပေ။

သို့သော် လူအထင်သေးမှာစိုး၍ အဝတ်စလေးတွေကို သိန်းတန် သောင်းတန် ကျောက်မျက်ရတနာ ပါလေသည့်ဟန် နေရာရွှေ့၊ အထက်အောက်လှန်တော့ လုပ်လိုက်ရ၏။ ဤခရီးလမ်းမှာ ဤသို့ ဟန်နှင့်ပန်နှင့် လုပ်ပြတတ်မှ အချင်းချင်း အထင်ကြီးခံရသည် မဟုတ်ပါလား။

ဤလမ်းခရီးမှာ မှောင်ခိုပစ္စည်း မပါသူကို ပါသူတွေက အထင်သေးကြသည်။ ကလေကချေ၊ ငမွဲ စုတ်၊ အရင်းအနှီးလဲ မမြုပ်နှံနိုင်သော ဖွတ်ကျား။ ဖွတ်မ။

ရယ်စရာတော့ တော်တော် ကောင်းသည်။ ရေနံကင်းတွင် ရှာဖွေရေးက ပိုက်စိပ်တိုက်မည်ဆိုသောအခါ သူများတွေ စိန်တွေ ကျောက်တွေ ဝှက်ကြ၊ ဖုံးကြသည့်ကြားထဲ ဟစ်ခါတလေ ခရီးကြုံရင်း ပိုတ်တစ်စတလေ ပါသူ၊ ထဘီ တစ်ထည်တလေ ပါသူတွေမှာလည်း ချက်ချင်း ယောက်ယက်ခတ်သွားကြသည်။ ကျောက်သံပတ္တမြားတွေလို ဝှက်၍ ပြုရလည်း လွယ်သော ပစ္စည်း ပစ္စယ မဟုတ်လေရာ ဟိုခေါင်မိုးပေါ် ထိုး။ ဟိုခုံအောက် သွင်း၊ ခေါင်မိုးပေါ် သွားထိုး၍ ပေါင်ဒါဘူးက ပြုတ်ကျ၊ ပေါင်ဒါဘူး ထိသွား၍ ခေါင်းဖုသွားသူက ပစ္စည်းရှင်ကို ဆဲ၊ ခမျာမျာမှာ တစ်ခါတလေ သူများပြောနှင့် ငါးကျပ်မြတ်

တစ်ဆယ်မြှတ် လုပ်မိလုပ်ရာ လုပ်လာမိရာ မိမိပစ္စည်း ရှာဖွေရေးတို့ထဲ ပါသွားမှာလည်း နှမြောနှင့် ပို၍ ဆောက်တည်ရာမရ ဖြစ်နေကြလေသည်။

ဘာကြောင့်မှန်း မသိ။ ဤသည်တို့ကို ငေးကြည့်၍ သူ့မျက်နှာက ဆီးရွက်လောက် ဖြစ်နေ၏။ ရှုပါပင် စိုးရိမ်သွားမိသည်။ လူသိမှာစိုး၍ မပါပါဟု ပြောသော်လည်း သိန်းကျောက်တွေများ ပါလာ၍ သူ ဤမျှ မျက်နှာပျက်နေလေသလား။

"အစ်ကို အစ်ကို့မှာတော့ ဘာမှ မပါဘူးနော်"

သူ့ကို စိတ်မချ၍ ထပ် မေးကြည့်ရ၏။

"မပါပါဘူး ညီမရယ်"

ရှုပါ သက်မ ချမိသည်။ ဘယ်လိုလူပါလိမ့်။ အသိရခက်ပါလား။ ဘာကြောင့် မျက်နှာပျက်နေပါလိမ့်။

ကားပေါ်တွင် ပို၍ ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။ ဆိုခဲ့သည့်အတိုင်းပင် ကျောက်သံပတ္တမြား ဝှက်ယူသူတွေ မဟုတ်။ တိဘက်ပေါင်ဒါဘူးကြီးဝှက်ရာ ကလေးခေါင်းပေါ် ပေါင်ဒါဘူး လွတ်ကျ၍ ကလေးအမေနှင့် ပစ္စည်းရှင်တို့ ရန်ဖြစ်ကြသံ။

"မတော်လို့ပါတော်"

"မတော်ပဲ မတော်နိုင်တယ်၊ စီးပွားရေးသောင်းကြမ်းတယ်ဆိုတာ ရှင်တို့လိုဟာတွေပဲ၊ ကျောက်သံပတ္တမြား လောက်ဆိုတော်ပါတော့လား၊ ဘာမဟုတ်တာက အစ ကျားကုတ်ကျားခဲ ဖြစ်နေလိုက်ကြတာရှင်၊ ရှင်တို့ကြောင့် ဟိုတစ်ပတ်ကလဲ ပွဲခိုးမမိဆန်ခိုးမိကြတာလေ၊ မမှတ်မိကြတော့ဘူးလား၊ဆေးရိုးသည်က ကန့်လန့်ကန့်လန့်တော်၊ မကြားဘဲ မကြားဖူးပါဘူး





"ဟဲ့ သူများလို ကျောက်သံပတ္တမြား မရှောင်းနိုင်လို့ အထည်လေး အလှကုန်လေး ရောင်းရတာ၊ ရှင်က တယ်လဲ မောက်မာပါလား"

"ပြောကြဗျို့၊ ပြောကြ၊ ပြောကြ၊ ကားခေါင်မိုးပေါ်မှာ ခင်ဗျားတို့ လင်ကြီးတစ်ယောက်လုံး ငုတ်တုတ်ထိုင် ပါလာသဗျ၊ ပြောကြ၊ ပြောကြ"

ကားဒရိုင်ဘာက ဤတစ်ခါတော့ အားလုံးကို သိမ်းကျုံး၍ ဆဲတော့၏။ အထူးသဖြင့် ရန်ဖြစ်နေကြသော အမျိုးသမီးများ။

သူက ဆဲသော့မှ ကားခေါင်မိုးပေါ်တွင် ရဲတပ်သားငယ်တစ်ယောက် ပါလာမှန်း သိကြသည်။

အမှန်က ခါတိုင်းဆိုလျှင် ညောင်ဝိုင်းစခန်းရောက်က မန္တလေးဆင်းမည့်ကားပေါ် ပြန်ပါသွားတတ်သည်။သို့မဟုတ် ညောင်ကန်မှာ ကျန်ခဲ့ရမည်။ ယခုတော့ ဘာသတင်းရသည် မသိ။ ရဲသားတစ်ယောက် ကားခေါင်မိုးပေါ် ပါလာသည်ဟု ဆိုသည်။ ကားဒရိုင်ဘာက သူ့ကား ပြဿနာတက်မှာ သူလည်း ကြောက်ပေမည်။

ဒရိုင်ဘာသည် ကားနောက်ဘက် ပတ်လာပြီး စောစောက ဦးဆုံးသတင်း စပြောသူ အမျိုးသမီးကို စေ့စေ့ကြည့်ကာ "တွေ့လား ခေါင်မိုးပေါ်မှာ ခင်ဗျားလင်ကြီး၊ ကျုပ်က သနားလို့ တိုးတိုးတိတ်တိတ် ပြောခါမှ လူတကာ လိုက်မောင်းခတ်နေတယ်၊ ရှေ့က ကားတွေပါ သွားပြောလိုက် ပါဦးလားတောက်"

ကားသမားက အမေ အစ်မ အရွယ်ကို သားပြော မယားပြော ပြောပြီး တက်တခေါက်ခေါက် ဖြစ်နေသည်။

"မသိလို့ပါကွယ်၊ အဒေါ်ကလဲ ခရီးသည်ချင်းကို စေတနာနဲ့ပါ၊ အဒေါ့်မှာ လုံချည်လေး နှစ်စတည်းရယ်ပါ"

"နှစ်စ ပါပါ၊ သုံးစ ပါပါပေါ့ဗျ၊ ဒါ ပြောစရာလား၊ ပြဿနာဖြစ်ရင် ကျုပ်တို့က ထမင်းငတ်မှာ၊ အသိအကျွမ်းမို့ သနားလို့ တိုးတိုးတိတ်တိတ် ပြောခါမှ သူ့ကို မောင်းခတ်ခိုင်းတာ ကျနေတာပဲ၊ ခေါင်မိုးပေါ်မှာ ခင်ဗျားလင်က ငုတ်တုတ်ကြီး၊ ဘာလုပ်ရမှာလဲ"

အမျိုးသမီးက ဘာမှ မပြောတော့။ မျက်ရည်ကျနေသည်။ ခေါင်မိုးပေါ်က ရဲသားတမူ ဤလမ်းခရီးကို လိုက်ပို့နေကျမို့ အပေါ်က ရယ်နေသံ ကြားရ၏။ "ဗျို့ ကိုလှ ကားထွက်ဖို့ လုပ်ပါဗျ"ဟုလည်း လှမ်းပြောသံ ကြားရ၏။

ဆဲကြ ဆိုကြ ငိုကြ ရယ်ကြသည့်အထဲ ကားပေါ်တွင် ကုပ်ကုပ် ငုတ်ငုတ် ထိုင်နေသူ သူ့ကို ဒရိုင်ဘာ မြင်သွားရာ ဒေါသ မပြေသေးသော ဒရိုင်ဘာက "ဒီနေ့တော့ ပြဿဒါးကို မလွတ်ပါဘူး၊ ကား စထွက်ကတည်းက ပြဿနာ"ဟု မျက်စောင်းထိုး၍ သူ့ကို တစ်ချက် ပက်သွားသေး၏။

သူ့ခမျာမှာ ပို၍ ကုပ်ကုပ်ကလေး ဖြစ်သွားသည်။ ဤသည်ကိုပင် ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့က "ဟုတ်တယ်ဗျို့၊ ပြဿနာ၊ ပြဿနာ"ဟု ဝိုင်းဟား အော်ဟစ်နေကြသည်။

သူတို့ကတော့ မန္တလေးတွင် ကျောက်အားလုံး ရောင်းထားခဲ့ကြပြီး ဖြစ်သဖြင့် ပျော်နေကြ၏။





"ကားထွက်မယ်၊ ကားထွက်မယ်"

"စပယ်ယာက အော်၍ နောက်သို့ ပြေးလာသည်။

"ထွက်ထွက်၊ မြန်မြန်ထွက်၊ ပြဿနာကား ထွက်စမ်း"

ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့က အော်ကြပြန်သည်။

"ဟိုတစ်ယောက်ကော၊ ပါ ပါတယ်နော်"

မည်သူ့ကို မေးမှန်း မသိ၊ စပယ်ယာက လှမ်းမေးသည်ကို အရက်မူးပြီး မနေနိုင် မထိုင်နိုင်ဖြစ်လာသူ ဇော်မြင့်အောင်က "ဘယ်တစ်ယောက်လဲ၊ ပြဿနာလား၊ ပါတယ်၊ ပါတယ်" ဟု ထ အော်သည်။

"ဟေး၊ ဘယ်မှာလဲ"

စပယ်ယာက ကားအတွင်းထဲကို ခေါင်းငုံ့ကြည့်၍ မေး၏။

ဇော်မြင့်အောင်နှင့် ထူးမင်းသိန်း တို့က သူ့ကို မေးငေါ့ပြကြသည်။

"ဟော့ ကောင်တွေ မင်းအဘ၊ ဒါ နောက်စရာ လားကွ၊ ငါက ငါ့အလုပ်သဘောနဲ့ငါ မေးနေတာ၊ မင်းတို့ ဘာကောင်တွေလဲ၊ တစ်ကားလုံး မင်းတို့ အသံချည်းပဲ၊ မင်းတို့ ပါးစပ်တွေ ငါ....ဆို့ထားရမှာလား၊ ကန်ချခဲ့ရမှာလား၊ ရှိုး"

စပယ်ယာ စိတ်ဆိုးသွားသည်။

ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့မှာ စပယ်ယာဆဲလိုက်မှ နှုတ်ပိတ် သွားကြ၏။ သူကလည်း အကြီးအကျယ် စိတ်ပျက်မိသလို နှုတ်ဆိတ်နေသည်။ မျက်နှာလည်း ပျက်နေ၏။ စပယ်ယာ၏ ရုန့်ရင်း ကြမ်းတမ်းသော စကားကြောင့် ရှုပါတို့ အနေကျပ်သွားကြသည်။

"ကိုသန်း ပြောလိုက်တာလား၊ ကျွန်တော်ပါဗျ၊ ဒီမှာပါပါတယ်" ခရီးသည်ထဲမှ ကုလားကပြား အသက် အရွယ်လေးဆယ်ကျော်လူကြီးတစ်ယောက်က စပယ်ယာကိုလှမ်းပြောသည်။

"ဟာဗျာ၊ ခင်ဗျားကလဲ ဒီလောက်မေးနေတာ၊ စောစောစီးစီး မပြောဘူး၊ ကျုပ်က လူမမြင်ဖူးလို့မေးတာပါ၊ ကောင်းပြီ၊ ကောင်းပြီ၊ မောင်းဆရာရေ့၊ မောင်း၊ မောင်းတော့"

သူ့အချက်နှင့် သူ ရှိပေမည်။

ရုပါကတော့ ဝမ်းသာနေသည်။ သိချင်းပင် ဟစ်ဆိုပစ်လိုက်ချင်သည်။ စပယ်ယာဆဲမှ သူတို့ နှစ်ကောင် ငြိမ်ကျသွား၏။

* * *

အခန်း (၈)

မန္တလေးတွင် အရောင်းအဝယ် မကောင်း၍ သိန်းကျော်သောင်းကျော်တွေ ပြန်သုံးယ်လာကြရသော ရတနာကုန်သည်တို့ ရင်ထိတ်ရမည့် နေရာသို့ ရောက်လာသည်။

နီရဲညိုညစ်သော ရေများ တဝေါဝေါ စီးဆင်းနေသကပင်ကြောက်စရာ။ လာလော၊ လာလော ဟူ အော်ခေါ်နေသလိုပင်။ ရေနီ ချောင်းနံဘေးက ကင်းစခန်း တံတားထိပ်မှာ ရဲသားတွေ ရှုပ်ရှက်ခတ်နေသည်။ အရပ်ဝတ်အရပ်စား (ဖီတီ) နှင့်လည်း လေးငါးယောက်။ ကင်းက ကားပေါ် ပါသူများထဲတွင် မည်သူ့ကို ကိုက်လေမည် မသိ။ မမှန်ကန်သူ၊ ကျောက်မှောင်ခိုပါသူများကိုတော့ မုချ ကင်းကိုက်ပေတော့မည်။

တံတားထိပ် အဆုံးတွင် ကားအားလုံး ရပ်သွားကြသည်။

"ကားပေါ်က ခရီးသည်အားလုံး ကျေးဇူးပြုပြီး အောက်ကို ဆင်းကြပါ ခင်ဗျာ"

ရဲသားတစ်ယောက်က လက်ကိုင်အသံချဲ့စက်နှင့် အော်ပြောသည်။ ခရီးသည်အားလုံး ကားပေါ်က ဆင်းကြရသည်။ ရှူပါတို့နှင့်အတူ သူလည်း ကားပေါ်က ကုပ်ကုပ်ကလေး ဆင်းလာသည်။ ကား လေးငါးစီးမျှ လူတွေမှာ မနည်းပေ။ တစ်ရာငါးဆယ်ခန့် ရှိသည်။

"ဒီက ခရီးသည်များအားလုံး စခန်းမှူးဆီမှာ အမျိုးသားမှတ်ပုံတင်ရယ်၊ ခရီးသွားလာခွင့်လက်မှတ်ရယ် သွားပြကြပါ"

ရဲသား တစ်ယောက်က ခရီးသည်များကို ပြောနေချိန်တွင် ကျန်ရဲတပ်သားများနှင့် အရပ်ဝတ်အရပ်စားနှင့် ပုဂ္ဂိုလ်များက ကားတွေကို ဝိုင်းပတ်ထားကြသည်။

"တစ် ယောက် ချင်း တန်းစီပြီး သွားပြကြပါ ခင်ဗျား၊ ကားပေါ်က ပစ္စည်းတွေကို ကျွန်တော်တို့ စစ်ဆေးပါရစေ"

အရပ်ဝတ်နှင့် ပုဂ္ဂိုလ်က ပြော၏။

သူသည် ဦးဆုံး လူအုပ်ထဲက စခန်းဘက် ထွက်သွားသည်။ သူ့ကို ရှူပါက လှမ်းကြည့်နေ၏။ သူအခန်းထဲ ခပ်ကုပ်ကုပ်ပင် ဦးဆုံး ဝင်သွားလေသည်။ သူ့နောက်တွင်လည်း လူတွေက တန်းစီ၍ ဝင်ရန်စောင့်နေကြ၏။ သူ ဝင်သွားသဖြင့် နောက်လူတွေကိုအဝင်မခံသေးဘဲ ရဲသားတစ်ယောက်ကတားထား၏။ တစ်ယောက်ပြီးမှ တစ်ယောက် ဝင်ကြရမည့် သဘောပင်။

ဒေါ်ခင်ခင်ကြီး၊ ရှူပါနှင့် မသင်းရီတို့လည်း စစ်ဆေးခံရန် ခတ်တတ်ရပ် တန်းစီနေကြရသည်။





ခဏ အကြာမှာပင် သူ စခန်းထဲက ထွက်လာသည်။ သူ့နောက်တွင် ရဲဘော်သားတစ်ယောက် လိုက်ပါလာသည်။ ကားပေါ် တက်ရှာနေကြသော ရှာဖွေရေးတွေနား လျှောက်လာကြသည်။ ရှူပါတို့ စီးလာသော ကားနောက်ဘက်တွင် ရပ်လိုက်ကြ၏။

ရှူပါရင်ထိတ်သွားသည်။ သူသည် ဝရမ်းပြေး တစ်ယောက်လား၊ သို့မဟုတ် မလွတ်မကင်း ပစ္စည်း တစ်စုံတစ်ရာ ပါလာ၍ ကြိုသိထားသော ရှာဖွေရေးတွေက သူ့ပစ္စည်းနှင့်သူ့ကို တစ်ပါတည်း ကားပေါ်က ဆွဲချရန် စခန်းမှူးက ရဲဘော်သား တစ်ယောက် ထည့်ပေးလိုက်လေသလား။ ဤလို အဖြစ်မျိုးတွေ ယခင်က ရှူပါ ကြုံဖူးထားတော့ ရင်ထိတ်သွားမိ၏။

"ဆရာ့ပစ္စည်းတွေက ဘာတွေလဲ ဆရာ"

ကားပေါ်က ပစ်ချပြီး ရှာဖွေနေကြသော အိပ်ရာလိပ်၊ လွယ်အိတ်၊ ဟင်းဘက်အိတ်များကို လှမ်းကြည့်၍ ရဲတပ်သားက မေး၏။

"ဟိုအိပ်ရာလိပ်နဲ့ ဒီဟင်းဘက်ပါ"

ရှာဖွေနေကြသူတွေကလည်း ရဲသားများနှင့် သူ့ကို ခေါင်းမော့၍ ကြည့်ကြသည်။ ရဲတပ်သားက သူ့အိပ်ရာလိပ်နှင့် ဟင်းဘက်အိတ်ကို တရိုတသေ ဆွဲထုတ်ပြီး ဘေးတွင် ချထားလိုက်သည်။

"ကျွန်တော်တို့ နည်းနည်းကြာမယ် ဆရာ၊ ဟိုမှာ ခဏ ထိုင်နေပါဦး"

"ဟုတ်ကဲ့"

ရဲတပ်သားနှင့် သူသည် ကားဘေး တောင်စောင်းက ကျောက်တုံးတစ်တုံးပေါ် သွားထိုင်နေကြသည်။

သူများတွေ ပစ္စည်းမှန်သမျှကို ကြက်ယက်သလို ရှာနေကြသော ရဲဘပ်သားနှင့် ရှာဖွေရေးများသည် သူ့ပစ္စည်းကို ရှာဖွေရန် မဆိုထားနှင့် ကြိုးပင် ဖြေမကြည့်ပေ။

စခန်းမှူးအား သူသည် ဘာပြော၍ ဘာစာ၊ ဘာအထောက်အထား ပြလာခဲ့သည် မသိ၊ သူသည် ဘာကောင်းမှန်းလည်း မသိ။ ရဲဘပ်သားက သူ့ကို တလေးတစား ပြောပြနေသည်ကို သာ မြင်နေရသည်။

ရှုပ်ါနှင့်တကွ ခရီးသည်အားလုံးမှာ သူ့ကို ကြည့်၍ အံ့ဩနေကြသည်။ သူ့ပစ္စည်းကို မရှာ။ သူ့ကို ရဲဘပ်သားတွေက ဆရာ ခေါ်သည်။ တလေးတစား ရှိသည်။ ဘယ်လို လူပါလိမ့်။

လူတိုင်း ရင်ထဲမှာ အံ့ဩမှု၊ သံသယတွေနှင့် လှုပ်ရှားနေကြသည်။ တစ်လမ်းလုံး သူနှင့် အဆင်မပြေ ဖြစ်လာကြသော ဒရိုင်ဘာနှင့် စပယ်ယာတို့မှာမူ မျက်နှာငယ်လေးနှင့် ဖြစ်နေကြ၏။ သူ့အား မလိုမုန်းထားစွာ နောက်ပြောင်လာကြသော ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့မှာလည်း တစ်ယောက်ကို တစ်ယောက် လက်ကုတ်၍ မျက်နှာမှာ သွေးမရှိ ဖြစ်နေကြ၏။

"ဟိုခွေးမသား နှစ်ကောင်ကလဲ သူ့ကို နောက်ကြသေးတယ်၊ ပြဿနာတော့ အကြီးအကျယ် ပြဿနာပဲ"

စပယ်ယာမှာ မနေတတ်တော့။ နှုတ်က ဖွင့်ဟလာသည်။ ဒရိုင်ဘာကလည်း "အေးကွာ၊ ဒုက္ခပဲ၊ ဘာကောင်းမှန်းလဲ တို့ မသိဘူး"ဟု ဆို၏။





ရှုပ်ါကတော့ ဝမ်းသာလွန်း၍ ဗိုက်ထဲ ကျလိကျလိ ဖြစ်နေသည်။ "မှတ်ထားကြ၊ အဝတ်အဆင် ညှိုးနွမ်းတာနဲ့ အပြင်ပန်းကြည့်ပြီး လူဘကာကို အထင်သေးတတ်ကြတဲ့ အကောင်တွေ၊ ခုတော့ ဘယ်နှယ့်ရှိစ၊ ရဲတပ်သားတွေကတောင် သူ့ကို ဆရာတဲ့၊ ကဲ ဘယ်နှယ့်လုပ်ကြမလဲ၊ မောင်မင်းကြီးသားတို့ ထဲကြ ဆိုကြဦးလေ၊ နောက်ကြ ပြောင်ကြပါဦးလား" ဟုလည်း စိတ်ထဲက ကြုံးဝါးနေမိ၏။

သူကမူ ဘယ်လိုမှ မျက်နှာထား တင်းတင်း မရှိ။ သူ၏ ခပ်သိုးသိုး ပင်ကို မျက်နှာပေးအတိုင်းသာ၊ ရဲသားများနှင့် ရှာဖွေရေးများ လုံးထွေးဆုပ်နယ်၍ ဗိစိညက်ညက်ကြေအောင် ရှာဖွေနေကြသည်ကို စိတ်မကောင်းဟန်နှင့်သာ ငေးကြည့်နေ၏။ "ဘယ်သူမပြု မိမိမှုချည်းသာ ပါကလား" ဟု ဆင်ခြင်နေပုံရသည်။ သူ့မျက်နှာက ပြကတေ့ ပြန်ဖြစ်သွားသည်။

လူတွေ စစ်ပြီးသောအခါ တရားမဝင်ဘဲ တစ်ဖက်နိုင်ငံမှ ခိုးဝင်နေသူ တစ်ယောက်၊ ခရီး သွားလာခွင့် လက်မှတ် မပါဘဲ ခရီး သွားလာနေသော နိုင်ငံခြားသား မှတ်ပုံတင် ကိုင်ဆောင်သူ ကုလားနှစ်ယောက်နှင့်တရုတ်သုံးယောက်ကို ရဲဌာနက ခေါ်ထားလိုက်သည်။

ကုလားနှစ်ယောက်ထဲတွင် ညောင်ကန် မရောက်ခင် ဟိုတစ်ယောက်ကောဟု ကားစပယ်ယာက မေးသူ ကုလားလည်း ပါသွားလေသည်။

"ကျုပ် မပြောဘူးလား၊ ခင်ဗျားဟာ မဖြစ်ပါဘူးလို့"

ဒရိုင်ဘာကို စပယ်ယာက ပြစ်တင်စကား တီးတိုး ဆိုသည်။

"အိုးကွာ၊ ဖြစ်ဖြစ် မဖြစ်ဖြစ်၊ ကိုယ်ပိုက်ဆံရ ပြီးရော၊ သူတို့ ကိစ္စ သူတို့ဘာသာ ဖြေရှင်းကြလိမ့်မယ်၊ ငါတို့ တာဝန် မရှိဘူး၊ ပြီးပြီ"

"ကုလားက အဇကြောင်းတော့ မဟုတ်ဘူးပေါ့ဗျာ၊ ဟို ကောင်ကတော့ ပြဿနာမှ တကယ့် ပြဿနာ"

"အေးကွ၊ ဒီနေ့တော့ ပြဿနာကို မလွတ်ဘူး၊ ရှိး"

ဒရိုင်ဘာက သူ့ဘက်သို့ မသိမသာ လှမ်းကြည့်၍ ညည်း၏

ရှုပါနှင့်ဒေါ်ခင်ခင်ကြီး၊ မသင်းရီတို့မှာလည်း တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ အဓိပ္ပာယ်နှင့်သာ ကျေနပ် နေကြရ၏။ မည်သူမျှ သူနှင့် ပတ်သက်၍ နောက်ထပ် နှုတ်မဟ ရဲကြတော့။

လူစစ်ပြီးသွားသော စခန်းမှူးသည် ဌာနာထဲက ထွက်ပြီး သူ့အနား လျှောက်သွားသည်။ သူ့ကို လာနှုတ်ဆက်၏။ ရဲသားတစ်ယောက်က စခန်းမှူးနှင့် သူ့ကို မတ်ခွက်နှင့် လက် ဖက်ရည်လား၊ ကော်ဖီလား၊ ရေနွေးကြမ်းလား မသိ။ တစ် ယောက် တစ်ခွက်စီ လာပေး၏။

သူနှင့် စခန်းမှူးသည် မတ်တတ်ရပ်၍ စကား ပြောကာ သောက်နေကြသည်။ ကြည့်ရသည်မှာ ကော်ဖီနှင့် လက်ဖက် ရည် တစ်ခုခုဖြစ်ဟန်တူသည်။ လူတွေ၏မျက်စိမှာ ရှာဖွေရေး တွေ မွှေနှောက်ရှာနေသော မိမိပစ္စည်းကိုပင် မျှားစွာစိတ်မဝင် စားကြ။ တစ်ကားလုံးလူတွေ၏ မျက်လုံးတွေမှာ သူ့ဆီ၌သာ၊ ဤလိုလမ်း ဤလိုခရီး၌ သူ တစ်ယောက်တည်းကိုမှ စခန်း မှူးက လက်ဖက်ရည် တိုက်သောအခါ လူတွေ အားလုံးမှာ ပို၍ အံ့ဩမဆုံး ဖြစ်သွားကြပြန်သည်။





သူနှင့် စခန်းမှူးတို့ လက်ဖက်ရည်သောက်ရင်း မတ်တတ်ရပ် ပြောနေကြသောနေရာမှာ လူအုပ်နှင့် အတော်လှမ်းသဖြင့် ဘာ တွေပြောနေကြသည်ကိုတော့ မကြားကြရ။ ရယ်ရယ်မောမော နှင့်သူက စာအုပ်ငယ်တစ်အုပ်ကို အိတ်ထဲက ထုတ်၍ ဘောလ်ပင် နှင့်ရေးမှတ်နေသလို စခန်းမှူးကလည်း သူ့ဘောင်းဘီ အိတ်ထဲ က စာအုပ်ငယ်တစ်ခုကို ဆွဲထုတ်၍ သူ့ဘောလ်ပင်နှင့် ရေးမှတ် နေ၏။

သူသည် ကျော်ဖြတ်လာခဲ့ရသော တောင်တန်းမြင့်မြင့်ကြီး တွေကိုလည်း တစ်ချက်တစ်ချက် လှမ်းကြည့်၍ စခန်းမှူးကို ပြောသည်။ စခန်းမှူးကလည်း သူ လှမ်းကြည့်ရာ တောင်တန်း မြင့်ကြီးတွေဘက် လက်ညှိုးထိုး ပြ၍ လေးလေးစားစားပြန်ပြော နေတာ မြင်ရ၏။

"ဒီ အထုပ်က ဘယ်သူ့ အထုပ်လဲဗျိုး"

အရပ်ဝတ် အရပ်စားနှင့် ရှာဖွေရေးတစ်ယောက်က အထုပ် တစ်ထုပ်ကိုကိုင်မြှောက်၍ လိုက်အော်မေးနေ၏။ ကေ္တာ ဘိန်းဖြူ ထုပ်ဟုပင် ထင်၏။

"ဒီ အထုပ်က ဘယ်သူ့ အထုပ်လဲလို့ မေးနေပါတယ် ခင်ဗျား"

မည်သူကမှ ပိုင်ရှင်ခံမည့်လူ မရှိ။

"ဘာ အထုပ် ပါလိမ့်နော်"

မသင်းရီက တီးတိုး ဆိုသည်။

"ဥပဒေနဲ့ မလွတ်မကင်းတဲ့ တစ်ခုခု နေမှာပေါ့ဟယ်"

ဒေါ်ခင်ခင်ကြီးက မသင်းရီကို ပြန်ပြော၏။

"ဘိန်းဖြူထုပ်ပဲ နေမှာပေါ့၊ မန္တလေးက ယူလာတာလားမှ မသိတာ"

အမျိုးသား လူရွယ်တစ်ယောက်က ဆိုသည်။

"ဟုတ်မယ် မထင်ပါဘူးဗျာ"

ဇော်မြင့်အောင်ကလည်း ဝင်၍ မှတ်ချက်ပေး၏။

ထူးမင်းသိန်းကတော့ ဘာမှ မပြောဘဲ သူနှင့် စခန်းမှူးတို့ဘက် ငေးကာ သက်ပြင်းသာ ချနေ၏။

"ကဲ အားလုံး ကိုယ့်ပစ္စည်း ကိုယ်ရွေးယူပြီး ကားပေါ် ပြန်တက်ကြပါခင်ဗျား"

လူစစ်ပြီး ပစ္စည်း စင်ပြီးပြီ ဖြစ်သဖြင့် ရှာဖွေရေး တစ်ယောက်က အားလုံးကို အော်ပြောသည်။

သူသည် စခန်းမှူးနှင့် အတူ ကားနားသို့ လျှောက်လာ၏။ သူ့အိပ်ရာလိပ်နှင့် သူ့ဟင်းဘတ်အိတ်ကို ဖယ်ပေးထားခဲ့သော ရဲတပ်သားကလည်း သူတို့ နှစ်ယောက်နှင့် အတူ ပါလာသည်။ ထိုရဲတပ်သားကို ရွှေပါက ခုမှ သေသေချာချာ ကြည့်မိသည်။ လက်တွင် အရစ်ပတ် သုံးခုနှင့် ရဲကြပ်ကြီး။

"ဆရာ့ပစ္စည်း ဘယ်နေရာ တင်ရမလဲဆရာ"

သူ့အိပ်ရာလိပ်နှင့် ဟင်းဘတ်အိတ်ကို ကောက်ဆွဲ၍ ရဲတပ်သားက မေးနေစဉ် ရဲတပ်သားလက်မှ သူ့ပစ္စည်းတွေကို ကားစပယ်ယာက ကမန်းကတန်း ပြေးဆွဲသည်။

"ပေး၊ ပေးပါဆရာ၊ ပေးပါ၊ ဒီကို ပေးပါ ခင်ဗျား၊ ကားခေါင်းမှာ တင်ယူပေးပါ့မယ်"

"ရပါတယ်ခင်ဗျား၊ ကျေးဇူးပါပဲ၊ ဟိုအရင်ထားတဲ့ နေရာပဲ ထားပေးပါဗျာ"





သူက ကားအတွင်းထဲ လက်ညှိုးလှမ်းထိုး၍ အရင် နေရာပဲ ထားပေးပါဟု ဆိုသည်။

မျက်နှာလုပ်၍ ကား ဦးခေါင်းထဲတွင် ထားပေးပါရစေ ဆိုသော စပယ်ယာမှာ သူ့စကားကြောင့် မျက်နှာ အပျက်ကြီး ပျက်သွားသည်။

"ကျိုးကျိုး၊ အေး ကွဲ ရှစရာ.... ပျက်ရှစရာများ ပါသေး ကားလို့ပါ"

ရှက်ကိုးရှက်ကန်းနှင့် စပယ်ယာက စကားဖာပြော၏။

"မပါ ပါဘူး ခင်ဗျာ၊ ရပါတယ်၊ ကျွန်တော့်ဘာသာ ကျွန်တော် တင်ပါ့မယ်၊ ထားပါခင်ဗျာ"

စပယ်ယာလက်ထဲက သူ့ပစ္စည်းတွေကို ဣန္ဒြေရရ ပြန်ယူ၍ သူက ကားပေါ်သို့ ပစ်တင်လိုက်၏။

ဤတစ်ခါတော့ ဒရိုင်ဘာနှင့် စပယ်ယာတို့မှာ တစ်ယောက် မျက်နှာကိုပင် တစ်ယောက် မကြည့်ရဲတော့ဘဲ ငိုရမလို ရယ်ရမလို ဖြစ်နေကြ၏။

ရွှေပါနှင့် ဒေါ်ခင်ခင်ကြီး၊ မသင်းရီ တို့ကတော့ သူတို့ကို ကြည့်၍ ကျိတ်ပြုံးနေကြသည်။

သူတို့မောင်းနှင်နေကြသော ဤကားများသည် ဤရဲဌာန နှင့် ကင်းနိုင်ကြသူတွေ မဟုတ်။ သူတို့က ရဲတပ်သားများကို တွေ့သည့်နေရာတိုင်း၌ ဆရာ ခေါ်ရ၏။ စီးကရက် တိုက်ရ၏။ လက်ဖက်ရည်တိုက်ရ၏။ အချိန်တန်လျှင် ထမင်းလည်း ကျွေးရ၏။ လိုအပ်သောအခါ လိုအပ်သလို ပြုစုရ၏။ ကြောက်လည်း ကြောက်ရ၏။

ယခု သူတို့ အမြဲ ကြောက်ရ၊ ဆရာ ခေါ်ရသော စခန်းမှူး ကပင် ရှိသော လေးစားစွာ ဆရာ ခေါ်ရသူကို တစ်လမ်းလုံး မာန်မဲ ကြိမ်းမောင်း လာကြရာ ကားသမား နှစ်ယောက်မှာ ထိုင်ရမလို ထရမလိုနှင့် အံတော် ကသိ ကအောက် ဖြစ်နေကြသည်။

"ရှေက လိုက်လဲ ရပါတယ်၊ စီ စီစဉ်ပေးမှာပါ"

ဒရိုင်ဘာက မဝံ့မရဲနှင့် သူ့အနား ကပ်သွားပြီး ပြော၏။

ဒရိုင်ဘာ၏ သဘောမှာ သူ့အား ကားခေါင်းရှေ့တွင် ပြောင်းစီးစေလိုသော သဘောပင်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ လူလဲ ရှောင်သွားပါပြီ၊ အရင် စီးနေကျ နေရာကပဲ လိုက်ပါရစေ"

အမှန်က ကားခေါင်းပိုင်းတွင် လူတစ်နေရာ ရှောင်သွားသည်။ နိုင်ငံခြားသား မှတ်ပုံတင် ကိုင်ဆောင်ထားသူ တရုတ်ကြီးတစ်ယောက်ကို ရဲဌာနက ခေါ်ထားလိုက်၍ ဖြစ်သည်။ ဤသည်ကိုပင် ဒရိုင်ဘာက စီစဉ်ပေးပါမည်ဟု ဆိုသေး၏။ သူကမူ ဤသည်တို့ကို သိချင်မှ သိမည်။ ရိုးရိုးသားသား အရင် နေရာကပဲ စီးပါရစေဟု ပြောလိုက်ခြင်း ဖြစ်မည်။

သူသည် ဘယ်လိုမှ ပြောရမည့် လူစားမဟုတ်မှန်း သိသောအခါ သူတို့ကြောက်ရသော စစ်စခန်းမှူးရှေ့၌ သူတို့နှစ်ယောက်မှာ ဘယ်လိုလုပ်ရမှန်း မသိ ဖြစ်နေကြ၏။

စခန်းမှူးကလည်း သိန်းငှက်တို့ကဲ့သို့ လျင်သော ပြည်သူ့ရဲ မျက်လုံးနှင့် ကားဒရိုင်ဘာကို တစ္ဆေ့ ဝေ့ကြည့်သည်။ တော်သေး၏။ သူ့စကားကြောင့် စခန်းမှူး၏ အကြည့်က ဒရိုင်ဘာ ဆီမှ ချက်ချင်း လွှဲဖယ်သွားသည်။





"ကဲ ဦးခင်မောင်သန်း သွားလိုက်ပါဦးမယ်နော်၊ ကျေးဇူးပဲဗျို့"

"ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့"

သူသည် စခန်းမှူး ဦးခင်မောင်သန်း အား နှုတ်ဆက်၍ ကားပေါ်သို့ တက်လာ၏။ သူ ထိုင်နေကျ နေရာ ရှုပ်ါတို့ အနားမှာပင် ထိုင်ရန် လုပ်၏။ သို့သော် ရှာဖွေရေး ရှ ပြီး ပစ်တင်ထားသော ပစ္စည်းတွေမှာ ပြန့်ကြဲပြီ ထိုးထိုး ထောင်ထောင် ဖြစ်နေသဖြင့် နောက်မှ တက်လာသူသည် နေရာမရ ဖြစ်နေပြန်၏။

"အစ်ကို ဒီအပေါ်ပဲ ထိုင်လိုက်ပါ၊ ဒါ ရှုပ့ါ အိပ်ရာလိပ်ပါ"

"ကျိုးပဲ့ ကွဲရှစရာများ ပါနေလားလို့ ညီ့ရယ်"

"မပါပါဘူး အစ်ကို၊ ထိုင်ပါ"

"ကျေးဇူးပဲ ညီမရယ်၊ ဒီမှာ ထိုင်မယ်နော်"

"ဟုတ်ကဲ့၊ ထိုင်ပါ"

ဤတစ်ခါတော့ ကြင်နာ နေလိုက်ကြတာ ဟု သရော်လှောင်ပြောင်သော အကြည့်နှင့် ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့က သူ့အရှိန်နှင့် ရှုပါကိုပင် မေးမငေါ့ရဲကြတော့။ ရှုပါကသည်း သူတို့ကို အရွဲ့တိုက်ချင်နေသည်နှင့် အတော်ပဲ ဖြစ်သွား၏။

သူက ရှုပ့ါအိပ်ရာလိပ်ပေါ် ထိုင်ချလိုက်သည်။

စောစောက သူ ပစ်တင်ထားသော သူ့အိပ်ရာလိပ်ပေါ်မှာမူ အရိပ်သုံးပါး နားမလည်သော လူကြီးတစ်ယောက်က အခံ့သား ထိုင်နေသည်။ သူ့အိပ်ရာလိပ်မှန်းလည်း မသိ။

သူ့အကြောင်းလည်း များစွာ ဂရုထားမိပုံမရသော ထိုပုဂ္ဂိုလ်လူကြီးမှာ ရိုးရိုးသားသား သာ ထိုင်နေဟန် ရှိသည်။ ထိုလူကြီးအား ကားပေါ်ပါ ခရီးသည်များက သူ့အိပ်ရာလိပ်ပေါ် တက်ထိုင်နေရမည်လား။ သူက ဘာကောင်မှန်းလည်း မသိဟူသော အပြစ်တင်မျက်လုံးများနှင့် ထိုလူကြီးကို ဝိုင်းကြည့်ကြသည်။ ရိုးသားလွန်းသော ထိုလူကြီးကလည်း ဤသည်တို့ကို ဘာမှ အမှုမထား။ သူ့အိပ်ရာလိပ်ပေါ် ဇချံသား ထိုင်ကာ သာမန်အခြားခရီးသည်များနည်းတူ ကွမ်းတမြုံ့မြုံ့နှင့် ငြိမ့်နေ၏။

သူကမူ သူ့အိပ်ရာလိပ်ကို တစ်ချက်သာ မသိမသာ ခစ္ခကြည့်၏။ ထိုင်နေသော ပုဂ္ဂိုလ်လူကြီး အားနာသွားမှာစိုး၍ မိမိပစ္စည်း မဟုတ်သလိုပင် လုပ်နေလိုက်သည်။

ကားသည် ရေနီချောင်းကင်းစခန်းမှ နေဝင်တောင်ကို ကျော်ဖြတ်လျက် ရှိသည်။ မည်သူမျှ စကားကျယ်ကျယ် မပြောကြတော့။ သူ့ကို ရှံ့နေကြပုံ ရသည်။

တစ်ခြားကားပေါ်ပါ ခရီးသည်များနှင့်စာလျှင် သူနှင့် အရင်းနှီးဆုံးဖြစ်ကြသော ဒေါ်ခင်ခင်ကြီး ရှုပါနှင့် မထင်းရီ တို့ကတော့ ယခုမှ သူနှင့် စကားပြော ပို၍ အရသာ တွေ့နေကြသည်။

ယခင်က အညာဘရ အစုတ်ပလုတ် ထင်ခဲ့ကြသော သူသည် ယခုတော့ မမေ့ရဲသော်လည်း တစ်ကောင်ကောင် ဖြစ်နေပြီဆိုသည်ကို ကားပေါ်ပါ အားလုံး ခန့်မှန်းမိကြပြီ မဟုတ်ပါလား။

* * *

## အခန်း (၉)

"စောစောက ဖြတ်လာတဲ့ တောင်က ဘာတောင်ခေါ်လဲ အန်တီ၊ ကားလမ်း မိုးနေတဲ့ ကျောက်ဖျာကြီးတွေကလဲ ကြောက်စရာပဲ"

"အေး၊ အေး၊ အဲဒီတောင်ကို နေဝင်တောင်လို့ခေါ်တယ် ကွယ့်၊ တောင်က မြင့်အားကြီးတော့ တောင်နားရောက်ရင် နေဝင်တတ်လို့"

သူက ယခင်အတိုင်းပင် ဒေါ်ခင်ခင်ကြီးကို လေးလေးစားစား မေး၏။ ဒေါ်ခင်ခင်ကြီးကမူ ယခုမှ စကားပြောရမှာ ရှိန်းနေပုံရသည်။ စကား ထစ်ချင်နေပုံရ၏။

"အားတော့ နာပါတယ် အန်တီ"

သူက မြောင်ရှာဘက်ကို ငေး၍ဆိုသည်။ ဒေါ်ခင်ခင်ကြီးက သူ့မျက်နှာကို ကြည့်၍ "ဘာလဲကွယ့်"

"ဪ ဒီလမ်းခရီးမှာ အမေးအမြန်း ထူတာ မကြိုက်တော့ မေးရတာ အားနာလို့ပါ"

"ခုတော့ မေးလို့ရပါပြီကွယ့်၊ ရတနာကိုလဲ ရောက်ခါနီးပြီပဲ။ အန္တရာယ်လဲ မရှိတော့ပါဘူး၊ မင်းသိချင်တာ မေးပါ၊ အားမနာပါနဲ့"

"အဲဒီရွာက ဘာရွာခေါ်လဲ အန်တီ"

"မြောင်ရွာ ခေါ်တယ်ကွယ့်၊ ဪ ဒါနဲ့ စကားမစပ် မင်းက မြန်မာလား"

မဝ့်မရဲ မေးသံမှန်း သိသာ၏။

"ကျွန်တော့်အမေက မြန်မာပါ၊ အဖေကတော့ ရှမ်း"

"ဪ မင်း ခုလက်ရှိ အလုပ်ကကောကွယ်"

"ကျွန်တော်က ကျောင်းထွက်တာ မကြာသေးတော့ မည်မည်ရရ အလုပ်ရယ်လို့ မရှိသေးပါဘူး အန်တီ၊ သာမန် အားဖြင့်တော့ အနုပညာသမားပေါ့ ဟဲ ဟဲ"

ဒေါ်ခင်ခင်ကြီးက သက်ပြင်း ရှိုက်သည်။ စောစောက ဖြေပြီးသား အဖြေကိုသာ ထပ်ဖြေသဖြင့် ကျေနပ်ပုံ မရ။ သို့သော် သည်ထက် ပို၍လည်း ဒေါ်ခင်ခင်ကြီးက မမေးရဲ။ ခရီးသည် အချို့ကလည်း ဒေါ်ခင်ခင်ကြီးကို ဝိုင်းကြည့်ကြ၏။ သဘောမှာ ဘာလို့သွားမေးလဲ၊ ဘယ်လောက်မေးမေး အမှန်တော့ ဘယ်ဖြေမလဲ ဟူသော အကြည့် တွေသာ။ ထို့ကြောင့် ဒေါ်ခင်ခင်ကြီးက သူ့ကို ဆက်မမေးရဲတော့။

"အစ်ကို အခု ရတနာကို လာတာ အလုပ် ကိစ္စနဲ့လားဟင် အစ်ကို"

ရှုပါက သူ့ရဲကောင်းလုပ်၍ သူ့ကို အစ်မေးလိုက်သည်။





ငြိမ်ကုပ် နေကြသော ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့ ကမူ သူ့အဖြေကို နားစွင့်နေကြမှန်း သိသာသည်။

"အလုပ်မရှိတဲ့လူမှာ အလုပ်ကိစ္စ ဆိုတာ ဘယ်ရှိမလဲ ညီမရယ်"

"အလည်ပေါ့နော်"

"ဆိုပါတော့၊ ညီမကော ကျောင်းသူလားဟင်"

"ကျွန်မလဲ ကျောင်းထွက်နေတာ နှစ်နှစ်လောက် ရှိပါပြီ"

"ဪ"

သူက ဆက်မမေးသလို ရှုပါကလည်း သူ့ကို ဆက်မမေး ရဲပြန်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်နှာ ပြန်လွှဲလိုက်ကြသည်။

"ဒီရွာက ဘာရွာ ခေါ်လဲ ညီမ"

"ဪ အောက်ကျောက်တောင်"

"ဪ"

သူက ခေါင်းမော့ ကြည့်သည်။

"ပါသေးလား"

စပယ်ယာက အော်သည်။

"မပါပါဘူး၊ မပါဘူး၊ မောင်းမောင်း...."

စပယ်ယာက လမ်းသူရဲစကားနှင့် ဆက်မောင်းရန် ပြော၏။

သူက စပယ်ယာကို တစ်ချက်လှမ်းကြည့်သည်။ စပယ်ယာက ချက်ချင်း မျက်နှာလွှဲလိုက်၏။ တစ်လမ်းလုံး ကြမ်းမောင်းလာ သူကို ယခုတော့ သူက မျက်လုံးချင်းပင် မဆိုင်ရဲတော့။

"ခုန တွေ့ခဲ့တဲ့ ရွာက အောက်ကျောက်တောင် ဆိုတော့ ရှေ့မှာ အထက်ကျောက်တောင်ရွာ ဆိုတာလား"

"ကြားမှာ အင်ပင်ဆိုတာ တစ်ရွာရှိသေးတယ် အစ်ကို"

"ဪ အဲဒီအင်ပင် လွန်ရင်တော့ အထက်ကျောက်တောင် ပေါ့နော်"

"ဟုတ်ပါတယ်"

ခွီခနဲတစ်ချက် ရယ်သံလိုလို ကြားလိုက်မိသည်။ ဇော်မြင့်အောင်နှင့် ထူးခင်းသိန်း တစ်ယောက်ယောက်လား ထင်ရ၏။ သူကလည်း ဘာကို သတိရသည် မသိ။ ပြုံး၏။ အမေးအမြန်း ထူလာပြန်ပြီလား ဟူသော သဘော ထင်သည်။ဆက်၍ မမေး။ နှုတ်ဆိတ်သွား၏။ရှုပါက ဇော်မြင့်အောင်တို့ဘက် မျက်စောင်း တစ်ချက် လှမ်းထိုး လိုက်သည်။ ဇော်မြင့်အောင်က ရှုပါကို မျက်စိတစ်ဖက် ပိုတ်ပြ၏။ ရှုပါက ပြန်၍ နှုတ်ခမ်းစူပြလိုက်သည်။ သူက မသိယောင် မမြင်ယောင် ဆောင်ထားသည်။ သို့သော် သိသာသည်။

"အထက် ကျောက်တောင်ရွာ ဆင်းမယ့် ခရီးသည်များ ပါကြသေးလား ဟေး"

"ပါပါတယ် ခင်ဗျား၊ ပါပါတယ်၊ ပါပါတယ်၊ ကျွန်တော် ဆင်းပါရစေ"

သူက ပျာပျာသလဲ ထပြော၏။

ရတနာကို လိုက်လာသူက အထက် ကျောက်တောင်ရွာတွင် ဆင်းမည်ဆိုသောအခါ အားလုံးက အံ့ဩသွားကြသည်။

"ခင် ခင်ဗျား ရတနာကို မလိုက်တော့ဘူးလား"

"ဟုတ်ကဲ့ ခင်ဗျား"





စပယ်ယာက သက်ပြင်း ချသည်။ အားလုံးကလည်း သူ့ကို ဝိုင်းကြည့်နေကြသည်။ ရှုပါ၊ ဒေါ်ခင်ခင်ကြီး၊ မသင်းရီတို့မှာ လည်း အံ့အားသင့်နေကြသည်။ စပယ်ယာက တစ်စုံတစ်ခုများ သူတို့အပေါ် မနှကျမနပ် ဖြစ်သွားလေသလားဟူသော စိုးရွံ့သံ နှင့် ဘာဖြစ်လို့လဲဗျာဟု မေး၏။

စောစောက သူ့အား ခွီခနဲ တစ်ချက် ရယ်မိလိုက်ကြသော ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့မှာမူ မျက်နှာ ညှိုးနေကြ၏။

"သိပ်မိုးချုပ်မှာ စိုးလို့ပါဗျာ"

မည်သူ့ကိုမှ မကြည့်။ အသံမှန်နှင့် ဆို၏။

သူ ပြောသည်လည်း မှန်သည်။ အပြင်တွင် နေရောင်ခြည်ကို လုံးဝ မမြင်ရတော့။ လျှိုမြောင်များအောက်တွင် မှောင်ရိပ်တို့ မင်းမူစ ပြုနေပြီ။

"အထက်ကျောက်တောင်ရွာဆို ကားခ သုံးဆယ်ပဲ ကျပါ တယ်၊ ငါးကျပ် ပြန်ယူပါ ခင်ဗျာ"

သူ့အား ပိုက်ဆံငါးကျပ်ကို လေးလေးစားစား ပြန်ပေး နေသော ကားစပယ်ယာကို ဤတစ်ခါ ခွီခနဲ အသံထွက်သွား သူကတော့ ရှုပါပင်။ အားနာ၍သာ မရယ်မိသော်လည်း ရှုပါ မှာ ရယ်ချင်လွန်း၍ အူကို နှိပ်ထားရ၏။ မသင်းရီကလည်း မနေနိုင်တော့ "ရှိသေနေလိုက်တာ၊ စောစောက ပါးစပ် ဘယ် မှာ ပြုတ်ကျန်ခဲ့ပါလိမ့်" ဟု ဆို၏။

"နေပါစေခင်ဗျာ၊ ကျွန်တော် လက်မှတ်ယူတုန်းက ရတနာ ကို ဆိုပြီး ပြောယူလာတာပါ၊ ကိစ္စ မရှိပါဘူး"

"မဟုတ်ပါဘူးဗျာ၊ မန်းတာ ကျောက်တောင်ကို သုံးဆယ်ပဲ ကျပါတယ်၊ ဒါ ထုံးစံပါ၊ ငါးကျပ် ပြန်ယူပါ"

ကားစပယ်ယာက သူ့ကို ငွေငါးကျပ် အတင်း ပြန်ပေးနေ၏။ သူကလည်း မယူ။

"ကိစ္စမရှိပါဘူး၊ နေပါစေ၊ ကားခက မန်းကားဂိတ်မှာ ပေးခဲ့ရတာပဲ၊ ကားဆရာတွေနဲ့ မဆိုင်ပါဘူး"

အမှန်လည်း မဆိုင်ပါ။ သူက ရတနာကို သွားမည်ဟု ပြောပြီး ငွေသုံးဆယ့်ငါးကျပ် ပေးပြီး လက်မှတ် ယူလာသူသာ။ ယခု သူ ရတနာကို မလိုက်တော့ဘူးဆိုလျှင် လက်မှတ် ဆုံးရှုံးသာ။ သို့သော် စပယ်ယာက မည်သို့ သဘော တစ်လွဲပေါက်သည် မသိ။ ကားခ ငါးကျပ်ကို သူ့အား ပြန်ပေးနေ၏။ သူကလည်း မယူ။ "ကားဆရာတို့ လက်ဖက်ရည်ဖိုးပေါ့ဗျာ" ဟု ပြောလိုက်သော အခါမှာမူ ပို၍ပင် ဆိုးသွားလေသည်။

"မလုပ်ပါနဲ့ဗျာ၊ အတော်ကြာ ကျွန်တော်တို့က ကားခ ပိုယူကယ်ဆိုပြီး ပြဿနာကြီးနေ...."

"မဖြစ်ပါဘူးဗျာ၊ ဘာပြဿနာမှ မဖြစ်ပါဘူး၊ ကျွန်တော့်မှာ ရတနာ လက်မှတ် ပါသားပဲ၊ သည်းခံပါဗျာ၊ ကျွန်တော်က ဒီလိုပဲ ကြုံသလို ခရီးသွားတတ်လို့ပါ"

အထက်ကျောက်တောင်ရွာကို ရောက်၍ ကားသာ ရပ်သွားသည်။ သူက ဘယ်လို ပေးပေး ပြန်မယူတော့ ကား စပယ်ယာကလည်း မှိုင်ကျသွားသည်။ မျက်နှာငယ်လေးနှင့် ထပ်မပြောရဲတော့။

"ကဲ အန်တီ ဒီက ညီမတို့ရော ကျွန်တော် ဆင်းပါဦးမယ် ခင်ဗျား"

"အေးကွယ့်၊ ရတနာ ရောက်လဲ ဝင်ခဲ့ပါဦးကွယ့်"

"ဟုတ်ကဲ့ ခင်ဗျား၊ အန်တီ့ နာမည်က"





"အဒေါ့နာမည်က ဒေါ်ခင်ခင်ကြီး၊ သူက မသင်းရီ၊ သူ့နာမည်က ရှုပါ"

"ဟုတ်ကဲ့ ခင်ဗျား၊ လာခဲ့ပါဦးမယ်"

သူက ဒေါ်ခင်ခင်ကြီးနှင့် ရှုပါတို့ကို ပြောနေသော်လည်း မျက်လုံးက သူ့အိပ်ရာလိပ်ပေါ် တက်ထိုင်နေသော ဦးကြီးဆီ ရောက်နေ၏။ ထို ဦးကြီးကတော့ သူ့အိပ်ရာလိပ်မှန်း သိပုံမရ။ ခေါင်းမော့၍ ငြိမ်နေ၏။ ဤသည်ကို သူက ပြောရမှာ အားနာနေပုံ ရသည်။ သိမလားဟူသော သဘောနှင့် ခဏ ကြည့်နေ၏။

"ဦးလေး၊ အိပ်ရာလိပ်ရှင် ဆင်းတော့မလို့ဗျ"

"ဩော်၊ ဒီဒီ အိပ်ရာလိပ်လား"

မြင်လျှင် သိလျှင် ပါးစပ် မငြိမ်တတ်သူ ဇော်မြင့်အောင်က ကြားဝင် မျက်နှာ လုပ်လိုက်မှ ဦးကြီးက တမန်းကတန်း ထသည်။ သူက "ဟုတ်ကဲ့ ခင်ဗျား၊ ခွင့်ပြုပါဦး" ဟု ဆိုပြီး သူ့အိပ်ရာလိပ်ကို လှမ်းဆွဲ၏။

"ဩော် ညီမတို့ အရပ်က"

"နန်းရာကုန်းပါ အစ်ကို၊ ကျွန်မ နာမည်ကို မေးရင် ရပါတယ်"

သူ့ကို တည့်တည့် ကြည့် ပြောသဖြင့် ရှုပါက နေရပ်ကို ပြောလိုက်သည်။

"တကယ် လာမှာလား"

"လာမှာပေါ့ဗျာ၊ စိတ်ချပါ၊ ကျွန်တော်က ခင်တတ်ပါတယ်"

မသင်းရီက သူ မကြားတူးထင်၍ ရှုပါကို ပြောသလိုနှင့် ပြောသည်ကို သူ ကြားသွား၍ ပြန်ပြော၏။

မသင်းရီကို ဇော်မြင့်အောင်တို့က ကဲလိုက်ကြတာဟူသော သဘောဖြင့် မျက်စောင်းထိုး၏။

ဤသည်ကို အထင်းသား မြင်လိုက်သော ရှုပါက ဇော်မြင့်အောင်တို့ကို အရွဲ့တိုက်ကာ "အစ်ကို ဆက်ဆက် လာလည်ပါနော်၊ ညီမတို့ မျှော်နေမယ်၊ တာ့တာ" ဟု သူ့ကို လက်လှမ်းပြသည်။ သူကလည်း ကားအောက်က လက် လှမ်းပြ၏။ ဒေါ်ခင်ခင်ကြီးကလည်း "အေးကွယ်၊ အဒေါ်တို့ဆီကို လာဖြစ်အောင် လာလည်ပါနော်" ဟု ထပ်မှာလိုက်သေးသည်။ ပြီး "မင်း အထက်ကျောက်တောင်ရွာမှာ အသိအကျွမ်းကော ရှိရဲ့လားကွယ်" ဟု မေးသည်။

သူက "ရှိပါတယ် အန်တီ" ဟု ပြောသွား၏။

သူသည် အိပ်ရာလိပ် တစ်ဖက် ဟင်းဘက်အိတ် တစ်ဖက် ဆွဲကာ ကားဂိတ်မှ ရွာထဲ ဆင်းသွားသည်။ ကျောက်တောင်မှာ တောင်ကမ်းပါးယံစောင်းတွင် တည်ထားသော ရွာဖြစ်သဖြင့် ခဏချင်း လှူရိပ် ကွယ်သွား၏။

ကား စထွက်လာသောအခါ ရှုပါ၏ရင်ထဲ အဟာကြီး ဟာလာလေသည်။

* * *

အခန်း (၁၀)

"ဒီလူက လူကြီးတော့ လူကြီးတဲ့ဗျ၊ ဘာလူကြီးလဲဆိုတာ မသိတာ"

သူ ကျောက်တောင်တွင် ဆင်းကျန်ခဲ့တော့မှ ကားစပယ်ယာက ထင်မြင်ချက် ပေးသည်။

"အေးပေါ့ဗျာ၊ စခန်းမှူး ကတောင် ဆရာ ခေါ်တော့ စစ်ဘက်ကလား၊ နယ်ဘက်ကလား၊ အုပ်ချုပ်ရေး ပိုင်းကလား ဘာမှန်းမှ မသိတာ"

"စစ်ဗိုလ်တော့ဟုတ်မယ်မထင်ဘူးနော် အဒေါ်၊ စစ်ဗိုလ်ဆိုဆရာ ဘယ်ခေါ်မလဲ၊ ဗိုလ်ကြီး ခေါ်မှာပေါ့နော်"

"အေး၊ စစ်ဗိုလ်တော့ ဟုတ်ပုံမရဘူး၊ စစ်ဗိုလ်ဆို စခန်းမှူးက ဆလုရိုက်မှာပေါ့၊ ခု ကြည့်ရတာကတော့ စစ်ဗိုလ်ထက်

လေးစားတဲ့ပုံပဲ၊ ပါတီကလားမှ မသိတာ၊ နင်က သူ့ကို တစ်လမ်းလုံး ဟောက်လာတော့ ဒုက္ခလှလှကြီး ရောက်ပြီသာ မှတ်''

ဒေါ်ခင်ခင်ကြီး၊ ရှုပ်ါတို့နှင့်အဖွဲ့ကျခဲ့ကြသည်ကို မြင်သဖြင့် ကားစပယ်ယာက သိလိုသိငြား ဟူသော သဘောဖြင့် ဒေါ်ခင် ခင်ကြီးကို မေး၏။ ဒေါ်ခင်ခင်ကြီးကလည်း သူ သိသမျှကိုပင် မပြောပြ။ သွေးပျက်နေသော စပယ်ယာကို ငိုချင်ရှဲ လက်တို့ စကားနှင့်သာ ကလဲ့စား ချေနေ၏။ စပယ်ယာခမျာမှာ ပို၍ စိုးရိမ်သွားပုံရသည်။

''သူ့ကို ကျွန်တော်က အကောင်း ပြောတာပါဗျာ၊ ကျွန် တော့် စေတနာ သူလဲ သိမှာပါ''

''ဘာ ခုမှ ကြောက်ပါပြီလဲ'' ရှုပါက ရယ်ချင်ပက်ကျိနှင့် စိတ်ထဲက ရေရွတ်နေ၏။

''သိတာပေါ့ဟဲ့၊ သူလဲ ထမင်း စားနေတဲ့ လူပဲ၊ ကိုယ့်ကို စေတနာနဲ့ ပြောတာလား၊ မလိုတမာ ဝေဒနာနဲ့ ပြောတာ လား ဆိုတာ''

''မလိုစရာ မရှိပါဘူးဗျာ၊ လူတိုင်း ပိုက်ဆံ ပေးစီးကြတဲ့ ကားပါ၊ ကျွန်တော်တို့က....''

စပယ်ယာက လူတိုင်း ပိုက်ဆံပေး စီးကြသော ကားဟု ဆိုသော်လည်း အမှန်မှာ ဤကားသည် ရတနာက သူ့အဖေ ပိုင်ကားဖြစ်သည်။ ဤသည်ကို ဒေါ်ခင်ခင်ကြီးနှင့် အားလုံး သိကြ၏။သို့သော် တစ်ခုတော့ ပြောစရာ ရှိသည်။ မန်းရတနာ ကား အသင်းကို အပ်ထားရ၏။ စည်းမဲ့ကမ်းမဲ့ မဖြစ်ရအောင် ကာလသဖနှင့် ညှိ၍ ပြေးဆွဲသော ကား။ သူက ဤကားတွင်





စပယ်ယာ လိုက်နေသော်လည်း ကားပိုင်ရှင်သား ဟူသော သဘောဖြင့် ခရီးသည်များ အပေါ် မခြေမင် ဆက်ဆံတတ် သည်။ ဒရိုင်ဘာများအပေါ်လည်း သြဇာ ရှိသည်။ အောက် ဆိုက်ဘင်၍ ရလျှင် ဒရိုင်ဘာနှင့် ဝေစု ခွဲကြသည်။ ကားပျက် လျှင် အဖွဲ့က ပြုပြင်လိမ့်မည်။

ဤနေ့တော့ ရတနာ ရောက်ခါနီးမှာ သူ ကျွတ်လာ၏။ ကင်းစခန်းက သူ့ကို ကင်းကိုက်လွှတ်လိုက်လေသည်။

''ဒီလူက ဒေါ်ခင်ခင်ကြီး ပြောသလို တစ်ဖက်သားကို ဒုက္ခ ပေးမယ့်လူမျိုးတော့ မဟုတ်ပါဘူးဗျာ၊ အပြောအဆို အနေ အထိုင်လဲ သိပ်သိမ်သိမ်မွေ့မွေ့ရှိတာပဲ''

''ဟာ၊ အဲဒီလို ပညာရှိတွေကမှ ပိုကြောက်ဖို့ ကောင်းသာ ဗျ၊ ပညာရှိနှိပ်စက်ရင် တစ်သက်သွားရော၊ ထ ရိုက်ပစ်တာက ခံလို့ကောင်းသေးတယ်''

''ဟုတ်မယ်ဗျ၊ ဒီလူက ပညာရှိပဲ၊ မင်းတို့ တစ်လမ်းလုံး ပြောဆိုလာတာ ဘာပြန်ပြောလဲ၊ခေါင်းငုံ့ခံလာတာပဲ မဟုတ် လား၊ စိတ်ထဲကတော့ တေးထားမှာပေါ့ဗျာ၊ တွေ့တယ်မဟုတ် လား၊ ရဲကင်းလဲ ရောက်ရော၊ သူ ဘာကောင်လဲဆိုတာ ပါးစပ် နဲ့ မပြောဘူး၊ ပညာနဲ့ ပြသွားတာ၊ အပြောအဆို ပိုတောင် ယဉ်ကျေးလာလားထင်ရတယ်၊ အင်း ပညာရှိဆိုတာ ကြောင် လက်သည်းဝှက်ပဲဗျ''

''ဟုတ်တာပေါ့၊ မန်လည် ဆရာတော်ရဲ့ မဃဒေဝထဲမှာ ဆိုထားတာပဲ၊ 'အရာအရာ မရောက်ရာ၌ ပညာမိမိ ရှိသည့် အဖြစ် ကိုယ့်သနစ်ကို ဖွင့်လှစ်ထင်စွာ မပြရာဘူး'တဲ့၊ သူထ

အိဒီလိုသူငယ်မျိုးပဲ၊ ပညာမဲ့ယောင်ဆောင်လာလေ၊ 'ပညာမဲ့ယောင် ကြောင်လက်သည်းဝှက် ပြင်မထွက်ဘဲ ထဲနက်ထားသို ခါရောက်လို့မှ ပဟိုရ်ရွှေစည် တီးတိုင်းမြည်သို့' ဆို မဟုတ်လား''

ခရီးသည်တွေက တစ်ယောက် တစ်ပေါက် သူ့အကြောင်းကို ဝိုင်းဝန်းချီးပ နေကြသောအခါ စပယ်ယာတင်မက သူ့ကို မောက်မောက် မာမာ ပြောမိကြသော ဇော်မြင့် အောင် က မေးသည်။

''ရှပ ါ၊ သူ့နာမည် ဘယ်သူပါယ်''

''မသိပါဘူး''

''အကောင်း မေးတဲ့ဟာ ဖြစ်နေလိုက်တာ''

''မသိလို့ မသိဘူး ပြောတာပေါ့၊ သူ့နာမည် ငါမှ မမေးမိတာ''

မနိုင်၍ သည်းခံရခြင်းသည်လည်းကောင်းဟူသော မျက်နှာမျိုးနှင့် ဇော်မြင့်အောင်က ရှပါကို ခံပြင်းသွားသည်။ ထူးမင်းသိန်းကလည်း ရှပါကို အံကြိတ်ထားသည်။

''အန်ငဲ သူ့နာမည်က ဘယ်သူတဲ့လဲဗျ''

ရှပါ့ကို မေးမရနိုင်မှန်း သိတော့ ဒေါ်ခင်ခင်ကြီးကို မေး၏။

''ထွန်းကျော်ဆိုလား၊ ကျော်ထွန်းဆိုလား''

''ဟာဗျာ၊ အန်တီကလဲ၊ ဒီလောက် ကိုယ်နဲ့ အဖွဲ့ကျနေတဲ့ဟာ''

ဇော်မြင့်အောင်က စိတ်ပျက်သံနှင့် ညည်းသည်။

''ပြောတော့ပြောသွားကွယ့်၊ အန်တီလဲ ရှေ့က ထွန်းလား၊ နောက်က ထွန်းလား အမှတ်ပ မဲ့ ဖြစ်သွားတယ်''





''မြန်မာလား အန်တီ''

ထူးမင်းသိန်းက ဝင်မေး၏။ He is in the land

''အမေကတော့ မြန်မာလို့ပြောတယ်၊ အဖေက ရှမ်းတဲ့''

''ဘာအလုပ်တဲ့လဲ''

''အနုပညာသမားလို့ ပြောတယ်လေ''

''အနုပညာသမားဆိုတာ စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပု နုသုခုမအစုံပဲ အန်တီရယ်၊ ဘယ်လိုသိရမှာလဲ၊ သေသေချာ ျာ မမေးမိဘူးလား''

''ဒါတော့ ငါလဲ ဘယ်မေးတတ်မလဲဟဲ့၊ ငါတို့နဲ့ ပြောနေ ကြတာ နင်တို့လဲ ကြားသားပဲ မဟုတ်လား''

''သူ့အသံက မိန်းမလျှာ အသံလို ညောင်ညောင်ညက်ညက် ိုတော့ နားမလည်ဘူး အန်တီရယ်၊ သူက ဂန့်ဒူးသံနဲ့ ပြော ာကိုး''

''ဒီကို လာတာ လေ့လာရေးဆိုလား၊ ဒေသန္တရ ဗဟုသုတ ိုဆိုတယ်၊ နေဦး အန်တီ''

ဇော်မြင့်အောင်က သူကြားလိုက်သော နားစွန်နားဖျားကို င်မေးပြန်သည်။

''ဟုတ်တယ်ကွယ့်၊ လေ့လာရေးလို့ ပြောတယ်''

''ကျောင်းပြီးပြီလို့လဲ ပြောသေး၊ ဘာ လေ့လာရေး ပါ မို့''

ထူးမင်းသိန်းက ခေါင်းကုတ်သည်။

''ကျောင်းဆရာတွေများလား၊ ကျောင်းသားတွေနဲ့ လုပ် ားပေးသာရင်း အသိအကျွမ်းရှိလို့ ရတနာကို ခကာ အလည် ာတဲ့ သဘောလား''

"ငါတော့ ဒီလူ့ကို သိပ်မသင်္ကာဘူးကွ၊ ငါတို့နဲ့ မန်းကား ဂိတ်ကပင် မရမက ပြောပြီး ပါလာတာ၊ လူကြီးတွေက ခွင့် မပြုလဲ အတင်းလိုက်မယ်ဆိုတဲ့ ပုံစံမျိုးပဲ၊ သာမန် ကျောင်း ဆရာတော့ မဖြစ်နိုင်ဘူး၊ ပညာရေးဘက်ကဆိုရင်လဲ အနည်း ဆုံး ပညာအုပ်လောက်တော့ ဖြစ်မယ်ထင်တယ်"

ဇော်မြင့်အောင်က ရှုပါ၏မျက်နှာကို စေ့စေ့ကြည့်၍ ပြော နေ၏။ ရှုပါက မျက်နှာကို တည်ထားလိုက်သည်။

"ဟင် ရှုပါ နင်လဲ တကယ် မသိဘူးနော်"

"မသိပါဘူးဆို"

"နင့်ဆီတော့ ဒီလူ လာလည်မှာပါ၊ တို့ မေးပေးစမ်းပါ ဟယ်၊ ရတနာကို သူ ဘာလာလုပ်လဲလို့၊ သူ့နာမည်လဲ တိတိ ကျကျပေါ့"

"ငါ့ဆီ ဘာကိစ္စလာရမှာလဲ၊ နင်တို့ ဘာသာ နင်တို့ သိ အောင် စုံစမ်းကြပေါ့"

"ငါတို့ မေးမြန်းစုံစမ်းဖို့ မလွယ်လို့ပေါ့ဟာ၊ သူက နင့်ဆီ လာဖြစ်အောင် လာဖို့ ပြောသွားတာ ငါတို့ ကြားပါတယ်၊ နင်ကလဲ ဖိတ်မန္တကပြုလိုက်တာ၊ နင် ငြောင်မလမ်ပါနဲ့ဟာ"

ထူးမင်းသိန်းက ရှုပါကို မကျေနပ်သံနှင့် နှုတ်ခမ်းမဲ့၍ ဝင် ပြော၏။

"ဟုတ်တယ်၊ ငါက နင်တို့ကို ကြောက်လို့ လိမ်ရမယ်အား ကြီး၊ ငါ မပြောလိုက်ချင်ဘူး"

"နင် ငါတို့ကို မကြောက်ဘူးဆိုတာ ငါတို့လဲ သိပါတယ် ရှုပါရယ်၊ တကယ်လို့ လာလည်ခဲ့သော် ကျေးဇူးပြုပြီး မေး ပေးပါလို့ ပြောရတာပါ"





ဇော်မြင့်အောင်ကတော့ ရှုပါ စိတ်ဆိုးနေပြီဆိုတာ သိရ၍ တောင်းပန်သလို ပြော၏။

"မန္တလေးသားပဲကွ၊ ကွယ်ရင်မေ့ တွေ့ သေအောင်လွမ်း လုပ်သွားတာ၊ လာပါလိမ့်မယ် အားကြီးကြီး၊ မျှော်နေကြ"

ထူးမင်းသိန်းမှာ သူ့နှမတွေဆီက မန္တလေးသား တစ် ယောက် ချစ်ယောင်ဆောင်ပြီး ကျောက်လိမ်သွားဖူးသဖြင့် မန္တလေးသား ဆိုလျှင် အလိုလို မေ့မရ ဖြစ်နေသည်။ ထို့ ကြောင့် နာကြည်းချက်နှင့် သူက ပြော၏။ ရှုပါကလည်း ဆတ်ဆတ်ထိ မခံတတ်သူဖြစ်၍ ရိုးသားသော သူများအပေါ် သနားကြင်နာစိတ် အပြည့်ထားတတ်သော်လည်း မရိုးသား သော သူဆိုလျှင် စကားအားဖြင့် ရိပ်စောင်းပြောသည်ကိုပင် ချက်ချင်း ပါးထချဖို့ ဝန်လေးသော မိန်းကလေး မဟုတ်။ ခုတော့ ထူးမင်းသိန်းနှင့် တစ်ပွဲတစ်လမ်း စမ်းပြီဟု ခါးကို ဆန့်လိုက်၏။

"ဒီမှာ ထူးမင်းသိန်း၊ နင် စကား ပြောရင် ကြည့်ပြော၊ ယောကျ်ားက ယောကျ်ားပီပီ စကားပြောဟဲ့၊ ဘယ်လူက မျှော်နေတယ် ပြောလို့လဲ"

"ပြောဖို့ လိုသေးလားဟာ၊ နင်တို့ပဲ ကားပေါ်မှာ ခဏတွေ့ တာနဲ့ မန္တလေးသားဆိုတော့ ချက်ချင်း တ တာ တီတီ"

"ဟဲ့ကောင်လေး၊ ခရီးသွားမိတ်ဆွေဆိုတာ ဒီလိုပဲပေါ့ ကွယ့်၊ လောကဝတ် မေ့ဝတ် ဆိုတာကလဲ ရှိသေးတယ် မဟုတ် လား"

ဒေါ်ခင်ခင်ကြီးက ရှုပါ့စိတ်နှင့်တော့ ဖြစ်ကြပြီဟု အတပ် သိ၍ ဝင်တား၏။

"ဘာလဲ၊ နင်က နင့်နှမတွေလို သူများကိုလဲ ယောကျ်ား မြင်တာနဲ့ငမ်း"

"အို....ရှုပါ နင်ကလဲ သိသားနဲ့ဟာ"

"သိလို့ ပြောတာပေါ့၊ သိသမှ"

"ဟဲ့ တော်ကြစမ်းပါဆို၊ နင်တို့ဟာက အချင်းချင်းတွေပဲ ဘာမဟုတ်တာနဲ့ တစ်မြို့တည်း တစ်ရပ်တည်းသားတွေ ရန်ဖြစ် ရမှာလား ဟ"

"စော်ကားတာမျိုးတော့ ဘယ်လူမှ မခံနိုင်ဘူး အန်တီ၊ ကျွန်မတို့က မန္တလေးနဲ့ ရတနာ အခါပေါင်း"

"ဟဲ့ မိန်းကလေး၊ အဒေါ်ပြောနေတယ်၊ တော်ပါတော့ ဆို"

"ဟုတ်ပါတယ် ရှုပါရယ်၊ ငါ့သူငယ်ချင်းကိုယ်စား နင့်ကို ငါ ရှိခိုးတောင်းပန်ဆို တောင်းပန်ပါ့မယ်ဟာ၊ တော်ပါတော့၊ ဘာမဟုတ်တာနဲ့ ရန်ဖြစ်ရမလား၊ တို့ တစ်ရပ်တည်း သားတွေ ပဲဟာ၊ သည်းခံကြမှပေါ့"

"မဟုတ်တာ ပြောရင် မခံဘူး"

"အိုး ခက်လိုက်တာ၊ နင့်ကို ငါ အန်တီတို့ အန်ကယ်တို့နဲ့ တိုင်ပြောလိုက်ရင် လုံးဝ လမ်းပိတ်သွားမယ်နော်၊ ဘာမှတ်လဲ"

"ပိတ်ပိတ်၊ မန္တလေး မသွားရလို့ တို့ လွမ်းပြီး မသေဘူး၊ သေမယ့်လူက သူ့...."

"ဪ ဒီကောင်မလေး၊ ငါ ထ ချမိလိမ့်မယ်နော်"

ထူးမင်းသိန်းက သူ့စကား လွန်သွားမှန်းသိ၍ ငြိမ်သွားပြီ ဖြစ်သော်လည်း ရှုပါက မကျေနပ်သေး။ ဇော်မြင့်အောင်က





သူ့ အမေ အဖေနှင့် တိုင်လိုက်လျှင် မန္တလေး မသွားရဘဲ နေမည် ဆိုသည်ကိုပင် တစ်ကွက်ဝင်သဖြင့် ထူးမင်းသိန်းကို ပက်ဖြစ်အောင် ပက်လိုက်သေးသည်။

ဒေါ်ခင်ခင်ကြီးက ထချမိလိမ့်မည်ဆိုမှ နည်းနည်း ငြိမ်သွားလေသည်။ သူ့ အမေ အဖေက ဒေါ်ခင်ခင်ကြီးနှင့် အပ်လိုက်ကြခြင်း ဖြစ်သည်။

အိမ်ရောက်သည်အထိ ဒေါ်သ မပြေချင်သေး။ သူ့အမေ သိလျှင်တော့ ဒေါ်ခင်ခင်ကြီး ထချစရာမလို။ လူဘစ်သောင်း တစ်ရာကြားထဲ ကားပေါ် ရန်ဖြစ်လာသည် ကြားလျှင် သူ့ အမေကိုယ်တိုင် ရိုက်မည်မှာ မုချ။ သူ့အမေကိုတော့ ရှုပါ နည်းနည်း လန့်သည်။

ထူးမင်းသိန်းနှင့် ရန်ဖြစ်လာရသဖြင့် ရှုပါမှာ သူ့ကို လွမ်းသလို ခံစားမိသော စိတ်သည်ပင် ဘယ်ဆီ ထွက်ပျောက် ခဲ့ရသည် မသိ ဖြစ်ရလေသည်။

* * *

## အခန်း ( ၁၁ )

"ဟင် အစ်ကို"

ကိုမြင့်နှင့်၍လား မသိ။ အံ့သြမှုကို လုံးဝ မပြ။ ပြုံး၍သာ ရူပါကို ကြည့်နေ၏။

"အစ်ကို ဘာလာဝယ်တာလဲ ဟင်"

"မဝယ်ပါဘူး ညီမရယ်၊ ဈေးနေ့ မရောက်ဘူးလို့ လာကြည့်တာ"

"ဪ"

ဆက်၍ ဘာပြောရမှန်း မသိ။ ခဏ နှုတ်ဆိတ်သွားမိ၏။ သူက နောက်ပစ်ထားသော လက်တစ်ဖက်ကို ပြန်ဆန့်လိုက်သည်။ ဈေးထဲဘက် မျက်လုံးတစ်ချက် ဝေ့ကြည့်ပြီး "ညီမတို့ဆီက အဆန်းပဲနော်" ဟု ဆိုသည်။

"ဘာလို့လဲ အစ်ကို"





"ဪ ငါးရက်မှ ဈေးနေ့ တစ်နေ့ကိုပါ"

"ရှမ်းပြည် တစ်ပြည်လုံး ဒီလိုပဲ အစ်ကိုရယ်၊ ငါးရက် တစ်ဈေး၊ ခုနစ်ရက် တစ်ဈေးပဲ"

"ဂျတနာက ရှမ်းပြည်ထဲ ပါလို့လား ညီမရယ်"

"မန္တလေးတိုင်းထဲမှာပါ အစ်ကို၊ ဒါပေမင့်...."

လေတိုက်၍ လွင့်သွားသော လုံချည်စကို သိမ်းလိုက်ရသည်။ စကားကို ဆက်မည်ဟု နှုတ်ခမ်းအလှုပ်မှာ သူ့အသံက ဦးသွားသည်။

"ဒါပေမယ့် ဘာဖြစ်လို့လဲ ညီမရယ်"

"ဪ ရှမ်းပြည်နဲ့ နီးတော့ ရှမ်းဓလေ့ အတိုင်းပေါ့ အစ်ကိုရဲ့၊ ဒီဒေသမှာက မြန်မာထက် ရှမ်းတို့၊ ဓနုတို့၊ ပလောင်တို့၊ လီရှောတို့လဲ ရှိတယ်လေ၊ မြန်မာက နည်းပါတယ်"

"ဟုတ်လား"

သူသည် ရူပါနှင့် ဈေးထဲတွင် မတ်တတ်ရပ် ပြောနေရင်းက ဈေးဝယ်သူတွေကို မျက်လုံး ဝေ့ဝေ့ ကြည့်တတ်သည်။

"ကြားတော့ ကြားဖူးပါတယ်"

ရူပါ၏ မျက်နှာကို ပြန်ကြည့်၍ ပြော၏။ သူ့အကြည့်ကြောင့် ရူပါက ရင်ထဲ နွေးသွားမိ၏။ သူ့အပြောကိုပင် နားမထပ်လိုက်။ ဘာကို ပြောပါလိမ့်ဟု တွေးသည်။ တွေးမရ။ "ဘာလဲဟင် အစ်ကို" ဟု ထပ်မေးရ၏။

"ဪ ခုနစ်ရက် တစ်ဈေး၊ ငါးရက် တစ်ဈေးဆိုတာကို ပြောတာပါ"

သူ ထပ်မပြောမှ ရှင်းသွားသည်။

"နွေဆိုပေမယ့် အေးတယ်နော် ညီမ"

"ချမ်းလို့လား အစ်ကို"

သူသည် လက်ပိုက်လိုက်ပြီး နှုတ်ခမ်းကို စေ့သည်။ ပြုံးပြီးမှ ခေါင်းညိတ်ပြ၏။

"မန္တလေးနဲ့တော့ ဘယ်တူမလဲ အစ်ကို၊ တောင်ပေါ် ဒေသကိုး"

"အင်း၊ ရတနာမြေ ဆိုတော့ ဒီလောက်တော့ အေးမှာ ပေါ့နော်"

ဘာအဓိပ္ပာယ်နှင့် ပြောလိုက်မှန်း မသိ။ ရူပါက သူ့မျက်နှာကို အကဲခတ်၍ ပြုံးသည် ဆိုရုံမျှ နှုတ်ခန်းကို တွန့်ထားသည်။ နှုတ်ခမ်းမွေးသဲ့သဲ့နှင့် မျက်ခုံးပေါ်က နှင်းငွေ့တွေကို လက်နှင့် ပွတ်လိုက်သည်။

"အစ်ကိုတို့ မန္တလေးကတော့ သိပ်ပူတာပဲ"

ဘာရယ်လို့ မဟုတ်၊ နှုတ်တွေ့ရာ ပြောလိုက်ရခြင်းသာ။ အကြောင်းမှာ ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့ လက်ဖက်ရည်ဆိုင်ကို လှမ်းဝင်သွားတာ မြင်လိုက်ရသဖြင့် ဖြစ်သည်။ သူတို့နှစ်ယောက်သည် ကိုထွန်းကျော်နှင့် ရူပါတို့ လက်ဖက်ရည်ဆိုင်မှ စောင့်ကြည့်နေကြလိမ့်မည်ကို အတပ်သိ၏။ အရှဲ့တိုက်ချင်စိတ်သည် ရူပါ၏ရင်ထဲက အလိုလိုပြည့်လာ၏။

အမှန်လည်း သူ့ကို နေ့စဉ် သတိရ ခဲ့သည်။ ကားပေါ်မှစတွေ့ကတည်းကပင် ရင်ထဲ ထူးထူး ခြားခြား နွေးခဲ့ရသည်။ မျက်နှာရော အဝတ်အဆင်ပါ ညှိုးငယ် နွမ်းလျသူမို့ မကြုံစဖူး ကရုဏာ သက်မိသည်။ အိမ်လာလည် လေမလား ဟူသော





မျှော်လင့်ချက်နှင့် စောင့်ခဲ့သည် မှာလည်း ခုနစ်ရက် ခန့်ပင် ရှိသွားလေပြီ။

သို့သော် ရေနီချောင်းထိပ် ကင်းစခန်းမှာ သူ့အခြေအနေကို ပြန်တွေးမိတော့လည်း သူ့ကို ဘယ်လိုနားလည်ရမှန်းမသိ။ သူ့ကို မေးတော့လည်း အလုပ်မရှိ အကိုင်မရှိဟု ပြောသည်။ ရေရေလည်လည် မေးရမှာလည်း ရှက်ရွံ့နေသလိုပင်။

ခေါင်းမော့ပြီး သူ့မျက်နှာကို ကြည့်မိသည်။ ရေနီကင်းဂါတ်က သူ့ကို ရဲသားတွေ ဆရာ ခေါ်သော အကြောင်း မေးမည်ဟု စိတ်ကူးပြီးမှ မဖြစ်သေးပါဘူး၊ စျေးဆိုတော့ လူများတယ်၊ နောက် ဒီထက်ရင်းနှီးလာမှ မေးတော့မည်ဟု ဆုံးဖြတ်လိုတ်သည်။

"အစ်ကိုက ညီမတို့ဆီ လာလည်မယ်ပြောပြီး ဘာလို့ပေါ် မလာလဲဟင်"

"အအေးပတ်ပြီး ဖျားနေလို့ပါ"

"ဟင် ဖျားနေလို့"

"ဟုတ်ပါတယ်၊ ဥတုပြောင်း ရာသီပြောင်းမို့ပါ"

"ခုကောဟင် အစ်ကို"

စိုးရိမ်သံနှင့် တမင် ပြောသည် မဟုတ်။ တကယ် လည်း စိုးရိမ်သွားမိသည်။ ကားပေါ်မှာ သူက ရတနာကို မိုးမချုပ်ခင် ရောက်ပါ့မလားဟု မေးစဉ်က ချမ်းလို့ မေးတာလား ဟူသော အတွေးကို ယခု ပြန်တွေး သတိရမိ လိုက်သည်။ အနွေးထည် ကောင်းကောင်း မပါ၍များ အအေးပတ်ပြီး ဖျားတာလား။ အတွေးတို့သည် ရင်ထဲ ပြည့်လာ၏။

သူ့ကို ကြည့်မိသည်။ ပင်နီ ဖျင်ကြမ်းနှင့် မဟုတ်တော့။ သက္ကလပ် ခိုပြာရင့် တိုက်ပုံနှင့် အထဲကလည်း စစ်ဆွယ်တာကို ရှပ်လက်ရှည် အပြူပေါ် ထပ်ဝတ် ထား၏။ လုံချည် ကလည်း အချင်လုံချည် ကွက်ကုံးကို သပ်သပ် ရပ်ရပ် ရှပ်ရှပ် ချုပ်ချုပ် ဝတ်ထားသည်။

"ဟင် အစ်ကို ခုကော ဘယ်လို နေသေးလဲ"

"ဆေးထိုးလိုက်လို့ သက်သာသွားပါပြီ"

"ဒါကြောင့် အစ်ကို ပေါ်မလာတာကိုး၊ ညီမတို့ကတော့ နေ့တိုင်း မျှော်နေတာ"

"ဟုတ်ကဲ့ ကျွန်တော်လဲ သတိရပါတယ်"

ဈေးဝယ်လာသူ အမျိုးသမီးကြီးတစ်ယောက်၏ ဈေးခြင်းနှင့် တိုက်မိ၍ သူက ကိုယ်ကို လမ်းဘေးသို့ ကျုံ့ပေးလိုက်သည်။ ရူပါကလည်း သူ့နည်းတူ ကိုယ်ကို မသိမသာ ရွှေ့မိလိုက်၏။

"ခုတစ်ခါတည်းလိုက်ခဲ့ပါလား အစ်ကို၊ အိမ်လဲ သိရတာပေါ့၊ အန်တီခင်ခင်ကြီးတို့အိမ်ရော၊ မသင်းရီတို့အိမ်ရော ညီမ လိုက်ပို့ပေးမယ်လေ"

သူက မယုံသင်္ကာ မျက်နှာနှင့် ကြောင်၍ ကြည့်နေသည်။ တားပေါ်တွင် တဒင်္ဂ တွေ့ခဲ့ကြရုံနှင့် ဤမျှ ခင်မင်သွားကြ သည်ကို အံ့ဩကြည့်သော အကြည့်မျိုး ဖြစ်သည်။ ဝမ်းသာ ကြည်နူးသွားသော မျက်လုံး အနေအထားကို မြင်ရသည်။

သူ့ကို ကြည့်၍ ရူပါ နည်းနည်း ရှိမ်းသွား၏။ သူ အထင် သေးသွားသလား။ မိန်းကလေးတန်မဲ့ ကိုယ်ကပဲ ဇွတ်ရွဲ့ဖူ





ကျသွားလေပြီလား။ အတွေးမဆုံးခင် သူ့စကားက ပေါ် လာသည်။

"အံ့တောင် အံ့ဩမိသွားတယ်"

ရူပါ၏ မျက်နှာ ပို၍ အရှက် သည်းသွားသည်။ ရှိမ်းရှိမ်း ဖိန်းဖိန်းပင် ဖြစ်သွားမိ၏။ စောစောကမူ ဇော်မြင့်အောင်နှင့် ထူးမင်းသိန်း တို့ကို အရွဲ့တိုက်ရမြန်ပြီ ဟူသော စိတ်မာန၏ လှုံ့ဆော်မှု ရသပင် လွင့်ပျောက် သွားသည်။ ရှက်ရှက်နှင့်ပင် ဘပ်၍တော့ မေးလိုက်သေး၏။

"ဘာကိုလဲဟင် အစ်ကို"

"ခြောဲ ရတနာသူတွေဟာ သိပ်ဖော်ရွေတတ်တယ်၊ ပွင့်ပွင့် လင်းလင်း ဆက်ဆံတတ်တယ်ဆိုတာ ဟိုတုန်းကတော့ သူများ ပြောသံပဲ ကြားဖူးပါတယ်၊ ခုတော့ ကိုယ်...."

"ခုတော့ ကိုယ်တိုင်ကြုံရလို့ အထင်တောင် သေးသွားပြီ ဆိုပါတော့"

အဟက် ခနဲ ရယ်သံနှင့် ရူပါက ပြောလိုက်သည်ကို သူက အမန်းကတန်းနှင့် "အဲဒီလို ရိုးသား ပွင့်လင်းတတ်တဲ့ လူတွေကို စော်ကားတဲ့ အတွေးမျိုး ကျွန်တော် တစ်ခါမှ မတွေ့မိပါဘူး ဗျား တကယ်ပြောတာပါ၊ ယုံပါ" ဟု မျက်နှာ ခပ်နွမ်းနွမ်းနှင့် ဆိုသည်။

"အစ်ကိုကတော့ ရွှေမန်းသား မပြောရဘူး၊ ဟင်း ဟင်း၊ ရွှေမန်းသာ အသေစောခဲ့ရင် ရွှေမန်းတောင်မောင်ဝင်စားသလား ပြောရမလောက်ပဲ"

"တကယ်ပါဗျာ၊ အမှန်အတိုင်း ပြောတာပါ၊ ကျွန်တော် ကသာ လူ တစ်ယောက်ကို ခင်မင် ကြင်နာ တတ်လား ထင်နေ

တာ၊ ကျွန်တော်ထက်တောင် ခင်မင်တတ်တဲ့ သူတွေကို ရတနာမှာ တွေ့ရတော့ ဝမ်းသာလိုက်တာ၊ ယုံတောင် မယုံချင်သလိုဖြစ်မိပါတယ်”

ဇော်မြင့်အောင်တို့နှင့် ကားသမားများ၏ ဆက်ဆံမှု ရိုင်းပျ အောက်တန်းကျပုံကို သူ သိကြောင်း ယခုမှ ထုတ်ဖော်ပြောပုံရ၏။ သူ့စကားကြောင့် ရှုပါ သူ့ကို အတော် လေးစားသွားမိသည်။ သည်းခံမှုရှိသလို ကာလဒေသကို သုံးသပ်ရာ၌ လူငယ် တစ်ယောက်နှင့်ပင် မတူ။ ခေတ်လူငယ်များ၏ စကားများလို သူ့စကားသည် ပေါ့ပျက်ပျက်နှင့် အဓိပ္ပာယ်မမဲ့။ လေးနက်မှု ရှိသလို စကားတိုင်းတွင် ကာယိန္ဒြေ မနိန္ဒြေပါ၍ ယဉ်ကျေးသိမ်မွေ့ဖွယ်ရာ ဖြစ်သည်။

“ညီမက အမြောက်ကြိုက် အစ်ကိုရယ်၊ အဲဒီတော့ မြောက်ပြောတတ်တဲ့ အစ်ကို့ကို ဒီမနက်ပဲ ထမင်းကျွေးရမယ်၊ အိမ်ကကားလဲ ပါတယ်၊ အဲ အစ်ကို တစ်ခါတည်းသာ လိုက်ခဲ့ပေတော့”

ရှုပါ၏ အပြောကို သူက တွေသွားပြန်သည်။

“ဘာလဲ၊ မယုံချင်ပြန်ဘူးလား”

“ယုံပါတယ် ညီမရယ်၊ ဒါ ပေ မယ့်”

“ဒါပေမယ့် ဘာဖြစ်လို့လဲ အစ်ကို”

“ဩော် မနက်က အသိတစ်ယောက်က ကျွေးမယ် ပြောထားနှင့်လို့ပါ၊ ဒါနဲ့ ဒီလို ရပ်ပြီး ပြောနေရတာ ညီမအတွက် အားနာစရာများ ဖြစ်နေမလား မသိဘူး၊ တစ်နေရာရာ....”

သူ ဘေးဆီကို မျက်လုံး ဝေ့လိုက်သည်။ ဈေးထဲတွင် မတ်တတ်ရပ် စကားပြောနေရသဖြင့် ရှုပါ့ကို အားနာနေပုံရ၏။ သူ





ဤသို့ အလိုက်သိတတ်သလို မိန်းကလေးတစ်ယောက်၏ ကာယိန္ဒြေကို လေးစားရမှန်း သိတတ်သော သူ့ကို ပို၍ အထင်ကြီးမိပြန်၏။ သူသည် အကာလိကော အချိန်အခါ မရွေး မိနစ်စက္ကန့်နှင့်အမျှ တစ်ပါးသူအတွက် ဆင်ခြင်တတ်သူပါတကား။

“လာလေ အစ်ကို၊ လက်ဖက်ရည် သောက်ကြတာပေါ့”

ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့ကို တမင် အရွဲ့တိုက်ချင်နေသော ရှုပါ့အတွက်တော့ သူ အလိုက်သိတတ်မှုကြောင့်အလို ပြည့်သွား၏။ ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့ လက်ဖက်ရည် သောက်နေကြသော မျက်နှာချင်းဆိုင် လက်ဖက်ရည်ဆိုင်သို့ ခေါ်လာသည်။

ခြေလှမ်းချင်း မမှားမိအောင် သတိထား လှမ်းရင်း စကားကလည်း အမျှင်မပြတ် ပြောလာမိသည်။

“အစ်ကိုတို့က ထမင်းစား ဖိတ်တာတောင် ကြိုတင်ဘုတ်ကင် လုပ်ရမယ် ဆိုတော့ ကျွေးမယ့် မွေးမယ့်လူတွေကသိပ်ပေါနေပြီနဲ့ တူတယ်”

“မပေါပါဘူး ညီမရယ်၊ ဒီအရပ်မှာ အသိအကျွမ်း နည်းပါတယ်၊ ခု အသိကလဲ ကိုယ့်အစ်ကိုနဲ့ ပတ်သက်တဲ့ အသိပါ”

“ဘယ်မှာများ သွားသိကြလဲ”

“ဒီ အေးပြင်မှာ”

“အစ်ကို့ အစ်ကိုက အေးပြင်မှာလား”

“ဟုတ်ပါတယ်”

“ဩော် အစ်ကိုက အစ်ကို့ အစ်ကိုဆီမှာ တည်းတာပေါ့နော်”

“ဟုတ်ကဲ့”

ဆိုင်ပေါ်တက်လာကြသည်။ တစ်ရပ်တည်းသူ တစ်ယောက် နှစ်ယောက်က ရှုပါကို လှမ်းနှုတ်ဆက်ကြသည်။

လူရှင်းနေသော စားပွဲသို့ သူကပင် ဦးဆောင်လှမ်းသည်။ စားပွဲအောက်က ခုံပုလေးတွေကို ဆွဲထုတ်ပြီး ထိုင်ပါဟု ဆိုသည်။ ရှုပါ ထိုင်လိုက်၏။

"ဘာ သောက်မလဲ အစ်ကို"

"ညီမ ကြိုက်တာပဲ မှာပါ"

"အစ်ကိုက ဗျားပြီးခါစ ဆိုတော့ နက်စ်ကော်ဖီပဲ သောက်နော်၊ နက်စ်ကော်ဖီ နှစ်ခွက်"

သူ့ဆန္ဒ အပြောကိုပင် မစောင့်ဘဲ ရှုပါက နက်စ်ကော်ဖီ နှစ်ခွက် လှမ်းမှာလိုက်၏။

"မအားပြင်မှာ အစ်ကို့ အစ်ကိုက ဘာလုပ်လဲ၊ အိမ်ထောင်သည်လား"

"နာရီဆရာလေ၊ ကလေး သုံးယောက် ရှိတယ်"

"ဘာနာမည်လဲ၊ ဆိုင်းဘုတ်နဲ့ဆို သိမှာပါ"

"လျှပ်စစ်သိပ္ပံတဲ့"

"လျှပ်စစ်သိပ္ပံဆိုတော့ မြန်မယ်၊ တိကျမယ်ဆိုတဲ့ သဘောပေါ့"

"မြန်မြန် ပျက်မယ်လို့လဲ အဓိပ္ပာယ် ကောက်နိုင်မယ် ထင်တယ်"

အရွှန်း ဖောက်သည်ကို နှစ်ယောက်သား ရယ်မိကြသည်။

"ကဲ သောက် အစ်ကို၊ မုန့်လဲ စားပါ"

"မုန့်တော့ မစားတော့ဘူး ညီမရယ်၊ စောစောက တို့ဟူးသုပ်နဲ့ လက်ဖက်ရည် သောက်ထားလို့"





"ကဲ မနက်ပိုင်းက တစာ ရှိနေပြီဆိုတော့ ညနေပိုင်းကကော"

"ဆွမ်းတကာမ ရှာတုန်းပါပဲ ဟဲဟဲ"

ကြည်ကြည်လင်လင် အသံနှင့် ရယ်၍ ပြောသည်။

"ကဲ အရုံသင့်ပါပဲ အရှင်ဘုရား ဆိုတော့ကော"

သူက နက်စ်ကော်ဖီ ငုံ့သောက်ရင်း မျက်ခုံးတစ်ချက် ဝင့်၏။ ရှုပါ၏ မျက်နှာကို ကြည့်သည်။ ကျေနပ် နှစ်သိမ့်မှုရှိသော အကြည့်မှန်း သိသာ၏။

"ရှုပါ"

နောက်က ခေါ်သံ ကြားသည်။ ဇော်မြင့်အောင်အသံမှန်း အဘပ်သိ၍ လှမ်းမကြည့်မိ။ နှုတ်ဆိတ်ထားသည်။ သူကတော့ ရှုပါ၏ ပုခုံးပေါ်မှ ကျော်၍ ဆိုင်ဝဘက်ကို တစ်ချက် လှမ်းကြည့်သည်။

"ရှုပါရေ"

"ခေါ်နေတယ် ညီမ"

သူ့စကားမဆုံးခင် ဇော်မြင့်အောင် ရှုပါ့ဘေးတွင် လာရပ်သည်။

"ရှုပါ"

"ဆိုစမ်းပါဦး၊ ဘာလဲ"

"နင် ကား ပါလား"

"နင်တို့ကော မပါလို့လား"

"ပါ ပါတယ်"

ရှုပါက ဇော်မြင့်အောင်ကို မျက်စောင်းတစ်ချက် ပစ်ထိုးလိုက်သည်။

"နင်နော် အူကြောင်ကြောင် လာလုပ်မနေနဲ့"

"ဟဲ့ဟဲ့ နင်ကလဲ ဒေါ်သချည်းပဲ၊ ငါ့စကားလဲ ဆုံးအောင် နားထောင်စမ်းပါဦး၊ ငါတို့ ကားပါပေမင့် ဟို ကောင်ကျောက်တောင်ဘက် ဆက်သွားချင်လို့တဲ့"

ဆိုင်ဝတွင် ခါးထောက် ရပ်နေသော ထူးမင်းသိန်းကို ပြောမှန်းသိလိုက်သည်။

"အဲဒါ ငါက ဘာလုပ်ပေးရမှာလဲ"

"နင် ပြန်ရင် ငါ အိမ်ပြန်လိုက်ချင်လို့"

"ရပါတယ်၊ ရပါတယ်"

ရှုပါက လွယ်လွယ်ပင် ပြောလိုက်သည်။

ဇော်မြင့်အောင်၏ စကားကို ဘယ်လိုမှ မယုံ။ ဇော်မြင့်အောင်သည် သူ့ကိုအကဲခတ်ချင်၍ တမင်လာပြောမှန်း သိသာသည်။ "ငါ ဘယ်က စောင့်ရမလဲဟ" ဟု ဆိုလိုက်သောအခါမှ တကယ် လာပြောနေတာပါလားဟု သိလိုက်သည်။

ရှုပါ တော်တော် ဝမ်းသာသွား၏။ တစ်နေရာရာကို ချိန်းလိုက်ပြီးနောက် တစ်ဘက်က လှည့်သွားမည်။

"ဟင် ရှုပါ ငါ ဘယ်က စောင့်နေရမလဲလို့"

"အရက်ဆိုင် မဟုတ်ရင် ပြီးရော့ဟာ၊ တစ်နေရာရာပေါ့၊ အရက်ဆိုင်ရှေ့တော့ ငါ ကား မရပ်ရဲဘူးဟဲ့"

"နင်ကလဲ ညွှံ့သည်တွေရှေ့ ငါ့သိက္ခာကို ချနေပြန်ပြီ၊ ငါက အရက်သမားကြီးကျနေတာပဲ"

"နင် သောက်တော့ သောက်တာပဲ မဟုတ်လား"





"တို့ဒေသမှာ အရက်မသောက်တဲ့ လူဆိုလို့ ငါ့ကို ပြစမ်းပါဟာ၊ လူတိုင်း သောက်တာပဲဟာ၊ နင့်အဖေကော မသောက်ဘူးလား"

ဇော်မြင့်အောင် စကားမှာ မှန်နေသဖြင့် ခဏတော့ ရှုပါ နှုတ်အ သွားသည်။ နွေမဲ့သောအရပ်ဟု ခေါ်ရလောက်အောင် အေးသောအရပ်ဖြစ်ရာ အမျိုးသားတိုင်းလိုလို အရက်သောက်ကြသည်။ အထူးသဖြင့် ပိုက်ဆံချမ်းသာသူများ၊ မြို့ကြီးပြကြီးကို အရောက်အပေါက်များကြသူများ၊ ခေတ်မီသည်ဆိုသူများ၊ ခေတ်လူငယ်တွေများသည် ပို သောက်ကြ၏။

"ငါ့ အဖေက အရက်သောက်တာ တစ်ခါတလေပါဟ၊ သိပ်အေးတဲ့ ညနေတွေမှာမှ သောက်တာ"

အကျော နည်းနည်းမှ မခံတတ်သော ရှုပါက ပြန်ငြင်း၏။ ဇော်မြင့်အောင်ကလည်း သူ့ကို အရက်သမား ပြောရမလားဟု မခံနိုင်။

"အေး၊ နင် မသိရင် မှတ်ထား၊ အရက်သောက်တိုင်း အရက်သမား မဟုတ်ဘူး၊ အရက်ကို အကြောင်းအမျိုးမျိုးနဲ့ သောက်ကြတာ၊ မိတ်ဖြစ်ဆွေဖြစ် ညှော်ကောင်း စောင်ကောင်း ရောက်လို့၊ ရာသီဥတုကြမ်းလို့၊ ရောဂါနဲ့တည့်လို့၊ သံခင်း တမန်းခင်းအရ ဒီဗလိုမေစီ"

"နင့် ဘာရောဂါ ရှိလဲ"

"အသည်းကွဲတဲ့ ရောဂါလေ၊ နင် မသိဘူး၊ ဟဲ ဟဲ ကျွတ်ကျွတ်"

စုတ်သတ်သည်ကို ဇော်မြင့်အောင်က တမင် မြည်အောင် ကျွတ်ကျွတ်မြည်ပြသဖြင့် ရှုပါက မျက်နှာနီ သွားသည်။ ကိုယ့်

အမေးနှင့်ကိုယ် ခံလိုက်ရသဖြင့် ရှက်သွားမိသည်။ သူ့ကို ကြိုက်သည့် အကြောင်း လူထဲသူထဲ မရှောင် ပြောတတ်သူမို့ တကယ်တော့ ရှုပါ ခပ်လန့်လန့်ပင်။ သို့သော် အလျှော့ပေးလျှင် ကမ်းတက်လာမှာ စိုးသဖြင့် သေလိုက်ပါလားဟု ပြောလိုက်ရ၏။

''မသေသေးဘူးဟေ့၊ ယောကျ်ားတို့စွမ်းရည် သေခါမှ လျှော့ရမယ်တဲ့၊ ပပဝတီနဲ့ မင်းကုသ နင် ကြည့်ပါလားဟ''

''ဟိုက ဘုရားလောင်း၊ နင်က ငချီး လူပဲ၊ သွား၊ သွား၊ ငါ နားငြီးတယ်ဟယ်''

''ငါလဲ ဒ.မှာသမ္ဗုဒ္ဓ ဘုရားဆုပန် မင်းယောကျ်ားပါဟ၊ သေခါမှ လျှော့မယ် ဟဲ ဟဲ''

တကယ်လည်း ဇော်မြင့်အောင်က မလျှော့သေး။

သေ‌ာက်ရှက်ကို မရှိတာဟု ရှုပါက စိတ်ဆိုးချင်လာသည်။ ဇော်မြင့်အောင် ပြောနေသည်မှာ သူ့ကို တိုက်ရိုက် ပြောနေကြောင်း သူ သိသွားမှာ စိုးရွံ့မိသည်။ ရှုပါနှင့် ဇော်မြင့်အောင်တို့ ပြောနေကြသည်ကို သူကတော့ ရှုဘေး[?]မပျက်ငြိမ်နားထောင်နေသည်။

''ဟေ့ ကောင် သွားမယ်ကွာ'' ထူးမင်းသိန်းက စိတ်မရှည်တတ်။

''အေး အေး၊ ငါဘယ်က စောင့်ရမလဲဟ ရှုပါ''

''ပြောပြီး ပါကော လား၊ နင် စောင့်ချင်တဲ့ နေရာက စောင့်''





''ဘကြီး ဦးရင်လောတို့ တိုက်ခေါင်မိုးပေါ်က စောင့်မယ်ဟာ''

''ကောင်းပါပြီတဲ့ရှင်၊ ကြွပါ ကြွပါ''

''ကြီးကြီးတော ပါသေးလား''

''ဘယ်လူမှ မပါဘူး၊ ငါ တစ်ယောက်တည်း''

''ဟဲ ဟဲ''

သူက အဓိပ္ပာယ်ပါပါ ရယ်သည်ကို သေချင်းဆိုးတော့ သိပြီဟု ရှုပါကလည်း ပြုံးမိသွားသည်။

ရှုပါ၏ စိတ်ကူးမှာ သူ့ကို ပစ်ထားခဲ့ပြီး အနောက်ပိုင်းက လှည့်ပြန်ရန် ဖြစ်၏။ ယခု ဈေးနေ့ပွဲမှာ ရတနာနှင့် ဝေးသည်။ အေးပြင်နှင့်သာ နီး၏။ သူ ခြေကျင်ပြန်၍ မရ။ ခြေကျင် ပြန်လျှင်လည်း အနည်းဆုံး တစ်နာရီကျော်[?] ကြာမည်။ ရှုပါ တကယ် လာခေါ်မည် အထင်နှင့် သူ့ဦးလေး တိုက်ပေါ်က ဈေးကွဲသည့်အထိ စောင့်ပါစေ။ ဈေးကွဲ ၁င်မက နေကုန်သည့်အထိ စောင့်ပါစေ။ နောက်တွေ့တော့ ''ငါ ဟိုညွှန်သည်ဆိုလဲ ကားပေါ်မှာ ပါတယ် ဟုတ်လား၊ နင်တို့ကို အမြင်ကတ်ကတ်နဲ့ ပါးစပ်ဆော့ပြီး အိမ်လည်ခေါ်မိတာ၊ ခုတော့ တောက်ထဲ့ကပ် ကပ်နေတော့တာပဲ၊ အဲဟိုနေ့ကလဲ အိမ် အတင်းလိုက်ပါရစေ ကပ်နေလို့ ငါ အိမ်ခေါ်လာရတာ၊ အဲဒါကြောင့် နင့်ဝင်မခေါ်ဖြစ်ခဲ့ဘူး၊ သူ့ ခေါ်လာတာ နင် မြင်ပြန်တော့ ငါ့ကို ပြောပြန်ဦးမယ် မဟုတ်လား၊ အဲဒါကြောင့်ပါ။

ပိုင်လိုက်သည် အကြံ၊ ရှုပါ တစ်ယောက်တည်း ပြုံးမိသွားသည်။

သူက ရူပါကို ကြည့်ပြီး အံ့ဩနေသည်။ တစ်စုံတစ်ခုကိုလည်း တွေးနေပုံရ၏။

"မုန့်စားဦးလေ အစ်ကို၊ ဟို ဗရုတ်ချောင်ကို ပြောနေရတာနဲ့ အစ်ကို့တောင် အားနာစရာ ဖြစ်နေပြီ၊ အဟဲ"

ရူပါ စကားဆုံးသောအခါ ပြုံးသည်။

ရူပါ၏ အဟဲ ဟူသည်ကို သံယောင်လိုက်၍ အားနာပြုံး ပြုံးခြင်းလား။ နက်စ်ကော်ဖီ သောက်ပြီးမှ မုန့်စားပါဦး ဆိုသည်ကို ပြုံးခြင်းလား ခွဲခြား မရ။ မုန့်စားပါ ဆိုစကား စောစောကလည်း ပြောပြီးပြီ။ တို့ဟူးနှင့် လက်ဖက်ရည် သောက်လာသဖြင့် မစားတော့ပါဘူးဟု သူလည်း ပြောပြီးပြီ။ ဘာကို ပြုံးသည်ဟု မခွဲခြားတတ်။ ဇော်မြင့်အောင်နှင့် သူ့ကို "သြော် သူတို့က ဒီလိုကိုး" ဟု ပြုံးသော အပြုံးလား။ ရုတ်တရက် ရူပါ ရင်ခုန်သွားသည်။

ကိုယ့်စိတ်ကူးနှင့်ကိုယ် ပြောမိသော စကားများသည် သည်နေ့ ကိုယ့်ကိုချည်း ပြန်ပတ်နေပါလား။ ဇော်မြင့်အောင်နှင့် သူ အတင်အမြင် မှားမှာကိုတော့ ရူပါ မခံနိုင်။

နှုတ်ခမ်းပေါ်က ကော်ဖီရည်တွေကို လက်ကိုင်ပဝါနှင့် သာသာတို့ရင်း စိတ်ထဲက အဖြေကို တွေးနေသည်။ ဘယ်စကားနှင့် သူ့သံသယကို ချေဖျက်ရပါ့။

"စောစောက ညီမကို စကားလာပြောတဲ့ ကောင် မှတ်မိလား"

"ဟို တစ်ခါ ကားပေါ် ပါလာတာပဲ၊ မှတ်မိပါတယ်"

"အဲဒါ ဗရုတ်ကျအားကြီးလို့ သူ့ကို ညီမ သက်သက်ပြန်ပတ်လိုက်တာ၊ ညီမ တစ်ယောက်တည်း လာတာ မဟုတ်ဘူး၊





ဒေါ်လေး ပါသေးတယ်၊ ဈေးဝယ်နေတုန်းပဲလေ၊ ညီမတို့ဆီက ငါးရက်မှ တစ်ဈေးဆိုတော့ ငါးရက်စာ တစ်ခါတည်း ဝယ်ထားရတယ်လေ အစ်ကို၊ အပြန်မှာ သူ့ကိုလဲ မခေါ်နိုင်ပါဘူး၊ တမင် ပစ်ထားခဲ့ချင်လို့၊ စောင့်ပါ ပြောလိုက်တာ၊ ရတနာမှာ ဂျစ်ကားတွေကတော့ ပေါပါတယ်"

ရိုက်မစစ်ရဘဲ ရှည်ရှည်ဝေးဝေး ရှင်းပြနေမိသည်။

သူက အံ့ဩသွားပုံရသည်။

"သြော် သြော်"

ပြောမိပြီးမှ သူနှင့် ပတ်သက်သော စိတ်သံသယကို သတိရမိလိုက်သည်။ တကယ်လို့ အများထင်သလို သူသာ အစိုးရဘက်က လူတစ်ယောက် ဖြစ်နေခဲ့လျှင် ဤစကားမှာ မသင့်လျော်သော စကား မဟုတ်ပါလား။

"ဒီကောင်တွေက သိပ်ဗရုတ်ကျတာ အစ်ကိုရယ်၊ တခြားကားနဲ့ လိုက်မသွားဘဲ တစ်နေကုန် စောင့်ပြီး ညစ်သွားအောင် ပြောလိုက်ရတာ"

မလုံမလဲနှင့် ပြော၏။

"တိုက်ခေါင်မိုးပေါ်က ကား စောင့်နေမယ်ဆိုတာ ဘာသဘောလဲ ညီမ"

"အိမ်တွေက အစ်ကို မြင်တဲ့အတိုင်းပဲ တောင်စောင်းတွေမှာ ဆောက်ထားတော့ ကားလမ်းက အိမ်ခေါင်မိုးပေါ် ရောက်နေတာလေ၊ အဲဒါကြောင့် တိုက်ခေါင်မိုးပေါ်က စောင့်မယ် ပြောသွားတာ၊ ကားဟွန်းသံ ကြားလို့ အိမ်က ထွက်လာရင် အဝေးကြီးက ပတ်လာရမှာစိုးလို့၊ ဒီကောင်တွေက ဗရုတ်တွေပါ၊ ကားပေါ်မှာ အစ်ကို တွေ့ခဲ့တဲ့အတိုင်းပဲ၊ သူများကို

ချိုးချိုးနှိမ်နှိမ် ပြောရမယ်ဆို နှစ်ယောက် မရှိကြဘူး၊ နောက်တာ ပြောင်တာနဲ့ ခဏခဏ ရန်ဖြစ်ရတဲ့ အကောင်တွေ"

"လူငယ်တွေဆိုတော့ ပျော်တတ်လို့ ဖြစ်ပါလိမ့်မယ်"

သူနှင့် မတိမ်းမယိမ်းသာ ငယ်သော ဇော်မြင့်အောင်တို့ကို လူငယ်တွေဟု သူက ပြောသဖြင့် ရူပါ ပြုံးမိသွားသည်။ သူကတော့ အဖိုးကြီး ကျနေတာပဲ။

"ကဲ အစ်ကို၊ ညနေ ထမင်းစားဖို့ လာခေါ် ရမှာလား"

"ညနေစာလား"

"ဟုတ်တယ်လေ၊ မနက်စာ ကျွေးမယ့်လူ ရှိနေပြီဆို"

"ထမင်းတော့ မလုပ်ပါနဲ့ ညီမရာ"

"ဘာဖြစ်လို့လဲ အစ်ကိုရယ်"

"ခုလဲ ကော်ဖီ တိုက်ပြီးပြီပဲ"

ရူပါက အဟက်ခနဲ တစ်ချက် ရယ်သည်။ "ခုက အစ်ကို တိုက်တာ မဟုတ်ဘူးလား၊ ညောင်ဝိုင်းမှာ အစ်ကို ပြောခဲ့တဲ့ စကား ညီမ မှတ်မိတယ်နော်၊ အန်တီတို့ကို လက်ဖက်ရည်တိုက်မလို့ ကျွန်တော် လမ်းမှာကတည်းက စိတ်ကူးလာတယ်ဆိုတာလေ" ဟု ပြောလိုက်မှသည်။

"ဟဲ ဟဲ ဟုတ်သားပဲ"

"အလကားပြောတာပါ အစ်ကိုရာ၊ ခုလဲ ညီမ တိုက်မှာပါ၊ အစ်ကိုက ဧည့်သည်ပဲ"

"မဟုတ်ပါဘူး၊ ကျွန်တော် တိုက်ပါရစေ၊ လူတွေ အပေါ်မှာ ကူညီ ရိုင်းပင်းလိုစိတ်ရှိတဲ့ ညီမတို့ကို တွေ့စကပင် လေးစားမိလို့ပါ"

"အစ်ကို အပြောကောင်းတော့နော်"





"ကျွန်တော် မန္တလေး ဇာတိပါ"

သူ နောက်တတ်သည်ကို ရူပါပါ ရယ်မိသွားသည်။

"သိပါတယ်၊ ထပ်မကြော်ငြာပါနဲ့တော့၊ ထမင်း မစားချင်ရင် ညနေ ဘာကျွေးရမလဲသာ ပြောပါ"

"ဘာပဲ ဖြစ်ဖြစ်၊ တစ်ခုခုဆို ရပါတယ်"

"ဘာလဲ အစ်ကို၊ ချက်ပြုတ်ရတာ ကရိကထများမယ်လို့ ထင်လို့လား၊ ဒီနေ့ ဈေးနေ့ပဲ၊ ဟင်းလျာလဲ စုံပါတယ်၊ အားနာစရာ မရှိပါဘူး"

"မဟုတ်ပါဘူး ညီမရယ်"

"ဟုတ်ပါတယ်၊ အစ်ကိုက လူ တစ်ဖက်သားကို သိပ် အားနာတတ်တာ သိပါတယ်"

"ဖျားပြီးစ ဆိုတော့ ညနေပိုင်း ထမင်းစားချင်စိတ် မရှိသေးလို့ပါ"

"ဒီလိုဆို ဘာစားမလဲ"

"ညီမတို့က ဘာအစားအစာတွေ အမှတ်တရ စားတတ်ကြလဲ၊ တစ်ခုခုပေါ့"

"ရှမ်းထမင်း စားပါလား အစ်ကို၊ ခံတွင်းလဲ ကောင်းသွားတာပေါ့၊ ရွှတ်ကောင်းဟင်းချို ပျော့ပျော့ ပွင့်စပ်စပ်နဲ့လေ"

"ဟာ သိပ်ကောင်းတာပေါ့ဗျာ၊ ရှမ်းထမင်း ကျွန်တော်လဲ ကြိုက်ပါတယ်၊ ကျွန်တော့် အဖေကလဲ ရှမ်းပါပဲ၊ မန္တလေးမှာ ကြီးပေမယ့် ရှမ်းထမင်းဆို အဖေလဲ သိပ်ကြိုက်တာ၊ အမေက မြေပြန့်သူဆိုတော့ ရှမ်းထမင်း မလုပ်တတ်ဘူးလေ၊ ငယ်ငယ်ကဆို အဖေနဲ့ ကျွန်တော် မကြာမကြာ ရှမ်းထမင်း ထွက်စားကြတာ"

"ဆိုင်မှာလောက်တော့ ကောင်းမှာ မဟုတ်ဘူးနော်အစ်ကို၊ ညီမ တတ်သလောက် မှတ်သလောက် လုပ်ကျွေးရမှာ"

"ကျေးဇူးတင်ပါတယ်ဗျာ"

"အဲဒီတော့ ညနေကျရင် အေးပြင်ကို ညီမ လာခေါ်မယ်၊ လျှပ်စစ်သီပွဲ နာရီဆိုင်နော်"

"လာ မခေါ်ပါနဲ့၊ ကျွန်တော် လာပါ့မယ် ညီမရယ်၊ ညီမတို့ အိမ်လိပ်စာသာ ပြောခဲ့ပါ"

"နန်းရာကုန်းရပ်၊ ကျောက်သွေး ဆရာ ဦးပါသောင်း၊ ဒေါ်နန်းရွှလို့ မေးလိုက်ရင် ဘယ်သူ့ မေးမေး ရပါတယ်၊ ရွှပါနာမည် ပြောလိုက်ရင်လဲ ရပါတယ်"

"ဒေါ်နန်းရွှ ဆိုတော့ ညီမအမေကလဲ ရှမ်းလား"

"ဘာပြောရမှန်းတောင် မသိဘူး အစ်ကိုရာ၊ အမေရဲ့အဖေက နန်းဆန်သား၊ ရှမ်းစစ်စစ်၊ အဖွားကျတော့ မန္တလေးသူ စစ်စစ်၊ ဆွေတော် မျိုးတော် မကင်းဘူး၊ အဖေ့အဖေ အဘိုးကျတော့ ပလောင်၊ အဖွားကျတော့ နေ့၊ အဲ ညီမတို့ ကျတော့ ဘာ ခေါ်မလဲ၊ အစ်ကိုတောင် မျက်စိလည်သွားပြီနဲ့ တူတယ်"

"ကောင်းတာပေါ့ညီမရယ်၊ တိုင်းရင်းသားတွေ သွေးနှော ထားတာပေါ့၊ အစ်ကိုက ညီမကို မြန်မာထင်နေတာ၊ အသား ဖြူတာကတော့ အအေးပိုင်းသူ ရတနာသူမို့ထင်တာ"

"မြန်မာပဲလေ၊ ဘာဖြစ်လို့လဲ၊ ညီမတော့ မန္တလေးရောက် ရင် မြန်မာလိုပဲ ပြောတာပဲ၊ အဖွားက မြန်မာပဲဟာ မှား မလား"

"ဟုတ်တာပေါ့ဗျာ၊ ဟုတ်တာပေါ့ မမှားပါဘူး"





သူက ရွှပါ၏ မျက်နှာကို ပြုံးကြည့် ရယ်နေ၏။

"အန်တီ ဒေါ်ခင်ခင်ကြီးနဲ့ မသင်းရီတို့ကော နေကောင်း ကြတယ်နော် ညီမ"

"နေကောင်းကြပါတယ်၊ ညနေ ထမင်းစားပြီးရင် ညီမ သူတို့အိမ်တွေ လိုက်ပို့ပေးပါ့မယ်"

"ကျေးဇူးပဲ ညီမရယ်"

ရွှပါက ဆိုင်ဘက် လှမ်းကြည့်သောအခါ သူကလည်း လှမ်း ကြည့်သည်။

"ကဲ အစ်ကို၊ ဟိုမှာ ဒေါ်လေးတို့ ဈေးဝယ်ပြီးသွားကြပြီ၊ ရွှပါကို လိုက်ရှာနေကြတယ်ထင်တယ်၊ သွားဦးမယနော်အစ်ကို၊ ညနေကျရင်သာ ဆက်ဆက် လာခဲ့ပါနော်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

သူက ခေါင်းညိတ်၍ လက်ဖက်ရည်ဆိုင်၌ ကျန်ခဲ့သည်။

* * *

## အခန်း (၁၂)

ချွေးတလုံးလုံးနှင့် ချက်ရပြုတ်ရသည်ကို မောသည်ပန်းသည် မထင်မိ။ တစ်နေ့လုံး ပျော်နေသည်။ ချက်ပြုတ် ကူညီရာတွင် ဒေါ်လေး၏ အကြည့်ကိုတော့ သတိထားရသည်။ ထူးထူးခြားခြား ဖြစ်နေသော ရှုပါကို အမေက "ဘယ်က ညှော်သည်လဲ သမီး" ဟု မေး၏။

"မန္တလေးက အမေ၊ သမီးတို့ အန်တီ ဒေါ်ခင်ခင်ကြီး၊ မသင်းရီတို့ အသိပါ"

"ဪ"

ရှုပါ လုပ်သည်ကို မည်သည့်အခါမှ ကန့်ကွက်စကား မဆိုသော အမေက ဤတစ်ခါလည်း အသိအမှတ် ပြုသည့် အနေ ဪ တစ်လုံးသာ ရေရွတ်သည်။





အမှန်က အမေသည် ရှုပါ၏ ဆန္ဒကိုသာ မဟုတ်၊ အဖေ၏ ဆန္ဒ၊ ဒေါ်လေး၏ ဆန္ဒကိုလည်း ဘယ်သောအခါမှ ဆိုးသည် ကောင်းသည် ဝင်ပြောတတ်သူ မဟုတ်။ အေးအေးဆေးဆေး နေတတ်သူသာ ဖြစ်သည်။

သူ့ကို သူ မလုံသော ရှုပါကသာ။

"ဒီက ထမင်းကျွေးပြီးရင် အန်တီဒေါ်ခင်ခင်ကြီးနဲ့ မသင်းရီတို့အိမ်ကိုလဲ သမီးပဲ လိုက်ပို့ရမယ် အမေ"

"တစ်ယောက်တည်းလား"

"ဟုတ်ကဲ့"

"အမျိုးသားလား၊ အမျိုးသမီးလား"

"အမျိုးသားပါ အမေ"

နှည်းနည်း ရင် ထိတ်သွားသည်။ တစ်ခါမှ စေ့စေ့စပ်စပ် မမေးဖူးသော အမေက ဤတစ်ခါ သူ့ကို ကြည့်၍ မေးခွန်း ဆက်နေ၏။ သူ့ အမူအရာများ ပျက်နေ၍လားဟု ရင်ခုန်သွားသည်။ ကိုယ်ရှိန်သတ်ရ၏။

"လူကြီးလား သမီး"

"သမီးတို့အရွယ်ပါအမေ၊ လူငယ်တစ်ယောက်ပါ"

"အရောင်းအဝယ် သမားပဲလား"

ဗုဒ္ဓေါ်ဟု ဘုရား တမိလိုက်သည်။

"မ မဟုတ်ပါဘူးအမေ၊ သူ့အစ်ကိုက အေးပြင်မှာ နာရီ ပြင် ဆရာပါ၊ ရတနာကို လာလည်တာ"

"ဪ"

အမေ၏ ကြားနေကျ 'ဪ' ကို ဒုတိယမို့ ကြားရမှ သက်မ ချမိ လိုက်သည်။ အရောင်း အဝယ် သမားပဲ လားဟု

မေးတာ ဟုတ်ပါတယ်ဆို ပိုအဆင်ပြေလျက်နှင့် အပြောမှား သွားသည်ကို အမေ အခန်းထဲ ဝင်သွားသည်ထိ တွေးနေမိသေး၏။ အရောင်းအဝယ် သမား ဆိုရင်တော့ အမေက ရှည်ရှည်ဝေးဝေး မေးမည်မဟုတ်။ အရောင်းအဝယ်သမားလူကြီး လူငယ် မိန်းမ ယောကျ်ားတွေကိုတော့ ကျေးမွေးညွှန်နေကျ မို့ အမေ့အမြင်မှာ ရိုးနေမည်။

တော်သေး၏။ အဖေက မရှိ၍။ အဖေကတော့ အမေး အမြန်း ရှည်တတ်သည်။ သမီးကို ချစ်သော အဖေသည် သမီးနှင့် ပတ်သက်လာလျှင် စိုးရိမ်စိတ်က အမြဲ သူ့ကို အနှောင့်အယှက် ပေးတတ်၏။ ထို့ကြောင့်လည်း အရောင်း အဝယ်ကိစ္စကိုပင် မလွှဲမရှောင်သာမှ တစ်မြို့ တစ်ရွာသို့ လွှတ်တတ်သည်။ မန္တလေးကတော့ ရှုပါကို အဖေက စိတ်ချသည်။ မန္တလေးတွင် မိတ်ဟောင်းများ ရှိသည်။ ယုံကြည် စိတ်ချရသည်။ ရှုပါကလည်း မန္တလေးနှင့် ရတနာလမ်းခရီးကို ငယ်ငယ်ကပင် သွားလာနေကျမို့ လွှမ်းသည်။ ရွာခံ မြို့ခံ အိမ်နီးချင်းတွေလည်း အမြဲ ပါသဖြင့် စိတ်ချသည်။

× × ×

"အမေ့"

"ဟဲ့ ဘာလဲ ဘာလဲ"

သူ့ဘာသာ သူ ရေချိုးရန် ရေအိမ်ထဲ ဝင်သည်။ စိမ့်ကန်ထဲက ဖလားနှင့် ရေခပ်၍ ကိုယ်ပေါ် လောင်းချတော့ အမေ့ဟု





လန့်အော်သည်။ ဤသည်ကို ဒေါ်လေးက အထိတ်တလန့်ဖြစ်ပြီး ဟဲ့ ဘာလဲ ဘာလဲ ဟု မေးပြီး ပြေးလာသည်။ ချက်ချင်း ရေအိမ်ဝက တံခါးကို လာတွန်း၏။

"အို ဒေါ်လေး"

တံခါးခလုတ်က မမိတမိဖြစ်နေ၍ တံခါး ပွင့်သွားသည်။ ကိုယ်တုံးလုံး ဖြစ်နေသော ရှုပါက ဒေါ်လေးကို ပြန်လန့်၍ တံခါးကို ကမန်းကတန်း ပြန်ဆွဲပိတ်ရသည်။

"ဟဲ့ ဘာဖြစ်တာလဲလို့"

"ဟီး ချမ်းလိုက်တာ၊ ချမ်းလို့ အော်မိတာပါ ဒေါ်လေးရယ်"

"ခွေးမ၊ ငါက ရေအိမ်ထဲ ချော်ချက်များ လဲမိလားလို့ ရင်ထိတ်သွားတာ"

အဟဲ့ ဟု မလိုမလဲ ရယ်ပြီး ဒေါ်လေးကို ရေငုံကြီးနှင့် ဝူး ဟူး ဟူး ဝေါင် ဝေါင် ဟု ခွေးလို နောက်ဟောင်ပြလိုက်သည်။

"နင်တော့ ဒီနေ့ တစ်ခုခုပဲ"

ပြန်သွားရင်း ပြောသွားသော ဒေါ်လေး စကားကြောင့် ဘုရားရေ ဟု မျက်လုံးပြူးသွားမိသည်။ ကိုယ်ရှိန်သတ်မှ ဖြစ်တော့မည်ကို သတိရသည်။

ရေချိုးပြီးသောအခါ မွေးပွပဝါကြီး ခြုံ၍ ရေအိမ်ထဲက ခပ်ကုပ်ကုပ် ထွက်လာသည်။ မသိမသာ ဒေါ်လေးကို ကြည့်မိ

ခါမှ ဒေါ်လေး လှမ်းထိုးသော မျက်စောင်းနှင့် ဆုံမိသွားရ ပြန်သည်။ ပခုံးတွန့်ပြမိသည်။

ရင်ထဲ ဒိန်းခနဲ တစ်ချက် ခုန်သွားသည်။ နင်တော့ တစ်ခု ခုပဲဟု ဆိုထားသဖြင့် ဒေါ်လေးကို ရှိန့်နေသည်။ ဘာ တစ်ခုခု ရမှာလဲ၊ ဘာ တစ်ခုမှ မရဘူး ဟုလည်း စိတ်ထဲက ပြန်ပြော နေမိ၏။ ညနေက အထာပွဲ သွားမိလိုက်လျှင်လည်း ကောင်း သား။ ညနေက အထာပွဲ သွားမိ၍ ရှုပါ ဤကဲ့သို့ မြူးနေသည် ကိုဘာ ဒေါ်လေး မြင်လျှင်တော့ ပြုံးပြုံး ပြုံးပြုံးနှင့် သူ့ အနား ကပ်လာပြီး ကလေးပြောစမ်း၊ ဘယ်လောက် ရောင်းခဲ့ ရလဲ၊ ဘာဝယ်လာလဲ၊ ပြစမ်း ဟု အကင်းကပ် မေးပေမည်။ ဒေါ်လေးမှာ ရတနာသူဖြစ်ရာ ရတနာနှင့်ပတ်သက်လျှင် ကြည့် ချင် မြင်ချင်စိတ် အမြဲ ရှိသည်။

ယခုတော့ အထာပွဲလည်း ညနေက မသွားမိသဖြင့် ဒေါ် လေးလည်း အတွေးခေါင်ကောင်း ခေါင်နေမည်။ သူ့ အနေ မှာလည်း မေးလျှင် ဘာ ဖြေရမှန်း မသိ။ ခါတိုင်း အမေ မရှိ လျှင် ရေချိုးပြီးတိုင်း ဟီး ဟီး ချမ်းလိုက်တာ၊ ချမ်းလိုက်တာ ဟု အော်ပြီး အိမ်ပေါ်သို့ ပြေးတက်သော ရှုပါမှာ ဤတစ်ခါ တော့ လေ့ကားထစ်ကိုပင် ပြင်းပြင်း မနင်းဝံ့ ဖြစ်သွားလေ သည်။

ကိုယ်ရုံမွေးပွ ပဝါထဲက လက်နှစ်ဖက်ကို ရှေ့ထုတ်လိုက် သည်။ သားရေကြက် ထိုင်ခုံလေးကို ခြေထောက်နှင့် လှမ်းရွှေ့





လိုက်ကာ အလှပြင် ကိုယ်လုံးပေါ် [illegible]တွင် ထိုင်ချလိုက် သည်။

မျက်နှာကမူ အ[illegible]နေစရာ[illegible]လို။ တို့ဖတ်ပဝါနှင့် ပေါင် ပါပါးပါး ရိုက်လိုက်၏။ ပေါင်ဒါ ထူသွားလျှင် ပင်ကို နီစွေ့ သော ပါးအို့နှစ်ဖက်၏ အလှသည် ပေါ်မည် မဟုတ်။ မှိန် သွားမှာ စိုးရသည်။

ထူထဲ ကျယ်ပြန့်သော မျက်ခုံးနှစ်ဖက်၏ အပေါ်နှင့် အောက်ကို ဘလိတ်ဓားနှင့် မသိသာအောင် ညှိရိတ်သည်။ မျက်ခုံးမွေးဆွဲ ခဲတံအညိုလေးနှင့် မျက်ခုံးနှစ်ဖက်ကို အရောင် ပြင် ညှိဆွဲသည်။ ကွေးကွေးကုပ်ကုပ်မျက်ခုံးနှင့် ရှုပါနှင့် မလိုက် ဟု သူငယ်ချင်းတွေက ပြောဖူးကြသည်။ ထို့ကြောင့် ခပ်ကော့ ကော့သာ ထားရ၏။ ပင်ကိုမျက်ခုံးထက် မသိမသာ ရုံ ကော့ ကော့လေး။

မျက်ခွံပေါ်တွင် စုတ်တံလေးကို အကြိမ်ကြိမ် ခါ၍ ခရမ်း အပြာနုနုလေး တင်သည်။ မျက်ရစ်တွင် လိုင်နာတင်လိုက်၏။ မျက်တောင်များကို ညှပ်လေးနှင့်ဆွဲ၍ ကော့သည်။ တစ်ချောင်း လိုက် တစ်ပင်လိုက် ခွဲခြား၍ ကြည့်ကောင်းအောင် ဖြန့်လိုက် သည်။

ရှန်းလက်သော မျက်လုံးအစုံနှင့် မိမိမျက်နှာကို မိမိ ငေး ကြည့်ရသည်။ မိမိမျက်နှာကို မိမိ ပြန်ကြိုက်မဘတ် အထပ်ထပ် အခါခါ ကြည့်ပြီးမှ အကျီ လုံချည် လဲသည်။ ကိုယ်လုံးပေါ် မှန်တွင် တစ်ကိုယ်လုံးကို လှည့်ပတ် ကြည့်ရသေးသည်။

ဇာခန်းဆီး၏ ရွှတ်တရက် လှုပ်ရှားသွားသော အရိပ်သည် မှန်ပေါ် လာထင်သဖြင့် လန့်သွားမိသည်။ ဒေါ်လေး၏ မျက်နှာက ဖွေးခနဲ ပေါ်လာသဖြင့် လှည့်ကြည့်လိုက်၏။ ဒေါ်လေးသည် သူ့ကို စိမ်းစိမ်းကြည့်နေ၏။ ရှက်ရွံ့သွားမိသည်။ ဘာ လုပ်ရမှန်း မသိ။ ဘာ ပြောရမှန်း မသိ။

ဒေါ်လေးနှင့် သူ ပြိုင်တူ သက်မ ချမိလိုက်ကြသည်ဟု ထင်သည်။

"ငါ သိပြီ၊ ငါ သိပြီ"

ဒေါ်လေးက ချက်ချင်း လှည့်ထွက်သည်။

"ဟင် ဒေါ်လေး ဘာ သိတာလဲဟင်၊ ဘာ သိတာလဲ"

ပြေးထွက်ပြီး ဒေါ်လေးလက်ကို အတင်း ဆွဲထားရ၏။

ဒေါ်လေးက သက်ပြင်း တစ်ချက်ကို ရှည်လျားစွာ ရှိုက်သည်။

"အဲဒါကြောင့် ငါ ထင်တာ"

'ဘာကို ထင်တာလဲ ဟင် ဒေါ်လေး၊ ဘယ်လူ ဘာ ဖြစ်...."

"ဖယ်စမ်းပါဟယ်၊ ငါလဲ ငယ်ရုက ကြီးလာတာပါနော် ကျောင်းအမ"

"ဟင် ဒေါ်လေးကလဲ ဘာလဲလို့ ဆိုနေ"

ဒေါ်လေး ပုတ်ထုတ်လိုက်သော လက်ကို အတင်း ပြန်ဖမ်းဆွဲဆုပ်၍ ငိုသံလေးမဲ့မဲ့နှင့် မေးရ၏။ စိတ်ထဲကတော့ မလုံပြီ။ ရင်ကလည်း အရမ်း ခုန်နေပြီ။

"ဟင် ဒေါ်လေး ဘာ သိတာလဲလို့ ဆိုနေ"

လက်ကို ဆွဲလှုပ်၍ ထပ်မေးရင်း....





"နင့်ရည်းစားကို ထမင်းကျွေးမလို့ ကတော်နေတာ မဟုတ်လား"

"ဟင် ဒေါ်လေးကလဲ"

"ဘာ ဒေါ်လေးကလဲ လဲ၊ မဟုတ်ဘူးလား"

"ဟင်သူများကို မဟုတ်ဘဲနဲ့"

"ဘာ မဟုတ်တာလဲ၊ မနက် ဈေးပြန်ကတည်းက ဂနာကို မငြိမ်ဘူး၊ တစ်ခါတည်း ဖျပ်ဖျပ်ကို လူးနေတာပဲ၊ အဲဒီကတည်းက ငါ ထင်လိုက်သား"

"မေမေ ကြားသွားပါဦးမယ် ဒေါ်လေးရယ်၊ သူများကို မတရား မပြောပါနဲ့"

"ဟဲ့ သောက် ငါ တယ်"

ပေါင်ကို ဆွဲဆိတ်တော့ ဒေါ်လေးက အော်၏။

"ကြား ကြား၊ တမင်တောင် ပြောရဦးမယ်"

"မဟုတ်ပါဘူး ဆိုနေ၊ အန်တီ ဒေါ်ခင်ခင်ကြီးနဲ့ မသင်းရီကို မေးကြည့်၊ ဒေါ်လေး မယုံရင်"

"တောင်းပါတော့နော် ရှုပါ၊ နင် ငါ့လက်ပေါ်မှာ ကြီးလာတာပါလဲ၊ နင် ငါ့ကို မုန်လာဥ မလုပ်ပါနဲ့"

ရှုပါ နှုတ်ခမ်းစူပစ်လိုက်သည်။

ဒေါ်လေးကို ဘယ်လိုမှ ပြော၍ ယုံကြည်တော့မည် မဟုတ်။

"ဒေါ်လေးက မေမေ့ကို တိုင်မယ်ပေ့!"

"ဘာ ခုမှ ကြောက်ပါပြီလဲ"

"ပြောလေ၊ ဘယ်ဈေး ပေးရမလဲ"

ရှုပါက နောက်တော့ ဒေါ်လေးက ရယ်ချင်သွားသည်။

"ပါတဲ့ ကျောက်ကိုလဲ ပြစမ်းပါဦး၊ ကြိုက်ဈေးပေးမှာပါ"

"ဟဲ့ ခွေးမလေး၊ သော[redacted]မယ်"

"ဟိ ဟိ"

အတွင်းခံ အင်္ကျီ ခါးပုံစကို ရှုပါက နောက်မှ ဆွဲလိုက်ရာ လုံချည်ပါ လျှောကျသဖြင့် ဒေါ်လေးက လုံချည်ကို ကမန်းကတန်း လက်နှင့် ဖမ်းချုပ်သည်။ ပြီး ရှုပါကို ဆဲ၍ ရိုက်ရန် လိုက်၏။

ရှုပါက တဟိဟိရယ်၍ အောက်ထပ်သို့ ဆင်းပြေးလာသည်။

*　　*　　*



## အခန်း (၁၃)

"ဟိုဘက်က တိုက်ပါရှင်"

"ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့ ခင်ဗျာ၊ ကျေးဇူးပါပဲ"

ခြံဝတွင် ထွက်စောင့်နေမိ သော်လည်း ပထမ သူမေးသံကို မကြားလိုက်ရ။ အိမ်ရှင်၏ လမ်းညွှန်သံနှင့် ဒုတိယ သူ၏ ကျေးဇူးတင်ကြောင်း ပြောသံကို သဲ့သဲ့ကြားလိုက်ရ၏။

ရှုပါ ချက်ချင်း ရင်ခုန်သွားသည်။ သူ လာပြီ။

ခုံတန်းပေါ်က ထလိုက်သည်။ ခြံတံခါးနားသို့ ခြေလှမ်းကို ရွေ့လိုက်၏။ တောင်းစောင်းအောက် ကာထားရာ လမ်းမသို့ လှမ်းကြည့်သည်။ ကျောက်းတုံးတွေစီထားသော လမ်းအတိုင်း သူ တက်လာ၏။

ရှုပါက ကျောက်လှေကားထစ်ထိပ်တွင် သူ့ကို ရပ်ပြလိုက်သည်။ ရှုပါကို မြင်သွားသည်။ သူ့ခြေလှမ်းက ပိုသွက်လာ

သည်။ အနားသို့ ရောက်သော အခါ "စောင့်နေတာ ကြာပြီလား ညီမ၊ ကျွန်တော် နည်းနည်း နောက်ကျ နေလား" ဟု ဆိုသည်။

"မကြာသေးပါဘူး အစ်ကိုရယ်၊ အစ်ကိုက အောက်လမ်းက တက်လာတာကိုး၊ အပေါ်လမ်း လာရင် ဟိုလှေကားက ဆင်းလိုက်တာနဲ့ ညီမတို့တိုက် ဧည့်ခန်းရှေ့တစ်ခါတည်းရောက်တာ"

"ကိုယ်က လမ်းမှ မသိတာ၊ အောက်လမ်းက ပိုကျယ်တော့ အောက်လမ်းကပဲ လာမိတာ၊ ဟုတ်သားပဲ၊ ခေါင်မိုးပေါ်မှာလဲ တစ်လမ်းပါလား"

တောင်စောင်းတွင် ဆောက်ထားသော တိုက်ပေါ်ရှိ ကားလမ်းနှင့် အုတ်လှေကားလေး လုပ်ထားရာ လူဆင်းလမ်းဘက် လှမ်းကြည့်သည်။ သူက အံ့ဩသလို ဆို၏။

"ညီမတို့မြို့က တောင်ပေါ်မြို့ ဆိုတော့ ဒီလိုပဲ ကတ်သီးကတ်သတ်အိမ်ဆောက်ကြရတာ၊ အစ်ကိုတက်လာတဲ့လမ်းဘေးတာမ်းပါ၊ယံထဲက ကားရုံက ညီမတို့ ကားရုံလေ"

"ဟုတ်တယ်နော်၊ မြေပေါ်ပေမယ့် မြေညီမြေပြန့် ရှားတဲ့ အရပ်ပဲ"

"အစ်ကိုတော့ လမ်းတွေရော အိမ်တွေရော မျက်စိလည်နေမှာပဲ ထင်ပါရဲ့"

"လမ်းတွေ အိမ်တွေတင် မကဘူး၊ ရာသီဥတုပါ မျက်စိလည်နေတယ် ညီမရယ်"

"ရှင် ဘယ်လို အစ်ကို၊ ရာသီဥတုပါ"

"ဟုတ်တယ်လေ ညီမ၊ ကျွန်တော် တို့ဆီမှာ ခုဆို နွေလ မဟုတ်လား"





"ဒီမှာလဲ နွေလပါ အစ်ကိုရယ်၊ တပေါင်းလလေ"

"ဒါပေမယ့် သိပ်ချမ်းတော့ ကျွန်တော်က ညီမတို့အရပ်ကို နာမည်တစ်ခု ပေးထားတယ်"

"ဘာ နာမည်လဲ အစ်ကို"

"နွေမရှိတဲ့ အရပ်လို့လေ"

"နွေမရှိတဲ့ အရပ်ဆိုတော့ အေးချမ်းတာပေါ့၊ မကောင်းဘူးလား"

"ကောင်းပါတယ်"

သူက ရွှေပါ၏ မျက်နှာကို တည်တည်ငြိမ်ငြိမ် ကြည့်နေ၏။

"အစ်ကို ဟိုဘက်တိုက်ကိုမှားမေးသံ ညီမကြားလိုက်တယ်"

"ဟုတ်တယ် ညီမရယ်၊ ကားဂိတ်မှာလဲ တစ်ခါ မေးခဲ့ရသေးတယ်၊ နန်းရာကုန်းသွားတဲ့ လမ်းဆိုတာနဲ့ လျှောက်လာတာ၊ လမ်းတွေက အိမ်ခေါင်မိုးတွေပေါ်မှာရော အိမ်ကပြင်ဘေးမှာရော ဆိုတော့ မျက်စိလည်တာပေါ့"

"ဘော်သေးတာပေါ့နော်၊ ရောက်လာတာ"

"ရောက်တော့ ရောက်တတ်ပါတယ်၊ ဒီလိုပဲ မေးလာရတာပေါ့"

"လာ အစ်ကို"

ရွှေပါနောက်က သူ လိုက်လာသည်။

"ဒေါ်လေးရေ ဧည့်သည်လာပြီဗျို့၊ ထိုင် အစ်ကို"

ရွှေပါသည် ဧည့်သည်လာကြောင်း ဒေါ်လေးကို အော်ပြောပြီး သူ့ကို ဧည့်ခန်းက ဆက်တီပေါ် ထိုင်ခိုင်းလိုက်သည်။

သူက မျက်လုံး ဝင့်၍ အိမ်ကို အကဲခတ်သည်။ ရွှေပါက သူ့အကြည့်ကို သတိမထားမိဟန်နှင့် သီချင်း ဖွင့်ထားသော ကက်

ဆက် ခလုတ်ကို သွားလှည့်သည်။ မန္တလေးရောက် ရှမ်းလေး တစ်ယောက် သီချင်းက တိုးသွားသည်။

"ဖေဖေတော့မရှိဘူး အစ်ကိုရယ်၊ မန္တလေးသွားမှယ်ဆိုပြီး မနက်ကပဲ သပိတ်ကျင်းဘက် ဆင်းသွားတယ်"

"ဟုတ်ကဲ့"

"အစ်ကို့ကို မေမေနဲ့ မိတ်ဆက် ပေးရဦးမယ်"

"ဟုတ်"

"ထမင်း မဆာ သေးဘူး ဆိုရင် နက်စ်ကော်ဖီ သောက်ပါ ဦးလား အစ်ကို"

"ဟင့်အင်း ဟင့်အင်း မသောက်တော့ဘူး ညီမ၊ မလုပ်နဲ့တော့၊ လမ်းကပဲ သောက်လာခဲ့လို့ပါ"

သူ ကမန်းကတန်း ဟန့်တားသည်။

မသီက အကြမ်း လင်ပန်းကို သူ့ ရှေ့က ခုံပေါ် လာချ၏။

"မသီရယ် မေမေ့ကို သမီးဧည့်သည် ရောက်နေလို့ ခဏ ဆင်းခဲ့ပါဦးလို့ နော်"

"ဟုတ်ကဲ့ မမ"

မသီ အပေါ်ထပ်သို့ တက်သွားသည်ကို ရှုပါ တစ်ချက် လှမ်းအကြည့်မှာ ဖဒါ လေး၏ မျက်နှာကို ထမင်းစားခန်းဝက ခန်းဆီးကြားထဲ လှစ်ခနဲ မြင်လိုက်ရ၏။ ရှုပါကို နှုတ်ခမ်း တမဲ့ ရွဲ့ပြသည်။

ရှုပါက အဟက်ခနဲ အသံ ထွက်သွား၏။ သူက သူ့ ကိုမျှား ရယ်သည်ထင်၍လား မသိ၊ ရှုပါမျက်နှာကို လှမ်းကြည့်၏။

"အစ်ကိုက တံကယ် လာတာကိုး"

"ဗျာ"





သူက အံ့ဩသံ ထွက်သွားသည်။

"ညီမက အစ်ကို လာမှ လာပါမလားထင်လို့ ဘာမှတောင် မလုပ်မိဘူး"

"ရောက်ဖူးတယ်ရှိတာပေါ့ ညီမရယ်"

"အဟင်း အားနာစရာကြီး"

"ကိစ္စမရှိပါဘူး ညီမရယ်"

တကယ် ထင်သွားပုံရသည်။ သူက ရှုပါနှင့် အတော်ရင်းနှီး နေပြီဖြစ်သဖြင့် စကားမရှိ စကားရှာပြောရင်းစာ နောက်သလို ဖြစ်သွားသည်။

အမေ ဆင်းလာတော့ သူက မတ်တတ်ထရပ်သည်။

"အမေ ဒါ ဒါ မန္တလေးက သမီးမိတ်ဆွေလေ"

"အေးကွယ့်"

"ဟုတ်ကဲ့ ခင်ဗျား"

"သမီးက မင်းကို ရှမ်းထမင်း ကျွေးမယ်လို့ အဒေါ်တို့ကို ပြောပါတယ်၊ အားမနာနဲ့နော်"

"ဟုတ်ကဲ့ ခင်ဗျား"

သူက ရှုပါကို မသိမသာ မျက်လုံးတစ္ဆေ့ ဝေ့သည်။ စော စောက ဘာမှတောင် မလုပ်မိဘူး ဆိုသည်ကို ပြန်သတိရ၍ ဖြစ်သည်။

"နာမည်က ကိုထွန်းကျော်တဲ့ အမေရယ်၊ အေးပြင်မှာ အစ်ကိုရှိလို့ လာလည်တာတဲ့၊ ဟြော် ဟိုနေ့က အစ်ကို ကား ပေါ်က ဆင်းတော့ အထက်ကျောက်တောင်မှာ ဆင်းကျန်ခဲ့ တာပဲ၊ အထက်ကျောက်တောင်ရွာမှာ အသိရှိလို့လား အစ်ကို"

"ဟုတ်ကဲ့၊ ညီတွေ ရှိပါတယ်"

"အေးကွယ့် လာလည်တဲ့ခါ ဖြည်းဖြည်းပေါ့နော်၊ မပြန်သေးရင် နောက်လဲ လာလည်ဦးပေါ့၊ သမီးအဖေတော့ ခရီးသွားနေတယ်၊ မင်းတို့ မန္တလေးလို လည်စရာ ပတ်စရာတော့ ရတနာကာ များများမရှိဘူးကွယ့်၊ ရွှေမြင်တင်တို့ ဖောင်တော်ဦးဘုရားတို့ကော ရောက်ပြီး ပြီလား"

"မရောက်ဖြစ်သေးဘူး အန်တီ"

"သူက ရတနာ ရောက်တော့ ဖျားနေလို့ အမေ၊ ခုတောင်နာလန်ထပဲ ရှိသေးတယ်တဲ့၊ အဲဒါကြောင့် သမီးတို့ဆီ လာလည်တာ နောက်ကျနေတာတဲ့၊ ဒီနေ့မနက်ကမှ ဈေးမှာ တွေ့လို့ ဖိတ်ခဲ့ရတာ"

"မြော် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျား၊ ဥတုပြောင်း ရာသီပြောင်း ဆိုတော့ တဒင်္ဂဖျားတာပါ၊ ခု သက်သာသွားပါပြီ"

"မင်းတို့ မန္တလေးကတော့ ခုဆို သိပ်ပူရောပေါ့"

"ဟုတ်ကဲ့ ခင်ဗျား"

"အေးကွယ့် သမီးနဲ့ စကားပြောကြဦး၊ အဒေါ် အဓိဋ္ဌာန် ပုတီးပတ် မပြည့်သေးလို့"

"ဟုတ်ကဲ့ ခင်ဗျား၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့"

အမေ အပေါ်ထပ်သို့ တက်သွားသည်။

"အစ်ကို ထမင်းစားတော့မလား"

သူက ရှုပါ၏ မျက်နှာကို ကြည့်သည်။

"နို့ ညီမက လာမယ်မထင်လို့ ဘာမှ မလုပ်မိဘူးဆို"

"ဟင်း ဟင်း ထမင်းမစားခင် တခြားစားစရာ တွေရာကမှာ မလုပ်မိတာကို ပြောတာပါ အစ်ကိုရယ်"





"အစက ကိုယ်လဲ အေး ကျွန်တော်လဲ ညီမစကားကို ကြောင်သွားတယ်၊ အန်တီပြောမှ ဟဲ ဟဲ"

"စားတော့မလား"

"အန်တီကို မစောင့်တော့ဘူးလား"

"အမယ်လေး မေမေ့ကိုသာ ထမင်းစားစောင့်ရင် အစ်ကို ညအိပ်နေရလိမ့်မယ်"

"ဘာဖြစ်လို့"

"ပုတီးစိပ်ပြီးရင် သောက်တော်ရေ ကပ်၊ ဘုရား ဝတ်တက်ဦးမယ်၊ အမေက ညခုနစ်နာရီကျော်မှ ထမင်းစားမှာ"

သူက အပေါ်တက်လှေကားဘက် တစ်ချက် လှမ်းကြည့်သည်။ "ဪ ဪ" ဟု ဆိုပြီးမှ–

"စားကြတာပေါ့ ညီမရယ်၊ ဒေါ်ခင်ခင်ကြီးနဲ့ မသင်းရီတို့ဆီလဲ လိုက်ပို့ဦးမယ်ဆို"

"ရပါတယ်အစ်ကိုရယ်၊ အစောကြီး ရှိသေးတာပဲ"

"ကျွန်တော်က အေးပြင်ထိ ပြန်ရမှာ"

"အေးပြင်က ဘယ်လောက် ဝေးတာမှတ်လို့ အစ်ကိုရယ်၊ ညီမ ကားနဲ့ လိုက်ပို့ပေးမှာပါ"

"အားနာစရာများ"

"အို အစ်ကိုကလဲ လူချင်း ဒီလောက် ခင်နေကြတာ၊ အားနာစရာ မှတ်လို့"

အပြောနှင့် မျက်စောင်း တစ်ချက်ကို သူက သက်ပြင်း ချ၏။

"ကဲ မိန်းကလေး ဧည့်သည်ကို ခေါ်လေ၊ အားလုံး အဆင်သင့် ဖြစ်ပါပြီ၊ လာကြ၊ လာကြ"

သူနှင့် ရှုပါတို့ ပြောနေသည်ကို ကြားသော အဒေါ်က လာခေါ်၏။

"ဒါ ညီမရဲ့ အချစ်ဆုံး ဒေါ်လေးလေ အစ်ကို၊ မနက်က မျှော်လာတာ ဒီအဒေါ်နဲ့ပေါ့"

"ဟုတ်ကဲ့ ခင်ဗျား"

ထမင်းစားခန်းသို့ ရွှေ့ရွှေ့ လျှောက်ကြရင်း လမ်းတွင် မိတ်ဆက်ပေး၏။ အဒေါ်က ပြန်လှည့်ကြည့်၍ သူ့ကို ပြုံးပြ၏။

"အဒေါ်က လူပျိုကြီး၊ အေး ယောင်လို့၊ ဆော်ရီးအစ်ကို၊ ဒေါ်လေးက အပျိုကြီး၊ အဟဲ ဟဲ"

"ဒီကောင်မလေးဟာလေ"

"အပျိုကြီး ဆိုတော့ ရှက်တတ်တယ်လို့ ပြောမလို့ပါ ဒေါ်လေးရယ်၊ ရှတ်တရက် လျှာ ဆလှစ်ဖြစ်သွားလို့ အဟဲ့"

"မင်းမြင်တဲ့ အတိုင်းပါပဲကွယ်၊ သူ့အမေ မွေးကတည်းကဲ ငါ့တူမလေးဟာ အကောင်းမှု ခြေလက်အင်္ဂါစုံ အချောင်း ပကတိပါ၊ ကြီးလာမှ ဝမ်းတွင်းရှူးမှုန်း သိကြရတာလေ၊ ဘယ့်နှယ်လုပ်မလဲ၊ တောင်းဆိုးပလုံးဆိုး မဟုတ်တော့လဲ ဒီလိုပဲ ဟင်းဟင်း၊ ဟဲ့ နင် မှုဟုတ်ဘူးလားလို့၊ အရှူးမဟုတ် အကောင်း မဟုတ် ပြောနေတာ"

ဒေါ်လေးက အတည်ပေါက်နှင့် သူ့ကို နောက်ပြောတော့ ပထမ သူ မျက်နှာတစ်ချက် ညှိုးသွားသည်။ နောက် ရှုပါက ဒေါ်လေးကို လှမ်းထု၍ ဒေါ်လေးက တခစ်ခစ်ရယ်မှ သူလည်း တခစ်ခစ် ရယ်တော့သည်။

"ထိုင် အစ်ကို"

"ဟုတ်ကဲ့"





သူ့ဘက်သို့ ကုလားထိုင်ကို ရွှေ့ပေးလိုက်သည်။ သူကား အရယ် မရပ်သေး။

"မနက်က မေ့လို့ မမေးလိုက်မိဘူး၊ အမဲသား စားလား အစ်ကို"

"စားပါတယ်"

"ဝက်သားကော"

"ဝက်သားလဲ စားပါတယ် ညီမ"

ဇွန်း ခက်ရင်း ထည့်ထားသော ကြွေဇလုံထဲ ရေနွေးလောင်း ချရင်း ဒေါ်လေးက ရှုပါ၏ မျက်နှာကို ကြည့်သည်။ ကြင်နာ နေလိုက်တာ နင်တော့ နေနှင့်ဦးဟူသည့် အကြည့်ပင်။ ရှုပါက ဒေါ်လေးကို ပြန်ကြည့်သည်။ လက်ထဲက ရေနွေးခွက်ဘူးကို ရွှေ့လိုက်သည်။

ဒေါ်လေးဆီ အာရုံရောက်သွားသဖြင့် ရှုပါက သူ့ဖြေသံကို နားထွေးသွားသည်။ ထပ် မေးရ၏။

"စားပါတယ်နော်"

"စားပါတယ် ညီမ၊ ဘာဖြစ်လို့လဲ"

"ဩြော် နံပေါင်ကြော်နဲ့ ဟင်းထုပ်ကဲ ဝက်သား အမဲသား နဲ့ လုပ်ထားလို့ပါ"

"စားပါတယ်"

"ဒါက သားရေကြော်လေ အစ်ကို"

"ဟုတ်ကဲ့"

"ဒါက စွန်တန်ဟင်းချို၊ ကြက်သွန်ကြော်နဲ့ဆီချက်၊ ငါး ပွတ်ကတော့ အစ်ကို ကြိုက်သလို ထည့်သုပ်စား၊ ဒါက အသား သက်သက် စဉ်းဆော လုပ်ထားတာ"

ဟင်းခွက်ပန်းကန်တွေကို သူ့ဘက်သို့ ရွှေ့သည်။

"ဟာ ဟင်းအမည်တွေက များလှချည့်လား၊ ကျွန်တော်

တော့ ဘယ်လို စားရမှန်းတောင် မသိဘူး၊ ဒီအလုံးကြီး

ကကော"

သူ့ ကြွေပန်းကန်ပေါ် လှလှပပ ထည့်ထားသော ရှမ်း

ထမင်းလုံးကို ခက်ရင်းနှင့် ထိုးလိုက်၍ ဆိုး၏။

ရှမ်းထမင်းလုံးကို ဒီအလုံးကြီးဟု ဆိုသဖြင့် ထမင်းပွဲ ပြ

ပေးနေကြသော ဒေါ်လေးတို့က ရယ်ကြသည်။

"ရှမ်းထမင်း ကြိုက်တယ်ဆို၊ သက်သက် ညာတာနဲ့တူတယ်

ရှမ်းထမင်းလုံးတောင် ဘာကြီးမှန်း မသိတော့"

"ကျွန်တော်က ဆိုင်က သုပ်ပေးတာပဲ စားဖူးတာ ညီ

ရယ်၊ အန်တီတို့လဲ တစ်ခါတည်း ဝင်စားကြပါလားခင်ဗျား"

"စားကြပါကွယ်၊ အန်တီက ညနေ မိုးချုပ်မှ စားတတ်

လို့ပါ"

"ဒေါ်လေးကလဲ ပုတီးစိပ်တယ်လေ အစ်ကို၊ ပုတီးစိပ်ပြီး

မှ ထမင်းစားတာ"

ဒေါ်လေးကို သူက တစ်ချက် မော့ကြည့်သည်။ ဒေါ်လေး

က သူ အားနာနေမည်စိုး၍ သူ့ကို နှုတ်ဆက်ကာ ပုတီးစိပ်

ရအောင်ဟု အိမ်ပေါ်ထပ်သို့ တက်သွားလေသည်။

"အစ်ကိုတို့ သားအဖက ရှမ်းထမင်းကြိုက်တယ်ဆို၊ အိမ်

မှာ တစ်ခါမှ ရှမ်းထမင်း လုပ်မစားဘူးလား"

"မေမေက မလုပ်တတ်ဘူးလေ"

"ကိုယ့်ခင်ပွန်း ကြိုက်တတ်မှန်း သိသားနဲ့ သင် မထားဘူး

လား"





"အဖေက အခုမှ သိပ်ကြောက်ရတာ၊ ဘာဟင်းချက်ပါ၊

ဘာဟင်းစားချင်တယ်၊ ဘာဟင်းမကောင်းဘူးလို့ ညည်းတာ

တစ်ခါမှ မကြားဖူးဘူး၊ ဖေဖေ အိမ်မှာ ထမင်းမစားချင်ရင်

သားအဖနှစ်ယောက် ဆိုင်မှာ ထွက်စားကြတယ်၊ အမေ့

ကြောက်လို့ ဟင်း မကောင်းဘူး မပြောရဲဘူး"

"ယောကျ်ားပဲ ကြောက်လို့ရယ်တော့ ဟုတ်မယ် မထင်ပါ

ဘူး အစ်ကိုရယ်၊ ဇနီးသည်ကို ချစ်လို့ ကြင်နာလို့ နေပါသိမ့်

မယ် အဟဲ"

သူ့မျက်နှာကို ကြည့်၍ ရယ်မိသွားသည်။

ရွှေပါ့စိတ်ထဲမှာ မိန်းမ ကြောက်ရသည်ဆိုသော သူ့အဖေ

ကို ပုံမှန်း ကြည့်နေမိသည်။ သူလို အေးအေးမှန်မှန် သိမ်သိမ်

မွေ့မွေ့ပင် ရှိလိမ့်မည်ဟု ထင်သည်။ မိန်းမများသည် သွေး

အေးသူများကို မနှစ်မျို့တတ်ကြသည်မှာ မှန်တာ သဘောလေ

လားဟု ခတွေးကောမိသည်။ သို့သော် ရွှေပါကတော့ သွေးပူတတ်

သူများကို မကြိုက်ပြန်ပေ။ မိမိကိုယ်တိုင်က သွေးပူတတ်၍လား

မသိ။ လူဆိုသည်မှာ ဆန့်ကျင်ဘက်ကို စိတ်ဝင်စားတတ်ကြ

သည်။ မိမိတွင် မရှိသော အရာ၊ မိမိ မစွမ်းဆောင်နိုင်သော

အရာများကို အထင်ကြီးတတ်ကြသည်။

ရိုး၍ အေးငြိမ်းပုံရသော သူ့အသွင်ကို ရွှေပါ ကားပေါ်၌

တွေ့စကပင် စိတ်ဝင်စားမိသည်။ ရင်းနှီးလာသောအခါ ပို၍

လေးစားမိသည်။ သူသည် လူငယ်ပင် ဖြစ်သော်လည်း လေး

စားစရာ ကောင်းသည်။ ဆင်ခြင်တုံတရားလည်း ရှိသူဟု ပို၍

အထင်ကြီးမိသည်။

"ဟင် အစ်ကို"

ရှုပါက ထပ်မေးသည်ကို သူက ဘာမှ မဖြေဘဲ ရှုပါ၏ မျက်နှာကို ခဏ ငေးနေသည်။

"ဟုတ်တယ် မဟုတ်လား အစ်ကို၊ အဖေက အမေ့ကြောက်လို့ရယ်တော့ ဟုတ်မယ် မထင်ပါဘူး၊ ချစ်လွန်းလို နေမှာပေါ့နော်"

"ဒါလဲ ဖြစ်နိုင်ပါတယ်၊ မင်းယောကျ်ားများဟာ အချ အတွက်ဆိုရင် ဘာမဆို"

"ဘာလဲ အစ်ကို၊ ဝင်ဆာမြို့စားအကြောင်း ပြောမလို လား"

ရှုပါက သူ့မျက်နှာကို အပြုံးနှင့် လှမ်းကြည့်၍ မေး၏

"နန်းစွန့်ရုံတင် ဘယ်ကမလဲ ညီမရယ်၊ အသက်ကိုတော စွန့်မယ်လို့ ကိုယ်တို့ အလာတုန်းက ကားပေါ်မှာ ရတနာသာ ညီအစ်ကိုတော်တွေ ပြောသွားသံ ကြားမိလိုက်သလားလို့"

ဇော်မြင့်အောင်နှင့် ထူးမင်းသိန်း ညောင်းဝိုင်း လက်ဖက် ရည်ဆိုင်တွင် ရှုပါအား ရိသွားကြသည်ကို သတိတရ ပြော သည်။ ရှုပါက ဇော်မြင့်အောင်နှင့် သူ့ကို ထင်နေသလား ဟ သော စိုးရွံ့စိတ်နှင့် မျက်နှာ နီသွား၏။ အကွက်ဝင်သော အခါ မေ့ထားလိုက်မည်ဟူသော အတွေးနှင့် သူ့အပေါ် သံ ယောဇဉ်စကားကို ဆိုမိသည်။

"ဟင် အစ်ကို၊ အစ်ကိုကကော အချစ်အတွက် ချစ်သူ အတွက်ဆို တကယ်ကော အသက်စွန့်ရဲပါ့မလား"

"ဟဲ ဟဲ အစ်ကိုလဲ ယောကျ်ားပဲ ညီမရယ်၊ ဘာသားနဲ့ ထု ထားတာ မှတ်လို့"

"အချစ် သူရဲကောင်းကြီးပေါ့နော်"





သူက ဘာမှ ပြန်မပြောတော့ဘဲ ရှုပါ၏ မျက်နှာကို ပြုံး ကြည့်ကာ ခေါင်းညိတ်ပြသည်။ ရင်ထဲက ပိုနွေးသွားမိ၏။

ရေနွေးဇလုံထဲ လက်နှိုက်ဆေးပြီး သူ့ပန်းကန်ကို လှမ်းယူ လိုက်သည်။ ဆိချက်၊ ကြက်သွန်ကြော်၊ ငါးပြုတ်၊ အသား ..း၊ အသားဟင်းကို ရော၍ သုပ်လိုက်သည်။

"ကဲ အစ်ကို စားကြည့်ပါဦး၊ ဘာလိုသေးလဲ"

"ငါးကြိုက်ရင် ငါးပြုတ် ထပ်ထည့်ဦးလေ"

"တော်ပါပြီ ညီမရယ်၊ ကောင်းပါတယ်"

"ဝက်သားချဉ်ကော အစ်ကို၊ စားလို့ ရရဲ့လား"

"ရပါတယ်၊ ဘာဖြစ်လို့လဲ"

"ဪ တချို့ မြေပြန့်သားတွေ ဝက်သားချဉ် မကြိုက် ..တွေ့ဖူးလို့ပါ"

အမေ၏ အိမ်ပေါ်မှ ကြေးစည်သံကို သူ နားစွင့်တာလား၊ ..စုံတစ်ခုကို တွေ့လိုက်တာလားတော့ ရှုပါ မထင်ကာတ် ဖြစ် ..းသည်။

သူ့လက်မှ ခက်ရင်းသည် နံပေါင်ကြော်ခွက်ကို ကျော်ကာ ..တန်ဟင်းချိုခွက်ထဲ နှိုက်မိသွား၏။

..ရယ်ချင်သော်လည်း သူ ရှက်သွားမှာစိုး၍ ပြုံးရုံသာ ပြုံးမိ ..ည်။ ဤသည်ကို ရိပ်မိလိုက်သော သူကမူ အိမ်ပေါ်က ..ကြေးစည်သံ ကြားတာနဲ့ ခက်ရင်းက စိတ်ကောင်းဝင်သွား ..သည်ဟု နောက်သလို အရှက်ပြေ ပြန်ပြောလေသည်။

"ကြေးစည်သံကြားတာနဲ့ ခက်ရင်းက ဘယ်လိုစိတ်ကောင်း ..င်သွားလို့လဲ အစ်ကို"

"ခြေဘ် ခက်ရင်းက အမဲသားပေါင်းဟင်းထုပ်ကို နှိုက်မလို့လုပ်တာ ကြေးစည်သံ ကြားတော့ စိတ်ကောင်းဝင်ပြီး ဘက်သတ်လွတ် ဖြစ်သွားတာလေ၊ စွန်တန်ဟင်းချိုခွက်ထဲ ရောက်သွားတာ"

"ဟင်း ဟင်း အစ်ကိုက ကြံဖန် ပြောတတ်တယ်"

ရှုပါက အရယ်ပင် သည်းသွားမိသည်။

ထမင်း စားပြီးကြသောအခါ အမေနှင့် အဒေါ်ကို သူက နှုတ်ဆက်သည်။ အမေနှင့် အဒေါ်တို့က နောက်လည်း မြို့ထဲ ရောက်လျှင် ဝင်လည်ရန် လောကဝတ်စကား ပြောကြသည်။

ရှုပါနှင့် သူသည် ဒေါ်ခင်ခင်ကြီးတို့ အိမ်ဘက် ထွက်လာကြ၏။

* * *

အခန်း (၁၄)

သူ ပြောသလိုပင် နွေပါးသောအရပ်၊ နေအားနည်းသော ရပ်မှန်း သိသာသည်။ အပြင်တွင် နေခြည်ရှပ်သွားပြီ။ မြင့်မားဝသီသော ကျောက်ပိုးထိုးတောင်ပေါ်၌သာ နေခြည်ပျပျကို မ်းမြင်ရသည်။

သူသည် ကျောက်တုံးလှေကားထစ်တွေကို သတိပြု နှင်းဆင်း ၎် အိမ်တွေ၊ တိုက်တာ အဆောက်အအုံတွေ၊ လမ်းတွေကို ကဲဝတ်လာမှန်း သိသာသည်။

"ဒီဘက် အစ်ကို"

ကားထားသော ကမ်းပါးယံစောင်းလမ်းမသို့ရောက်သော ခါ ဒေါ်ခင်ခင်ကြီးတို့အိမ်ဘက်ကို ရှုပါက လမ်းညွှန်စကား လိုက်သည်။

"လူချင်း တော်တော် ရင်းနှီးနေကြမှ"

"ဘာလဲ့ အစ်ကို"

ရှုပါက သူ့မျက်နှာ မော့ကြည့်သည်။ သူကတော့ ရှုပါကို မကြည့်ဘဲ ပြော၏။

"ဩော် လူချင်းသာ ရင်းနှီးနေကြတယ်၊ ညီမတို့အိမ်သား တွေတောင် ဘယ် နှစ်ယောက် ရှိမှန်း မမေးမိဘူး၊ ဟို အန်တီ ကတော့ ညီမအဒေါ် အရင်းနော်"

"ဟုတ်ပါတယ်အစ်ကို၊အမေ့ညီမအရင်းပါ၊ညီမကညီအစ်ကို မောင်နှမ မရှိဘူး အစ်ကိုရယ်၊ မေမေက ညီမတစ်ယောက်တည်း ပဲ မွေးတာ၊ အစ်ကိုတို့မှာကောဟင်၊ ညီအစ်ကို မောင်နှမ ဘယ် နှစ်ယောက် ရှိလဲ"

"ကျွန်တော်တစ်ယောက်တည်းပါပဲ၊ ဒါပေမယ့် မေမေက တစ်ယောက်တည်းမွေးတာကော့ မဟုတ်ဘူး၊ ဆုံးသွားကြလို့"

"ဩော်"

"ညီမနဲ့ အစ်ကိုက ကံတူ အကျိုးပေးလို့ ဆိုနိုင်တာပေါ့ နော်" သူက ဆိုသေးသည်။

"ဒေါ်ခင်ခင်ကြီးတို့အိမ်က ရှေ့က အိမ်လေး အစ်ကို"

"ဩော် ဟုတ်လား၊ အန်တီ ခင်ခင်ကြီး အမျိုးသားက ကော ဘာ...."

"အန်တီ ခင်ခင်ကြီးက အပျိုကြီး အစ်ကိုရယ် ဟဲ ဟဲ"

"ဩော် တစ်ယောက်တည်း နေတာလား"

"သူ့ညီမနဲ့လေ၊ သူ့ညီမလဲ အပျိုကြီးပဲ့"

ရှုပါ၏ စကားကို သူက ခေါင်းတညိတ်ညိတ် လုပ်၍ လိုက် လာသည်။





ဒေါ်ခင်ခင်ကြီးက "ဟဲ့ ငါက ဘယ်သူတွေ လဲလို့" ဟု အံ့ဩသလို ဆိုသည်။

"မောင်ရင်က တကယ် လာလည်ပေ်ရတာ ကျေးဇူးတင် တယ်ကွယ်"

"တမင် လာလည်မယ် မထင်ပါနဲ့ အန်တီ၊ ဒီက သူ့ကို ဈေးမှာ တွေ့လို့ ခေါ်လာရတာ"

သူက ဖျားနေကြောင်း ရှုပါနှင့် ဈေးမှာ တွေ့ကြောင်း၊ ထမင်းစားပိတ်၍ ထမင်း လာစားပြီး ပြန်လာကြောင်း ပြောပြ သည်။

ထမင်းတောင် လာစား နေပြီကိုး ဟူသော အကြည့် ဟု ထင်သည်။ ဒေါ်ခင်ခင်ကြီးက ရှုပါကို မျက်လုံးတစွေ့ စေ့ ကြည့်သည်။ ရှုပါက အန်တီလေးကောဟု ပကတိ အသံနှင့် မေး၏။

"ဈေးက ပြန်မလာသေးဘူးကွယ့်၊ ကော်ဖီ သောက်ကြ ပါဦး"

"ခုတင်ပဲ ထမင်း စားလာလို့ မသောက် တော့ ပါဘူး အန်တီ"

သူက ကမန်းကတန်း ဟန့်တားသည်။

"အချိုပဲ အစာကြေတာပေါ့ကွယ်၊ သောက်ပါဦး၊ မင်းကို အန်တီလဲ ထမင်းတစ်နပ် ကျွေးပါရစေ၊ ဘယ်တော့ ပြန်မလဲ၊ ထောက်တဲ့ပေါက်တဲ့အခါ ဖြည်းဖြည်းပေါ့နော်"

သူက ရှုပါကို မျက်ခုံးပင့်၍ တစ်ချက်ကြည့်သည်။ ရှုပါမှာ မလုံမလဲဖြစ်သွား၏။ သူ့အကြည့်ကြောင့်ပင် ဒေါ်ခင်ခင်ကြီး ကို အရှက်ပြေပြောလိုက်ရသည်။

"အန်တီ သူ့ကို ထမင်း ကျွေးမယ်ဆိုရင် ကြိုဖိတ်ထားမှ အန်တီရယ်၊ ကျွန်မတောင် မနက်က ကျွေးမလို့၊ ဖိတ်တာ လက်ခံပြီးသား ရှိနေလို့တဲ့၊ ခု ညနေမှ ကျွေးရတာ၊ သူ့ကို ကျွေးမယ့် မွေးမယ့်လူတွေ သိပ်ပေါနေတယ်လေ"

"ဟုတ်လား၊ သွားလေရာ လာလေရာမှာ လူချစ်လူခင်ပေါတာ ပါရမီကွယ့်"

"မဟုတ်ပါဘူး အန်တီရာ၊ ရတနာမှာ အသိဆိုလို့ အန်တီတို့ ဒီက ညီမရှုပါတို့ မသင်းရီတို့ပဲ ရှိပါတယ်၊ အန်တီနဲ့ မသင်းရီတို့ကို နှုတ်ဆက်ရအောင်လို့ လာတာပါခင်ဗျား"

သူက မသင်းရီကို အစ ဖော်ပေးလိုက်မှ မသင်းရီတို့အိမ်ပါ ဝင်ရမည်ကို ရှုပါ သတိရ လိုက်သည်။ သူ ပြန်ချင်၍ တမင် ပြောတာလားလည်း ထင်မိသည်။

"ဟုတ်တယ် အန်တီ၊ မသင်းရီဆီလဲ ခဏ ဝင်ချင်သေးတယ် ပြောတယ်၊ ကျွန်မတို့ သွားဦးမယ်"

"အေး သွားကြ၊ သွားကြ၊ ဩော် ဒါနဲ့ မနက်ဖြန် ညနေတော့ အဒေါ်တို့အိမ်မှာ ညနေစာ စားပါကွယ့်၊ ဩော် ဘယ်မှာ တည်းလဲ"

"အေးပြင်မှာပါ အန်တီ"

"ဆွေမျိုး ရှိလားကွယ့်"

"ကျွန်တော့် အစ်ကို ဝမ်းကွဲ တစ်ယောက် ရှိပါတယ် အန်တီ"

"အေးကွယ်၊ ကောင်းပြီ၊ မနက်ဖြန် ညနေ ဆက်ဆက် နော်"

"ဟုတ်ကဲ့ခင်ဗျား၊ ကျေးဇူးပါပဲ အန်တီ"





ရှုပါက မတ်တတ် ထလိုက်သောအခါ သူလည်း ရှုပါနှင့် အတူ ထလိုက်လာသည်။

"ဒေါ်ခင်ခင်ကြီးတို့က ညီအစ်မ နှစ်ယောက်တည်း နေကြ တာအစ်ကို၊ သူ့ညီမ ဒေါ်ခင်ခင်လေးက ဈေးက မပြန်သေး ဘူးလေ၊ ဈေးထဲမှာ ကုန်ခြောက် ရောင်းတယ်"

ရှုပါက ဒေါ်ခင်ခင်ကြီးတို့အကြောင်းကို လမ်းတွင် ပြော ပြမိသည်။

မသင်းရီတို့အိမ်ကို ရောက်သောအခါ မသင်းရီကို မတွေ့ ရပေ။ အထာပွဲက မပြန်သေးဟု ဆို၏။ အထာပွဲ ဆိုတာ ဘာလဲဟု သူက မေးရ၏။

"ကျောက်တွေ အရောင်းအဝယ်လုပ်တဲ့ နေရာကို ခေါ်တာ အစ်ကိုရယ်"

"ဩော် ...ဟုတ်လား၊ တစ်နေ့လောက် ဗဟုသုတ သွား ကြည့်ဦးမယ်"

"သွားကြည့်ပေါ့ အစ်ကိုရယ်၊ ပိုက်ဆံပါရင် ရတနာက ကျောက်တွေ ဝယ်သွားပြီး မန္တလေးမှာ တစ်ဆင့် ပြန်ရောင်း ပေါ့"

"အမယ်လေး မတတ်နိုင်ပါဘူးဗျာ၊ သိန်းနဲ့ သောင်းနဲ့ချီ လုပ်ရတဲ့အလုပ်မျိုး အိပ်မက်တောင် မမက်ရဲပါဘူး"

သူက ငခုံးတွန့်ပြသည်။

"အထာပွဲမှာ ရောင်းတာက သိန်းကျောက် သောင်း ကျောက် မရှိပါဘူး အစ်ကိုရယ်၊ ထောင်ကျောက် ရာကျောက် လောက်ပါ"

"ထောင်ကျောက် ရာကျောက်လဲ မဝယ်နိုင်ပါဘူးဗျာ"

"အစ်ကိုကလဲ လျှို့နေပြန်ပြီ၊ ရတနာလာတဲ့ လူတိုင်း အကြောင်းသိမဟုတ်ရင်တော့ ဒီလိုပဲပြောကြတာပဲ၊ ပြန်သွားမှ ဘယ်လူ့ဆီက သိန်းကျောက် ဘယ်နှစ်ပွင့် ဝယ်သွားတယ် ဆိုတာ ကြားရတာ၊ ခု လျှို့ထားလဲ နောက်တော့ ပေါ်မှာပါ နော်"

"ဟဲ ဟဲ ညီမ ပြောတာနဲ့ ကိုယ့်ကို ကိုယ်တောင် တော်တော် အထင်ကြီးမိသွားပြီ"

သူ ရယ်၍ ပြောသည်။

"ဟုတ်နေလို့ ပေါ့နော်၊ ကျောက်ဝယ်ချင်တယ် ဆိုရင်လဲ ညီမတို့ကို အသိပေးပါနော်၊ ကြားက ပွဲစားလုပ်ရလဲ နည်းလား"

သူက ရယ်ပြန်သည်။

"ညီမတို့မှာတော့ ရောင်းဖို့ မရှိဘူးလား"

"အစ်ကိုက ဘာလိုချင်လဲ၊ လုံးချောလား နုတ်မျက်စိလား"

"ဘာ ရယ် ညီမ၊ လုံးချောတို့ နုတ်မျက်စိတို့ ဆိုတာ ဘာကို ခေါ်လဲ"

"ဟင်း ဟင်း အစ်ကိုက လျှို့နေပြန်ပြီ"

"တကယ် ပြောတာပါဗျာ၊ အထာပွဲဆိုတာတောင် ဒီကိုရောက်မှ ကြားဖူးတာပါ၊ ခုတစ်ခါ ကြားရပြန်ပြီ၊ လုံးချောနဲ့ နုတ်မျက်စိဆိုတာ"

"တကယ် မသိဘူးလား"

"တကယ်ပါဗျာ"





"ကျောက်မှ မဝယ်တာ ဘာလုပ်ဖို့လဲ" ဟု ရှုပါက ပြောသည်။

ရှုပါ၏အထင်မှာ သူသည် ကျောက်ဝယ်ရန် လာသူ တစ်ယောက်များ ဖြစ်နေမလားဟု တွေးထင်စ ပြုလာသည်။ ရတနာကို လာ၍ ဤသို့ မယောင်မလည်လုပ်ကာ သိန်းကျောက် သောင်းကျောက်တွေ ဝယ်သွားသူများကို ရှုပါ ကြားဖူးမြင်ဖူး နေသည်မှာ မရေမတွက် နိုင်တော့ပါချေ။ သူကမူ တကယ် လုံးဝ မသိသူလို ဗဟုသုတပေါ့၊ ပြောစမ်းပါဟု ဆိုနေသည်။

"လုံးချောဆိုတာက သွေးပြီးသား ကျောက်ကို ပြောတာ၊ နုတ်မျက်စိဆိုတာက ခု ခေတ်သစ်အခေါ် အလွယ်ဆုံး ပြောရရင် အကြမ်းကျောက်တုံးပေါ့ အစ်ကို"

"လုံးချောက သွေးပြီးသားဆိုတော့ နည်းနည်း နားလည်လွယ်တယ်၊ နုတ်မျက်စိကတော့ စဉ်းစားမရဘူး၊ ဘာလို့ ခေါ်တာလဲ"

"ဪ ဒီလိုလေအစ်ကို၊ နုတ်မျက်စိဆိုတာက ကျောက်ရဲ့ တန်ဖိုးကို ခွဲခြားသိဖို့ မလွယ်လို့ ခေါ်တာ၊ သဘောကတော့ နုတ်မျက်စိပါတဲ့ လူမှ အမှန်အကန် ဆုံးဖြတ်နိုင်မယ် ဆိုတဲ့ သဘောပဲ"

"ဘာဖြစ်လို့လဲ"

"ရတနာ အလုပ်ဆိုတာ ခက်တယ်လေအစ်ကိုရယ်၊ ဥပမာ ဆိုပါတော့ ညီမက ကျောက်ကြမ်း၊ နုတ်မျက်စိ တစ်လုံးကို တစ်သိန်းတန်မယ် ထင်ပြီး ဝယ်သွားရော၊ နောက်တစ်ယောက်ဆီ သွားပြန်တဲ့အခါ အဲဒီလူက သုံးသိန်းတန်မယ်ထင်ပြီး ဝယ်ခဲ့လိုက်ရော၊ တစ်ထောင်တောင် တန်ဖိုးမရှိတော့ဘူး ဖြစ်သွား

သလို သိန်းနှစ်ဆယ် သုံးဆယ်တန်လဲ ဖြစ်ချင် ဖြစ်လာတတ်တာ၊ အဲဒါကြောင့် လူတွေအနေက အမှန်မသိနိုင်လို့ နတ်မျက်စိလို့ ခေတ်စကားနဲ့ ပဟေဠိခေါ်တာ၊ ရတနာဆိုတာ ထိုက်တန်မှ ရတယ်လို့ ညီမတို့ ရတနာသူ ရတနာသားတွေက ယူဆကြတယ် ကိုယ်ဆီမှာ တန်ဖိုးမရှိပေမင့် ထိုက်တဲ့လူဆီရောက်သွားရင် နတ်မျက်စိ တစ်ပွင့်ဟာ အဖိုး ဖြတ်မရ လောက်အောင်လဲ ဖြစ်ချင် ဖြစ်သွားတတ်တာကလား

"အင်း တော်တော် မရေရာတဲ့ အလုပ်ပဲနော်"

သူက ခြေလှမ်း တုံ့လိုက်ပြီး ဆို၏။

"ဟုတ်တယ် အစ်ကို၊ ရေတော့ မရေရာဘူးပေါ့၊ အဲဒါကြောင့် ရတနာမှာ ဒီနေ့ ငမွဲပြောဖြစ်နေပေမင့် မနက်ဖြန်ကျလို့ ကျောက်တစ်ပွင့်ရရင် ချက်ချင်း သူဌေးပဲ၊ ဒီနေ့ သူဌေးဖြစ်နေတဲ့ လူဟာ နတ်မျက်စိတစ်ပွင့်ကို အိန်းတစ်ဆယ်နှစ်ဆယ်ရမယ် ထင်ပြီး တွင်းသမားတွေဆီက သုံးလေးသိန်းပေးပြီး ဝယ်လိုက်ရော..."

"အင်း ဆိုပါဦး၊ စိတ်ဝင်စားစရာတွေပဲ"

"ကျောက်တွင်းသမားတွေဆီက သုံးလေးသိန်း ပေးပြီး ဝယ်ထားတဲ့ နတ်မျက်စိကို ခွဲလဲ ခွဲလိုက်ရော သုံးလေးရာတောင် တန်ဖိုးမရှိတဲ့ ကျောက်ဖြုံးတွေ ဖြစ်ချင် ဖြစ်သွားရော၊ အဲဒီလို ရနိုး ရနိုးနဲ့ သုံးလေးခါ ခံရရင် မွဲတော့တာပဲ၊ အဲဒါကြောင့် အကဲဖြတ်ဖို့မလွယ်ဘူး၊ ရတနာကို အကဲဖြတ်ဖို့ မလွယ်သလို လူတွေကိုလဲ အကဲဖြတ်ဖို့ မလွယ်ဘူး၊ ရတနာမြေဆိုတာလဲ အဲဒီအတိုင်းပဲ၊ ဒီခနရာမှာ သူများတွင်းလုပ်လို့ သိန်းကျောက်သောင်းကျောက် ရပေမင့် ကိုယ်သွားလုပ်တော့ အဖြုံး





အကြမ်း အညံ့ ပန်းတွေတောင် ရချင်မှ ရတာ၊ အိုး ရတနာမှာ အရာဝတ္ထုအားလုံးဟာ အကဲခတ်ရ အင်မတန်ခက်တယ်အစ်ကို၊ ကြည့်ပါလား၊ အချို့က အလုပ်အကိုင် မည်မည်ရရ မရှိဘူး၊ အစ်ကိုရှိလို့ ညီရှိလို့ ဒေသန္တရ ဗဟုသုတ လာပါတယ်ပြောပြီး ပြန်တဲ့အခါ သိန်းကျောက် သောင်းကျောက်တွေ ဝယ်ပြီး ပြန်ကြတာလဲ ရှိတာကိုး"

ထိုးကြည့်သော စကားမှန်း သူ သိသည်။ ခြေလှမ်းတုံ့သွား၏။ ပြီး လုံးလုံး ရပ်လိုက်သည်။ အိမ်အတက် ခြေရင်းလမ်းမ ရောက်နေပြီဖြစ်သဖြင့် ရှုပါက ခြေလှမ်း မရပ်။ သူက ကားထားရာ တောင်ကမ်းပါးယံကို မော့ကြည့်၍ ငေးရပ်နေ၏။

"လာလေ အစ်ကို"

လှည့်ကြည့်၍ ခေါ်လိုက်မိ၏။

"ကျွန်တော် မလိုက်တော့ဘူး ညီမ"

"ဟင် ဘာဖြစ်လို့လဲ အစ်ကို၊ ညီမ အေးပြင်ကို ကားနဲ့ လိုက်ပို့ပေးပါမယ်လေ"

"နေပါစေဗျာ၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ကြောက်သွားပြီ"

"ရှင် ဘာကို ကြောက်တာလဲ အစ်ကို"

အံ့ဩ၍ နောက်ကို ပြန်ဆုတ်မိသည်။ အထက်လမ်းနှင့် ကားလမ်းဆုံတွင် ရပ်နေသော သူ့အနားသို့ တိုးသွားပြီး အထိတ်တလန့် မေးမိ၏။ သူက မတ်တတ်ရပ်၍ ရှုပါကို ကြည့်ကာ ငေးသွားသည်။

"ဟင် အစ်ကို ဘာကို ကြောက်တာလဲလို့"

"ဩော် ရတနာက လူတွေက အကဲခတ်တတ်ဖို့၊ အင်း လူဘော့ မဟုတ်ပါဘူးလေ၊ အရာဝတ္ထုတိုင်းကို အကဲခတ်မရနိုင်ဘူးလို့ ညီမ ပြောတယ် မဟုတ်လား"

"ဟုတ်တယ်လေအစ်ကို၊ အဲဒါ ဘာဖြစ်လဲ၊ ပကတိအခြေအနေကို ညီမ ပြောပြတာပဲ"

"ဒီလိုဆို ခု ညီမ ကျွန်တော့်ကို ခင်မင်နေတာဟာလဲ ကျောက်ဝယ်ရအောင် လာတဲ့ လူထင်လို့ ထမင်းခေါ်ကျွေး၊ ခင်မင်ယောင်...."

"အိုး မဟုတ်ဘူး၊ မဟုတ်ဘူး၊ မဟုတ်ဘူးအစ်ကို မဟုတ်ဘူး၊ ညီမ အစ်ကို့ကို ခင်တာက ရိုးရိုးသားသား ခင်တာပါ၊ အစ်ကို အမိပ္ပာယ် တစ်လွဲမကောက်ပါနဲ့"

ရှုပါက ကိုယ့်စကားနှင့်ကိုယ် ထိတ်ထိတ်ပျာပျာ ဖြစ်သွားမိသည်။ သူကတော့ ယခုထိ ရှုပါကို တွေ၍ ကြည့်နေတုန်း။

"ဟင် အစ်ကို ရှုပါပြောတာ အစ်ကို တစ်လွဲမထင်ပါနဲ့ အစ်ကိုရယ်၊ ရှုပါက ရတနာမှာ ဖြစ်တတ်တဲ့ အခြေအနေပြောတာပါ"

"ကျွန်တော်က ညီမကို သိပ်အေး သိပ်ခင်နေတော့ ညီမ ပြောသလိုများ ဖြစ်နေရော့လားလို့ ဝမ်းနည်းသွားလို့ပါ"

"မဟုတ်ပါဘူးအစ်ကိုရယ်၊ ညီမက အစ်ကို့ကိုမခင်ရင် ဒါတွေကို ပြောပါ့မလား၊ အစ်ကို့ကို ညီမက သိပ်ခင်လို့ ပြောတာပေါ့၊ တကယ်ပါ အစ်ကိုရယ်၊ အစ်ကို့ကိုလေ ညီမ သိပ်ခင်လို့ ပြောတာပါ၊ တကယ်ပါ အစ်ကိုရယ်၊ အစ်ကို့ကိုလေ ညီမ ဟိုအားပေါ်မှာ စ တွေ့ကတည်းက ခင်လာတာပါ၊ ခင်လာတာကလဲ အေး အင်း ဆိုပါတော့အစ်ကိုရာ၊ အစ်ကိုက





လူယဉ်ပေမင့် သည်းခံနိုင်မှု စိတ်သဘောထားကြီးမှုကိုလဲ လေးစားလို့ပါ၊ ညီမရဲ့ခင်မင်မှုကို အစ်ကို တလွဲ အဓိပ္ပာယ် မကောက်ပါနဲ့၊ မထင်ပါနဲ့"

"တကယ်ပဲလားဗျာ"

"အို တကယ်ပါ အစ်ကိုရယ်၊ မခင်ဘဲနဲ့တော့ ကဲ အစ်ကို့ကို ဒီလို ထမင်းဖိတ်ကျွေး အိမ်လည် အတင်းခေါ်ပါ့မလား၊ ဒီကဖြင့် မိန်းမသားတန်မဲ့နဲ့"

"ဟုတ် ဟုတ်ပါတယ် ညီမရယ်၊ ကိုယ်ကလဲ ညီမကို သိပ်ခင်နေတော့ အခြားရတနာသူတွေလို ရတနာရောင်းချင်လို့ ခင်မင်ယောင်ဆောင်ပြတာမျိုးနဲ့ တိုးနေမှာ စိုးရိမ်လို့ အစ်ကို ပြောမိတာပါ၊ တောင်းပန်ပါတယ်၊ ညီမစေတနာကို အစ်ကို သိပါပြီနော်၊ လေးလဲ လေးစားပါတယ်"

မျက်ရည်ပင် ဝေ့လာသော ရှုပါကို ကြည့်ကာ သူ တကယ် စိတ်မကောင်း ဖြစ်သွားပုံ ရသည်။ ရှုပါအနေမှာတော့ သူ အထင်လွဲသွားသည်ကို ငိုပင် ငိုချင်သွားသည်။ သူ အထင်လွဲသွားခြင်းကို ခံရပြီဟု ထင်လိုက်ချိန်မှာ ဝမ်းနည်းမှုတို့သည် မြေထုနှင့်အမျှဟု တင်စားနိုင်ရကောင်းပေသည်။ သူ့အပေါ် ဤမျှသံယောဇဉ်ရှိနေမိပြီ ဆိုသည်ကို မိမိကိုယ် မိမိပင် အံ့ဩသွားမိသလို ဖြစ်ရချေသည်။

"ညီမစေတနာကို အစ်ကို သဘောပေါက်ပါပြီ ညီမရယ် နော်၊ ညီမစေတနာကို စော်ကားမိသလို ဖြစ်မိသွားရင် အစ်ကို တောင်းပန်ပါတယ်၊ အစ်ကိုက တစ်ဦးတည်းသားပါ၊ ကိုယ့်မှာ ညီအစ်ကို မောင်နှမဆိုတာ မရှိပါဘူး၊ ညီမကို မောင်နှမ လက်နေတဲ့ ကိုယ်က သွားရင်း လာရင်း ညီမလို ကရုဏာရှင်မ

လေးတစ်ယောက်ကို တွေ့ရတော့ သိပ်ခင်သွားတယ်ဗျာ၊ကို
ညီမလေးအရင်းတစ်ယောက်ထက်တောင် ချစ်မိသွားတယ်
ရင် ပိုမွန်လိမ့်မယ်ထင်ပါတယ်၊ တကယ်ပါ၊ ကိုယ်သစ္စာပြု
ပါတယ်၊ ညီမအပေါ်မှာ ကိုယ် ဘယ်လောက် ချစ်သလဲဆို...

"တော်ပါတော့ ကိုရွှေမန်းရယ်နော်၊ ဒီကလဲ့ ညီအစ်
မောင်နှမ တစ်ယောက်မှ မရှိပါဘူးပြောတာ၊ သူများက
တကယ်ချစ်...."

"အေး အေးပေါ့ဗျာ၊ ကျေရော့၊ ကျေရော့၊ ညီမ
ကိုယ်က မောင်နှမဖြစ်သွားကြပြီနော်၊ဟိုဘဝက ကွဲသွားကြ
မောင်နှမနော်၊ တစ်ယောက်နဲ့ တစ်ယောက် စိတ်မကော
စတာမ်းနော်"

"တော်ပါ၊ ခုမှ"

သူ့ရယ်သံက ဝမ်းသာမှုတွေ ပြည့်သွားစေသည်။ အငေ
တူးသလိုနှင့် ရှုပါ၏ တကယ် ရင်ထဲက ဝမ်းနည်းရှိုက်သံ
သူ သိသွားလေသည်။ ရှုပါမှာ ဝမ်းသာလိုက်သည့် အဖြစ်။

"လာ ညီမ"

သူခေါ်သံကြောင့် မှုန်းမှုန်းကြွကြွ ခြေလှမ်းကို ရပ်လိုက်
ရ၏။ နောက်သို့ လှည့်ကြည့်သောအခါ လှေကားထစ်ပေ
ခြေထောက်တင်၍ ရပ်နေသေး၏။

"လာလေ အစ်ကို"

"မလိုက်တော့ဘူး ညီမ"

"ဟင် အစ်ကိုကလဲ ဖြစ်ပြန်ပြီ၊ ညီမ ကားနဲ့ လိုက်ပို့ပေ
ပါ့မယ်ဆို၊ ဘာဖြစ်ပြန်လို့လဲ"





"အေးပြင် မပြန်တော့ဘူး ညီမရယ်၊ ဒီည မြို့ထဲမှာပဲ အိပ်တော့မယ်လို့ မှန်းလာလို့ပါ"

ရှုပါက သူ့ အနားကို လှေကားထစ် သုံးလေးထစ် ပြန်ဆင်းလာရသည်။

"မြို့ထဲမှာ အစ်ကိုက အသိရှိလို့လား အစ်ကိုရယ်"

"အသိမရှိလဲ ရဲဌာနာရှိရင် ရပါတယ်၊ ကျောက်ဝယ်ဖို့ လာတဲ့ လူမှ မဟုတ်တာ"

သူက နောက်သလိုနှင့် ပြုံးပြသည်။

ရဲဌာနာဆိုသည့် စကားကို သူ့ဆီက ကြားရတော့ ရှုပါ ကင်းစခန်းကို ချက်ချင်း သတိရလိုက်သည်။ သူနှင့်ပတ်သက်၍ သံသယ မထားချင်။ သူ့အပေါ် တွယ်ငြိမိသော သံယောဇဉ်သည် ထုထည် ကြီးမားလှသည်။ ပြောမပြတတ်အောင်လည်း ဖြစ်ရသည်။ ထို့ကြောင့် ရှုပါက သံသယနှင့် ကြွေးရှိခဲ့သော စကားကို ဆိုမိသွားသည်။

"ရဲဌာနာဆိုမှ သတိရလို့ အစ်ကို့ကိုမေးဦးမယ်၊အစ်ကိုတို့ အလုပ်က ရဲဌာနာနဲ့လဲ ပတ်သက်နေတော့ ရဲဌာနာကို သတင်း ပေးစရာရှိလို့လား၊ ရဲဌာနာလဲ ရပါတယ် အစ်ကိုရယ်၊ ညီမ ကားနဲ့ လိုက်ပို့ပေးမယ်လေ၊ မောင်နှမ ဖြစ်သွားပြီပဲ အားနာ စရာ မရှိတော့ပါဘူး၊ ရတနာ အရောင်းအဝယ် မှောင်ခိုတွေ ကိစ္စနဲ့ ပတ်သက်လို့ သတင်း လိုချင်ရင်လဲ ညီမကို ပြော၊ ညီမလဲ သတင်းကြားရင် အစ်ကို့ကို ပြောမလေ၊ ဒါပေမယ့် လို့ သတင်းစာထဲ အစိုးရကြော်ငြာတဲ့အတိုင်းပဲနော်၊ သတင်း ပေးသူကိုတော့ ရာခိုင်းနှုန်းနဲ့ ပေးရမယ်"

စပယ်ဦးစာပေ

"ညီမ ဘာတွေ ပြောနေလဲ၊ ကိုယ် ဘာမှသဘောမပေါက်ပါလား"

"အစ်ကို့အလုပ်က ရတနာတွေ မှောင်ခိုလုပ်တာ ထောက်လှမ်းဖို့ပဲ မဟုတ်လားလို့"

"ဟား ဟား ဟား"

သူက ကလေးငယ်တစ်ယောက်လို တစ်အား ရယ်သည်။

"မဟုတ်ဘူးလားလို့"

"ညီမဆီ ရောက်မှ ကျောက်ဝယ်ဖို့ လာတဲ့လူ ဖြစ်ရ၊ ထောက်လှမ်းရေး ဖြစ်ရနဲ့ ကိုယ်ကတော့ တကယ် ဘဝမြင့်ချင်လာပြီ"

"တကယ်ကော မဟုတ်ဘူးလားလို့"

"ကိုယ် သက်သက် ဒေသန္တရ ဗဟုသုတ လာသည့်တဲ့လူပါ ညီမရယ်"

"ကင်းမှာ အစ်ကို့ကို စခန်းမှူးက ဆရာ ခေါ်တာကော"

"ဟော့ဗျာ ဒုက္ခပဲ၊ အဲဒါကြောင့် ကိုယ် သတိထားမိလိုက်ပါတယ်၊ ကိုယ် ကားပေါ် ပြန်တက်လာတော့ ဒီလူတွေ ဆက်ဆံရေး ပြောင်းသွား ပါတယ်လို့၊ လက်စသတ်တော့ ဟား ဟား ကိုယ့်ကို ထောက်လှမ်းရေး ထင်နေတာကိုး"

ဟန်ဆောင် ပြောနေခြင်းလား၊ ဟန်ဆောင် ရယ်နေခြင်းလား၊ ရှုပါ ခွဲခြား မသိတတ်။ သူ့မျက်နှာကိုသာ ပေးကြည့်နေမိသည်။

"ကဲ ပြောပါဦး၊ စခန်းမှူးက အစ်ကို့ကို ဘာကြောင့် ဆရာ ခေါ်တာလဲ၊ ဘာကြောင့် ဒီလောက် လေးစားနေရတာလဲ၊ လက်ဖက်ရည်တောင် တိုက်လိုက်တယ်မဟုတ်လား"





"ဒီလိုပါ ညီမရယ်၊ ကိုယ်က သူ့ကလေးတွေကို အယင်က ကျောင်းစာပြဖူးလို့ ဆရာ ခေါ်တာပါ၊ ဦးခင်မောင်သန်းက သိပ်သဘော ကောင်းပါတယ်၊ ကိုယ့်အကြောင်း သိတော့ လေးစားတာပေါ့၊ သူ မန္တလေးက ဒီကို ပြောင်းလာတာ တစ်နှစ်တောင် မပြည့်သေးဘူး ပြောတယ်"

"အစ်ကို့ပစ္စည်း သူတို့ မရှာတာကော"

"ဟင်....ကိုယ့်ပစ္စည်းတွေ သူတို့ မရှာဘူးလား၊ ကိုယ်က တော့ အမှတ်တမဲ့ပဲ၊ ဒါလဲ ကိုယ့်အကြောင်း သိလို့နေမှာပါ၊ ကိုယ်က မှောင်ခိုလုပ်ဖို့ လာတဲ့လူ မဟုတ်မှန်း ကောင်းကောင်း သိလို့ပေါ့၊ ကျောက်သံပတ္တမြား ဝယ်ဖို့ မပြောနဲ့ ပုလင်းကွဲတောင် ဝယ်နိုင်တဲ့ကောင် မဟုတ်တာ ညီမရယ်၊ ဟားတော့ တော်တော် ဟားရမယ့် ဇာတ်လမ်းတစ်ပုဒ်ပဲ"

သူ့အဖြစ်ကို ရှုပါပါ ရယ်မိသွားသည်။ ဇော်မြင့်အောင်တို့ကိုတော့ စုံထောက်မှ အကြီးစား တစ်ယောက် ဖြစ်ကြောင်း မျှားသွားအောင် ပြောထားရဦးမည်။ နေရာတကာ လူတွေကို အထင်အမြင် သေးတတ်သော ကောင်တွေ ကျွတ်နေပါစေဟု ရှုပါ ဝမ်းထဲက ကျိတ်၍ အူမြူးနေသည်။

"ကဲ ညီမ ထောက်လှမ်းစရာတွေ ကျောက်ဝယ်စရာတွေ ရှိလို့ ကိုယ် သွားလိုက်ပါဦးမယ်"

သူက ရယ်၍ ပြောသည်။ ရှုပါက ကားနှင့်လိုက်ပို့ပါရစေ ဆိုသော်လည်း လက်မခံ။ ဗိုလ်ကုန်းတွင် ကျောင်းနေဖက် ဟစ်ယောက်ကို အလာတုန်းက မမျှော်လင့်ဘဲ တွေ့ခဲ့၍ အပြန်တွင် သူ့အိမ်မှာ အိပ်မည်ဟု ဆိုသည်။

"အစ်ကို နောက်လဲ လာလည်ဦးနော်"

"အေးပါ ညီမရယ်၊ မနက်ဖြန်လဲ အန်တီဒေါ်ခင်ခင်ကြီး အိမ် ထမင်း လာစားရင်း ဝင်လာပါဦးမယ်၊ ခဏ ခဏ လာနေလို့သာ နောက်တော့ မငြိုငြင်နဲ့"

"ဟင် အစ်ကိုကလဲ မောင်နှမဆို ငြိုငြင်ရမလားလို့"

"အေး ဟုတ်တယ်၊ ဟုတ်တယ်၊ မောင်နှမ၊ မောင်နှမ"

သူ ပြန်သွားတော့ ရူပါ၏ ရင်ထဲ ဟာကျန်ရစ်သည်။ ဇော်မြင့်အောင် တို့ကို အရွဲ့တိုက်ရာမှ ခုတော့ တကယ် သံယောဇဉ် ဖြစ်ရလေပြီ။

"အို....အစ်ကိုရယ်"

*　　*　　*

အခန်း (၁၅)

သွက်လက်မြူးကြွလာသော ခြေလှမ်းက တုံ့ခနဲ ရပ်သွား ၏။ ဧည့်ခန်းတွင် ထိုင်နေသော အဖေကာ ရူပါကို တစ်ချက် လှမ်းကြည့်၏။ ကိုယ်ရှိန်သတ်၍ အမေ့ဘေးတွင် ဝင်ထိုင် သည်။

"ဖေဖေ မန္တလေး မသွားဖြစ်ဘူး"

"ဟုတ်တယ် သမီး"

"ဘာလို့လဲ ဖေဖေ"

အဖေ့မျက်နှာကို ကြည့်မိသည်။ တစ်စုံတစ်ခုကို တွေးနေပုံ ည်။ အဖေ့စကားကို စောင့်ရသည်မှာ ကြာညောင်းလွန်း ဟု ထင်မိ၏။

"ရတနာအလုပ်လုပ်ရတာ ဥပဒေနဲ့ မလွတ်ကင်းသလို လူ လဲ ဟိုတုန်းကလို သစ္စာ မရှိကြတော့ဘူး သမီး၊ တစ် က်နဲ့ တစ်ယောက် လိမ်ဖို့ကောက်ဖို့၊ တစ်ယောက်ပါးစပ်

ထဲက ထမင်းလုတ်ကို တစ်ယောက် လုစားဖို့လဲ ဝန်မလေးကြ
တော့ဘူး၊ ဝိသမ လောဘတွေ တက်ပြီး တစ်ယောက
လည်ချောင်းသွေး တစ်ယောက်သောက်ဖို့ အမြဲချောင်းမြောင်
နေကြတာတလား၊ ဒီတော့ မြေကထွက်ပြီး သိပ်သန့်စင်မှန်မြ
တယ်ဆိုတဲ့ ရတနာအလုပ်ဟာလဲ မသန့်မစင် မမှန်မကန် ဖြ
လာကြရပြီပေါ့ သမီးရယ်"

အဖေ တစ်ခုခု အကြောင်းကြောင့် စိတ်ခတ် ကျလာ
ရသည်။ မန္တလေးအရောက်မသွားဘဲ ခရီးတစ်ဝက်က ပြန်လ
ခြင်းမှာလည်း အချင်းချင်း ပြဿနာ တစ်စုံတစ်ခုကြော
ဆိုသည်ကို ရွှေပါက မမေးဘဲနှင့် သိလိုက်သည်။

"ခု ဒီရတနာ အလုပ်ကို အစိုးရ ဥပဒေကလဲ ခွင့်ပြုတ
မဟုတ်တော့ ဥပဒေအပြင်ဘက်က အလုပ်ဖြစ်နေပြီ၊ ဥပ
ပြင်ပက အလုပ်တစ်ခုကို လုပ်ရတဲ့ လူတစ်ယောက်ရဲ့ စိတ်ခ
ဟာ အကာလိကော အချိန်အခါမရွေး အမြဲစိတ်ဆင်းရဲ
ရတယ်၊ ငယ်ရွယ်သူတွေကတော့ ဒီလို ခိုးကြောင်ခိုးဝှက် လ
ရတာကိုပဲ စွန့်စားခန်းကြီး တစ်ခုလို ပျော်စရာကြီး တစ်ခု
ထင်ကောင်း ထင်ကြပေမင့် အသက်ကြီးလာတော့ သိလာ
အမြဲ ရင်တထိတ်ထိတ် ဖြစ်နေရတဲ့ အလုပ်ကို ဆက်လုပ်နေ
နှလုံးရောဂါနဲ့ စောစောသေမှာပဲ၊ ညမနက် ပုတီးစိပ်တော
မဖြောင့်တဲ့ အလုပ်၊ ဖေဖေတော့ စိတ်ကုန်ပြီ သမီး"

(ရွှေပါသည်) ဖေဖေ၏ မျက်နှာကို ဘေးကြည့်မိသည်။ ဤ
ပိုင်းတွင် ဖေဖေ၏ ရုပ်သည် နှစ်ပေါင်းများစွာ အိုသွာ
သလား ထင်မိသည်။ ဖေဖေ၏ စကားသည် ရွှေပါ၏ စိတ်ကို
တိုက်ရိုက်ကြီး လာထိ၏။ အဖေ ပြောသလို အမြဲရင်ခုန်နေ





ရင်ထိတ်ခဲ့ရသော အလုပ်များကို ရွှေပါလည်း ခံစားဖူးခဲ့ရလေ
ပြီ။ အကြိမ်အခါလည်း မနည်းတော့ပေ။ ကိုယ်ချင်းစာမိ
သည်။ အဖေသည် အသက်အရွယ် ကြီးရင့်နေပြီ။ စိတ္တဒုက္ခ
ကာယဒုက္ခတို့ကို လူငယ်များလို မခံနိုင်တော့ပါချေ။ ရွှေပါ
သည် အဖေ့ကို သနားသွားမိသည်။

"ပြီးတော့ အဖေ့ အလုပ်က သူတို့လာအပ်တဲ့ ကျောက်
တွေကို လုံးချောသွေးပေးရတဲ့အလုပ်၊ ရာဖြတ်လုပ်ရတဲ့အလုပ်၊
သူတို့ကြားထဲမှာ အနေကျပ်လှတယ်၊ မှန်မှန်ကန်ကန် သွေးပေး
တဲ့ ရတနာတွေကိုပဲ ဖေဖေက လဲယူလိုက်သလိုလို တစ်ယောက်
နစ်နာအောင် တစ်ယောက်ဆီကပဲ မတန်တဆ အမြတ်
ရလို့ မဟုတ်မမှန် လုပ်ကြံပြောသလိုလိုနဲ့ ဘယ်လောက် အနေ
ခက်တယ် မှတ်လဲ၊ ရတနာဆိုတာ အဖိုးဖြတ်လို့ လွယ်တာ
မဟုတ်ဘူး၊ တစ်ယောက် အကြိုက်နဲ့ တစ်ယောက် အကြိုက်
ဟာလဲ တူတာမဟုတ်ဘူး၊ တစ်ယောက်က တစ်ဆယ်ပေးတဲ့
ရတနာကို နောက်တစ်ယောက်က တစ်ထောင် တစ်သောင်းလဲ
ပေးချင်ပေးမှာပေါ့၊ အဖေကလဲ အဖေထင်တာ ပြောတာကိုး၊
အဲဒါပဲ အဖေက ဈေးနှိမ်ပြောလိုက်လို့ သူတို့ ရောင်းလိုက်ရတဲ့
ပုံစံမျိုး၊ အဲဒီရတနာက ဟိုဒီရောက်သွားလို့ ဈေးများများ
ရတယ်လဲ ပြောသံကြားရော သူတို့နဲ့အဖေနဲ့ပဲ တစ်ကျိတ်တည်း
တစ်ညာဏ်တည်း လုပ်လိုက်ကြသလို စွပ်စွဲလာကြတယ်၊ အဲဒါ
ကြောင့် ဒီရတနာအလုပ်ကို အဖေတော့ ငြီးငွေ့လာပြီ"

အဖေ၏ အကြည့်သည် ရွှေပါဆီသို့ ရောက်လာသည်။
ဘာများ ပြောမလို့ပါလိမ့်ဟု ရင်ထိတ်ချင်နေသည်။

"ဒီနေ့ညနေက အဖေ ဆေးရုံ ရောက်ခဲ့သေးတယ်"

"ဟင် အဖေ ဆေးရုံ ရောက်ခဲ့သေးတယ်"

"မဟုတ်ပါဘူး သမီးရယ်၊ အဖေ ဆေးရုံရောက်ခဲ့တယ် ဆိုသောက လူမမာ သွားကြည့်တာပါ၊ အဲဒီမှာ အဖေတို့ ကျောက်တောင်က အဖေ့ သူငယ်ချင်းသားတဲ့၊ ဆရာဝန်လေး တစ်ယောက် တွေ့ခဲ့တယ်"

"သမီးသိပါတယ် ဖေဖေ၊ ဦးလေးဖိုးဘေနဲ့ ဒေါ်ငြိမ်းဟန် တို့ရဲ့သား ကိုထွန်းအောင်ကို အဖေ ပြောတာ မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ် သမီး၊ သမီး မှတ်မိသားပဲ"

အဖေ၏ ဇာတိမှာ ကျောက်တောင် ရွာက ဖြစ်သဖြင့် ကျောက်တောင်ရွာထ မြို့တွင် ကျောင်းလာနေသူများ ဆိုလျှင် ရှုပါက မှတ်မိတာ များသည်။ ဦးဘိုးဖေနှင့် ဒေါ်ငြိမ်းဟန်တို့ သား ကိုထွန်းအောင်မှာ ရှုပါ တို့ထက် အတန်းကြီးသည်။ ပို၍ မှတ်မိသည်မှာ မကြာမကြာ အဖေ့ကို မေးတတ်သဖြင့် ဖြစ် သည်။ သူ့အဖေနှင့်ရှုပါအဖေတို့ သူငယ်ချင်းများဖြစ်ကြောင်း၊ ခင်မင်ကြကြောင်း ကိုထွန်းအောင်က ရှုပါကို ပြောဖူးသည်။ ယခု မန္တလေး ဆေးတက္ကသိုလ်က ဆင်း၍ ရတနာတွင် လက် ထောက်ဆရာဝန် ဖြစ်နေလေပြီ။

"အဲဒါ မငြိမ်းဟန်တို့ သားလေးကို အဖေ သွားတွေ့ တော့ တော်တော် တရားကျမိတယ်"

"ဘာဖြစ်လို့လဲ ဖေဖေ"

"ဖိုးဘေတို့ ငြိမ်းဟန်တို့ဆိုတာ ကျောက်တောင်မှာ ခြံ သမားတောင်သူတော့ပဲ၊ ဘယ်လိုလူကမှ သူတို့ကို အထင်မကြီး ကြဘူး၊ ရတနာမြေမှာ နေပြီး ခြံလုပ်စားရတယ်လို့ ကဲ့ရဲ့ခဲ့ကြ တယ်၊ ကျောက်လုပ်တဲ့လူတွေက လူရာတောင် ကောင်းကောင်း





မသွင်းချင်ကြဘူး၊ ကဲ ခု ကြည့်၊ တို့ရွာက ဆရာဝန်ဆိုလို့ သူ့ သားတစ်ယောက်ပဲ ထွန်းထွန်းပေါက်ပေါက် ရှိတယ်၊သူ့ထက် ချမ်းသာတဲ့ လူတွေ အများကြီး၊ ကျောက်သူဌေးလဲ ရှိတာပဲ၊ ဘယ်မှာလဲ ထွန်းထွန်းပေါက်ပေါက် တစ်ယောက်မှ မရှိကြ ဘူး၊ ကျောက်လုပ်လို့ ပစ္စည်းတော့ ရှိချင်ရှိကြမပေါ့၊ဒါပေ မဲ့ အဖေ စောစောက ပြောသလို အမေအဖေတွေမှာ ရင်ခုန် စာ ရင်ထိတ်စာပဲ စားပြီး ငါ့သား ဘယ်နေ့များ အဖမ်းခံရသံ ကြားရမလဲလို့ အမြဲ နားစွင့်ရင်ခုန်နေကြရတယ်၊ တစ်နေ့ ဘုရားပန်း ငါးဆယ်ဖိုး တစ်ရာဖိုး တင်ပေမယ့် ပုတီးစိပ် တောင် မဖြောင့်ဘူး၊ ဖိုးဘေတို့ ငြိမ်းဟန်တို့ကျတော့ အေး လို့ငြိမ်းလို့ ဘယ်လောက် စိတ်ချမ်းသာစရာ ကောင်းလဲ၊ သားကြီးဆိုလဲ စိုက်ပျိုးရေးကျောင်းဆင်းတဲ့"

အဖေ အကြောင်းမဲ့မပြောတန်ရာဟု ထင်သော အထင် အတိုင်းပင် အဖေ၏ စကားသည် ချက်ချင်းတော့ သဘော ပေါက်ဖို့ မလွယ်။စကားပြောလျှင် အဖေသည် ဥပမာဥပမေယျ တွေနှင့် ပြောတတ်၏။ ယခု သူ့သူငယ်ချင်း ခြံသမားတော်သူ ၏ သားက ဆရာဝန်ဖြစ်ပြီး ကျောက်သွေးသမား ကျောက် ကုန်သည်။ မြို့တွင် တိုက်နှင့် ကားနှင့် နေသူ၏ သမီးက ဆယ် တန်းအောင်ပြီး ပညာရေးဆက်မလိုက်ခိုင်းဘဲ ကျောက်သံသရာ ၌သာ လည်နေသည်ကို နောင်တရ၍ ပြောပုံရသည်။

"သမီး ဆယ်တန်းအောင်တဲ့ နှစ်ကပင် မန္တလေးတက္ကသိုလ် ထားပေးပါပြောလျက်နဲ့ အဖေတို့ မပို့ခဲ့တာ မှားတယ်၊ အဲဒါ သမီးကို အဖေ တောင်းပန်တယ်"

"အို အဖေက ကိုထွန်းအောင် ဆရာဝန်ကို အားကျလို့ ပြောနေတာကိုး၊ ဆရာဝန် လခ ဘယ်လောက်မလဲ အဖေရာ၊ အများဆုံးရ တစ်ထောင် ထောင့်ငါးရာပေါ့၊ ဘာ အားကျစရာရှိလို့လဲ၊ ခုထိ ကားတောင်မစီးနိုင်သေးဘူး၊ သမီးတို့ကား ရှိတယ်၊ တိုက်ရှိတယ်၊ ဘာပူစရာ ရှိလဲ"

အဖေ အားငယ်နေသည်ကို သိ၍ ပြောရသော်လည်း စိတ်ထဲကတော့ မကောင်းပေ။ အဖေ ပြောသလို ရင်ခုန်စရာ ရင်ထိတ်စရာကို ရွှေပါလည်း စိတ်ပျက်နေသည်မှာတော့ အမှန်ပင်၊ သို့သော် လခစား အစိုးရအလုပ်သမားများ၊ အမှုထမ်းများကို အထင်သေးကြသော ရတနာသူတစ်ယောက်၏ ထုံးတမ်း စဉ်လာ လေသံမျိုးကိုတော့ ရွှေပါက ခုထိ မလျော့သေးပေ။ ထိုစကားသည် ယခင်က အဖေ အမေတို့နှင့် ရတနာသားတို့၏ လက်သုံးစကားပင်။ ဤသည်ကို အဖေကလည်း သိသည်။

'ဟဲ ဟဲ ဒါဟာ ရတနာသူ ရတနာသားတွေရဲ့ လက်သုံးစကားပေါ့သမီး၊ ဟိုတုန်းကတော့ ဖေဖေတို့ လက်သုံးစကားပေါ့၊ ပညာဆိုတာကိုတော့ ထည့်တွက်ရမယ်သမီး၊ ပညာနဲ့ ထမင်းစားရတာဟာ စိတ်ချမ်းသာတယ်၊ ဖေဖေ ပြောတာ မဟုတ်လား၊ ပညာရှေ့အိုး လူမခိုးတဲ့"

"ပညာနဲ့ ထမင်းဝအောင် စားရရင်တော့ ဟုတ်တာပေါ့ ဖေဖေ၊ ရတနာမှာ ဆန်တစ်အိတ် သုံးရာ၊ ဖေဖေတို့ ဘယ်လို လုပ်စားမလဲ"

"တစ်ရာတန် တစ်ရာ့ငါးဆယ်တန်လဲ ရှိပါတယ်သမီးရာ၊ အဖေက အဖြစ်ကို ပြောတာပါ၊သုံးရာတန်မှ စားမယ်၊ ငါးရာတန်မှ စားမယ်ဆိုတဲ့ လူကတော့ ဟုတ်တာပေါ့"





"အဖေ့ကို သမီး ကျောင်းဆက်နေချင်ပါတယ်လို့ ဟိုတုန်းက ပြောခဲ့သားပဲ၊ အဖေတို့ပဲ သမီးတစ်ယောက်တည်းပဲ၊ ပညာမတတ်ရင်လဲ့ တစ်သက်စား မကုန်ပါဘူး သမီးရယ်ဆို"

"အေးပါ သမီးရယ်၊ ခုလဲ အဖေ့ပစ္စည်းတွေက သမီး တစ်ယောက်တည်း စားမကုန်ပါဘူး၊ အဖြစ်ကို ပြောတာပါ၊ အဲဒီအတွက်လဲ စောစောက အဖေ တောင်းပန်ပြီးပြီပဲ"

အဖေ စိတ်ပြေပါစေဟု ပြောသာ ပြောရသော်လည်း မိဘကို အာခံနေတတ်ပြီဟူသော အတွေးကိုများ အဖေ တွေးမိသွားလေမလားဟု ရွှေပါက နှုတ်ဆိတ်ထားလိုက်ရသည်။

"ငါ့သမီး စကားတတ်တာနဲ့ ဖေဖေ ပြောမယ့်စကားတွေတောင် ဘယ်ရောက်ကုန်လဲမသိဘူး၊ အေး ခုတော့ သမီးကို ကျောင်းဆက်ထားပေးမယ်ပြောလို့လဲ သမီး မနေချင်တော့ဘူးဆိုတာ ဖေဖေ သိပါတယ်၊ ငွေကို မြင်ရ ကိုင်ရ သုံးရတော့ မိဘဆီ လက်ဖြန့်တောင်းပြီး ဘယ် ကျောင်းနေချင်တော့မလဲ၊ ငွေဟာ အရာရာကို အောင်မြင်စေတတ်သလို အရာရာကို ဖျက်ဆီးတတ်တာလဲ သူပါပဲ၊ သမီးကို အဖေ တစ်ခု သတိပေးမလို့"

"ဘာလဲ အဖေ"

" ရွှေပါ မျက်လုံး ပြူးသွား၏။

"သမီးမှာ နတ်မျက်စိတွေများ ရှိရင် ဘယ်နှစ်လုံး ရှိလဲ၊ အဖေ့ကို ပြပါပြောမလို့"

တစ်ခါမှ မမေးဖူး မပြောဖူးသော စကားလိုဖြစ်နေသဖြင့် ရွှေပါမှာ ပို၍ အံ့ဩရသည်။

"တစ်လောကတော့ သမီးတစ်လုံး ကိုင်လိုက်သေးတယ် ဖေဖေ၊ ခု လုံးချောတွေနဲ့ လဲပင်လိုက်ပြီ၊ ဖေဖေ့ကို သမီး ပြသားပဲ"

"ဟုတ်တယ်လေ၊ အဲဒါကြောင့် မေးတာပေါ့သမီး၊ ခု သမီးလက်ထဲမှာ မရှိရင် ပြီးတာပဲ၊ လုံးချောကတော့ အရေး မကြီးပါဘူး၊ ဘိုးစဉ်ဘောင်ဆက် အမွေဆိုလဲ ဖြစ်တာပဲ"

ဖေဖေ ဘာသတင်းတွေများ ကြားခဲ့လဲဟု ရှုပါက ရင်ထိတ် သွားသည်။ ဟိုအပတ်ကလည်း ကျောက်မျက်ရတနာနှင့် ပတ် သက်၍ သတ္တုတွင်း ဝန်ကြီးဌာနမှ ကြေညာချက် အမိန့် တစ်ခု ထွက်သည်။ မိမိပိုင်ဖြစ်စေ၊ မိဘဘိုးဘွားပိုင် ဖြစ်စေ ရတနာ များကို ရောင်းချလိုသူများသည် မြန်မာ့ ကျောက်မျက်ရတနာ ဌာနတွင် လာရောက် ရောင်းချနိုင်ကြောင်း၊ ငါးရာခိုင်နှုန်း သာ ရာဖြတ်ခ ရောင်းချပေးခ ယူမည်ဖြစ်ကြောင်း ပါရှိသည်။

ပြည်သူပိုင် သိမ်းသော နှစ်ကို ရှုပါ ပြန်သတိရမိသည်။ သွေးခုံတွင် သွေးလက်စ လုံးချောတွေရော နတ်မျက်လုံးတွေ ရော အိမ်ပေါ်တက် ဝှက်ရသည်။ ရေတံလျှောက်၊ မျက်နှာ ကြက်၊ အိမ်သာ၊ တိုင်ကြိုတိုင်ကြား၊ ထောင့်ကြိုထောင့်ကြား ရတနာတွေနှင့် ပြည့်နေသည်။ အစိုးရက ပြည်သူပိုင်သိမ်းသည် ဆိုတာနှင့် ဘာကို သိမ်းမှန်း မသိ။ အိမ်မှာရှိသော ရတနာတွေ ကိုပါ သွေးရှူးသွေးတန်းနှင့် ဝှက်ကြရသည်။ အဝှက်လွန်၍ အချို့များ သိန်းကျောက်တွေပင် ပြန်ရှာ၍မရဘဲ ဖြစ်ကြရ သည်။ တွင်းကို သိမ်းတာပါဟု ဆိုသော်လည်း အိမ်က ပစ္စည်းအဝှက်လွန်၍ ကျပျောက်သောအခါ ရူးမလောက် ဖြစ် ကြရသူတွေလည်း ရှိသည်။ သူဝှက်လက်မှ သူခိုးယူသွား၍





ဆုံးတာလည်း ရှိသည်။ ရှုပါပိုင် နီလာလုံးချော တစ်လုံး လေးရက်ကြာမှ သတိရ၍ ပြန်ယူခဲ့ရ၏။

"ဘာကြားလို့လဲ ဖေဖေ"

"မကြားပါဘူး သမီးရယ်၊ သတ္တုတွင်း ဝန်ကြီးဌာနက ကြေညာချက် သမီးလဲ ဖတ်လိုက်တာပဲ မဟုတ်လား"

"ဖတ်လိုက်ပါတယ် ဖေဖေ"

"အဲဒါပါပဲ သမီးရယ်"

ရှုပါက မသိမသာ သက်ပြင်း ရှိုက်လိုက်သည်။

"ခု သမီး ညှော်သည့်လိုက်ပို့ရာက ပြန်လာတာလား"

"ဟုတ်ကဲ့ ဖေဖေ၊ မန္တလေးက အန်တီ ဒေါ်ခင်ခင်ကြီးတို့ မသင်းရီတို့ သမီးတို့ အသိလေ ဖေဖေ၊ ညနေက သမီး ရှမ်း ထမင်းကျွေးလို့"

"ဖေဖေ သိပြီးပါပြီ သမီးရယ်"

ဒေါ်လေး၏မျက်နှာကို ချက်ချင်း မြင်ယောင်မိလိုက်သည်။ အဖေအား ဒေါ်လေးက အားလုံး ပြောပြီးပြီ ဖြစ်ချေသည်။ ရည်းစားဟုများ ပြောလေသလားဟု တွေးကာ ရင်ထိတ် သွားသည်။ ဤမျှထိတော့ ဒေါ်လေး ပြောဦးမယ် မဟုတ်ဟု ပြန်တွေးရ၏။ ပြောချင်ပြော၊ မေမေ့ကိုသာ့ စောင်းပါး ရိပ် ခြည် ပြောကောင်း ပြောလေမည်။ ရည်းစားလဲ မဟုတ်သေး ဘဲနဲ့ ပြောရင်တော့ အသိပဲဟု ဒေါ်လေးကို စိတ်ထဲက ကြိမ်းလိုက်မိသည်။

ဖေဖေ အပေါ်ထပ် တက်သွားမှ နောက်က ကုပ်ကုပ် ကလေး လိုက်ပါသွားရ၏။ ဤနေ့ စိတ်ထဲမှာ ပျော်သလို လွမ်းသလို ဖြစ်နေလေသည်။

✻ ✻ ✻

## အခန်း (၁၆)

"ကဲ ပြောစမ်းပါဦး"

"ဘာပြောရမှာလဲ နှင့်ကို ငါက"

"ဟိုနေ့က ဘာလို့ ငါ့ကို အပြန်မှာ ခေါ်မယ်ပြောပြီး ထားပစ်ခဲ့ရတာလဲ"

"နှင် သိသားနဲ့"

"ဘာ သိရမှာလဲ၊ နှင် တော်တော် ရက်စက်ပါလား ရှုပါ ရယ်၊ ငါ့မှာဖြင့် နှင် လာခေါ်မယ် အထင်နဲ့ စောင့်လိုက် ရတာ တစ်နေ့ကို ကုန်ရော"

"ဟိုဘစ်ယောက်ဏ အိမ်ကို အတင်း လိုက်ပါရစေဆိုတော့ လဲ မခေါ်လို့ ကောင်းမလားဟဲ့၊ သူ ပါရင် နှင်က ပေါက် တရတွေ လျှောက်ပြောနေမှာ စိုးလို့ နှင့်ကို တမင် ထားခဲ့ ရတာ၊ ငါလဲ စိတ်မကောင်းပါဘူးဟယ်"





"အမယ် ကြော်ငြာမနေပါနဲ့၊ သိပါတယ်နော်၊ အားလုံး ကြားပြီးသားပါ"

သူ အတည်ပေါက် လိုမ့်သည်ကို ဇော်မြင့်အောင် တကယ် ထင်သွားသဖြင့် ရှုပါ ဝမ်းသာသွားသည်။ စောစောက တည် ထားသော မျက်နှာသည် ချက်ချင်း ပြုံးလာ၏။

ချဉ်ရည် ထပ်ထည့်ပြီး တို့ဟူးပန်းကန်ကို တူနှင့် အားရ ပါးရ မွှေပစ်လိုက်သည်။

"ငါ့လဲ နည်းနည်း ထည့်ပေးပါဟဲ့"

"နှင့် ဘာသာ နှင် ထည့်၊ လူပါးမဝနဲ့"

ရယ်၍ ပြောသည်ကို ဇော်မြင့်အောင်က မကြောက်။ စကား အတွန့်တက်လာ၏။

"နှင့်ကလဲဟယ် ငါ့ကို တွေ့ရင် ဝက် ချေးမြင်တာ ကျနေ တာပဲ"

"ဟဲ့ ပြိတ္တာကောင် စားတုန်း သောက်တုန်း သူများလဲ အားမနာ၊ ငါ လုပ်လိုက်ရလို့"

ရှုပါက ရေနွေးကြမ်း ပန်းကန်နှင့် ရွယ်သည်။ ဇော်မြင့် အောင်က ဇက်ပုပြ၏။

"ဟုတ်သားပဲကွ၊ မင်းကလဲ လျှာနဲ့ သွားဆို တော်သေး၊ ချေးနဲ့ ဝက်မှ နှိုင်းရလား" ဇော်မြင့်အောင်၏ နောက်တော် ပါးက အမြဲ ခစားဝင်တတ်သော ထူးမင်းသိန်း၏ မလွှတ် မကင်း ဝင်ပြောသံ။

"တစ်ကောင် ပါးကွဲချင်ပြန်မလား"

"နှင်ကလဲ ပြောလိုက်ရင် ပါးကိုချည်းပါလားဟဲ့၊ ငါ့မှာ တခြားနေရာတွေလဲ ရှိပါသေးတယ်"

"နှင့်ကို ချရင် ပါးမှ ချချင်လို့တဲ့"

သူတို့ သုံးယောက်ကို တို့ဟူးသည်ဆိုင်ရှင်က ရယ်နေသည်

"နင်တို့ နှစ်ကောင်သာ ဒီဘက် ရှိမှန်း သိရင် ငါ လာဂ
မစားဘူး"

"တို့ကတော့ တမင် လိုက်လာရတာဗျာ"

"သိပါတယ်၊ နင်တို့နှစ်ကောင် အနံ့ခံကောင်းမှန်း"

"ဟင်း ဘယ်လူ အီးပေါက်ပါလိမ့်"

ထူးမင်းသိန်းက နှာခေါင်းကို ရှုံ့ချိပွချိလုပ်၍ ပြောၿ

"သားရေကြော် တစ်ပွဲပေးပါဦး အစ်မကြီးရယ်"

"ဟေ့ ငါ တော်ပြီကွ၊ မယူတော့ဘူး"

"အမယ် မင်းအတွက် မဟုတ်ဘူးမောင်၊ ဒီမှာ တစ်ယောက်
အကြော်မပါ ဘာမပါ စားနေတာ မကြည့်ရက်လို့"

"နင်တို့ နှစ်ယောက်ဟာလေ ဘယ်လောက် ပြောပြော
အရှက်ကို မရှိဘူး"

"မရှက် သုံးပါး ရှိတယ်တဲ့ဟ"

"သေချင်ပြန်ပလား၊ ငါ တကယ် လုပ်လိုက်မှာနော်"

"ဟ ပေကုန်ပြီဟ၊ မလုပ်ပါနဲ့၊ ငါက ကျီစားတာပါ"

ရှုပါက ခက်ရင်းနှင့် ပါးကိုလှမ်းထိုးသဖြင့် ဇော်မြင့်အောင်
က အော်၏။

တစ်ရပ်ကွက်တည်း အတူ နေကြသူတွေ ဆိုတော့လည်း
ရှုပါမှာ သူတို့ကို ရှောင်မလွတ်။ တစ်နေ့ရှာ မဆုံ တစ်နေ့ဆုံ ဆုံမိ
ကြသည်ပင်။ ဤနေ့ မနက်လည်း အောက်လမ်းထိပ်တွင်
တို့ဟူး လာစားရင်း သူတို့နှင့် ဆိုင်တွင် ဆုံမိကြပြန်သည်။ ဤ





ရက်ပိုင်း အတွင်းမှာ သူတို့ နှစ်ယောက်သည် ရှုပါ နောက်က
အရိပ်ပမာများ လိုက်နေသလား ထင်ရသည်။

"တော်ပြီလားဟ၊ နောက်တစ်ပွဲ ယူပါဦး"

ဇော်မြင့်အောင်ကို ရှုပါက ဘာမှ ပြန်မပြော။ ပိုက်ဆံ
အိတ်ကို ဇစ်ဖွင့်ပြီး ဆယ်တန် တစ်ရွက် ထုတ်ပေးလိုက်သည်။

"ကျွန်တော်တို့ အတွက်ပါ တစ်ခါတည်း ယူထားလိုက်ပါ
အစ်မကြီး"

ဆိုင်ရှင်က ရှုပါ၏ မျက်နှာကို လှမ်းကြည့်သည်။ ယူလိုက်
ရမလား ဟူသော အကြည့်မျိုး။

"ယူလိုက်ပါ အစ်မကြီး၊ သူတောင်းစားတောင် တောင်း
ရင် ပေးရသေးတာပဲ"

"နင်ကလဲ လပြည့် လကွယ်တိုင်း မိုးကုတ်ဝိပဿနာတရား
နာနေပြီး စကားပြော ရိုင်းလိုက်တာ၊ အလှူခံဘစ်ဆယ့်လေး
ခွေးတောင် ပါတာပဲ့ ပြောရင်လဲ ဖြစ်သားနဲ့"

"အမယ် နင်တို့လား၊ အလှူခံတွေ၊ မတန်မရာ၊ နင် မြေမျိုဦး
မယ်ဟဲ့၊ ခွေးပါးစပ်နဲ့ နုတ်သီး ဖပစ်နဲ့"

"နင်တို့ နှစ်ကောင်ကလဲ တွေ့ရင် ကိုက်ကြတော့တာပဲ"

"ထူးမင်းသိန်း ငါ ငယ်ထိပ်ကို ဖနောင့်နဲ့ပေါက်လို့ စားပြီး
သားတွေ ပြန်ထွက်ဦးမယ်နော်"

"အမယ်လေးဗျ၊ ဂိန်"

ထူးမင်းသိန်း ဝင်ပြော၍ အသားယူသည်ကို ရှုပါက နည်း
နည်းမှ မခံနိုင်။ မျက်နှာကြောလည်း တစ်ခါမှ မတည့်။ ငယ်
ငယ်ကလည်း သယ်ဖက် ရန်ဖက်။ ဇော်မြင့်အောင်နှင့် စာလျှင်
ထူးမင်းသိန်းမှာ စိတ်ဆတ်သဖြင့် ရှုပါကို ကျောင်းအပြန်တွင်

ခဏ ခဏ ရိုက်ပြေးတတ်သည်။ ရှုပါ တလည်း နည်းနည်းမှ မခံ။ အိမ်ထိအရောက်လိုက်၍ ခဲနှင့်ထုတတ်သည်။ မိန်းကလေး ဖြစ်သော်လည်း ငယ်စဉ်ကပင် သူတို့ ရှုပါကို ခံမသတ်ရဲကြ။ ရှုပါ့သွားက မကိုက်ဖူးသော သူ သိပ်မရှိ။ နိုင်နိုင် မနိုင်နိုင် ရန်ဖြစ်လျှင် ဒေါသကြီးတတ်သူမို့ ဖက်ကိုက်ရမှ ကျေနပ်သည်။ ကိုက်အားကြီး၍ ငယ်ငယ်က ဆိုလျှင် ရှုပါကို လူတိုင်းက ခွေးဝင်စား ခွေးမဟု ခေါ်ကြသည်။ ထို့ကြောင့်လည်း ရှုပါက သူများကိုသာ ခွေးနှင့် နှိုင်းပြောတတ်သော်လည်း မိမိကို ခွေးနှင့် နှိုင်းလျှင် ဆတ်ဆတ်ထိ မခံနိုင် နာတတ်သည်။

"သွားတော့မလို့လားဟ၊ ငါတို့လဲ လိုက်မလို့"

သူတို့နှစ်ယောက်သည် တကယ်လည်း နောက်က လိုက်လာကြသည်။ မမြင်ယောင်ဆောင်နေ၍ မရ။ နေပါဦးဟာဟု ဆိုပြီး အနားရောက်လာကြသည်။

"နင်တို့က ဘာနွှောင့်ယှက်မလို့လဲ"

"ဟ နင်နဲ့ ငါတို့နဲ့က နှောင့်ယှက်ရမယ့် လူတွေလားဟ၊ မဟုတ်တာ"

အမှန်လည်း ဖြစ်နေသဖြင့် ရှုပါက နှုတ်ဆိတ်သွားသည်။

"ဟိုကောင် ဘယ်မှာတည်းလဲဟ၊ ဟိုနေ့က မေးလိုက်တယ် မဟုတ်လား"

"ဂါတ်တဲဝင်းထဲမှာ တဲ့"

"ဟေ...."

ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့က မျက်လုံး ပြူးသွားကြသည်။ တကယ် ထင်သွားပုံရ၏။

ရှုပါက ကျေနပ်စွာ ပြုံးလိုက်သည်။





"နင့်လူက ငါတို့ထင်သလို တကယ်များ ဟုတ်နေလားဟ၊ ဂါတ်ဝင်းထဲမှ တည်းတယ်ဆိုတော့ စဉ်းစားစရာပဲ"

ထူးမင်းသိန်းက နင့်လူဟု ပြောလိုက်သည်ကို ဇော်မြင့်အောင်က ကျေနပ်ပုံမရ။ တမင် လမ်းခင်းပေးသလို ပြောရကောင်းလားဟု ထူးမင်းသိန်းကို မျက်စောင်း ထိုးသည်။ ရှုပါက ကျိတ်ပြုံးနေ၏။ ဘာမှ ပြန်မပြော။

"ရတနာကို သူ ဘာလာလုပ်တယ်လို့ ပြောလဲ"

"ဒေသန္တရဗဟုသုတ လာတယ်လို့ ပြောတာပဲဟ"

"ရတနာမှာ သူ့အသိ ရှိလို့လား"

"ရှိတယ်လို့ ပြောတာပဲ"

"ဘယ်မှာတဲ့လဲ"

"ဗိုလ်ကုန်းမှာလိုလို အေးပြင်မှာလိုလိုပဲဟာ၊ ရေရေရာရာ မပြောဘူး၊ အသိက ရှာရဦးမယ်တဲ့၊ နောက်တစ်ခါ မေးတော့ ပြောင်းသွားကြပြီလား မသိဘူးတဲ့၊ ရှာမတွေ့သေးဘူးပြောတယ်"

ရှုပါက အမှန်အတိုင်း မပြောဘဲ သူ့ကို ဒီကောင်နှစ်ကောင် လန့်အောင် ဘယ်လို ခြောက်ရ ကောင်းမလဲဟု ကြံစည်ရင်း ပြောရသည်။ သူတို့နှစ်ယောက်ကတော့ လုံးဝ ရိပ်မိပုံမရ။

"ဟင် တစ်ပတ်ကျော်နေပြီးပြီပဲ ရှုပါရာ၊ ခုထိ သူ့အသိကို ရှာမတွေ့သေးဘူးတဲ့လား"

"မသိဘူးလေ၊ သူပြောတာ ငါလဲ နင်တို့ကို ပြောရတာပဲ"

ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့က ငိုင်တိုင်တိုင် ဖြစ်သွားကြသည်။

"အမှန်တော့ ဘယ်ပြောမလဲဟ၊ ဒီကောင်က တကယ် မသကာ်စရာနော်၊ သတိထားရမယ် ရှုပါ"

"ငါက မှောင်ခိုအကြီးစားမှ မဟုတ်တာ၊ သူ့ကို သတိထားစရာ မလိုပါဘူး၊ နင်တို့ပဲ သတိထားကြ"

"ဟ တို့လာတုန်းက ကားပေါ်တက်မှာ ဟိုမိန်းမကြီး တစ်ယောက် ပြောသလို ဖွဲ့ခိုးမမိ ဆန်ခိုးမိ ဖြစ်ရင်ကော"

"ဖွဲ့လဲ မခိုးဘူး၊ ဆန်လဲ မခိုးဘူးဆို ဘာမိစရာရှိလဲ၊ အရှင်းကြီးပဲဟာ၊ ခိုးရင်တော့ မိမှာပေါ့"

"အဲ နင့်ဆီ လာလည်တဲ့ နေ့က သူ ဘယ်အချိန် ပြန်သွားလဲ"

"ညနေ ထမင်းစားပြီးမှ ပြန်သွားတယ်"

"ဟင် ထမင်းတွေ ဘာတွေတောင် ကျွေးလိုက်ရပြီ"

ဇော်မြင့်အောင် မျက်နှာ ညှိုးသွားသည်။

"တစ်နေ့လုံး နင်တို့အိမ်မှာ နေသွားတာပေါ့"

ထူးမင်းသိန်းက ရှုပါ၏ မျက်နှာကို စူးစူးရဲရဲ ကြည့်၍ မေး၏။

"ဟုတ်တယ်"

ပြိုင်တူ သက်ပြင်းချသံကို ရှုပါ ကြားလိုက်မိသည်။ သည်ကောင် နှစ်ကောင်တော့ တကယ် ဖျားနေကြပြီဟု ရှုပါမှာ ဝမ်းသာပြီးရင်း ဝမ်းသာရင်း ဖြစ်ရသည်။

"ဒီကောင်က နင့်ကို ချစ်ယောင်ဆောင်ပြီး ရတနာမှာ ထောက်လှမ်းရေးခြေကုပ်ယူဖို့များ စဉ်းစားထားလားမှ မသိတာ၊ နင် သတိထားနော် ရှုပါ၊ ဒီကောင်ကို နောက် မရောပါနဲ့ဟာ၊ နင် ဝတ္ထုတို့ ရုပ်ရှင်တို့မှာ မြင်ဖူးမှာပေါ့၊ ထောက်





လှမ်းရေးတွေဟာ ဒီလိုပဲ မိန်းကလေး တစ်ယောက်ယောက်ကို ချစ်ယောင်ဆောင်ပြီး သူတို့ လိုချင်တာကို အရ ယူသွားကြတာလေ"

"ငါမှ သူ့ကို မချစ်တာ"

"ခု မချစ်သေးပေမင့် နောက်ချစ်သွားရင်ကော၊ ဒီကောင်တွေက မိန်းကလေးတွေ ကျအောင်လဲ သိပ်ပြောတတ်၊ မူတတ်တာနော်၊ ခု ကြည့်ပါလား၊ နင့်ကိုတောင် ကျလောက်အောင် တောက်တဲ့ကပ် ကပ်နေတာလေ၊ ကားပေါ်မှာ တစ်ခါတွေ့နဲ့ ဘာ ဒီလောက်တောင် ခင်မင်စရာရှိလို့လဲ၊ သူ့ အကြောင်းလို့ ခုလို မရှက်မကြောက်"

"မရှက်သုံးပါး ရှိတယ် ဆိုဟာ"

စောစောက တို့ဟူးဆိုင်တွင် ထူးမင်းသိန်းက သူ့အား သောစကားကို ယခု ရှုပါက ပြန်ပြောနေသောအခါ ဇော်မြင့်အောင်မှာ ရှုပါ၏ မျက်လွှာကို ထိတ်ထိတ်လန့်လန့် ကြည့်သည်။

"အော ငါလဲ အဲဒါ စိုးရိမ်နေတာပေါ့ ရှုပါရယ်"

"အမယ် နင်က ဘာဆိုင်လို့ စိုးရိမ်နေရတာလဲ"

"မစိုးရိမ်ပဲ နေပါ့မလားဟ၊ ငါ့သူငယ်ချင်း ဇော်မြင့်အောင်က နင့်ကို ချစ်နေတဲ့ဥစ္စာ၊ ခုထိ နင် မသိယောင်ဆောင်နေပါနဲ့ဟာ"

"နင့်ကို ရှေ့နေလိုက်ခဲ့ ဘယ်လောက်ပေးထားလဲ"

"ငါ အကြောင်းပြောတာပါ ရှုပါရယ်၊ တို့တစ်ရပ်တည်းတွေပါဟာ ဇော်မြင့်အောင်ကို နည်းနည်းမှ မကြိုက်ဘူးလား"

ရှေ့တွင် တကယ် အပြောခံရလေသောအခါ ဇော်မြင့်အောင်ရော ရှုပါပါ ရှိန်းရှိန်းဖိန်းဖိန်းတော့ ဖြစ်သွားကြသည်။ မည်မျှ ရဲတင်းပွင့်လင်းပါသည် ဆိုသော်လည်း မိန်းမသားမှာ ရှတ်တရက် မျက်နှာပူသွားသည်။ ဇော်မြင့်အောင်ကလည်း နှုတ်ဆိတ်နေသည်။ ကြက်ကြီး လည်လိမ်ထားသလို ခေါင်းငိုက်စိုက် ချထားသည်။ ရုပ်ရှင်မင်းသား လုပ်စားဖို့ကောင်းတယ်ဟု ရှုပါ စိတ်ထဲက ဆဲလိုက်မိ၏။

"ဟင် ရှုပါ"

"ဘာလဲဟ"

"တကယ်ပြောတာပါဟ၊ နင် ဇော်မြင့်အောင်ကို နည်းနည်းမှ မချစ်နိုင်ဘူးလား၊ ငါ့ကောင်ကြီးက သဘောကောင်းပါတယ်ဟ၊ ရုပ်ကလဲ မဆိုးပါဘူး"

"ဘာလဲ ကျောနဲ့ရင်နဲ့ ကပ်နေတဲ့ နင်တို့ရုပ်တွေလား မဆိုးတာ"

ဇော်မြင့်အောင်က ကြားဝင်၍ တဟားဟား ရယ်နေသည်။ ပြောကွာ၊မင်းပဲ ငါတော့ အားကိုးတော့မယ် ဟူသောသဘောဖြင့် မျက်လုံးတစွေ့ ဝေ့ကြည့်ပြသည်။ထူးမင်းသိန်းက အားရှိသွားသလို လေသံကို မြှင့်သည်။

"ငါ့ကောင် ပိန်နေတာက"

"ဖိုးချလို့ မဟုတ်လား"

ဇော်မြင့်အောင် ပခုံး နည်းနည်း တွန့်သွားသည်။

"ဟ နင်ကလဲ ငါ့စကားပဲ ဆုံးအောင် နားထောင်စမ်းပါဦး၊ တို့က ဖိုးမချပါဘူးဟ၊ ကိုယ့်သေတွင်း ကိုယ်တူးရ





အောင် တို့မမိုက်ပါဘူး၊ မိကောင်းဖခင် သားသမီးတွေပါ၊ အလိမ္မာလေးတွေပါ"

"မယုံရင် ငါ့မေးကြည့် ဆိုပါတော့"

"ဟဲ့ ဟဲ ငါက အကြောင်းပြောနေတာ၊ နင်က နောက်နေပြန်ပြီ၊ သူ သူ ပိန်နေတာက နင့်ကြောင့် စိတ္တဇဖြစ်နေလို့ပါဟ"

"သေလိုက်ပါလား"

သူ ဘာပြောတော့မည်ဆိုသည်ကို ကြိုတင် သိသွားသော ရှုပါက သေလိုက်ပါလားဟု ပြောလိုက်သည်။ ထူးမင်းသိန်းမှာ အကြံအိုက်သွားပုံရ၏။ ခေါင်းကို တဖျင်းဖျင်း ကုတ်၍ ရယ်နေသည်။

"ဒီဘူတာပဲ ဆိုက်တာ မဟုတ်လား"

"နင် တကယ် မချစ်ဘူးပေါ့"

"မချစ်ဘူး"

"ဆံပင် ဆယ်စိတ်စိတ် တစ်စိတ်လောက်ဟာ"

"နင်ကတော့ ဇော်မြင့်အောင်ကို တော်တော် ချစ်ပုံရတယ် နော်"

"ဟာ ဘယ့်နှယ်ပြောပါလိမ့်၊ ဒီလောက်ချစ်ဖို့ကောင်းတဲ့ အပေါင်းအသင်း ဘယ့်နှယ် မချစ်ဘဲ နေပါ့မလဲ"

"ချစ်ရင် နင့်နှမနဲ့ ပေးစားလိုက်"

"ဟာ့ နင့်စကားကလဲ နောက်ဆုံးတော့ ဒီဘူတာပဲ ဆိုက်တာပဲကလား ဟရို့"

ပြိုင်တူ ရယ်မိသွားကြသည်။

"တကယ်ပြောတာပါဟ၊ ငါ့နှမတွေသာ ဒီကောင် ကြိုက်မယ်ဆိုရင်တော့ ခုနင့်ရွှေပဲ မေးကြည့်၊ ချက်ချင်းပေးစားမယ်"

"နင့်ဘာသာ နင် မေး၊ နင်ကတော့ ဟုတ်မယ်၊ နှမသာ မဟုတ်ဘူး၊ အမေတောင် ရောင်းစားမယ့်အကောင်"

"အမေတော့ ချမ်းသာပေးပါရှုပါရယ်၊ ငရဲအိုးကြီးနေ ပါဦးမယ်"

ဇော်မြင့်အောင်ကိုသာ ရှုပါက မေးလိုက်မိလျှင် ငါက တော့ နင်က လွဲရင် အားလုံးဖွဲ့နဲ့ဆန်ကွဲချည်းပါဟယ်၊ နတ်ပြည်က နတ်သမီး လာပြတောင် ငါ့မျက်စိထဲ နင်လောက် မချောလှဘူးလို့ မြင်မယ့်လူပါဟု ပြောမည်မှန်း အတပ်သိသဖြင့် ရှုပါက ဇော်မြင့်အောင်ကိုမမေးရဲ။သူတို့က နှစ်ပေါင်းများစွာ ပေါင်းလာကြသူတွေမို့ တစ်ယောက်အထာ တစ်ယောက် သိပြီးသား။ အတိုင်အဖောက် အလွန် ညီသည်။ ရှုပါကလည်း သူတို့အထာကို ကျွမ်းပြီးသား။

"ကဲ နင်တို့ ဒါပြေ ဖို့ လိုက်လာကြတာ မဟုတ်လား၊ ငါ သွားမယ်"

ရှုပါက အိမ်ခြေရင်း တောင်ခြေလမ်းတွင် လမ်းခွဲကြရန် ရှုပါက ပြောသည်။

"မဟုတ်ပါဘူးဟာ၊ ငါတို့က အိမ်ထိ လိုက်ကြမှာပါ"

ဇော်မြင့်အောင်က မှင်သေသေနှင့် ပြော၏။

ကျောက်တုံး လှေကားထစ်ကို လှမ်းနင်းရင်း ရှုပါက နောက်သို့တစ်ချက် လှည့်ကြည့်သည်။တကယ် သူတို့လှမ်းတက်





လာကြ၏။ ဘေးက သနပ်ခါးပင်ကိုင်းတစ်ကိုင်း လှမ်းကိုင်၍ ရှုပါခြေလှမ်းရပ်လိုက်သည်။

"နင်တို့ တကယ် လိုက်မယ်"

"ဟုတ်ပါတယ်ဆို၊ မလိုက်စေချင်လို့လား"

ဇော်မြင့်အောင်သည် အောက်လှေထားထစ်မှ ရှုပါ၏ မျက်နှာကို လှမ်းကြည့်၍ ပြော၏။

"အိမ် ဘာလိုက် လုပ်မှာလဲ"

"ဟဲ ဟဲ ဘာလိုက် လုပ်ရမလဲ၊ သမီးပြောမရတော့ အမေ အဖေတွေ တက်ပြောမလို့"

"ငါ တကယ် ပါးချလိုက်လို့ နေ ာ်နင်"

ထူးမင်းသိန်းက ပါးကို ပွတ်၍ ကျောက်တုံးဘေးသို့ ကိုယ်ကို ရှောင်ခနဲ ရွှေ့ကာ တဟားဟား ရယ်နေသည်။

ထူးမင်းသိန်း ဤသို့ အလစ်ပြောတတ်မှန်း သိသဖြင့် ရှုပါမှာ သူနှင့် စကားပြောလျှင် မနည်း သတိထား ပြောရသည်။ သတိထားသည့်ကြားကပင် တစ်ခါတစ်ခါ အလစ်မိတတ်သေး၏။ သူ့စကား ဟူသမျှလည်း ဇော်မြင့်အောင်နှင့် ပတ်သက်သော နှလုံးသား စကားချည်း ဖြစ်လေသည်။

"တို့ နတ်စိတစ်လုံး အန်ကယ်ကို ပြမလို့ပါ၊ ရှုပါရယ်"

ဇော်မြင့်အောင်က တည်တည်တံ့တံ့ပင် လှမ်းပြောသည်။

"ဟုတ်လား၊ ကြည့်ရအောင်ဟာ"

ကျောက် ဆိုသဖြင့် ချက်ချင်း အသံပြောင်းသွားသော ရှုပါကို ထူးမင်းသိန်းက မျက်နှာ စပ်ဖြဲဖြဲနှင့် ပြုံး၍ ကြည့်နေ၏။

"လမ်းမကြီးမှာ နင်ကလဲဟာ"

"အေး ဟုတ်သားပဲ"

ဇော်မြင့်အောင်က လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်သောအခါ ရှုပါလည်း သဘောပေါက်လိုက်သည်။ သိန်းထိမှန်းနိုင်သော ကျောက်မှန်း အလိုလို အထာ သိလိုက်၏။

မှောင်ခို ကြီးကြီးကျယ်ကျယ် မလုပ်ဖူးသော်လည်း ကျောက်ဆိုလျှင် ရတနာသူတစ်ယောက်ပီပီ မြင်ချင် ကြည့်ချင်သည်မှာတော့ အမှန်ပင်။ ရုတ်တရက်မူ ဟန်ချက်ပင် ပျက်ချင်သွားလေသည်။

* * *

## အခန်း (၁၄)

ကားကို ရုတ်တရက် ဘရိတ်အုပ်လိုက်သည်။ ကျွီခနဲမြည်သံသည် နားထဲမှာ ဆူညံသွားသည်။ လူတစ်ယောက်ကို ကားနှင့် ဝင်တိုက်မိသွားသည်။ လမ်းဘေးသို့ လွင့်စဉ်သွားတာမြင်လိုက်ရသည်။ ချက်ချင်း မှန်ထူကာ မျက်လုံးပြာသွား၏။ ရင်ထဲတထိတ်ထိတ် အခုန် မြန်နေသည်။ သည်ကွေ့ကို မဝင်မိမီ ကားကို ဟွန်းမှ တီးမိရဲ့လားဟုလည်း တွေးမရ ဖြစ်သွားသည်။ ကြောက်စိတ်နှင့် တစ်ကိုယ်လုံး ဆတ်ဆတ် တုန်နေမိသည်။ မိနစ်ပိုင်း အချိန်ကလေး အကြာကိုပင် ပြန်၍ သတိမရတော့။ ကားဟွန်း မပေးမိရင်တော့ ငါ့အပြစ်ပဲဟုလည်း တွေးလိုက်သည်။

အံ့ဩ၍ ဟင်ခနဲ အသံ ထွက်သွားသည်။ ချက်ချင်း ကားပေါ်က ဆင်းလိုက်၏။ သူ့အနားသို့ပင် ဘယ်လို ရောက်

သွားမှန်း သတိမထားမိလိုက်။ သူ့ရှေ့တွင် ရပ်မိလျက်သား ဖြစ်နေသည်။

"ဘယ်ထိသွားသေးလဲ ဟင် အစ်ကို"

"ဘယ်မှ မထိပါဘူး ညီမရယ်၊ ကိုယ် ခုန်လိုက်တာ လော ကြီးသွားလို့ ချော်လဲမိတာပါ"

သူသည် ဒူးခေါင်းကို လက်နှင့် ထောက်၍ ထလာသည်။ သက်မတစ်ချက် ချမိလိုက်၏။ သူက သူ့ကားနှင့်ဝင်တိုက် မိ၍ လွင့်စဉ်သွားသည်ဟု ထင်လိုက်ခြင်းမှာ မဟုတ်။ သူက သူ ခုန်လိုက်သည်ဟု ဆို၏။ ရူပါက ကြောက်ကြောက်နှင့် မျက်စိ ပြာ၍ အမှားအယွင်း မြင်မိခြင်းသာ။

"တော်သေးတာပေါ့ အစ်ကို၊ ညီမက ကားနဲ့ တိုက်မိ လိုက်တယ်ထင်လို့ မျက်လုံးကို ပြာသွားတာပဲ၊ အစ်ကိုလို့လဲ ဘယ်လိုမှ မထင်လိုက်ဘူး၊ လူငယ်တစ်ယောက်လို့ပဲ ထင်တာ"

သူက သက္ကလပ် စစ်ရောင်ဘောင်းဘီရှည်ကို ဖုတ်ဖက်ခါ၍ ပြုံးနေ၏။

"ညီမက လူတောင် မှားလို့"

ဘောင်းဘီရှည်၊ စစ်ဆွယ်တာအပေါ်က အမွေးပွဂျာကင်၊ ရှူးဖိနပ်နှင့် သူ့ကို ငူငေးကြည့်၍ ရူပါက ပြောလိုက်၏။

သူက မလုံမလဲ ရယ်သည်။

"ရတနာမှာ လူငယ် လူရွယ်တွေဟာ လုံချည် ဝတ်လေ့ ဝတ်ထ မရှိတာ တွေ့ရလို့"

"အဲ ဒါကြောင့် ဘောင်းဘီဝတ်လာရတယ် ဆိုပါတော့"

"ဟုတ်တယ် ညီမရယ်၊ ကိုယ်လဲ ရတနာသားလုပ်တော့ မလားလို့၊ ရတနာသားနဲ့ တူအောင် ဝတ်လာတာလေ"





ရယ်၍ ပြောသည်။

"အစ်ကိုက ရတနာသား ဖြစ်တော့မယ် ဆိုတော့ ညီမ ဝမ်းသာပါတယ်"

"ဝမ်းတော့ မသာနဲ့ဦး ညီမရယ်"

"ဘာဖြစ်လို့လဲ အစ်ကို"

"ဪ မုန့်ဆီကြော်က ဘယ်နေမှန်းမသိ၊ နှုတ်ခမ်းနားနဲ့ တည့်ပါ့မလား ဆိုသလိုပဲ၊ ရတနာသားဖြစ်ချင်တဲ့ ကိုယ့်ကို ရတနာသူတွေက ကြည်ဖြူပါ့မလားလို့"

"ဒါတော့ ကြည်ဖြူလာအောင် ကြိုးစားပေါ့ အစ်ကိုရယ်"

သူ့ကို ပြုံးကြည့်၍ ပြောမိလိုက်သည်။

သတိထားမိတာတစ်ခု ရှိသည်။ သူသည် ယခင် တွေ့စကလို "ကျွန်တော်"အစား "ကိုယ်"ဟု သုံးတတ်လာသည်။

"ကြိုးတော့ ကြိုးစားနေတာပဲ ညီမရယ်၊ ဒါပေမင့်...."

"ဒါပေမင့် ဘာဖြစ်လို့လဲ အစ်ကို"

သူ တွေသွားသည်။ ညှိုးရိပ်ထင်သော မျက်လုံးနှင့် ရူပါကို ငေးကြည့်နေသည်။ အပေါ်နှုတ်ခမ်းကို လျှာနှင့် သိမ်းလိုက် သည်။ သူ့နှုတ်ခမ်းအလှုပ်ကို ရူပါကလည်း ပြန်၍ ငေးနေ မိသည်။

"ဟင် အစ်ကို၊ ဒါပေမယ့် ဘာဖြစ်လို့လဲ၊ ပြောပါဦး"

"ဪ ဥမ္မာဒန္တီပျို့ထဲက စာပိုဒ်တစ်ပိုဒ်ကို ရုတ်တရက် သတိရမိလိုက်လို့ပါ"

"ဘာတဲ့လဲ အစ်ကို"

"'ဂင်္ဂါမြစ်မှ၊ သဲလုံးမျှသား၊ လောကထွတ်ဆင့်၊ ငါးမာန် လွင့်တို့၊ ပွင့်ကြလိုက်ကြူ၊ တဆူဆူတွင်၊ ဆုယူဆုတောင်း၊

ညောင်ရေလောင်းလျက်၊ ပေါင်းရလို့ငှာ၊ နှုတ်ဝယ်ဖြာ၍၊ ဒါနအတူ၊ ငါနှင့်သူသည်၊ အလှူမပေးလေသလော’ ဆိုတာလေ”

“အစ်ကိုကတော့ မန္တလေးသား မမေးရတူးနော်၊ သိပ်စကားကြွယ်တာပဲ”

“စကား ကြွယ်တာ မဟုတ်ပါဘူး ညီမရယ်၊ ဒါ ကိုယ့်ရင်ထဲက တကယ့် ခံစားချက်နဲ့ ပွင့်ထွက်လာတဲ့ ခံစားမှုစကားပါ”

ရုတ်တရက် ဘာ ပြန်ပြောရမှန်း မသိ ဖြစ်သွားမိသည်။

“အစ်ကိုက ခုလိုဆိုတော့ ဇာတ်လိုက်ကျနေတာပဲ၊ ရတနာသူတွေက ကြည်ဖြူကြမှာပါ”

“ဟင် တကယ်ပဲလား ညီမ”

“ရှင်”

သူသည် နှုတ်ဆိတ် သွားပြန်သည်။ သက်ပြင်း သဲ့သဲ့ ရှိုက်သံကို ကြားမိလိုက်သည်။ လက်ကို နောက်ပစ်ပြီး ခေါင်းငုံ့၍ သူက ခေါ်၏။

“ညီမ”

“ရှင်”

“ကိုယ့်ကို တကယ်ပဲ ကြည်ဖြူမလားဟင်”

သူ့ကို ပြောမှန်း သိ၏။ သို့သော် ဟန်ဆောင်လိုက်သည်။ သိမ်သိမ် မွေ့မွေ့ ပြောသော သူ့စကား၏ နက်ရှိုင်းမှုကို ကြည်နူးမဆုံး ဖြစ်သွားမိသည်။

“ဟင် ညီမ”

“ရှင်”





“ညီမ ကိုယ့်ကို တကယ် ချစ်ရဲလား ဟင်”

“ရှင်”

နှုတ်ခမ်းတွေ တုန်သွားသည်။ ပြောမည့် ပြောတော့ ခုမှ တိုက်ရိုက်ကြီး ပြောပါလားဟု ရှည်လျားသော သက်ပြင်းကို ရှိုသမျှအားနှင့် လေးလေးပင်ပင် ချမိသည်။ ကိုယ်ခန္ဓာအပေါ် ပိုင်း တစ်ခုလုံးပင် လှုပ်ရှားသွားသည်။

“ညီမ စိတ်ဆိုးရင်လဲ ကိုယ်တော့ ခံရမှာပဲ ညီမရယ်၊ တကယ်ပါ ကိုယ်ဟာ တော်တော့ဘန်တန်နဲ့ မိန်းကလေး တစ်ယောက်ကို စိတ်ဝင်စားခဲ့ပါတယ်၊ ညီမကိုတော့ ကားပေါ်မှာ တွေ့တတည်းကပင် စိတ်ဝင်စားခဲ့တာ အမှန်ပါ၊ ညီမရဲ့ လှတစ်ဖက်သားအပေါ် ကြင်နာမှု စာနာတတ်မှုကို မြင်တော့ ပိုပြီး လေးစားသွားမိတယ်၊ ဒီလို ကရုဏာရှင်မမျိုးနဲ့အတူ လက်တွဲရရင် ဘဝသံသရာ တစ်လျှောက်မှာ ဘယ်လောက် ချမ်းမြေ့စရာ ကြည်နူးဆွတ်ပျံ့စရာ ကောင်းလိုက်မလဲလို့၊ ကိုယ် အိပ်မက် မက်ခဲ့တာဟာ ရတနာကို ရောက်တဲ့ ညကပါ၊ ဒါပေမင့် ညီမတို့ ခင်မင်တတ်တဲ့အပေါ် အခွင့်ကောင်းယူရာ ကျလေမလားဆိုပြီး မပြောဝံ့ မဖွင့်ရဲလို့ စိတ်ထဲ ဆွေးနေခဲ့ရတာလကြာပါပြီ”

ဤတစ်ခါ ခေါင်းငုံ့သွားမိသူကတော့ ရှုပါ။ သူ့အသံကို ပီပီသသ ကြားနေရသဖြင့် မျက်နှာကို မော့မကြည့်ရဲတော့။ တစ်ကိုယ်လုံး ရှိန်းဖိန်းကာ ရှက်စိတ် မွန်နေမိသည်။

“ဟင် ညီမ၊ အစ်ကို ပြောတာ မယုံလို့လားဟင်၊ တကယ်ပါ ညီမရယ်၊ ကိုယ့်တစ်သက်မှာ ညီမလေးလို စိတ်ရော ရုပ်ပါလှပြီး ချစ်စရာကောင်းတဲ့ မိန်းကလေးကို တစ်ခါမှ မတွေ့ခဲ့

ရဖူး ပါဘူး၊ အဲဒါကြောင့်လဲ သံသရာမှာ ပါရမီဖြည့်ဖက်တို့ ဆုတောင်းဖက် ဒါနအလှူပြုဖက်တို့ဆိုတာ ချက်ချင်း သတိရလို့ စောစောက ဥမ္မာဒန္တီပျိုထဲက ကဗျာကိုတောင် ရွတ်မိသွား တယ်လေ၊ ခုတစ်ခါ ထပ်ပြောရရင်တော့ 'လူရပ်တခြား၊ နုတ် ပြည်သွားလဲ၊ တစ်ပါးမရွေ့၊ တစ်နေ့မကွာ၊ အတူသာလျှင်' ဆိုတဲ့ ပါရမီဖြည့်ဖက်တွေဟာ ညီမလေးတို့လို မိန်းကလေးပဲ နေမယ်လို့ စိတ်ကူးနဲ့ အစ်ကိုတော့ ညီမလေးကို...."

တကယ် ဘာပြောရမှန်း မသိ ဖြစ်ရ၏။ သူ့စကားကိုရပ် ထားသော်လည်း စောစောက ပြောသွားသော သူ့စကား တွေကို ကြားမိနေတုန်းပင်။ မျက်နှာကို ငုံ့ထားသော်လည်း သူ့မျက်နှာကို စိတ်ကူးရုပ်ပုံထဲမှာ မြင်နေမိသည်။ သူသည် ရှုပါ၏ မျက်နှာကို စေ့စေ့ ငုံ့ကြည့်နေ၏။ တကယ် ဘာပြော ရမှန်း မသိ။ အရှက် သည်းသွား၏။

"ဟင် ညီမ အစ်ကို ပြောတာ မယုံလို့လား ဟင်"

"ယုံ ယုံပါတယ် အစ်ကို"

"ဝမ်းသာလိုက်တာ ညီမရယ်၊ ဝမ်းသာလိုက်တာ၊ ဒီနေ့ ဒီအချိန်မှာ ဒီကမ္ဘာမှာ ကိုယ်တော့ အပျော်ဆုံး လူတစ်ယောက် ဖြစ်သွားပြီ"

သူ့မျက်နှာကို ခုထိ စေ့စေ့ မကြည့်ရဲသေးသော်လည်း သူ၏ လှုပ်ရှားသော အရိပ်သည် မျက်ဝန်း၌ လာထင်၏။ မိမိ၏ ရင်ခုန်သံကိုလည်း မိမိ၏ နား၌ ပြန်ကြားနေရသည်။

"ခု ညီမလေး ဘယ်က လာလဲ ဟင်"

"ရွှေဘုံသာဘက်က အစ်ကို"

"မမျှော်လင့်ဘဲ တွေ့ရတာ နတ်ဖန်တာပဲ နော်"





သူ့မျက်နှာကို ကြည့်ရဲသွားသည်။

"အစ်ကို"

"ဗျာ ဗျာ"

"အစ်ကိုကော ဒီမှာ ဘာလာ လုပ်တာလဲ ဟင်"

"ညီမလေးကို ချစ်တဲ့အကြောင်း ပြောချင်လို့ တမင် လာ စောင့်နေတာ ဟဲ ဟဲ"

"တကယ်"

"တကယ်ပါဗျာ၊ ဟော့ဒီက မဒ္ဒီလေးကို ဆုယူဆုတောင်း ညောင်ရေလောင်းပြီး ပေါင်းရပါလို့ သစ္စာဆိုမှလို့ လာ စောင့်နေတာလေ"

ကြည်နူးသော အပြုံးကို ပြုံးလိုက်မိသည်။

"ဒါတော့ အစ်ကိုက ပိုပြီး ညီမလေးကိုတော့ ဒီလို အပြော ချိုချိုနဲ့ မလှည့်စားပါ...."

"တိ တိ တိ"

ပလောင်တောင်ကွေ့ ဝင်လာသော ကားတစ်စီး၏ ဟွန်း ပေးသံကို ကြားလိုက်ရသည်။ ကမန်းကတန်း ရပ်ထားရသော ကားကို ရှုပါ ချက်ချင်း သတိရလိုက်သည်။ ကားဦးက လမ်း ဘေး ရောက်နေသည်။ ကားနောက်က လမ်းမဘက် ရောက် နေ၏။ ကားနားသို့ ရုတ်ခြည်းသွားသည်။ ကားပေါ် တက် သည်။ သူ့ကို ကြည့်တော့ သူက ငေးကြည့်၍ ရပ်နေသည်။

"လာလေ အစ်ကို"

ကားကို ဘက်ဂီယာသွင်းရင်း သူ့ကို လှမ်းခေါ်မိသည်။

ပြေးလာပြီး ချတ်ခနဲ ကားပေါ် ခုန်တက်၏။ သူ ဤမျှ ပေါ့ပါး သွက်လက်သည်ကို အထူးအဆန်း မြင်ရသည်။ ပြုံးမိသွား၏။

"ရှိုးနဲ့ မိုးနဲ့ ဒီမှာ ဘာလာ လုပ်တာလဲ ကဲ ပြော"

"ပြောပြီးပါပြီ နော်"

ပြုံး၍ ဆိုသည်။ ရယ်၍ ပြောသည်။ ရယ်သံသဲ့သဲ့ကို ကြားရဖူးသော်လည်း ဤတစ်ခါတော့ အချိုမြိန်ဆုံး ဖြစ်သည်။

"မဟုတ်ဘဲနဲ့၊ ဒီက အကြောင်းမေးနေတဲ့ ဥစ္စာ"

"ဒီဘက်မှာ ကျောက်တွင်းတူးတဲ့ လူတွေရှိတယ်ဆိုလို့ မမြင်ဘူးတာနဲ့ လာကြည့်တာ"

"ခုတော့ မြင်ခဲ့ရပြီပေါ့"

ခေါင်း ညိတ်ပြ၏။

"မန္တလေးသားတွေကို ဘာ ပြောပြော ရှုပါတို့တော့ မယုံဝံ့ပေါင်"

"ဘာဖြစ်လို့"

"အပြောချိုလွန်းလို့"

"ကိုယ် အခု ပြောတာလဲ မယုံဘူး"

"ယုံပါဘူး၊ အစ်ကို သက်သက် လိမ်ပြောတာ"

"လိမ်ညာခြင်းသည် ကလေးအတွက် အပြစ်ဖြစ်၏တဲ့"

"လူကြီးအတွက်ကော"

"လူကြီးအတွက်တော့ မပြောတတ်ဘူး၊ ချစ်သူအတွက်ကတော့ အနုညာဖြစ်၏တဲ့၊ လူပျိုအတွက် ပြီးစီးအောင်မြင်





ခြင်းနဲ့ လက်ထပ်ပြီးသော မိန်းမအတွက်မူ ဝသီလေဖြစ်တော့၏တဲ့၊ ဟဲ ဟဲ"

"အဲ လို အပြောကောင်းတာကို ပို မယုံတာ"

"ကဲ မယုံသေးဘူးလား"

"အိုး အစ်ကို"

အနမ်းတစ်ပွင့်ကြောင့် တစ်ကိုယ်လုံး ရှိန်းမြသွားသည်။

"မယုံသေးဘူးလား"

"တော်ပါ၊ ကားတိုက်လို့ မသေဘဲ ကား ချောက်ထဲကျလို့ သူများပါ သေနေပါဦးမယ်"

"ယုံသွားပြီပေါ့နော်"

မျက်စောင်း တစ်ချက် ချိတ်လိုက်သည်။

"ပါးစပ်က ဖွင့်ပြောတဲ့ အသံလေး ကြားချင်လို့"

"အပိုတွေ"

အနမ်းတစ်ပွင့် ထပ်ဆင့် လာပြန်၏။

ရှုပါ သက်ပြင်း ရှိုက်လိုက်သည်။

"ယောကျ်ားသည် ပထမ အနမ်းကို အလစ်ရယူ၏။ ဒုတိယ အနမ်းကို တောင်းခံ၏။ တတိယ အနမ်းကို တောင်းဆို၏။ စတုတ္ထကို ရယူ၏။ ပဉ္စမကို လက်ခံ၏ တဲ့၊ ထို့နောက် အားလုံးသောအနမ်းကို...."

"အဲဒီလိုအပြောကမှ ပိုပြီး အထင်ကြီးစရာကောင်း၊ ချစ်စရာကောင်း"

"အို အစ်ကိုရယ်"

✱ ✱ ✱

## အခန်း (၁၈)

"ရှုပ်ါ"

"ရှုပါရေ"

ဘယ်ကပင် လိုက်လာသည် မသိ။ သတိမထားမိ။ အဝေးကပင် လှမ်းခေါ်သည်။ ကြားနေကျအသံမို့ ကြားကတည်းကပင် မှတ်မိလိုက်သည်။ ဇော်မြင့်အောင်၏ စူးစူးရှရှ အက်တက်တက်အသံက သူ့နားထဲ စီးမျောရှ်လိုက်ပါလာနေသည်။

ခြေလှမ်းကို မသိမသာပင် သွက်သွက် လျှောက်လိုက်မိသည်။ ခေါင်းကိုလည်း မသိမသာ မော့ထားလိုက်၏။ သွားမြဲခြေလှမ်း၏ အမြန်နှုန်းကိုမူ နည်းနည်းမှ မလျှော့။ သတိနှင့် မှန်မှန် လမ်းလျှောက်ထားသည်။

နောက်သို့ လှည့်မကြည့်မိအောင် သတိ ထားရသည်။မျက်နှာကို ရှုတ်ခြည်းတည်တည်ထားလိုက်သည်။ နှုတ်ခမ်းကို မသိမသာ စူသည်။





"ရှုပါ"

အပြေးလိုက်လာသော ခြေသံနှင့်အတူ အမောနှင့်ခေါ်သံကိုလည်း နီးနီးကပ်ကပ်ကြားရပြန်သည်။အနားကို ရောက်လာ…ဆိုတာ သိသည်။ ဇော်မြင့်အောင်၏ ရေးကြီးသုတ်ပျာ ရှပ်ထင်သည် မကြည့်ဘဲနှင့် မျက်ဝန်းထဲ ထင်လာသည်။ သို့နှင့်…သည်း ခြေလှမ်းကို တမင်မလျှော့သေး။နောက်သို့လည်း လုံးဝလှည့်မကြည့်သေး။ သွားမြဲ လှမ်းမြဲအတိုင်းသာ လှမ်းလျှောက်ရှိသေး၏။

"ဟင်း"

အနားကို ရောက်လာသည်။ ရှည်လျားသော သက်ပြင်းကျသံကို ကြားနေရသည်။ သူ့မျက်နှာကို အနီးကပ် စူးစူးစိုက်စိုက် ကြည့်လိုက်မှန်း သိသည်။ နှစ်ယောက်တည်း ဖြစ်နေဖြင့် စိတ်ထဲ တွေသွားသည်။ ခြေလှမ်းကို သတိထားသည်။ ခြေလှမ်းတိုင်းတွင် လုံချည်အဖျားခတ်သံကို ကြားရသည်။

"ခေါ်လိုက်ရတာဟယ်"

ဘေးတိုက် ယှဉ်လာသည်။ ခြေလှမ်းချင်း ပြိုင်နေသည်။

"မကြားလို့ပေါ့ဟ"

"တကယ်"

"ဆယ်ကယ်၊ ဆယ်ကယ်"

"ဟဲ ဟဲ"

မပွင့်တပွင့် ရယ်သံနှင့် ဘေးတိုက်လှမ်းကြည့်သည်။

"လှည့်တောင် မကြည့်ဘူး"

"မကြားလို့ပါဆို ဘယ်နှစ်ခါ ပြောရမလဲ"

ရှည်လျားသော သက်ပြင်းချသံကို ထပ် ကြားရသည်။

မျက်နှာကို မသိမသာ အကဲခတ်ပုံရ၏။ တည်ထားသော
လည်း ခံ့ညားကြန့်ရှိသော ရုပ်ပါ၏ မျက်နှာသည် သူ့မျက်စိထဲ
ထာဝရ လှနေပေမည်။

"နင်ကလဲ ဒေါ်သချည်းပဲ"

ပြန် မပြောသေး။

"ငါကတော့ နင့်ကို မီအောင် လိုက်လိုက်ရတာ မောသွား
တာပဲ"

သေလိုက်ပါလားဟု ပြောလိုက်ချင်သည်။ အရောင်းအဝယ်
မကင်းကြသူ ငယ်သိငယ်ကျွမ်း၊ တစ်ရပ်တည်းနေ တစ်မြေ
တည်းသာ၊ တစ်ကြောင်း မဟုတ် တစ်ကြောင်း ပတ်သက်နေ
ရသူ၊ တစ်နည်းမဟုတ် တစ်နည်း ဆက်စပ်နေသူ၊ ဤထက်
ရှိင်းလျှင် မကောင်းတော့မှန်း သိသည်။ ထို့ကြောင့် ပါးစပ်
အပေါ်တူးသော စကားသာ ထွက်သွားသည်။

"နင့်ကို ဘယ်လူက လိုက်ခိုင်းလို့လဲ"

"ငါ၏ အသည်းနှစ်လုံးက ဟဲ ဟဲ"

မျက်စောင်းတစ်ချက် ချိတ်လိုက်သည်။ မသိမသာအံ့ကြိတ်
မိသွား၏။

"အဟဲ့"

"ရုပ်ကိုက"

"စပ်ဖြီးဖြီးနဲ့"

ပြုံးမိသွားသည်။ ငယ်ပေါင်း ဆိုတော့လည်း တကယ်ကျ
တော့ စိတ်ကို ထိန်းမရ။ အောင့်ထားလျှင် ပိုဆိုးမည်။ ဗလုံး
ဗထွေးနှင့် မရယ်မိခင် သူ့ကို ကြည့်သည်။

"ပြောစရာရှိလို့ပါဟ"





သူ ပြုံးလိုက်သည်ကို မြင်၍ ဇော်မြင့်အောင်က ရဲရဲ
ဆိုသည်။

"ငါကလဲ နင်ပြောမှာကို သိလို့ပေါ့ဟ"

"တကယ်"

နှုတ်တုံ့မပြန်လိုက်မိ။

"ဖြည်းဖြည်းလျှောက်ပါဟာ၊ နောက်က ငါလိုက်လာတာ
ကျနေတာပဲ"

ရယ်ရပြန်သည်။

"ငါ ကျားလိုက်လာတယ် မှတ်လို့"

"နင်ကလဲ ငါအကောင်း ပြောမှာပါ"

"ပြောမနေနဲ့၊ နားကြားပြင်းကတ်တယ်"

"နောက်တော့ နားဝင်ချိုသွားမှာ"

"နင်နော်"

"ဟဲ ဟဲ"

ဂျစ်ကားတစ်စီး အနားကပ် မောင်းသွားသဖြင့် ရှုပါက
ဘေးသို့ ယိမ်းလိုက်သည်။ ဇော်မြင့်အောင်က ရှုပါရှေ့ တက်
လိုက်၏။ လွင့်သွားသော ထဘီစကို သိမ်းလိုက်မိသည်။

"နင်ကလဲ နင့်အနား ငါလာတိုင်း နင့်ကို ချစ်ပါတယ်၊
ကြိုက်ပါတယ် ပြောဖို့ လာတာချည်း ထင်နေဘာကိုး"

"ဟုတ်ကော မဟုတ်ဘူးလား"

မျက်စောင်းထိုး၍ အော်ပြောလိုက်၏။

"လုံးဝ မဟုတ်ကြောင်းပါဗျား"

"မဟုတ်ရင် ပြော၊ ဘာလဲ လမ်းမပေါ်မှာ သူများတွေ
မြင်သွားရင် တို့ရှက်တယ်"

"တို့တော့ မရှက်ပါဘူး"

"သိပါတယ်၊ နင် အရှက်မရှိမှန်း"

"ဟုတ်တယ်၊ မရှက်ဘူး၊ ကြိုက်မရှက် ငိုက်မရှက် ငတ်မရှက်ဆို မဟုတ်လား"

"ထူးမင်းသိန်းဆီက သင်ထားတာလား"

"ဟုတ်တယ်လေ၊ ကိုယ်ဖာ အစွန်းအစ မရှိတော့လဲ သူများဆီက သင်ထားတာလေးတွေ ထုတ်သုံးကြည့်တဲ့ သဘောပါ ဟဲ ဟဲ"

ရှုပါကို ကြည့်၍ ဇော်မြင့်အောင်က ရယ်နေသည်။

ဇော်မြင့်အောင် ရွှေရောက်သွားပါစေဟု ရှုပါက ခြေလှမ်းရပ်တော့ ဇော်မြင့်အောင်လည်း လိုက်၍ ရပ်သည်။ ရှုပါက ဇော်မြင့်အောင်ကို ကြည့်၍ မသိမသာ သက်ပြင်းချ၏။ ဇော်မြင့်အောင်က သူ့ကို ကြည့်ကာ ရယ်နေသည်။

ရှုပါ သိလိုက်ပြီ။ ဇော်မြင့်အောင် အလွန် အရေထူသည်။ ငယ်သူငယ်ချင်းလည်း ဖြစ်နေတော့ ပြော မနာတတ်၊ ဆိုလည်း မမှတ်မထားတတ်။ အနောက် အပြောင်ကလည်း သန်သည်။ ရှုပါလို လျှော့တိုင်း တစ်နည်း မဟုတ် တစ်နည်းနှင့် ရည်းစားစကား ပြောတတ်သည်။ သွယ်ဝိုက်၍ ပြောမရမှန်း သိသောအခါ မြောပ်ပေါ်တင်ကြီးလည်း ပြောဖူးပေါင်း များပြီ။ ဒါလည်း သူက လက်မလျှော့သေး။ ပညာရေးသာ ဇွဲ လုံးဝ မရှိသော်လည်း ရည်းစားစကား ပြောရာမှာတော့ တေဒင်ရမည့်သူ။

ရှုပါလည်း ချစ်ဖို့မဆိုထားနှင့် သူ့ကို ကြည့်၍ပင် မရ။ မိဘချင်းကလည်း ရင်းနှီးနေကြ၊ အရပ်ကလည်း တစ်ရပ်တည်း





ဆိုတော့ သူ့ကို ရှောင်၍လည်း မရ။ တစ်နေရာ မဟုတ် တစ်နေရာ ဆုံမိကြုံမိကြသည်ချည်းသာ။

ရတနာမြေတွင် ကျီကျီတက်ချမ်းသာသော သူ့လို သူဌေးသားကို ရှုပါ ဘာကြောင့် ရှောင်ဖယ်ရှောင်ဖယ် လုပ်နေသည်ကို ဇော်မြင့်အောင်လည်း မတွေးတတ်အောင် ဖြစ်နေပုံရသည်။ ခံပြင်းတာလည်း ပါကောင်းပါမည်။

ရှုပါကတော့ ဇော်မြင့်အောင်ကို ဘာတစ်ခုမှ မကြိုက်။ အပြောကို နားခါးသည်။ အကြည့်ကို ချဉ်သည်။ အပြုအမူကို ရွံသည်။ အကျင့်စာရိတ္တကို ကြောက်သည်။ ဇော်မြင့်အောင်ကား အရှက်နည်းသည်။ အကြောက် ကင်းသည်။ ဆင်ခြင်တုံတရား မရှိ။ သနားကြင်နာမှုနှင့် ချစ်ခြင်းမေတ္တာကို ပေါ့ပေါ့တန်တန် ယူဆသည်။ ထို့ကြောင့် မိန်းကလေးများကို မရခင် ဖျာလိုလိပ် ထိပ်ပေါ်တင်မတတ် ယုယကြင်နာမှုနှင့် ချစ်မှုချစ်ဟန်တွင် မှင်မောင်း ကောင်းတတ်သည်။ ရလျှင် ဖျာလိုခင်း၍ နင်းတတ်သည်ကို ရှုပါ သိထားသည်။ ထို့ကြောင့် ရှောင်သည်။ သို့သော် တစ်ခါကစ်ခါတော့ ရှောင်၍ မလွတ်။ မခေါ်၍လည်း မဖြစ်။ မပြော၍ မရသော အရောင်းအဝယ် ဆက်ဆံရေး ကိစ္စကလည်း ရှိသည်။ ဇော်မြင့်အောင် တို့က အကြီးစား ရတနာ ကုန်သည်။

ရှုပါတို့က ဇော်မြင့်အောင်တို့လောက် မချမ်းသာ။ အဖေက ရတနာသွေးသည်။ ရတနာ အကဲဖြတ်ပေးရသည်။ အပွဲ အယူ လုပ်ပေးရသည်။ အရွှေ့အပြောင်း သွားရလာရသည်။ ဒွေးရောယှက်တင် ရှိကြသည်။

“နင်ကလဲဟယ်၊ ငါတကယ်အရေးတကြီး ပြောစရာရှိလို့ ပါဆို”

“ဖယ်ဆို၊ ဖယ်နော် နင်”

ရှူပါ ခါးဆန့်လိုက်သည်။ ရင်အကော့တွင် ဇော်မြင့်အောင် မျက်စောင်းနှင့်ပါ စိမ်ခေါ်လိုက်သည်။ ဇော်မြင့်အောင်က ရှတ်ခြည်း မျက်နှာ တည်သွား၏။ တံတွေးတစ်ချက် မျိုချသည်ကို ပါးစပ်အလှုပ်မှာ မြင်လိုက်ရ၏။

“နင်က တို့တစ်ရပ်တည်းသားနဲ့ စကား ခဏ ရပ်ပြောတာကျတော့ ရှက်တယ် ဆိုပါတော့”

“ဟုတ်တယ်၊ ဟုတ်တယ်”

“ဟိုကောင်နဲ့ကျတော့ မရှက်ဘူးပေါ့”

“ဘယ်အကောင်နဲ့လဲ”

ရှူပါ၏ အကြည့်က မီးဝင်းဝင်းတောက် မတတ်။ ဇော်မြင့်အောင် မျက်နှာကို စူးစူးရဲရဲ ကြည့်ထား၏။

“ထွန်းကျော်လား၊ ကျော်ထွန်းလား ဆိုတဲ့ အကောင်လိုလေ”

ရင်ထဲ နင့်သွားသည်။ သူ့ကို ပြောသည်။ အလျှော့ပေး၍ မဖြစ်မှန်းတော့ သိလိုက်သည်။ လက်တစ်ဖက်ကို ခါးထောက်လိုက်သည်။ ဇော်မြင့်အောင်က ဤသည်ကို လှောင်ရယ် ရယ်သည်။

“အဲ ဟို လူနဲ့ငါက ဘာဖြစ်နေလို့လဲ”

“ဘာဖြစ်လဲတော့ ငါလဲ ဘယ်သိမလဲ၊ နင့်ကိုယ်နင် အသိဆုံးနေမှာပေါ့၊ လူသူမနီးတဲ့နေရာမှာ နှစ်ယောက်တည်းတွေ့လို့”





“ဘယ်မှာ တွေ့လဲ၊ ဘယ်လူ တွေ့လဲ”

“ငါတွေ့တယ်၊ ပလောင်တောင်ကွေ့မှာ၊ နင်တို့နှစ်ယောက် ရပ်ပြီး စကားပြောနေကြတာ၊ ဟိုကောင်ကလဲ ရှူးအပြည့်နဲ့၊ နင် ငြင်းဦးမလို့လား”

အရှက်သည်းသော မျက်နှာနှင့် ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ ဖြစ်သွားမိသည်။

တစ်နေ့က ပလောင်တောင်ကွေ့တွင် သူနှင့် တွေ့သည်ကို ဇော်မြင့်အောင် ဘယ်လိုလုပ် သိပါလိမ့်။ ဘယ်ကများ မြင်သွားပါလိမ့်။ ဘယ်လူကများ သူ့ကို တစ်ဆင့် ပြောလိုက်ပါလိမ့်။

ထိုနေ့က သူနှင့်ရှူပါတို့ ရပ်၍ စကားပြောနေကြစဉ် ကားတစ်စီး ဖြတ်သွားသည်မှာတော့ အမှန်၊ သို့သော် ရှူပါသိသည်၊ ဇော်မြင့်အောင်တို့ကား မဟုတ်။ ဂျစ်လည်း မဟုတ်။ ကားတွေက ပစ္စည်းပို့သော ဌာနဆိုင်ရာကား။ ထိုကားမှာလည်း ဇော်မြင့်အောင် မပါနိုင်။ ဘယ်လိုလုပ် သိပါလိမ့်။ အတွေးမျှင်တို့ ရှည်လျားသွားသည်။

ပွဲကုန်းရောက်၍ သူဆင်းသွားတော့လည်း အနီးအနားတွင် ဇော်မြင့်အောင်ကို မမြင်မိ။ ဘယ်လိုလုပ်သိလဲ။ သူ တွေ့သည်။ ပလောင်တောင်ကွေ့မှာဟု ဆိုသည်။ ရှူပါနှင့်သူ တွေ့ကြသည်ကတော့ အမှန် ဘယ်အချိန်လဲဟု မေးဖို့ ပြင်စဉ် သူ့စကားက ထွက်ပေါ်လာသည်။

“ရှူပါ”

နှုတ်ဖြင့် မထူးမိ၊ မျက်လုံးတစွေ့ အကြည့်ဖြင့် အသိအမှတ်ပြုသည်။

"နင်ကလဲ သိသားနဲ့ ရှုပါရယ်၊ ကိုယ့်ဒုက္ခ ကိုယ် ဘာလို့ ရှာချင်ရတာလဲ"

"ငါက ဘာ ဒုက္ခ ရှာရမှာလဲ၊ ငါ ဘာလုပ်နေလို့လဲ"

မတည်ငြိမ်စဖူးသော ဇော်မြင့်အောင်၏ စကားကို ပူလောင်သွားသောအသံနှင့် ပြန်မေးမိသည်။

"နင် ဒေါသမကြီးပါနဲ့၊ ငါ အေးအေးဆေးဆေး ပြောမယ်၊ လာ"

"ဘယ်ကိုလဲ"

"ဟို ချယ်ရီပင်အောက်ပေါ့ဟာ"

တစ်ခုခု အကြောင်းပြု၍ အခွင့်ကောင်းအယူခံရမှာကိုး ကြို တွေးမိသည်။ သို့သော် လမ်းဘေးနား လူသူလေးပါးနှင့် နီးရာ မို့ ကိစ္စတော့ မရှိဟု ထပ်တွေးလိုက်၏။ မဖြစ်ပါဘူး။ သူနှင့် ချယ်ရီပင်အောက် နှစ်ယောက်ထိုင်နေကြသည်ကို တစ်ယောက် ယောက်မြင်သွားလျှင် သူက ပြောနိုင်သည်။ စည်းမရှိသော သူ့ ပါးစပ်ကို ရှုပါ သိသည်။ စောစောက အတွေးတွေကို အား လုံး ပယ်ဖျက်လိုက်သည်။

"ဒီမှာပဲ ပြော၊ ဘာ ပြောမလဲ"

ဇော်မြင့်အောင်က သက်ပြင်း တစ်ချက် ချလိုက်သည်။

"နင်တို့ ငါတို့ဟာ တစ်ယောက်နဲ့တစ်ယောက် ဆိုးတိုင် ပင် ကောင်းတိုင်ပင် နေကြရမယ့် လူတွေ ရှုပါ၊ အဲဒါ ကြောင့်လဲ ငါက နင့်ကို သတိပေးချင်လို့ တမင်လိုက်လာတာ ပါ၊ တစ်ရွာသားကို ရည်းစားလုပ်တော့ လွမ်းရတတ်တယ် ဆိုတဲ့ စကား နင်လဲ ကြားဖူးမှာပါ၊ လွမ်းရရုံဆို တော်သေးတာ ပေါ့၊ ခုတော့..."





"ဘာဖြစ်လဲ ခုတော့"

"နင်လုပ်တဲ့ အပေါက်က ထောင်ထဲဝင်ရမယ့်အပေါက်၊ နင်တင် မကဘူး၊ နင့်အဖေရော ငါတို့ရော အိုး ရကနွာ တစ် မြို့လုံးက လူတွေကိစ္စမို့ ငါက ပြောရတာ"

"ဘာလို့ ငါတို့က ထောင်ထဲ ဝင်ရမှာလဲ"

"နင့်အကောင်က...."

"နင် ငါ့ကို အဲလို မစွပ်စွဲနဲ့"

"ဟဲ့ ဟဲ့ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ တို့က ရိုးရိုး ခင်တာ"

"တကယ်နော်"

ဒေါသဖြစ်ရပြန်ပြီ၊ အကျိုးလိုသလိုနှင့် သူ သိချင်နေသော အကြောင်းကို ရအောင် မေးယူသွားသည်။ ပြောမိလိုက်ပြီ ရိုးရိုးခင်တာဟု။ စောစောက သိလျှင် အရှဲ့တိုက်၍ ဟုတ်တယ် ဟု အမှန်အတိုင်းပြောမိလိမ့်မည်။ ထောင်ထဲ ဝင်ရမည်ဆိုသော စကားက ပါလာသဖြင့် တစ်စုံတစ်ခုလေလားဟု စိတ်လေးစွာ နှင့် နားထောင်မိခါမှ လူလည်ကြီးသား ဇော်မြင့်အောင်က သူ သိချင်နေတာကို နှိုက်မေးသွားသည်။

"ဒါကို သိချင်တာနဲ့ နင်လာပြီး ငါ့ကို ထောင်နဲ့ ခြိမ်း ခြောက်နေတာ မဟုတ်လား၊ တော်တော် ထော်တဲ့ နင်ပဲ"

"ဟဲ့ ဟဲ့ နင်က တစ်မျိုး အဓိပ္ပာယ် ကောက်ပြန်ပြီ၊ ဒါကို မေးတာက စကား အလျဉ်းသင့်လို့ပါဟ၊ အဓိက ပြဿနာက ဒါ မဟုတ်ဘူး"

"ဘာလဲ နင့် အဓိကပြဿနာက"

"အဓိက ပြဿနာက ဒီကောင် ဘယ်သူလဲ ဆိုတာ နင် သိလား"

"လူ လူ"

ဒေါသဖြင့် တစ်ချက် အော်လိုက်သည်။

ဇော်မြင့်အောင်က ရုပ်ပါကို ကြည့်၍ သက်ပြင်းချ၏။ ခြော် သနားစရာကောင်းပါလား ဟူသော အကြည့်ဖြင့် ငေးကြည့်၍ သူ့စကားကို ဆက်ပြော၏။

"ထွန်းကျော်လား၊ ကျော်ထွန်းလား ဆိုလိုက်ပါတော့၊ သူတို့က နာမည်လဲ အမှန်ရှိချင်မှ ရှိမှာ၊ ထောက်လှမ်းရေး ဆိုတာ ဟိုနေရာရောက် နာမည်တစ်မျိုး၊ ဒီနေရာရောက်ရင် နာမည်တစ်လုံးပဲ၊ ဒီကောင်က တကယ်ပဲ လျှို့ဝှက်စုံထောက်ဟ၊ တို့ အကုန်လှေလာပြီးပြီ"

"ဟယ် တကယ်လားဟင်"

ဇော်မြင့်အောင်သည် သူနှင့် ပတ်သက်၍ ရုပ်ပါ၏ လှိမ့်လုံးခြောက်လုံးထဲ လိမ့်နေပြီဆိုတာ ချက်ချင်း သိလိုက်သည်။ ပို၍ကြောက်ရွံ့ ချောက်ချားအောင် လုပ်ချင်နေသဖြင့် ထိတ်လန့်သွားဟန်ကို တမင်လုပ်ပြမိသည်။ ဤသည်ကိုပင် ဇော်မြင့်အောင်က တကယ်ထင်၍—

"တကယ်ပဲ ရုပ်ပါ၊ ဒီကောင်ဟာ တကယ် လျှို့ဝှက်စုံထောက်ပဲ၊ အဲဒါကြောင့် နင်တို့လို ဘာမသိညာမသိတဲ့ ကိုယ့်အရပ်သူ အရပ်သားတွေ ဒုက္ခရောက်မှာ စိုးလို့ ငါ သတိလာပေးတာ"

စိတ်ထဲမှာ ရယ်ချင်နေသော်လည်း ကျေးဇူးပဲဟယ်၊ ဒုက္ခပဲ၊ နင့်ကို ဘယ်လူပြောတုန်းဟု မေးလိုက်မိ၏။





"ငါတို့ ရတနာအရောင်းအဝယ်လုပ်နေတဲ့ လူတွေအားလုံး သိကြတယ်၊ နင်တို့က ဒီကောင်နဲ့ ဒီလောက် နီးနီးကပ်ကပ် ပေါင်းနေပြီး ရိပ်တောင် မရိပ်မိတာ အံ့ရောဟယ်"

"ရိုးတိုးရိပ်တိတ်တော့ ထင်သားဟ၊ သူ့စကားကလဲ အမှန်း ရခက်တယ် မဟုတ်လား၊ တို့ကို ပြောတော့ အနုပညာသမားလို့ ပြောတာကိုးဟဲ့"

"ဟဲ ဟဲ အနုပညာသမားတဲ့လား၊ တောက် သူကိုယ့် သူ တော်တော် လည်လှပြီထင်နေတဲ့ အကောင်၊ ဘာ အနုပညာ သမားမှ မဟုတ်ဘူး၊ ဒီကောင်က ထောက်လှမ်းရေးမှ တကယ့် ထောက်လှမ်းရေး၊ တချို့က အကောင် နည်းနည်း ကြီးတယ် တောင် ပြောနေကြတယ်"

"ဘုရားရေ"

"ခုမှ ဘုရားရေ လုပ်မနေနဲ့၊ ဒီကောင့်အကြောင်း တို့အကုန် စုံစမ်းပြီးပြီ၊ ဒီကောင်ဟာ ပန်းချီဝါသနာပါတဲ့ လူနဲ့ တွေ့ရင် သူလဲ ဝါသနာပါတယ် ပြောတယ်၊ စာပေသမားနဲ့ တွေ့ရင်လဲ စာပေအကြောင်း ပြောပြန်ရော၊ နင်တို့ကို ကပ်ပေါင်းနေတာလဲ ဒီသဘောပဲ နေမှာပေါ့"

"ငါတို့က ပန်းချီတို့ စာပေတို့မှ ဝါသနာ မပါတာ"

"နင် သီချင်းဆိုတော့ ဝါသနာပါတယ် မဟုတ်လား"

ငြင်းမရတော့။ ရယ်ချင်စိတ်ကိုသာ ကျိတ်၍ ချုပ်တည်းထားရသည်။ ဣန္ဒြေမပျက်အောင် ခေါင်းညိတ်ပြရ၏။

"သီချင်းဆိုတာလဲ အနုပညာပဲဟာ၊ နင် သီချင်းဆိုတာ သိထားလို့ သူကိုယ့် သူ အနုပညာသမားလို့ ပြောတာနေမှာပေါ့"

"ဟုတ်မယ်"

"အေး၊ ဒီကောင်တွေက သင်တန်းမျိုးစုံ တက်ထားတာ၊ ဘာစာသာရပ် အစုံလဲ တီးမိခေါက်မိရှိတယ်လို့ ငါ ဝတ္ထုတွေထဲ ဖတ်ဖူးတယ်၊ ဒါမှလဲ လူမျိုးစုံနဲ့ရောလို့ ပေါင်းလို့ ရမယ်ဟုတ်လား၊ ဒီကောင်က ငါတို့တွေရော နင့်အဖေကိုပါ တစ်နေ့မှာ ဒုက္ခပေးမယ့်ကောင်၊ ဒီကောင် တို့ရတနာကို ရောက်ကတည်းက ရတနာကုန်သည်အားလုံး အသက်ရှူ ကျပ်နေကြရတာ၊ ဖမ်းလိုက် ဆီးလိုက်တာလဲ နင် ကြားတဲ့အတိုင်းပဲ၊ မနေ့ကလဲ ကင်းလွန်မှာ ကားရပ်ပြီး ရှာကြတာ နီလာနဲ့ ပတ္တမြားချည်းပဲ သုံးလေးသိန်းဖိုး ပါသွားသတဲ့၊ နင့်ကို ခင်မင်ယောင် ဆောင်ရုံတင် မကဘူး၊ ချစ်ယောင်ဆောင်ပြီး နင်တို့အိမ် ခဏ ခဏ လာ လည်မယ်၊ နင့် အဖေကို ထောက်လှမ်းမယ်၊ တို့မြို့မှာ ဘယ်လူ့ဆီ ဘာကျောက်ရှိတယ် ဆိုတာ နင့်အဖေတစ်ယောက်ပဲ သိတာကိုး၊ အဲဒါကြောင့် နင့်အဖေကို ခု သဲကြီး မဲကြီး လိုက်နေပြီ၊ နင် ဒီကောင်ကို ခွာတော့နော်"

ရူပါက သူ့အပေါ် ချစ်မိနေပြီမို့ ဇော်မြင့်အောင် မခံချင်အောင် ခေါင်းငိုက်စိုက်ချပြီး ဝေခွဲမရဟန် တွေဝေပြ၏။ ဤသည်ကို ဇော်မြင့်အောင်ကလည်း ချက်ချင်း ရိပ်မိသည်။

"ဟင် ရူပါ နင် ဒီကောင်အကြောင်း တွေးနေပြီလား"

မျက်ရည်ဝဲပြ၍ ခေါင်းညိတ်၏။

"မန်းနီလာကားဂိတ်မှာ စတွေ့ကထည်းက ဒီကောင့်ကို တို့မသင်္ကာတာ၊ နင်မြင်တဲ့အတိုင်းပဲ၊ ကင်းဂိတ်ရောက်တော့ စခန်းမှူးက သူ့ကို ဆရာ ခေါ်တယ်၊ သူကလဲ အရစ်ရှိတဲ့





ရဲခရာ အရစ်မရှိတဲ့ရဲရော ဆရာတဲ့၊ ဒါကတော့ ထားလိုက်ပါတော့၊ သူတို့တပ်မှာ အေး သူတို့ရယ်မဟုတ်ပါဘူး၊ စစ်တပ်မှာလဲ ဗိုလ်ကြီး၊ ဗိုလ်မှူးကြီးတွေကတောင် အကြပ်တွေကို သရာ ဆရာကြီးလို့ ခေါ်လေ့ခေါ်ထရှိကြတယ်မဟုတ်လား၊ ငါတို့ကတော့ လူတစ်ယောက်ကို လေ့လာပြီဆိုရင် ဒီလိုအသေးအဖွဲ့က စပြီး လေ့လာမိတာ၊ သူ့ပါးစပ်က အမှတ်တမဲ့ ထွက်တတ်တဲ့ စကားတွေဟာ သိပ်အရေးကြီးတယ်၊ လူတစ်ယောက်ကို လေ့လာရင် အဲဒီလိုက စပြီး လေ့လာရတာ"

သူ့မှာ သူ့အပြစ်သူ အမြဲ မလုံတတ်သူမို့ လူတကာကို ကြောက်နေရသော အဖြစ်ကို ရူပါ ရယ်ချင်သွားမိသည်။ ဇော်မြင့်အောင် အနေကတော့ ဟုတ်ပေမည်။ သူတစ်ပါး လာအပ်ထားသော ကျောက်တွေကို သွေးပေးရ၊ ဈေးဖြတ်ပေးရသော အလုပ်ကိုပင် စိုးရိမ်ကြောင့်ကြကြီးနေရ၊ ပုတီးစိပ် မဖြောင့်ရဟု အဖေက ရူပါအား တစ်နေ့ကပင် ပြောပြီးလေပြီ။

ယခု ဇော်မြင့်အောင် ခမျာလည်း ထိုသို့ပင် ဖြစ်နေရှာမည်။ သနားစရာတော့ အကောင်းသားဟု တွေးကာ ရူပါ တစ်ချက် မျက်နှာ နွမ်းသွားသည်။ ဤသည်ကိုပင် ဇော်မြင့်အောင် ကတော့ သူ့စကားအပေါ် ရူပါ စဉ်းစားတွေးတော နေပြီ အထင်နှင့် သူ့စကားပြန်ဆက်သည်။

"ငါတို့ ဒီကောင်နဲ့အတူ လာကြတုန်းက အကြောင်းတွေ နင် မှတ်မိမှာပေါ့"

ရူပါက ခေါင်းညိတ်၏။

"အဲဒီတုန်းက ကင်းဂိုတ်ရောက်လို့ ခရီးသည်တွေအားလုံး ဂိတ်တဲမှာ တန်းစီးပြီး မှတ်ပုံတင်ပြရမယ်လဲဆိုရော ဒီကောင်ပဲ ဦးဆုံး ဂိတ်တဲထဲ ဝင်သွားတာ၊ သူ ပြန်ထွက်လာတော့ သူ့နောက်က ရဲသားတစ်ယောက်ပါလာတယ်၊ အဲဒီ ရဲသားက အများနဲ့ ရောနေတဲ့ သူ့ပစ္စည်းတွေကို ဆွဲထုတ်ပေးတယ်လေ၊ သူ့ပစ္စည်းတွေကို ရှာဖို့ မပြောနဲ့ လက်ဖျားနဲ့တောင် မတို့ဘူး၊ သီးသန့် ဖယ်ထားပေးတာ နင် မြင်လိုက်လား"

"မြင်လိုက်ပါတယ်"

"အဲဒီတုန်းကပင် ဒီကောင့်ကို ငါသတိပြုမိတယ်၊ သူများတွေ ပစ္စည်းကျတော့ ရှာဖွေရေးက ရှာလိုက်တာ၊ ညက်ညက်ကြေလို့ ဒီငချီးလူးပစ္စည်းတွေကျတော့ ဒါ ဆရာ့ပစ္စည်းလား ဆိုပြီး မသိမသာ ဖယ်လိုက်တယ်ဗျ"

"အဲဒါကတော့ ဒီလမ်းမှာ သူက မျက်နှာစိမ်းလဲ ဖြစ်နေတယ်၊ အဝတ်အဆင်နဲ့ အနေအထိုင်ကလဲ နွမ်းနွမ်းပါးပါး ကျို့ကျို့ယို့ယို့ဆိုတော့ ရှာဖွေရေးက ရတနာမှောင်ခိုသမား မဖြစ်နိုင်မှန်း အတပ်သိလို့ မကြာအောင် တမင်ဖယ်ထားတာ နေမှာပေါ့၊ သူက မှောင်ခိုသမားရုပ်လဲ မပေါက်တော့"

"ဟုတ်တယ်လေ၊ ဘယ်မှောင်ခိုသမား ရုပ်ပေါက်မလဲ၊ လက်စသတ်တော့ မှောင်ခိုသမားတွေကို ဖမ်းမယ့်လူ ဖြစ်နေတာကိုး"

"အေး နင်ပြောသလို ဟုတ်နေရင်တော့ အံ့ဩစရာပဲ ဟာယ်"





ဇော်မြင့်အောင်က ရယ်၍ပြောသည်ကို ရှုပါကတော့ မရယ်မိ။ တကယ် အံ့ဩချင်ယောင်ဆောင်၍သာ ဇော်မြင့်အောင်၏ မျက်နှာကို ငေးနေ၏။

"အေး ဒီထက် အံ့ဩစရာကောင်းတာ နင့်ကို ငါ ပြောဦးမယ်"

တောက်ပ ဝိုင်းစက်သော ရှုပါ၏ မျက်လုံး အစုံသည် ရုတ်ခြည်း ဝိုင်းဝိုင်းလည်သွားသည်။

ဇော်မြင့်အောင်က တံတွေးကို ဂလုခနဲ မြည်သွားအောင် မျိုချလိုက်သည်။

"ဟိုအပတ်က ခု အသစ်ဖွင့်ထားတဲ့ မန်းနီလာကားနဲ့ ငါ မန္တလေးကို ပတ္တမြားသုံးလေးပွင့် ပို့ဖို့ လိုက်သွားတာ၊ သူကလဲ အိပ်ရာလိပ် ခပ်နွမ်းနွမ်းတစ်လိပ်၊ ဟင်းဘတ်အိတ်စုတ်တစ်လုံးနဲ့ ဟိုတုန်းက တို့တွေ့ခဲ့သလိုပဲ ခရီးသည်ယောင်ဆောင်ပြီး မှင်သေသေနဲ့ ပါလာတာဗျ၊ ငါ့ကိုတော့ ဒီကောင်ခုထိ မှတ်မိပုံမရသေးဘူး၊ ငါကလဲ မမှတ်မိအောင် လုပ်ထားတာကိုး၊ ကျောက်နဖါးလဲ ရောက်ရော ရှာဖွေရေးက ကားရပ်ပြီး ရုတ်တရက်တက်ရှာတော့တာပဲ၊ ထုံးစံအတိုင်းပေါ့ဟာ၊ ဒီကောင့်ပစ္စည်းကျတော့ မရှာဘူး၊ နယ်မြေမှူးက တစ်ချက်ပဲ သူ့မျက်နှာကို လှမ်းကြည့်တယ်၊ ဘယ်လောက် သေချာသလဲဆိုတော့ ကာဘော်လိပ်ဆပ်ပြာကို တိုက်လက်စ အမြှုပ်တစီစီနဲ့ ဝှက်ထည့်လာတဲ့ ဦးသာလှတို့အဖွဲ့က နီလာသုံးပွင့်၊သွားတိုက်ဆေးဘူးထဲထည့်လာတဲ့ အနေ့ာက်ပိုင်းက ဦးအန်ထော်နီတို့ ပတ္တမြား၊ ရေဝေက ပန်ချာတို့အဖွဲ့ ဖိနပ်ထဲထည့်လာတဲ့ ရတနာတွေ အကုန်မိတော့တာပဲ၊ အဲဒါတွေ မမိမချင်း ပိုက်စိပ်တိုက် ရှာတာ

မန္တလေးက လာတဲ့ ကျောင်းဆရာမတွေကို ပျားအုံဆံထုံးကြီးတွေပါ အမျိုးသမီးရှာဖွေရေးနဲ့ ဖျက်ရှာလို့ ငိုကြ ရယ်ကြပဲ၊ သူတို့ သတင်းရထားတဲ့ ပစ္စည်းတွေ အကုန်မိတော့မှ ကျောက်နဖါးက ကားထွက်ကြတာ”

“ဟင် ဟုတ်လား၊ နင်တို့ပစ္စည်းတွေယော ပါသွားသေးလားလို့”

“ငါက လူနဲ့ပစ္စည်း တစ်ပါတည်း သွားတာမှ မဟုတ်တာ၊ ကျောက်နဖါးလွန်မှ ပစ္စည်းလာပေးဖို့ ကိုယ့်လူတွေကို ကြိုလွှတ်ထားနှင့်လို့ပေါ့၊ နို့မို့ ပါသေးတယ်၊ ဒါတော့ ငါက လျင်တယ်ဟ”

“ဖအေးပေါ့၊ ဒီလမ်းမှာ နင်က ကျားပဲဟာ”

ရှုပါ အထင်ကြီးသွားပြီဟု ဇော်မြင့်အောင်က ကျေနပ်သွားသည်။

“ပြောရဦးမယ်၊ တို့ကို အဲသလို ရှာနေတုန်း သူကတော့ တောင်စောင်းမှာ အိပ်ရာလိပ်ခေါင်းမှီပြီး မျက်မှန်အနက်နဲ့ အိပ်ငိုက်ယောင်တောင် ဆောင်နေလိုက်သေးတယ်၊ ရှာတာက လဲ မရမချင်းဆိုတော့ နှစ်နာရီလောက်ကြာသွားတော့ သူများတွေ ထင်စရာပေါ့၊ ငါကသာ သူ့ကို အမြဲလေ့လာလို့ မြင်လာတာ၊ တချို့ဆို လုံးဝတောင် မရိပ်မိဘူး၊ ရှာဖွေပြီးလို့ ခရီးသည်တွေအားလုံး ကားပေါ်ပြန်တက်ကြတော့ ရဲသားတစ်ယောက်က သူ့ကို တိုးတိုးလေး ပြောသွားသေးတယ်”

“ဘာပြောသွားလဲဟင်”

“ဆရာတော့ ညောင်းနေပြီနဲ့ တူတယ်တဲ့”

ရှုပါက ပြုံး၍ သက်ပြင်းရှိုက်လိုက်သည်။





ရဲသားက သူ့ကို ဆရာခေါ်သည်မှာ မဆန်း။ စခန်းမှူးကလေးတွေကို ယခင်က သူ စာသင်ပေးဖူးသည်။ ဤသည်ကို ဇော်မြင့်အောင်က လုံးဝ မသိ။

“မန္တလေးကားပေါ် ပါလာတဲ့ အကောင်က အထက်ကျောက်တောင်ရွာလဲရောက်ရော ဟိုး ဟိုးဆိုပြီး ခုန်ဆင်းကျန်ခဲ့တာ၊ ငါက ဒီကောင်တော့ ရေနီချောင်းကင်းနဲ့ ညောင်ဝိုင်းမှာ တို့အဖွဲ့က တက်လာလိမ့်မယ်ဆိုတာ သတင်းရလို့ ဖြတ်လမ်းကဖြတ်ပြီး မြေလျှင်အဖွဲ့နဲ့လာရှာလိမ့်မယ်ထင်ပြီးကြောက်လိုက်တာ လူကို မောသွားတာပဲ”

“ညောင်ဝိုင်းရောက်တော့”

“ကံကောင်းလို့လို့ ပြောရမယ်၊ လွတ်သွားတယ်ဟ၊ ဒါ့ပြင်လဲ သူက ငါ့ကို ခုထိ မမှတ်မိသေးလို့ သတင်း တိတိကျကျ ရသေးလို့ ဖြစ်မယ်”

“ဟုတ်မှာပေါ့”

‘အင်း’ လိုက်နေသော သူ့ကို ဇော်မြင့်အောင်က တစ်ချက်ကြည့်သည်။ စကားကုန်သွားဟန် လို ဖြစ်သဖြင့် သက်ပြင်းချသည်။

“အယားပွဲတွေနဲ့ မိုးထိတောင်ခြေမှာလဲ ဒီကောင့်ကို တွေ့ရယ်လို့ ပြောကြတယ်”

“ဟုတ်မယ်ဟဲ့၊ ငါနဲ့ ဟိုခနကပလောင်တောင်ကျေ့မှာ တွေ့တာကလဲ ကျောက်တူးတာ မမြင်ဖူးလို့ သွားကြည့်ကြတယ် ပြောတယ်”

“ဟေ သူက ပြောတယ်”

"ဟုတ်တယ်၊ သူ အဲဒီက လာတယ်လို့ ပြောတယ်၊ ငါ့ကို လဲ မေးသွားသေးတယ်၊ နောက် ဘယ်နေရာတွေမှာ ကျောက်တူးတဲ့လူတွေ ရှိတယ် ပြောသံကြားလို့တဲ့၊ ငါက ဘာလုပ်မလို့လဲမေးတော့ မမြင်ဖူးလို့ လေ့လာမလို့ပါတဲ့"

"အေး နင် အဲဒါသာ ကြည့်ပေတော့၊ မှောင်ခိုသမားတွေ မဏဘူး၊ တွင်းတူးတဲ့လူတွေကိုပါ ဒီကောင် လိုက်နေတာဖြစ်ရမယ်"

ရှုပါက နောက်ထပ် ဇော်မြင့်အောင် ကြောက်သွားအောင် ဘယ်လို လုပ်ကြံပြောရ ကောင်းလေမည်နည်းဟု တွေးနေမိသည်။

"နင့်ကို ငါ ကုန်ကုန် ပြောလိုက်မယ်၊ ဒီကောင် ဘယ်မှာ တည်းလဲ ဆိုတာ ခု တို့ စုံစမ်းနေတယ်၊ နင် တစ်ခါပြောတဲ့ ဂါတ်ဝင်းထဲမှာတော့ မဟုတ်ဘူး၊ အထက်ကျောက်တောင်နဲ့ အေးပြင်ကို အသွားအလာများတာတော့ အမှန်ပဲ၊ နောက် တို့ ဈေးထဲက ဒေါ်ဖီဆိုင်မှာ ထိုင်တတ်တယ်လို့ တို့ ကြည့်ခိုင်းထားတဲ့ ကောင်လေးတွေက ပြောတယ်၊ ဒေါ်ဖီက ကျောက်အရောင်းအဝယ်လဲ တစ်ခါတစ်ခါလုပ်တော့ အနံ့ရလို့ဖြစ်ရမယ်၊ ခုထိ ဒေါ်ဖီလဲ ရိပ်မိပုံမရသေးဘူး၊ နင် နားသာထောင်နေ၊ ခံရဦးမယ်"

"ပြောထားပေါ့ဟ"

"ပြောတော့ ပြောထားရမှာပေါ့၊ နင်လဲ မြို့ထဲမှာ အပို့အယူ လုပ်ရင် သတိထား၊ ဒီကောင်က နင့်နောက် တကောက်ကောက် လိုက်နေတတ်လို့...."





ဆတ်ခနဲ ခေါင်းတစ်ချက် လှည့်အကြည့်တွင် ဇော်မြင့်အောင်က စကား ရပ်သွား၏။

"ငါက အရောင်းအဝယ် လုပ်တာမှ မဟုတ်တာ"

"နင် မလုပ်ဖေမယ့် နင့်အဖေက နာမည်ကြီး ကျောက်သွေးဆရာ၊ နာမည်ကြီး ရာဖြတ်ဆိုတော့ နင့်အဖေကို ကွိခနဲ တစ်ချက်မိရုံနဲ့ ရတနာ တစ်မြို့လုံးရှိတဲ့ ရတနာသူဌေးတွေ နာမည်သိရမယ် မဟုတ်လားဟ"

"နင့်ကို ငါလဲ တစ်ခု မေးရဦးမယ်"

"ဆယ်ခု မေးစေဗျား"

"အကောင်းပြောရင် ဖောက်လာပြန်ပြီ"

"ဟဲ ဟဲ နင်ကလဲ ငါဘာဖောက်လို့လဲ"

"သူနဲ့ ငါနဲ့ ပလောင်တောင်ကွေ့မှာ ရပ်ပြီး စကားပြောနေကြတယ်ဆိုတာ နင်ကို ဘယ်လူ ပြောလဲ"

ဇော်မြင့်အောင်က သူ့မျက်လုံး တစ်ဖက်ကို လက်ညှိုးနှင့် ထိုးပြသည်။

"ဒါကတော့ နင် ညာတာ"

"ငါတို့မှာ မျက်လုံးပေါင်း အထောင်အသောင်း ရှိဘယ်ဟ"

"မင်းနား တစ်ထောင်ပဲ၊ ကြားဖူးပါတယ်"

ရှုပါက သူ့စကားကို စိတ်မဝင်စားတော့သဖြင့် ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်။

"ဟ ငါတို့က သိကြားမင်းလိုပဲဟ၊ မျက်လုံးပေါင်း တစ်ထောင်ကို ဆောင်တယ်"

"ဒါပေမင့် ခုတော့ နှင်တို့ မျက်လုံးတွေက ကန်းနေပြီနဲ့ တူတယ်၊ စိတ်မျက်မှန် ဆောင်ထားကြဦး"

"ဘာကို ပြောတာလဲ ရှုပါ"

"ဘာကို ပြောရမှာလဲ၊ ငါတို့ ဆယ်တန်းတုန်းက ဦးပုညရဲ့ တေးထပ်တစ်ပုဒ် စာမေးပွဲမှာ ပါတယ်၊ 'ထောင်မျက်စိ မှိန်ခဲ့ မြန်ရင် စိန်မျက်မှန် ဆက်ဦးမယ်ပလေး' ဆိုတာလေ"

"ဩော် ဒါလား"

"ဟုတ်တယ်၊ နှင် အမြင်မှားနေတာ၊ စိန်မျက်မှန်တပ်ဦး"

"ဘာကိုလဲ"

"ငါနဲ့ သူ့ကို တွေ့တယ်ဆိုတာ"

"မဟုတ်ဘူးလား"

"ဟုတ်တယ်"

"ဘာလဲဟ၊ နှင့်စကားက"

"နှင် မြင်တယ်ဆိုတာ ဖြစ်ကို မဖြစ်နိုင်လို့ ပြောတာ"

"ဟုတ်ပါတယ်၊ ငါ့အသိတစ်ယောက် မြင်တယ်ပြောလို့ ပြောတာပါ၊ သူနဲ့ နှင်နဲ့"

"ဘယ်နှစ်ခါ ပြောရမလဲ"

"ဝမ်းသာပါတယ်ဟယ်၊ ငါကတော့ နှင်နဲ့ တစ်ယောက်ယောက်နဲ့ ရည်းစားဖြစ်သွားကြမှပဲ တွေးပူနေတယ်"

"သေလိုက်ပါလား"

စောစောကပင် ပြောမည်ဟု နှုတ်ပြင်ခဲ့သော စကားကို ယခုမှ ပြော ဖြစ်တော့သည်။ ဇော်မြင့်အောင်ကတော့ ရှုပါ ဆဲဆိုသည်ကို ငံ ပန်းနှင့် ပေါက်သည် ထင်မည့် လူစားမို့ တဟားဟား ရယ်နေသည်။





"ငါ့စေတနာကို နှင် တစ်လွဲမထင်ပါနဲ့ ရှုပါရယ်၊ ငါက တကယ် စေတနာနဲ့ သတိပေးတာပါ၊ တစ်နေ့ကျရင် နှင် ငါ့ စေတနာကို သိလာပါလိမ့်မယ်၊ ဇာတ်တော်တွေလိုပေါ့ဟာ၊ တစ်နေ့ ဇာတ်ပေါင်းတော့လဲ ဟဲ ဟဲ"

"ဘာ ဟဲ ဟဲ ဟဲ လဲ၊ နှင့်ကို တစ်သက် မကြိုက်သေးဘူး မှတ်"

"ဟော့ဗျာ နှင် အဓိပ္ပာယ်ကောက် လွဲပြန်ပြီ၊ ငါက နှင့်ကို တစ်နေ့ကျ လက်ထပ်ရမှာပဲ၊ တစ်နေ့ကျ ချစ်သွားမှာပဲ၊ နောက်ဆုံးတော့ နှင်ဟာ ငါ့ရင်ခွင်ထဲကို အတင်း ဝင်လာ...."

"တော်စမ်းပါ၊ အသားယူပြီး အရသာခံပြီး ပြောမနေစမ်းပါနဲ့၊ သွားမယ်"

"ဟဲ ဟဲ နှင်ကလဲ ဒေါနချည်းပဲ၊ သဇင်တို့ ဇီဇဝါတို့လဲ တစ်ခါတလေ ပွင့်ပါဦးဟ"

"တစ်သက် မပွင့်ဘူး"

"စုံထောက်ကြီး ထွန်းကျော်နဲ့ ဆိုရင်ကောဟ"

"နှင့်အဘ"

"ဟဲ ဟဲ"

"နှင်ကလဲ ချစ်လို့ ကျတာပဲ၊ ဒါ ကျိတ်ဆိုးစရာလားလို့၊ တို့ သူငယ်ချင်းပဲ ဟာ ချို ချိုလို့"

"ခွေးကောင် သေတော့မယ်"

ဇာတ်ထဲကပုဏ္ဏားသံနှင့်ဇော်မြင့်အောင် နောက်သောအခါ ရှုပါမှာလည်း ဆဲရင်းက ရယ်မိ သွားလေသည်။ ယခင်က သူ့လို မိန်းကလေးများများတို့ ကျခဲ့ကြသည်မှာ ဤအပြော

မျိုးတွေလားဟု ချက်ချင်း တွေ၍ ကြက်သီး ထသွားသည်။ ယခုပင် ရယ်မိသွားလေပြီ။

"နင် ခု ဘယ်က လာလဲ"

"ကြီးကြီးတို့ ရှမ်းတောဘက်က"

"အဲဒီ ဘက်မှာကော ဒီနေ့ အရောင်းအဝယ် ဖြစ်ကြရဲ့လား"

"ညှော်သည်တွေတော့ မတွေ့ခဲ့ဘူး"

"ဘယ်တွေ့မလဲ၊ ဟိုကောင် အဲဒီဘက် ရှိနေတာကိုးဟ"

ရှုပါက ဘာမှ မပြောမိတော့။ ဇော်မြင့်အောင် မျက်နှာကိုသာ မသိမသာ ကြည့်နေသည်။

"မနက်က ငါ အဲဒီကောင်ကို ရွှေဘုံသာဘက်မှာ တွေ့ခဲ့သေးတယ်၊ အနံ့ခံတော့ သိပ်ကောင်းတဲ့ အကောင်၊ အမဲလိုက်ဖို့ ကောင်းတယ်"

"နင်ကပဲ စုံထောက်ဆို"

"ဟုတ်တယ်လေ"

"ဒါနဲ့များ ဘာပြောစရာ လိုသေးလဲဟဲ့၊ စုံထောက်က သူ့အလုပ် သူလုပ်မှာပေါ့၊ နင်တို့ မှောင်ခိုသမားတွေကလဲ ကြည့်ရှောင်ကြပေါ့၊ နင်တို့ မှောင်ခိုသမားနဲ့ ထောက်လှမ်းရေး ဆိုတာကတော့"

"ဟုတ်ပါတယ်၊ ခွေးနဲ့ သားကောင်လိုပဲပေါ့"

သူ့ ခွေးနှင့် နှိုင်းပြောသဖြင့် ရင်ထဲ နင့်သွားမိသည်။ သို့သော် ဤသည်ကို ဇော်မြင့်အောင် ရိပ်မိသွားမှာနှင့် သူသည် သူတို့ထင်သလို ထောက်လှမ်းရေး တစ်ယောက် မဟုတ်မှန်းတော့ ရှုပါက မသိစေချင်။





ကိုထွန်းကျော်အား ထောက်လှမ်းရေးဟု သူတို့ ယုံကြည်အောင် ထင်မှားမြင်မှားအောင် လိမ်လည်လှည့်ဖျား၍ ပြောရသည်ကိုပင် ရှုပါကတော့ ကျေနပ်နေသည်။ မျက်ဖြူဆိုက်လေဆရာကြိုက်လေ မဟုတ်လား။

"အေး သတိ ဝီရိယနဲ့လဲ လုပ်ကြပေါ့ဟာ၊ ဒီကြားထဲ ငါနဲ့ တွေ့ရင်လဲ သူ့ကို မသိမသာ ငါကပ်မြှုပြီး မေးပေးပါ့မယ်"

"အမယ်လေး အဲလို ကပ်မြှုပြီးတော့ မေးမပေးပါနဲ့ဟာ"

"ဘာဖြစ်လို့လဲ ဇော်မြင့်အောင်ရယ်၊ အရေးကြီးတာက စုံထောက်တစ်ယောက် ဟုတ် မဟုတ် တိတိကျကျသိဖို့ နင်တို့ အရေးကြီးနေတယ် မဟုတ်လားလို့၊ ငါက နင်တို့ကို တစ်ရပ်တည်း တစ်မြေတည်းသားချင်းမို့ ကူညီတဲ့သဘောပါဟ"

ရှုပါက အတည်ပေါက်နှင့် ပြောသည်။

"နင် သူနဲ့ မပေါင်းပါနဲ့ဟာ၊ ဒီကောင် ထောက်လှမ်းရေးဆိုတာ တို့သိပြီးပါပြီ၊ အကွက်မဝင်သေးလို့ပါ၊ နင်လဲ ရုပ်ရှင်တွေထဲ မြင်ဖူးမှာပေါ့၊ အဲဒီလို စုံထောက်ကို ထန်ပြန်ထောက်လှမ်းရင်းနဲ့က"

"ဘာဖြစ်လဲဟ၊ အဲဒီလို ကပ်မြှုရင်း စုံထောက်နဲ့ ငါနဲ့ ငြိပြီး ညားသွားတော့လဲ"

"ခွေးမ ငါက အကောင်းမှတ်လို့"

ရှုပါသည် တစ်ကိုယ်လုံး သိမ့်သိမ့်ခါသွားအောင် ရယ်လိုက်မိသည်။ ဇော်မြင့်အောင်ကို ချေရသော စကားထဲတွင် ဤတစ်ခါ စကားသည် အရသာအတွေ့ဆုံး ဖြစ်သွားလေသည်။

*　　*　　*

## အခန်း (၁၉)

သည်နေ့ ထူးခြားနေသည်ဟု အိမ်ပေါ်တက်လာကတည်းက ထင်လိုက်မိသည်။ ဒေါ်လေး၏နှုတ်ခမ်းဖျားက မသိမသာ အပြုံးနှင့် ရယ်နေသော မျက်လုံးတစ်စုံ၏ အငွေ့က ဆန်းနေသည်။ အကြည့်တွင် ခွန်အားတစ်ခု ပါနေသလားလည်း ထင်မိလိုက်၏။ ကလေးပြန်လာပလား ဟူသော အမေးကို ခါတိုင်းထက် အဆပေါင်းများစွာ ချိုမြိန်နေကြောင်း သတိပြုမိလိုက်သည်။

ဧည့်ခန်းတွင် ထိုင်နေကြသော အမေအဖေတို့၏ အကြည့်ကလည်း ခြေလှမ်း မှားမထက်ပင်။ စူးစိုက် တည်ငြိမ်လွန်းကြသည်။

"သမီး လာ ထိုင်ပါဦး"

"နေပါစေဦးလားကွယ်၊ ခရီးရောက်မဆိုက်ဘဲ၊ အေးအေးလူလူ ရှိပါစေဦးလား"





အမေ၏ စကားနှင့် အဖေ၏ အပြောကလည်း ဆန်းနေ၏။ သိလိုစိတ်သည် ရင်ထဲ၌ ဘောင်ဘင်ခတ်သွားသည်။ ရုတ်ခြည်း အမေ့ဘေးတွင် ဝင်ထိုင်မိလိုက်၏။ အမေ၏ လက်တစ်ဖက်သည် ချက်ချင်း ရှုပါ၏ ကိုယ်ကို ရစ်ပတ်လိုက်သည်။ စကားပါ ရစ်ပတ်လာ၏။

"နေ့လယ်က ဦးဇော်လှုသန်းနဲ့ ဒေါ်ဖော့ယဉ်တို့ လာသွားတယ် သမီး"

"ဟုတ်ကဲ့"

အမေ၏ နှုတ်ခမ်းအလှုပ်ကို စောင့်ကြည့်နေမိသည်။ ဦးဇော်လှုသန်းနှင့် ဒေါ်ဖော့ယဉ်တို့မှာ ဇော်မြင့်အောင်၏ မိဘနှစ်ပါး။ အမေ၏မျက်နှာကို စိုက်ကြည့်နေမိသည်။ အဓိပ္ပာယ်မကောက်ရသေး။ အမေက အဖေ၏ မျက်နှာကို လှမ်းကြည့်သည်။ အဖေ့အကြည့်က ရှုပါဆီသို့ ရောက်မလာ။ နံရံကိုသာ ငေးနေ၏။

"သူတို့လာတဲ့ကိစ္စ သမီး မသိသေးဘူးထင်တယ်"

ခေါင်းညိတ်လိုက်၏။

"သူ့သားနဲ့သမီးကို နေရာချထားချင်လို့တဲ့"

"ရှင်...."

သက်ပြင်းနှင့်အတူ လွတ်ခနဲ အသံထွက်သွားမိသည်။ အမေ့ဆီက အကြည့်ကို ချက်ချင်း လွှဲဖယ်လိုက်ရ၏။ အမေ၏ မျက်နှာကို စိုက်ကြည့်မနေရဲတော့။ အဖေ့ရှေ့၌ မျက်နှာကို ဘယ်လိုထားရမှန်း မသိ ဖြစ်သွားမိသည်။ သူ့ကို အဖေ ကြည့်မနေ၍သာ တော်သေးသည်ဟု တွေးလိုက်သည်။

"သမီးကို အဖေ ပြောမယ်၊ ခု သမီးအသက်ဟာ နှစ်ဆယ့်တစ်နှစ် ရှိပြီ၊ အိမ်ထောင်ပြုရမယ့် အချိန်အရွယ်ပဲ၊ ဒါပေမင့် ဖေဖေတို့ကတော့ ငါ့သမီးလေးကို ကလေးပဲထင်နေ မြင်နေကြတုန်းပဲ၊ ဒါဟာလဲ မိဘတိုင်းစိတ်ထဲ ရှိတတ်ကြတဲ့ ခံစားမှုစိတ်တစ်မျိုးပဲ၊ သမီးက ဒါတွေကို ခံစားတတ်မှာ မဟုတ်သေးဘူး၊အမေ အဖေတို့ အရွယ်ရောက်မှ သားသမီးတို့ရဲ့အမေအဖြစ်ကို ခံယူပြီးမှ ဒါတွေ နားလည်မှာ၊ သမီးအဖေနဲ့သမီးအမေ အိမ်ထောင်ပြုကြတော့ သမီးအမေက ဆယ့်ခြောက်နှစ်ကျော်လေးပဲ ရှိသေးတယ်၊ ဖေဖေက နှစ်ဆယ့်လေးနှစ်၊ သမီးတို့ခေတ်နဲ့တော့ ကွာတာပေါ့"

ခေါင်းငုံ့ထားမိ၏။ ဖေဖေ၏ မျက်နှာကို မကြည့်ရဲ။ ဖေဖေဆိုလိုရင်းကိုတော့ သဘောပေါက်မိ၏။အိမ်ထောင်ပြုဖို့ အချိန်အရွယ်ရောက်ပြီ။

ဇော်မြင့်အောင်တို့ အမေအဖေတွေ လာသွားကြသည် ဆိုကတည်းက ရင်ခုန်နေသည်။ တစ်နေ့က ထူးမင်းသိန်းစကားကို ချက်ချင်း သတိရမိသည်။ သမီးကို ပြောမရတော့ အမေအဖေကို တက်ပြောမလို့တဲ့။ တကယ်ပဲ ညီး ပြောလာချေပြီ။ ကိုထွန်းကျော်သည့် မွှောင်ခိုသမားတွေကို ထောက်လှမ်းစုံစမ်းနေသူဟု ဇော်မြင့်အောင် လိုက်ပြောစဉ်က ဟုတ်မှာပဲ။ သူ့စကားတွေကလဲ မရေမရာတဲ့။ဘာဘာညာညာလုပ်ကြံ၍ပြောမိသည်။ ဤသည်ကိုပင် ဇော်မြင့်အောင်က သူ့ဘက်ပါလာပြီဟု အထင်ရောက်သွားပုံရသည်။ ယခုစဉ်ကပင် ပြောမနာ ဆိုမနာ ဆဲနေကျ အော်နေကျဆိုတော့ သူက ဘယ်လို ပြောပြော ဣန္ဒြေဟန်လုပ်၍ ကြိုက်သည်ဟုတော့ ပြောမည်မဟုတ်ဟု





အတွေးပေါက်သွားပုံရသည်။ ထို့ကြောင့် ကြိုက်သော်လည်း အဖြေရခက်နေသော ရုပ်ါ ဣန္ဒြေရအောင်ဟူသော သဘောဖြင့် လူကြီးချင်း ပြောခိုင်းတာ ဖြစ်မည်။

ဇော်မြင့်အောင်ကို လင်သားတစ်ယောက်အနေနှင့် ကြင်ရမှာ ချစ်ရမှာ တွေးမိပြီး ကြက်သီး ထမိသည်။ ငါက သူ့ကိုနိုင်ထားတဲ့အငြိုးနဲ့ လက်ထပ်ပြီးရင် နိုင်တော့မှာပဲ၊ ပစ္စည်းအရှိန်အဝါ မိဘအရှိန်အဝါနဲ့ ငါ့ကို ရိုက်မှာပဲ၊ ဆဲမှာပဲ၊ ငါကလဲ သူ့ကို ဘယ်လိုမှ မကြိုက်၊ ဟိုတစ်ယောက် သိရင်လဲ ဘယ်လောက် ဆွေးသွားမလဲ မသိဘူး၊ သူ့ကို ငါ တကယ်ချစ်တာ၊ သူ့စိတ်ထဲ သိပ်ချစ်စရာကောင်းတာ၊ သူ့နှလုံးသားမှာ ကြင်နာမှု အပြည့်ရှိတယ်၊ သူ့ကိုယ်ခန္ဓာမှာ ယုယမှု အမြဲကိန်းဝပ်နေတယ်၊ သူ့စိတ်ဟာ မေတ္တာ ကရုဏာနဲ့ယှဉ်တယ်၊ အိုး မယူဘူး၊ မယူဘူး၊ ဇော်မြင့်အောင်ကို ငါ မယူဘူး၊မောင်က လွဲပြီး ဘယ်လူမှ လက်မထပ်နိုင်ဘူး၊ မောင်က လွဲပြီး ဘယ်သူမှ မချစ်နိုင်ဘူး။

"သမီး အဖေ ပြောနေတယ်လေ သမီး"

အမေက ပခုံးကို ဖျစ်ညှစ်၍ သတိပေးစကား ဆို၏။အဖေဘာပြောလိုက်မှန်း မသိဖြစ်သွားသည်။ အဖေ့အသံကို ကြားနေရသော်လည်း စိတ်အမှတ်ထဲ မသဲကွဲ ကိုယ့်အတွေးနှင့်ကိုယ်သာ မိနစ်ပေါင်းများစွာ မျောပါနေမိသည်။

မျက်ရည် ပြည့်လျှမ်းနေသော မျက်လုံးအစုံနှင့် အဖေ့ကို လှမ်းကြည့်လိုက်မိသည်။

"ဇော်မြင့်အောင်နဲ့ သမီးနဲ့ မဖြစ်ပါဘူး ဖေဖေ"

အဖေက ပြုံးသည်။

"သမီးကို ဖေဖေက ဇော်မြင့်အောင်နဲ့ လက်ထပ်ရမယ်လို့ မပြောမိသေးပါလားသမီး၊ စောစောက ပြောတာက သမီး အချိန်အရွယ်ရောက်ပြီဆိုတာပဲ ပြောတာပါ၊ အဖေ ပြောတဲ့ စကားထဲမှာ ဇော်မြင့်အောင်လဲ မပါပါဘူး"

ရှက်သွားမိသည်။ သူ့ဟာသူ မလုံတဲ့ ကောင်မလေး ပြုသော အတွေးမျိုး အဖေ ထင်သွားမှာ စိုးမိလိုက်သည်။ စောစောက ဘာပြောနေသည်ကို ပြန်တွေးမိသည်။ သူ ပိပိသသ ကြားမိခဲ့သမျှ အဖေ့ စကားထဲတွင် ဇော်မြင့်အောင် မပါတာ ကတော့ သေချာသည်။ နောက်ပိုင်း မြောတာသာ ကိုယ့် အတွေးနှင့်ကိုယ် မှန်ထူနေ၍ မကြားမိ။ မေမေ၏ စကားထဲမှာ တော့ ဇော်မြင့်အောင်၏ အမေ အဖေ နာမည်တွေ ပါသည်။ သဘောက အတူတူပဲ မဟုတ်လား ဖေဖေဟု စိတ်ထဲက ပြောမိ လိုက်သည်။

"သမီးက ငယ်ငယ်ကတည်းက ဇော်မြင့်အောင်နဲ့ ရန်ဖြစ်ဖက် ဆဲဖက် ဆိုဖက်မို့ ပြောတာလား၊ သမီးကို သူက အနိုင်ခံမှာ ကြောက်လို့လား"

အမေ့ မျက်နှာကို အထိတ်တလန့် မော့ကြည့်မိလိုက်ပြန်သည်။

သူ့စိတ်အတွေးကို အမေ အတပ်သိ၍ ဆိုသော စကားလား။ ဇော်မြင့်အောင်ကပဲ သူ့ အမေ အဖေတို့နှင့် တစ်ဆင့်ဤစကား ပြောခိုင်းလိုက်လေသလား။

"ဟင် သမီး ဒါကို သမီး တွေးပြီး ရှက်နေလို့လား၊ ဒါတွေက...."





နူတ်နည်းသောအမေ့တွင် စကားက ဆက်စရာ မရှိသလိုနှင့် ရုပါ၏ မျက်နှာကိုသာ ကြည့်နေ၏။

"သမီး"

ဖေဖေ၏ အသံက တည်ငြိမ်သည်။ စကားရှည်သောအဖေ၏ ပကာမ ခေါ်သံကတော့ တိုတောင်း၏။ ခေါင်းငုံ့ပစ်လိုက်မိသည်။ မေမေ့၏ မျက်နှာကိုသာ စေ့စေ့ကြည့်ရဲသော်လည်း ခုလိုအခါတွင် ဖေဖေ၏ မျက်နှာကို ရုပါ လုံးဝ မကြည့်ရဲ။

"သမီးကို ဖေဖေတို့ ပြောနေတာက အိမ်တောင်ပြုသင့်တဲ့ အရွယ် ရောက်ပြီ၊ သမီး အိမ်ထောင် ပြုချင် ပြုနိုင်ပြီ ဆိုတဲ့ သဘောကို ပြောတာနော် သမီး၊ ဖေဖေတို့က ဘယ်သူနဲ့ ဘယ်ဝါနဲ့ အိမ်ထောင်ပြုရမယ်လို့ အတင်းအကျပ် ပြောနေတာ မဟုတ်ဘူး၊ သမီးကို ဖေဖေတို့ အတင်းအကျပ်လဲ ဘယ်အရာကိုမှ မိဘဆိုတဲ့ အခွင့်အာဏာ ရှေ့တန်းတင်ပြီး မပြောမဆိုခဲ့ဘူး၊ ဒါ သမီး သိပါတယ်"

"သိ သိ ပါတယ် ဖေဖေ"

"အေး ဒီကိစ္စမှာလဲ သမီး သဘောပဲ၊ ဦးဇော်လူသန်းနဲ့ ဒေါ်ဖော့ယဉ်ကိုလဲ ဖေဖေတို့က သမီး သဘောကို မေးကြည့်ပါရစေဦး ပြောလိုက်တယ်၊ အဖေ့ အကြောင်းတော့ သမီး သိပါတယ်၊ အဖေတို့က နောက်ထပ်နေရ အနှစ် နှစ်ဆယ်ပေါ့၊ သမီးနဲ့ ပေါင်းရမှာ၊ အဲဒီတော့ သမီး စဉ်းစားပေါ့"

"ဟုတ်ကဲ့ ဖေဖေ"

ရှတ်တရက် ထလိုက်သည်ကို မေမေကတော့ အံ့သြသွားသည်။ မေမေ့ သဘောက ချက်ချင်း အဖြေပေးချင်ပုံ ရသည်။

"သူငယ်လေးကလဲ အကြောင်းသိ အပေါင်းသို တစ်ရပ်တည်း တစ်ရွာတည်းသားပဲ၊ သူ့ အမေ အဖေ တွေဆိုလဲ ငယ်ပေါင်းတွေပဲ သမီးရယ်၊ ဘာ စဉ်းစားနေစရာ လိုသေးလဲ၊ သူငယ်လေးက သမီးကို ကြောက်လို့ မပြောရဲတာနဲ့ သူ့ အမေ အဖေ တွေကို ပြောသွားတယ်၊ ခုကတည်းကပင် သမီးနိုင်ရမယ်...."

"အိုကွာ မင်းကလဲ စဉ်းစားပါရစေဦးဆို မဟုတ်လား"

အဖေ့ကို ကျေးဇူးတင်မိလိုက်သည်။ အမေ့ စကားဆက်မလာနိုင်တော့။

သူ မပြောရဲလို့ အမေ အဖေကို ပြောခိုင်းရတာတဲ့။ ခုထာပင် လိမ်ချင် ညာချင်နေတာတော့ အမေက မသိ။ တည့်တည့်ရော သွယ်ဝိုက်၍ရော အတင်းရော အဓမ္မရော ထူးမင်းသိန်းကို အောင်သွယ်ထား၍ရော အခါပေါင်း မရေ မတွက်နိုင်တော့။ ဒါတောင် ရှုပါကို ကြောက်လို့ ပါတဲ့။ တော်သေးတာပေါ့၊ ကြောက်သာမကြောက်ရင် အတင်းကားတင်ပြေးလို့ ခုလောက်ဆို ဗိုက်တစ်လုံးနဲ့ ဖြစ်နေပြီး နေမှာ။ ဒါကျတော့ အမေက သိမည် မဟုတ်။

လှေကားကိုပင်ဘယ်လိုလှမ်းတက်လာမိမှန်းသတိမထားမိ။ လှေကားထိပ်တွင် ဒေါ်လေးနှင့်ဆုံတော့ ဒွေါသကဖြစ်ရပြန်ပြီ။ ဒေါ်လေး ပြောတာပဲ နေမှာ။

"ဟုတ်တယ် မဟုတ်လား"

"ဘာလဲဟဲ့"

ဒေါ်လေးက ခေါင်းဆတ်၍ ပြန်မေး၏။

"ဒေါ်လေး ပြောတာပဲ မဟုတ်လား"





"ဘာလဲဟာ နင့်ဟာက အရင်းမရှိ အဖျားမရှိ"

"ဘာ မသိယောင် ဆောင်နေလဲ၊ ဒေါ်လေး တရုးခံ သိလား"

"ဟ ရှုပါ၊ နင် လင်ယူမယ့်၊ ဟဲ့ ခွေးမနေဉ်"

ပခုံးချင်း တိုက်ထားခဲ့သည်။ အခန်းထဲ ရောက်တော့ သက်ပြင်းချမိ၏။ ဒေါ်လေး ပြောတာတော့ မဖြစ်နိုင်ပါဘူး။ သူနဲ့ မကြာမကြာ ချိန်းတွေ့တာ ဇော်မြင့်အောင်တို့ မြင်သွားလို့ မခံမရပ်နိုင် ဖြစ်ပြီး သူ့ အမေ အဖေတွေကို အတင်းတောင်းခိုင်းတာပဲ ဖြစ်မည်။ အတွေးတို့ဖြင့် တစ်ချိန်လုံး နပန်းလုံးနေသည်။

✱ ✱ ✱

ညနေစာကို အမေ ပုတီးစိပ်နေချိန်၌ ဆင်းစားမိ၏။ အမေ အဖေတို့နှင့် မျက်နှာချင်း မဆိုင်ဝံ့၊ ဒေါ်လေးနှင့်တော့ မျက်နှာချင်း မဆိုင်ချင်၍ မရ။ သည်နေ့ ဒေါ်လေး၏ အကြည့် အရှုကိုပင် မခံနိုင် ဖြစ်နေမိသည်။ ဒေါ်လေး အကြည့်က ကောင်မလေး တစ်ယောက်တော့ လင်ရတော့မယ်ဟု ပြောနေသလိုပင်။ ဒေါ်လေးကလည်း သူ့ကိုယ်သူ မလုံ။ နှုတ်ဆိတ်နေရခြင်းကို ပိုမလုံမလဲ ဖြစ်နေပုံရ၏။ တိုးတိုးဖော် တိုင်ပင်ဖက်ဆို၍လည်း ဒီဒေါ်လေး တစ်ယောက်ပဲ ရှိသည်။

"ဦးဇော်လှူသန်းတို့ လာတုန်းက ဒေါ်လေး ရှိလားဟင်"

"ရှိသားပဲ"

မျက်ခွံပင့်၍ ကြည့်မိ၏။ ဒေါ်လေးကတော့ ပေါ့ပေါ့တန်တန်ပင်။ ထမင်းဝါးမျိုပင် မပျက်။

"ဘာပြောကြလဲ"

"သိပ်ကြားချင်နေတယ်ပေါ့"

ဟင်းချိုခပ်သော ဇွန်းကို ဆောင့်ချပစ်လိုက်မိသည်။

"သူ့သားက ပြောခိုင်းလို့ လာပြောရတာပါတဲ့၊ သူတို့အနေမှာလဲ သဘောမတူစရာ မရှိပါဘူးတဲ့၊ မျက်စိအောက်တင် ကြီးပြင်းလာတဲ့ မိန်းကလေးမို့ အနေအထိုင် အပြောအဆို ငြင်းစရာ မရှိပါဘူးတဲ့၊ သားထွေးဆိုတော့ သူသဘောကျ ရွေးပါစေလို့ အခွင့်အရေး ပေးထားတာတဲ့၊ သမီးရှင်တွေကတော့ လာစပ်ကြပါတယ်တဲ့၊ အဲဒါကို ကလေးအဖေကတော့ နည်းနည်း ခံပြင်းပုံရတယ်၊ ကျုန်တော့်သမီးကိုလဲ သူ သဘောကျ ရွေးခိုင်းထားတာပါလို့ တစ်ခွန်း နှက်လိုက်သံ ကြားတယ်၊ သူ့သားအကြောင်းတော့ ကောင်းတယ် ဆိုးတယ် ဘာမှ မပြောဘူး၊ မမနဲ့ သူ့အဖေကတော့ သိပ်လေပေး ပြောင့်နေကြတာ တွေ့ရတယ်၊ ကလေးက ဇော်မြင့်အောင်ကို သဘောမကျလို့လား"

"ဒီသူငယ်လေးက တော်ရှာသားပဲ၊ မိဘကလဲ ပစ္စည်းချမ်းသာတယ်၊ စီးပွားဉစ္စာလဲ အရှာကောင်းတယ်၊ ဒီလိုလား ဒေါ်လေး"

"ဟုတ်ဘာပေါ့"

"ဒေါ်လေး ယူလိုက်ပါလား"

"ငါ ပါးတချလို့ တစ်ခါတည်း"

ထမင်းဝိုင်းမှာ ဒေါ်လေးနှင့် ဦးဆုံး ကျိတ်၍ ရန်ဖြစ်ကြ၏။ ရယ်စရာတော့ ကောင်းသည်။

"ကလေးက ကြိုက်နေတဲ့လူ ရှိနေလို့လား"





ချော့၍ မေးသည်။ ရင်ပူနေရသည့်ကြားထဲ ရယ်ချင်သွား၏။ ပြောသင့် မပြောသင့် စဉ်းစားရသည်။

မပြောသင့်သေးဟု ဆုံးဖြတ်သည်။ ဒေါ်လေးနှား ပေါက်လျှင် အမေ့နား ရောက်မည်။ ကိုထွန်းကျော်နှင့် သူ့ကို ဒေါ်လေး မသက်ာ ဖြစ်နေသည်မှာ ထမင်းကျေးသော နေ့ကပင် ဖြစ်သည်။ သည်ရက်ပိုင်း အိမ်ကို သူ မလာတတ်၍သာ တော်သေးသည်။ သို့သော် ဈေးထဲမှာ သုံးလေးခါ တွေ့ဖူးကြသည်။ သူနှင့် ပတ်သက်၍ ဇော်မြင့်အောင်ကလည်း အမေအဖေတို့ကို မည်သို့ မည်နှယ် ပုဏ္ဏက တိုက်ထားသည် မသိသေး။ သူနှင့် ရှုပါတို့နောက်ကို ဇော်မြင့်အောင်က အရိပ်ပမာ လိုက်နေသူ။ ဟင်းခနဲ့ သက်ပြင်းအချတွင် ဒေါ်လေးက ထပ်ပြောသည်။

"ရည်မှန်းထားတဲ့ လူ ရှိနေရင်လဲ ဖွင့်ပြောလိုက်ပေါ့ ကလေးရယ်၊ ကိုယ်နဲ့ ထိုက်ထိုက်တန်တန် လူဆိုရင် အစ်ကိုနဲ့ အစ်မတို့က သဘောတူကြမှာပါ၊ ဟင် မေတ္တာမျှထားတဲ့ လူ ရှိလား"

"မရှိပါဘူး ဒေါ်လေးရယ်"

သူ ဟုသာ ဖွင့်ပြောလိုက်လျှင် ဟဲ့ နင်တို့ဟာကလဲ ခုမြင် ကြိုက် ခုတွေ့ ခုလိုက်ပါလား ဟု ကင်းကိုက်ခံလိုက်ရသလို ဆွေ့ဆွေ့ခုန်ဖြစ်မည်မှာ မုချ။ ခုမြင်လဲ မကြိုက်၊ တစ်သက်လုံး ချစ်တာတဲ့လို့ မဟုတ်လား၊ ခုလို အပျိုကြီးဖြစ်ပြီး ဟိုင်းနေတာဟု ပြောလျှင် ဇွန်းနဲ့ ခေါက်မည်လား။ လက်ဝေကြီးနဲ့ ခေါက်မည်လား။ တစ်နေ့ခုတော့ ကော။ အစ်မ ညီမ မရှိတော့လည်း ဒေါ်လေးကိုပဲ သူငယ်ချင်းပေါင်း ပေါင်းနေရ

သည်။ သည့်ကိစ္စမှာတော့ ဒေါ်လေးကိုလည်း ခဏ ဖယ်ထား ရမည်။

"ဒွါများ သက်ပြင်း ချနေရသေးတယ်၊ နင့်အစား ငါ မောလိုက်တာ၊ မရှိ မရှိဘူး ပြောလိုက်ပေါ့"

"ဇော်မြင့်အောင်နဲ့ အတင်း ပေးစားကြရင်ကော"

"နင့်ကို ဘယ်လူက အတင်း ပေးစားမယ် ပြောလဲ၊ နင့် သဘောပဲလို့ နင့်အဖေက ပြောတယ် မဟုတ်လား"

"အမေ့သဘောကတော့ အတင်းပေးစားမယ့် ပုံပဲ"

"အဲဒါဆိုလဲ ရှိတယ် ပြောလိုက်ပေါ့"

ရှိက်သံပင် ထွက်သွားသည်။

သနားသွားပုံရ၏။ စေ့စေ့ ကြည့်၍ ပြောလိုက်သည်။

"အဲလိုပြောထားရင် ကောင်းမလားဟင် ဒေါ်လေး"

"ရှိကော ရှိလို့လား"

စူးစူးစိုက်စိုက် ကြည့်၍ မေး၏။

ဘုရား တ လိုက်မိသည်။ ကြည့်စမ်း ဒေါ်လေးက အလစ် ဝင်ပြီး အစ်မေးတာကိုး။ တော်သေး၏။ စောစောက သတိ ထားလိုက်မိ၍။

"မရှိပါဘူး ဆိုနေ"

သက်ပြင်း ချသွားသည်။ အကြည့်ကိုလည်း လွှဲဖယ်သွား သည်။

သိထားဖို့က ဒီလို အပျိုကြီး လည်တာလောက်တော့ ဒီက အပျိုလေးကလဲ လျင်ပါတယ်နော်၊ နှစ်ဆယ်ရာစု သမီးပျိုပါ ဒေါ်လေးရယ်ဟု စိတ်ထဲက ပြောလိုက်မိသည်။

"ဟဲင် ဒေါ်လေး ဘယ်လို လုပ်ကြရင် ကောင်းမလဲ ဟင်"





"ဟဲ့ လွှဲယီးလွှဲယ်လေးရယ်"

"ဟုတ်လား၊ ပြောပါ ဒေါ်လေး၊ ဘယ်လို လုပ်ရမလဲ၊ ဟင် သမီးကို အကြံဉာဏ်ပေးပါဦးနော် ဒေါ်လေး"

ဝါးနေသော အမှန်းလုတ်နှင့် ဗျာလိုးမွှေသွေး အကြံဉာဏ် တောင်းမိ၏။

"နင် ဇော်မြင့်အောင်ကို တကယ် မကြိုက်ဘူးပေါ့"

"အို ဒေါ်လေးကလဲ မကြိုက်ပါဘူး ဆိုနေ"

စိတ်တိုသွားမိသည်။

"ဒါများ ခက်လို့ အေး သမီး အပျိုဘဝနဲ့ ပျော်ပျော်နေ ချင်ပါသေးတယ် မေမေရယ်၊ မေမေတို့ကို သမီး လုပ်ကျွေး ချင်ပါသေးတယ်၊ ဘယ့်နှယ် ညီနှယ် ပေါ့ဟာ၊ နင့်အဖေကလဲ နင့်သဘောပါ ပြောထားတာပဲ"

"ဟာ ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒေါ်လေးအကြံ မဆိုးဘူး"

"ဘယ်ဆိုးမလဲ ငါက အမေအဖေတွေကို အဲလိုပြော ပြီး ခုလို အပျိုကြီးလုပ်လာတာ"

ရှုပါက တခစ်ခစ် ရယ်မိသွားသည်။

ဤတစ်ခါတော့ ဒေါ်လေးသည် အစ်မကြီးတစ်ယောက်လို့ အွားကိုးရပါကလား။

* * *

"ဆင်စီးလို မြင်းရံဘာပဲ မြင်ချင်တယ်ဆိုတဲ့ သမရိုးကျ စကားပဲ ပြောရမှာပဲ သမီး၊ အမေတို့ကတော့ ကိုယ့်ရပ်ကိုယ့် နယ်သား အကြောင်းသိ အပေါင်းသိထဲက ဖြစ်စေချင်လို့ ပြောတာပဲ"

"ဇော်မြင့်အောင်အကြောင်း မေမေတို့ မသိပါဘူး"

အပြတ်ပြောချင်စိတ် ပေါက်လာသည်။

"ဘာဖြစ်လို့လဲ သမီး"

"သမီးနဲ့ မဟည့်ပါဘူးဆို၊ တွေ့တဲ့နေရာမှာ ရန်ဖြစ်တယ်"

အမေက ရယ်သည်။

"ကိုယ့်ကြိုက်နေတဲ့ ယောကျ်ားလေးဆိုတာ ဒီလိုပဲ လိုက်စတတ်တာပဲ သမီးရယ်၊ သမီးကို မေတ္တာရှိလို့ စတာပဲ မဟုတ်လား"

"သမီးတစ်ယောက်တည်းရယ် မဟုတ်ပါဘူး၊ သူက မိန်းကလေးမြင်တိုင်း လိုက် စ နေတာ၊ ငယ်ငယ်က ကျောင်းမှာဆို သူ မစဖူးတဲ့ မိန်းကလေးကို မရှိဘူး"

"ငယ်တဲ့ အရွယ်ဆိုတာကတော့ သမီးရယ် ဒီလိုပဲပေါ့၊ အိမ်ထောင်ကျသွားတော့လဲ မိန်းမက လိမ္မာရင် ယောကျ်ားလေးတွေဟာ ငြိမ်သွားကြတာပဲ၊ အဲဒါကြောင့် ယောကျ်ားတွေနဲ့ပတ်သက်လို့ မိန်းမတွေ ထောင်ချောက်ကို ဆင်တတ်ဖို့ထက် ခိုင်ခံ့တဲ့ လှောင်အိမ်ကို တည်ဆောက်တတ်ဖို့က ပိုပြီးအရေးကြီးတယ်တဲ့ သမီး"

အံ့ဩဖို့ကောင်းသည်။ သိပ်စကားနည်းသော အမေသည် သမီးအိမ်ထောင်ပြုရေးတွင် စကားလုံးတွေ ဘယ်က ဘယ်လို ထွက်လာသည် မသိ။ မိဘတိုင်းသည် ဆင်စီးလို့ မြင်းရံထားတို့ ယောကျ်ားတိုင်းဟာ အိမ်ထောင်ကျသွားရင် မိန်းမလိမ္မာပါက ငြိမ်သွားကြတာ၊ ထောင်ချောက်တို့ လှောင်အိမ်တို့ကိုပါ ပြောလာကြသည်။ မိဘမေတ္တာကို ဆိုသည်ကိုတော့ ရွှေပါ ယုံကြည်ပါသည်။ သားသမီးတိုင်းကို ကောင်းစားစေချင်ကြ





သည်။ အလုပ်အကိုင် မရှိသေးသူ တစ်ပြည်တစ်ရွာသား သူ့ကိုသာ ချစ်မိနေပါသည်ဟု ပြောလျှင် တက်များ သွားလေမလား။

သူနှင့် တိုင်ပင်ချင်သေးသည်။ အချစ် ဆိုသည်မှာလည်း ခက်သည်။ ဘာကြောင့် သူ့ကို ချစ်ရသလဲ မေးလျှင် ရွှေပါ ရင်ထဲ အဖြေရှာ မပြတတ်။ နှလုံးသားဆိုသည်မှာလည်း ချစ်တတ်သော အာရုံတစ်ခုကိုသာ ပေးပြီး တခြားစကားကို မဆိုတတ်သော အရာလေလားဟု ညည်းချင်သည်။ အချစ်ကို နှလုံးသားနှင့် မဆုံးဖြတ်သင့်၊ ဦးနှောက်နှင့်သာ ဆုံးဖြတ်သင့်သည်ဟု ဆိုကြဦးမည်။ ဦးနှောက်ကွန်ပြူတာက မေးပြပါလိမ့်မည်။ တိုက်ပါလား။ ကားပါလား။ ဝိနည်းရွှေရတနာကော ဘယ်နှစ်သိန်းခင်းလောက်ပါလဲ။ ဒါကျတော့လည်း မေတ္တာစစ် မေတ္တာမှန် မဟုတ်ပြန်တဲ့။ ဂုဏ်ပကာသနဟု ကင်ပွန်းတပ်ကြပြန်သည်။ ဗဒုမ္မဒေပါင်တိုကိုမှ ကြိုက်သော မိန်းမကျပြန်တော့လည်း ရမွက်ဆုဂ တဏှာကြောင့်ဟု သမိုင်းနှင့်ချီ၍ ပြစ်တင် ရှုတ်ချကြပြန်သည်။ ခြေမဲ့လက်မဲ့မို့ သနားလို့ ချစ်သွားတာကော မဖြစ်နိုင်ဘူးလားဟု မေးလျှင် သမိုင်းကို ပြောင်ပြန်လှန်သူဇာဖြစ်ကဲ့ရဲ့ကြမည်။ ချစ်ခြင်းသည် သနား ကရုဏာက စသည်ဟုလည်း ပညာရှင်အချို့က ဝိဂ္ဂိုဟ်ပင် ပြုကြပြန်သည်။ ဘာကို ယုံရမှာလဲ။ စောဝ်းအိုရှင်နှင့် ဘုရင့်သမီးတော် အချစ်ကတော့ တကယ့်မေတ္တာပါဟု ဆိုကြသည်။ ဤသည်ကို ရွှေပါလည်း ဘုရင့်သမီးတော် ဘက်က ထောက်ခံသည်။ စောဝ်းအိုရှင်ဘက်ကတော့ မထောက်ခံရဲ။ အိမ်ရှေ့စံ စစ်သူကြီးအရာကို မှန်းပြီး စွန့်စားတာကော မဖြစ်နိုင်ဘူးလား။

အမေ့စကားကို ပြန်ပြောဖို့ စကားလုံး ရှာမရတော့။ လက်ရှိ အလုပ်အကိုင်မရှိသူ။ ကြွင်နေ့တတ်သော နှလုံးသားကတော့ အပြည့်ရှိသည်ကို ရှုပါယုံကြည်သည်။ ချစ်သူတစ်ယောက်တည်း အပေါ်တွင်မဟုတ်၊ အားလုံးအပေါ်တွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသော ဗြဟ္မစိုရ်တရား လက်ကိုင်ထားတတ်သူဟု ရဲရဲပြောဝံ့သည်။ ဤသည်တို့နှင့် အမေကို လျှောက်လဲချက်ပေးကြည့်၏။ မရ။ နောက်တော့လည်း လောလောဆယ် နားငြီးသက်သာရင် ပြီးရော့ ဟူသောသဘောနှင့် သမီး စဉ်းစားပါရစေဦးဟု ပြောလိုက်ရသည်။

အမေ ဝမ်းသာသွားသည်။ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း ကျိန်းသေသွားပြီဟု တွက်လိုက်ပုံရသည်။ သမီးက လိမ္မာပါတယ်တဲ့။ ပြုံး၍ ပြောသွားသည်။

ရှုပါက ဘယ်လို လိမ္မာရမှန်း အဖြေရှာမရသေး။

* * *

အခန်း (၂၀)

"ကဲ အဲဒါ ဘယ်လို လုပ်ကြမလဲ၊ ပြောပါဦး"

သူ့လက်ကို ကိုင်၍ တစ်အား လှုပ်ခါ ပစ်လိုက်သည်။ တွေဝေငေးနေသူက လှုပ်ရှားလာ၏။

"တကယ် ပြောတာလား ရှုပါရယ်"

ရှည်လျားသော သက်ပြင်းကို ဒေါသနှင့် ချလိုက်မိသည်။

"ဪ မောင်က ဒါ နောက်နေရမယ့် စကား ထင်လို့လား"

ရုတ်ခြည်း သူ ငိုင်သွားသည်။ ရှုပါက သူ့ကို အမျိုးမျိုး နောင်ပြောင်နေကျမို့ ယခု အိမ်က လင်ပေးစားကြတော့မတဲ့။ အဲဒါ ဘယ်လိုလုပ်ကြမလဲဟု မေးတာကိုလည်း နောက်နေသည်ဟု ထင်ပုံရသည်။ ရှုပါက ဒေါသနှင့် အော်လိုက်မှ မျက်နှာလေး နွမ်းသွားသည်။

သူ့မျက်နှာ နွမ်းသွားသော့ ဝမ်းနည်းမိပြန်သည်။ ငါ အော်လိုက်တာ အသံ သိပ်မာသွား လေသလားဟုပင် ပြန်တွေးရင်း ချစ်တယ်ဆိုတာ သိပ်ခက်ပါလား။ ချစ်သူ မျက်နှာလေး တစ်ချက် ညှိုးနွမ်းသွားတာကိုပင် အသည်းနှစ်လုံးက ရှတ်ခြည်း ပူလောင်သွားတတ်သည်။ တစ်ခြားလူတွေ အနေကတော့ ဒီလောက်တောင် အဖြစ် သည်းနေလိုက်တာ ဟု အပြစ်တင်ကောင်း တင်ကြမည်။ တကယ် ချစ်နေမိသူမှာတော့ အစစအရာရာ ချစ်သူအတွက်မျည်းသာ စဉ်းစားရပါသည်။

"ဘယ်က လူနဲ့ ပေးစားမယ်လို့ ပြောလဲ"

"ဟို ဗရှတ်ကောင်နဲ့လေ"

"ဘယ်သူပါလိမ့်၊ ထူးဝင်း"

"ဇော် ဇော်မြင့်အောင်လေ မောင်"

"ဟုတ်လား၊ .သူ့ကို မောင် ကောင်းကောင်း သိတာပဲ"

"သိတော့ ဘာဖြစ်လဲ"

"သူနဲ့ ပြိုင်ရမယ် ဆိုတော့"

"အို ဘာလို့ မောင်က သူနဲ့ ပြိုင်ရမှာလဲ၊ ရှုပါက မောင့်ကိုပဲ ချစ်တာ၊ သူ့ချစ်တာမှ မဟုတ်တာ"

"အဲဒီတော့ ရှုပါ ဘယ်လို ဖြစ်စေချင်လဲ၊ ပြောပါ"

"မပြောတတ်ဘူး"

သူ့မျက်နှာကို ပြုံးကြည့်၍ ပြောလိုက်၏။ သူက ရှုပါ၏ ကိုယ်လုံးလေးကို ပွေ့၍ ရင်ခွင်ထဲ မှေးထားသည်။ သူ့ရင်ခုံသံကို အလိုလို ကြားနေမိသည်။ ရှုပါက သူ့လက်ချောင်းတွေကို ချိုးရေနေမိသည်။





"မောင့်သဘောကလဲ ရှုပါကို တင့်တောင်း တင့်တယ် လာတောင်းခိုင်းမှာပါ၊ လူကြီးစုံရာနဲ့ပေါ့"

"မန္တလေးက လာတောင်းမှာလား"

"ဒါပေါ့၊ ဒါပေမင့် လောလောဆယ်တော့ မောင်က မမှန်းမိသေးဘူး၊ ဝါမဝင်ခင်လောက်မှလို့ မှန်းထားတာ"

"ဘာဖြစ်လို့လဲ"

"ကိုယ့်အလုပ်က မပြီးပြတ်သေးလို့"

"မောင့်အလုပ်က ဘာအလုပ်လဲ"

"စာအုပ်တစ်အုပ် ပြုစုနေတာလေ"

"ဟင် မောင်က စာရေးဆရာလား"

"ဆိုပါတော့"

"အကြောင်း ပြောနေရင်၊ မောင် အရင်က ရှုပါကို ပြောတော့ မောင့်အမေအဖေက မန္တလေးမှာ ပွဲရုံရှိတယ်ဆို၊ ရတနာဂရ ပွဲရုံဆို"

"ဟုတ်တယ်လေ"

"မောင်က အမေအဖေပွဲရုံမှာ လုပ်တာ မဟုတ်လား"

"ကိုယ်က ရန်ကုန်မှာ နေတာ"

"ရှင်"

သူ့ရင်ခွင်ထဲက ရှတ်ခြည်း ရုန်းထလိုက်မိသည်။

"မောင်က မန္တလေးမှာ နေတာ မဟုတ်ပြန်ဘူးပေါ့"

"မန္တလေးမှာလဲ တစ်ခါတစ်ခါ လာနေတာပေါ့၊ ဒါပေမင့် ရန်ကုန်မှာ အနေများတယ်လေ"

သူ့ရင်ခွင့်ထဲက ရှုပါ ရုန်းထလိုက်သည်ကို အံ့သြသွားပုံရသည်။ ရှုပါကို ငေးကြည့်နေ၏။

"ချစ် ချစ် ဘာဖြစ်လို့လဲဟင်"

"မောင့်စကားက အမျိုးမျိုးပဲ၊ ရုပ်ပါ ယုံတော့ဝင် မယုံချင်တော့ဘူး သိလား"

ဘူ ရယ်သည်။

"ဘာများ အမျိုးမျိုးလဲ အချစ်ရယ်"

မေးဖျားကို လာကိုင်၍ လှုပ်ရမ်းသော သူ့လက်ကို မသိမသာ ဖယ်လိုက်မိသည်။

"မောင် အရင် ပြောတော့ အမေအဖေတို့နဲ့ပွဲရုံမှာ စင်ကူလုပ်တယ်ဆို"

"ဟုတ်တယ်လေ၊ တစ်ခါတလေတော့ ဝင်ကူ လုပ်ရတာပေါ့"

"ရန်ကုန်မှာ အခွန်မျှားတယ်ဆို၊ ရောင်းစားတယ်ပဲ ပြောသေး"

"ဟုတ်ပါတယ် ဆို"

"ရန်ကုန်မှာ နေတဲ့လူတော တယ်လိုလုပ် မန္တလေးပွဲရုံမှာ"

"အိုး တစ်ခါတလေ 'လာချမယ့်တဲ့အခါ'တွေမှာ စင်ကူလုပ်ရတာကို ပြောတာပါ အချစ်ရယ်"

ရုပ်ပါ့ထက်မြင်နှ ရိုက်လိုက်သည်။

"စာရေးဆရာ ဟုတ်လား"

"ဟုတ်ပါ့"

"မနောက်နဲ့၊ အကောင်း မေးနေတာ"

သူက ပြုံး၍ ကြည့်နေသည်။ ရုပ်ပါက နှုတ်ခမ်းစူပစ်လိုက်၏။





"စာရေးဆရာနာမည် ဘယ်သူလဲ"

"သူလျှို"

"မကြားဖူးပါဘူး"

"ချစ်ချစ်ကကော စာဖတ်လို့လား"

"ဖတ်တာပေါ့"

"ဘာစာတွေ ဖတ်လဲ"

"ရုပ်ပြတွေ လုံးချင်းဝတ္ထု၊ စာအုပ်တွေ"

"မောင်ရေးတဲ့ စာအုပ်တွေ မတွေ့ဖူးဘူးပေါ့"

"ဟင့်အင်း"

တကယ်လည်း မတွေ့ဖူးသဖြင့် ခေါင်းခါလိုက်၏။

"ဘယ်တွေ့ဖူးမလဲ ချစ်ချစ်ရယ်၊ မောင့်ဟာ အဲဒါမျိုးမှ မရေးတာ"

"ဘာတွေ ရေးလဲ"

"မောင်က ဘာသာရပ်ဆိုင်ရာ ကျမ်းတွေ ရေးတာ"

"ဘယ်နှစ်ကျမ်း ရေးပြီးပလဲ"

"ရန်ကုန်အိမ်မှာတော့ တစ်ချောင်းမှ မရှိတော့ဘူး"

"ဘာကိုလဲ"

"ကြမ်းတွေလေ"

"ဘာဖြစ်လို့"

"မီးသွေးဈေးကြီးတော့ မဝယ်နိုင်လို့ ချိုးခွဲပြီး ထင်းဆိုက်ပစ်လိုက်တယ်လေ"

"အို...."

သူ့ကို ထုရိုက်ပစ်လိုက်သည်။ သူကတော့ ရုပ်ပါကို ကြည့်၍ တဟားဟား ရယ်သည်။

ရှုပါ တကယ်လည်း စိတ်တိုသွားသည်။ အရေးကြီးသည့် ပြဿနာကို တိုင်ပင်နေတုန်း နောက်ရမည်လားဟု ဒေါသဖြစ်မိ၏။ ယခင်က သူ ဤသို့ မဟုတ်။ ယခု မည်သို့ ဖြစ်နေသည် မသိ။ ဇော်မြင့်အောင်နှင့် မပေါင်းဘဲ ဗရွတ်ရွတ်တတွေ ပြောတတ်လာသည်ဟု ရှုပါက ပြောမိ၏။ ရှုပါနှင့် ပေါင်းလို့ ပေါ့ဟု သူက ဆိုပြန်သည်။ အချစ်ကို တွေ့လို့ အချစ်ရှိသူတိုင်း ဟာ ပျော်ကြတယ်ဟု ပြောနေပြန်၏။ ကောင်မလေးတွေ ရည်းစား ရှိ မရှိ ကြည့်ရင် သိတယ်ဆိုတာ ကြားဖူးလားတဲ့။ ချစ်လူရှိတဲ့ မိန်းကလေးတွေရဲ့ ထဘီအနားစဟာ အမြဲစကား ပြောနေတယ်တဲ့။ ဘာစကားလဲဟု အော်ရသေးသည်။

''တကယ် ပြောတာပါ အချစ်ရယ်၊ ကိုယ်က ဝတ္ထုတွေ အရေးနည်းပါတယ်၊ ဝတ္ထု ရေးရင်လဲ မဂ္ဂဇင်းတွေမှာ အရေး များတယ်လေ၊ အချစ်က မဂ္ဂဇင်းမဖတ်ဘူးလား''

''ဘာလုပ်ရမှာလဲ၊ မဂ္ဂဇင်းဝတ္ထုတွေ တိုနံ့တိုနံ့! မဖတ် ချင်ပါဘူး''

''မဂ္ဂဇင်းဝတ္ထုတွေက ဗဟုသုတရတယ်၊ လုံးချင်းက တစ် ကျပ် တစ်ကျပ်ခွဲပေးပြီး ငွေဖတ်တာ မကောင်းရင် အလကား ပဲ၊ မဂ္ဂဇင်းကတော့ တပုစ်မကောင်း တပုဒ်ကောင်း ပါတယ်၊ အချိန်နဲ့ပိုက်ဆံဘာန်ဖိုး ရှိတာပေါ့''

''အို ကောင်းတဲ့ စာရေးဆရာတွေ ငွေဖတ်မှာပေါ့''

သူက ရယ်သည်။

''ချစ်ချစ်က မဂ္ဂဇင်းမဖတ်လို့ ကိုယ်ရေးတဲ့ ဝတ္ထုတွေ....''

''တော်ပါ၊ အရေးကြီးတဲ့ စကား ပြောနေတာ''





''အေးပါ၊ မောင်ကလဲ ကိုယ့်အချစ်ဆီမှာ ကြွားချင်လို့ ဗျ၊ ချစ်ချစ်က မောင်ရေးတဲ့ ဝတ္ထု မဖတ်ဖူးတော့ မောင်ရေး တဲ့ သီချင်းတွေကော''

''တော်ပါတော့ဆို လာပြန်ပြီ၊ ဘာသီချင်းရေးတာလဲ၊ ကမ္ဘာမကြေဆိုတဲ့ နိုင်ငံတော်သီချင်းလား၊ သူများ စိတ်ညစ်ရ တဲ့ထဲ သူကတော့ ပျော်နေတာပဲ''

သက်သက် နောက်နေမှန်း သိသဖြင့် ရှုပါက အော်လိုက် သည်။

''ချစ်ချစ်''

နှုတ်ဖြင့် မထူးမိ။ သူ့မျက်နှာကိုသာ ငေးလိုက်ရသည်။

''စိတ်မညစ်ပါနဲ့ အချစ်ရယ်၊ မောင် တကယ်ပြောနေတာ ပါ၊ ချစ်ချစ်က လူကြီးစုံရာနဲ့ လာတောင်းပါဆိုလဲ လာ တောင်းပါ့မယ်''

''ဘယ်တော့လဲ''

ရှုပါ အားတက်သွားသည်။

''ဘယ်တော့ လာတောင်းရမှာလဲ''

''စောစော လာတောင်းခိုင်း၊ သူများကို အမေက ဇော် မြင့်အောင်နဲ့ယူဖို့ နေ့တိုင်း နားချနေတယ်''

''စဉ်းစားပါရစေဦးလို့ လိမ့်ထားတယ်ဆို''

''ဟုတ်တယ်လေ၊ မောင့်ကိုမှ အားမကိုးရသေးတာ''

''ဏ် ဒီလိုဆိုလဲ မပြန်နဲ့တော့၊ ခုတစ်ခါတည်း မန္တလေး လစ်ပြေးကြမယ်၊ ချစ်ချစ်ကားလဲ ပါတာပဲ''

သူက တင်းတင်းကျပ်ကျပ် သိုင်းဖက်၍ ပြောလိုက်၏။

"အိုး ဒီလိုတော့လဲ ဘယ်ဖြစ်မလဲ မောင်ရယ်၊ မိဘမျက်နှာကို အိုးမဲသုတ်ရာ ကျမှာပေါ့လို့"

"ကမ္ဘာဦးကပင် ဒီလိုပဲ၊ မ,ဆိုတဲ့သတ္တဝါတွေဟာ ဖိုနောက်အမြဲပဲ ပါကြတာပဲ၊ ဘာလဲ သီချင်းတောင် ရှိသေးတယ်၊ သျှောင်နောက် သံထုံးပါဆိုတာ၊ ဘာလို့ မိဘမျက်နှာ အိုးမဲသုတ်ရာကျမှာလဲ၊ မစွန့်စားရဲဘူးလား၊ မောင့်ကို မယုံလို့လား"

ရှုပါက နွဲ့သံနှင့် ပြောသည်ကို သူက အားတက်သွားဟန်ရ၏။ သူ့အသံက စည်ဝေလာသည်။

"မောင့်မေတ္တာကို ရှုပါ ယုံပါတယ် မောင်ရယ်"

"ဒါနဲ့များ"

"ဘာ ဒါနဲ့များလဲ"

"ဒါနဲ့များတော့လဲ သီလ ဘာဝနာ အပစာယန ပတ္တိဒါန ပတ္တာနုမောဒနာ"

"ကဲ....ကဲ...."

"အို...."

ရှုပါက ခါးရှေ လိမ်ဆွဲသော်လည်း အရယ်မရပ်သေးဘဲ တဟားဟား ရယ်နေ၏။

"သူကတော့ တော်တော် ပျော်နေ"

"စိတ်မညစ်ပါနဲ့လို့ မောင် ပြောပြီးပြီပဲ ရှုပါရယ်၊ ကိုယ့်ယောက္ခမကြီးက ပြောတယ်ဆို"

"ဘာ ယောက္ခမကြီးလဲဟင်"

သူက အတည်ပြောသည်ကို ရှုပါက နောက်ပြန်သည်။

"မဟုတ်ဘူးလားလို့"





"မဟုတ်သေးဘူး"

"နောက်တော့လဲ ဟုတ်လာမှာပေါ့"

"ဟုတ် ဟုတ် မဟုတ်ဟုတ် အဲလို မပြောရဘူး"

"ဘယ်လို ပြောရမလဲ"

"ကိုယ့် ဖေဖေကလို့ပြော"

"ကောင်းပါပြီတဲ့ဗျား၊ အဲဒါကျတော့လဲ မောင့်ဖေဖေက တော်ပြန်ရော့ဗျာ"

"ဘာ တော်တာလဲ"

"သမီးသဘောပဲတဲ့၊ သမီးအာသာ သမီး စဉ်းစားနော်၊ သမီး အိမ်ထောင်ပြုတယ်ဆိုတာ လင်ရတာပဲပါပဲ၊ လင်ရ ရှိတော့"

"မောင်ကလေ တကယ် တကယ်၊ ခုတလော သူ ဘယ်လို ဖြစ်နေလဲမသိဘူး၊ တွေ့တုန်းကတော့ သိမ်မွေ့တယ် ထင်မိတာ၊ မခွတ်တတ်တဲ့ ကြောင်အတိုင်းပဲ၊ ကားပေါ်မှာ ဟိုလူယောက်ဒီလူဟောက်နဲ့ ကုပ်နေတော့ သူများတွေ သူ့ကို...."

"သနားလို့ ချစ်သွားတယ် ဆိုပါတော့...."

အဖိုးကြီးသံလုပ်၍ ဤတစ်ခါ သူပြောသည်ကိုတော့ ရှုပါ ပါ တခစ်ခစ်ရယ်မိသွားသည်။

"မောင်က တတ်လဲ တတ်နိုင်တယ်"

"ဘယ်လိုလုပ် သိလဲ"

"ဟင် ညစ်တီး ညစ်ပတ်၊ ဖယ်"

"ဟား ဟား..."

"သည်နေ့ စကားကောင်းကို ပြောလို့မရဘူး"

"ဒီထက်ကောင်းတဲ့ စကားတွေ ရှိဦးမလား"

ရှုပါက သူ့ပေါင်တွင်းကြောကို ဆွဲလိမ်သည်။

"ဒါလေးတော့ ချမ်းသာပေးပါ"

"တော်ပါဆိုနေ".

"နို့ မဟုတ်ဘူးလား၊ ကိုယ်က ခြေကျင်လာရတဲ့လူ၊ ကားပါတာ မဟုတ်ဘူး၊ ပေါင်နာသွားရင် ဘယ့်နှယ်လုပ်မလဲ"

"ကားနဲ့ လိုက်ပို့ပေးမယ်"

"တော်လိုက်တာ၊ အဲဒါကြောင့် မောင်က ချစ်ရတာ"

လစ်ခနဲ ဝင်လာသော အနမ်းတစ်ပွင့်ကြောင့် တစ်ကိုယ်လုံး ရှိန်းမြသွားသည်။

"မောင်နော်"

နှလုံးသားတွင် နားကပ်၍ တိုးတိုး ဆိုမိသည်။

"ဘာ လဲ ကွယ်"

"ရှုပါကို မောင် လူကြီးစုံရာနဲ့ လာတောင်းရမယ်နော်၊ ရှုပါက စဉ်းစားပါရစေဦး ပြောပြီး အချိန်ဆွဲထားမယ်၊ မောင့်မေမေ ဖေဖေနဲ့ မောင်တို့ လာတောင်းတဲ့ နေ့မှ ခေါင်းညိတ်မယ်နော်၊ မောင်ကလဲ ဖေဖေ မေမေတို့ကို ပြော"

"ဘယ်လို ပြောရမလဲ"

"ရှုပါကို ကျွန်တော် ကားပေါ်မှာ တွေ့တွေ့ချင်း ချစ်သွားပါတယ်ပေါ့၊ ရှုပါကလဲ ကျွန်တော့်ကို ချစ်တယ်လို့ ပြောပါတယ်၊ အဲဒါကြောင့် မိဘများကို ခေါ်လာပြီး မိသားဖသားပီပီ လာတောင်းရပါတယ်ပေါ့၊ ဒါတော့ မပြောတတ်ပြန်ဘူးလား၊ စောစောက ပေါက်ကရတွေတော့ ပြောတတ်လိုက်တာ"





"စိတ်ချပါ ချစ်ချစ်ရေ၊ ကိုယ်က အသည်းနှစ်လုံး မပါရင်သာ စကားမပြောဘဲနေတာ၊ မပြောတတ်လို့ မဟုတ်ပါဘူး၊ စာရေးဆရာ သီချင်းရေး ဆရာပဲ သိပ်ပြောတတ်...."

"တော်စမ်းပါ၊ အတောင်း ပြောနေရင်း၊ လာ သွားမယ်၊ ထ"

ရှုပါက လက်ကို ဆွဲ၍ ထလိုက်သည်။ သူကလည်း ထလိုက်လာ၏။ နှစ်ယောက်သား ကားပေါ် လှမ်းတက်လိုက်ကြသည်။ ရှုပါက ကားကို လှေကားထစ် အစီးရစိုက်ပျိုးခင်း ကြားလမ်းအတိုင်း ဖြည်းဖြည်းမောင်းလာသည်။

"ကဲ ဘယ်ကို လိုက်ပို့ပေးရမလဲ ပြော"

"ဘယ်မှ မပို့နဲ့၊ ချစ်ချစ်နဲ့ အိမ်ကို လိုက်ဦးမယ်"

"အိုး ဘာလို့ လိုက်မှာလဲ၊ မောင် ကားပေါ် တက်ပါလာတာ မြင်ရင် လူကြီးတွေက တစ်မျိုး တစ်မည် ထင်ကြ၊ ဘယ့်နှယ် လုပ်ပါ့မလဲ"

"နားဖောက်ပြီးသား ဖြစ်သွားတာပေါ့"

"နားက ခု ဖောက်လို့ မဖြစ်သေးဘူး မောင်ရယ်"

"ဘာဖြစ်လို့"

"နားကပ်မှ မလုပ်ရသေးတာ"

"နားကပ်လုပ်တာ မကြာပါဘူး"

"အပြောကတော့"

"ကိုယ် ဒီက ပြန်သွားပြီး မကြာခင် လာပြီး နားဖောက်ပါမယ်"

"မောင်က ရတနာက ဘယ်တော့ ပြန်မှာလဲ"

"ဘုရားပွဲပြီးရင် ပြန်မယ်၊ ရတနာ့ဂူက ဖေခင်တော်ဦး ဘုရားပွဲ ဗဟုသုတ ကြည့်သွားချင်သေးတယ်"

"နောက်တော့ ကြည့်ပါလေ"

"တစ်နှစ်မှာ တစ်ခါဆိုတော့ ပွဲက ကုံခဲလို့ပါ ချစ်ချစ်ရယ်"

"ပွဲပြီးရင် ပြန်မယ်ပေါ့"

"အင်း"

"ကောင်းပြီ၊ ရှုပါ မေမေ့ကို ပွဲပြီးမှ အဆုံးအဖြတ် ပေးမယ်လို့ ပြောထားလိုက်မယ်၊ ပွဲတော်ရက်ကာလဲ နီးပြီပဲ၊ ဟုတ်တယ် မဟုတ်လား"

"ကောင်းတယ်၊ ကောင်းတယ်၊ ချစ်ချစ် အစီအစဉ် သိပ်ကောင်းတယ်၊ အလောင်းစည်သူမင်းရဲ့ မောင်ဦး တိုက်ခဲ့တဲ့ ဖေခင်တော်ဦး ဘုရားပွဲတော်ရက်မှာ ရှုပါနဲ့ မောင်ကလဲ ဆုတောင်းကြသေးတာပေါ့"

"ဘာ ဆု တောင်းမလဲ"

"နိုပါတ်တော်ထဲက ဗိပ္ပလုလင်နဲ့ ဘဒ္ဒါမယ်တို့လို နတ်ဖြစ်ရင်လဲ အတူတူ၊ လူဖြစ်ရင်လဲ အတူတူ၊ မကွာမကွဲ နိဗ္ဗာန်ရောက်တဲ့ ဘဝထိ မောင်က ပေးရင် မေ ကြည်ဖြူ၊ မယ်က လှူရင် မောင် နှစ်သက်ဆိုတဲ့ ကြင်ဖက်မောင်နှံလို ထစ်ယောက်ကို တစ်ယောက်"

"စိတ်ကူးကလဲ ယဉ်လိုက်တာ"

"ဂီတစာဆိုပါ ဆို"

"တော်စမ်းပါ၊ အကောင်းပြောနေတာ"

"မယုံလို့လား"





"ယုံပါတယ်၊ ယုံပါတယ်"

"ယုံတစ်ကောင် ဘယ်လောက်လဲဗျို့"

"လုပ်လာပြန်ပြီ"

"ဟဲ ဟဲ"

"ကဲ ဆင်းတော့၊ ဆင်းတော့၊ မသိဒယာင်ဆောင်ပြီး ကားပေါ် အငြိမ့်သားလိုက်ပါလာတာ တကယ် အရှက်မရှိ"

"မရှက်သုံးပါး ရှိတယ်တဲ့"

ဇော်မြင့်အောင်တို့စကား ဘယ်တုန်းက ကြား၍ မှတ်သွားသည် မသိ။ ခု ဇော်မြင့်အောင်တို့ မိဘတွေက လာစေ့စပ်သည်ဆိုသဖြင့် ခနဲ့ချင်သော စကားမှန်း သိလိုက်သည်။ နေညိုးသွားပြီဖြစ်သဖြင့် သူ့ကို စကား မရှည်စေချင်တော့"

"ကဲ ဘယ်ကို ပို့ရမှာလဲ ပြောပါဆို"

"ဟော်ကုန်း ခြံအဝမှ ချထားခဲ့"

"အေးပြင် မပြန်ဘူးပေါ့"

"ဟော်ကုန်းခြံထဲ ခဏ ဝင်ကြည့်ဦးမယ်"

"သိပ်မိုးချုပ်အောင် မနေနဲ့၊ နောက် စောစော ပြန်ကြားလား"

"ဟုတ်ကဲ့ပါ ခင်ဗျား"

ရှုပါက ကျေကျေနပ်နပ် ပြုံးလိုက်မိသည်။

*　　*　　*

[illegible] = ၁
[illegible] = ၂
[illegible] = ၃
[illegible] = ၄
[illegible] = ၅

## အခန်း (၂၁)

"ဟိုသူငယ်က မန္တလေးက ဆိုနော် သမီး"

"ဟုတ်ကဲ့၊ ဟုတ်ပါတယ် ဖေဖေ"

မမေးစဖူး မေးလာသော ဖခင်၏ စကားကို ကြားရသည်။ တစ်စုံတစ်ခုကြောင့်လားဟု တွေးရ၏။ ဘာကြောင့် မေးသည်ကိုတော့ ရိပ်မိသလို ရှိသည်။ သူ့ကြောင့် သူနှင့် ရင်းငံနေ၍ ဇော်မြင့်အောင်တို့၏ ကမ်းလှမ်းချက်ကို စဉ်းစားပါရစေဦးဟု ဆိုင်းငံ့စကား ဆိုသည် မဟုတ်လား။ အဖေက ဤအတွေးကြောင့် မေးပြီဟု အတပ် ထင်လိုက်သည်။

ထမင်းဝိုင်းတွင် ဖြစ်နေသဖြင့် အဖေ၏မျက်နှာကို မသိမသာ ကြည့်မိသည်။ အမေကလည်း အဖေ့မျက်နှာကို လှမ်းကြည့်၏။ သမီး၏မျက်နှာကိုလည်း ကြည့်ပြန်သည်။ ရှုပါက အမေ့ကိုတော့ မရိုးစွပ်မိ။ သူနှင့် ရှုပါကို သံသယထင်နိုင်သူ ဆို၍ ဤအိမ်တွင်





ဒေါ်လေးတစ်ယောက်သာ ရှိသည်။ ဈေးထဲတွင် တွေ့သည် ဆိုရာ၌လည်း ဒေါ်လေး ပါသည်။ ဒေါ်လေး သိသည်။ ဒေါ်လေး၏ မျက်နှာကို မြင်ယောင်မိပြန်သည်။

ဒေါ်လေး ပြောတာများလား၊ မဟုတ်ရင်တော့ နင်က အားအားရှိ ငါ့ပဲ ခလုတ်လာတိုက်နေ၊ ခွေးမလဲ ဆိုဆဲမည်မှာ မုချ၊ ကိုယ့်ကိုယ်ကို မလုံမလဲ ဖြစ်မိသည်။ နှုတ်ဆိတ်နေသော အဖေကြောင့် ပို၍ မနေတတ် မထိုင်တတ် ဖြစ်သွားမိသည်။ ဟင်းခွက်ကို နှိုက်ရာတွင် အဖေနှင့် လက်ချင်း ဆုံသောအခါ ပို၍ မျက်နှာမထားတတ် ဖြစ်သွားမိသည်။ ညှော်သည်ရောက်ဦးမယ်၊ သားအဖတွေ လက်ဆုံနေပြန်ပြီလဲ အမေက ရယ်သွမ်းသွေး၍ ပြော၏။ ရှုပါက ရှက်ရွံ့သွားသည်။

"အဲဒီသူငယ် ပြန်သွားပြီလား သမီး"

"မပြောတတ်ဘူး၊ ဘာဖြစ်လို့လဲ ဖေဖေ"

"ဩော် လာလည်တာ မတွေ့လို့လေ သမီး"

သက်ပြင်း ချမိသည်။ ဖေဖေ သိနေပါပြီဟူသော အတွေးကို တွေးမိသောအခါ တစ်ကိုယ်လုံး ထူပူသွားမိသည်။ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိမိ။

ဒေါ်ခင်ခင်ကြီးတို့ဆီများ လာလား။ မေးကြည့်ရဦးမယ်ဟု မပွင့်တပွင့် ပြောလိုက်သည်။ ဖေဖေကို ရည်ရွယ်၍ ပြောသည်ဆိုသော သဘောတော့ သက်ရောက်ချင်မှ သက်ရောက်မည်။ မဟုတ်ပါဘူးဟု ငြင်းကွယ်ရန် ခွန်းအား ကုန်ခန်းနေသည်။ အမှန်အတိုင်း ပြောရမှာလည်း မဝံ့စားမိ။

သည်လိုနှင့် ဖေဖေ ထမင်းဝိုင်းက ထသွားသည်။ စကား မဆိုမိ။ နှုတ်ဆိတ်နေသည်။

"သမီး ပေပေက ဘာကို မေးတာလဲ"

"ဘယ်သိမလဲ၊ မပြောတတ်ဘူးလေ အမေ"

ပန်းကန်ထဲက ထမင်းလုံးတွေကို အစိပ္ပာယ်မဲ့ နယ်ဖတ်၍ ပြောလိုက်မိ၏။

"အရောင်းအဝယ် ကိစ္စတွေများ ရှိထားလားလို့"

တော်ပါသေး၏ ဟု ဝမ်းသာသွားသည်။

"ဟုတ်ချင် ဟုတ်မှာပေါ့ မေမေ"

"အမေ့ကိုတော့ အဲဒီသူငယ်လေးက အလည်သက်သက်ပါ ပြောတာပဲ"

"ဒီလိုပဲ ပြောတာပဲ"

ရောယောင်လိုက်ရသည်။ ဆက်ပြောရမှာ စိုးရွံ့ စိတ်နှင့် ပန်းကန်ထဲက ထမင်းတွေကို လက်စ သိမ်းလိုက်သည်။

"တော်ပြီလား သမီး"

"ဟုတ်ကဲ့ မေမေ"

သောက်ရေအိုးနားသို့ ထလာမိသည်။ ရေအိုးအဖုံးကို ဖွင့်သည်။ ရေတစ်ခွက် ခပ်၏။ သောက်ရန် နှုတ်ခမ်းနှင့် ဖန်ခွက် အထိတွင် ရုတ်ခြည်း ရပ်သွားသည်။ အပြင်က လူတွေကို ပီပီ သသ ကြားလိုက်ရသည်။

"ကျွန်တော်တို့ကို ဝင်ခွင့်ပြုပါ ခင်ဗျား"

"ဩော် ဥက္ကဋ္ဌတို့ကိုး၊ ဝင်ပါခင်ဗျား၊ ဝင်ပါ၊ ဝင်ကြပါ"

ဘယ်လူတွေပါလိမ့်ဟု လိပ်ကာလေး လှစ်ကြည့်မိသည်။

အိမ်ပေါ်ဧည့်ခန်းတွင် မတ်တတ်ရပ်နေကြသော ရပ်ကွက်ကောင်စီ လူကြီးနှစ်ယောက်ကို ဦးဆုံး မြင်ရသည်။ ထို့နောက်





စခန်းမှူးနှင့် ရဲတပ်ကြပ်နှစ်ယောက် သူတို့ရှေ့တွင် မျက်နှာစိမ်း အရပ်ဝတ် အရပ်စားနှင့်၊ အမျိုးသားကြီး နှစ်ယောက်။

အလှူခံတွေတော့ မဖြစ်နိုင်ဟု တွေးမိလိုက်သည်။ အဖေ့ အသံကြောင့် ရုတ်တရက် အတွေးပြတ်သွား၏။

"ထိုင်ကြပါခင်ဗျာ၊ နန်းရေ ကော်ဖီလေး ဘာလေး လုပ်ပါဦး"

"နေ နေပါခင်ဗျား၊ ကျေးဇူးပါပဲ"

"အားတော့ နာပါတယ်ဗျာ ဦးပါသောင်း၊ တာဝန် ဆိုတော့လဲ ဝတ္တရားအရ ထမ်းဆောင်ကြရတာပါ"

"ဒီလိုပါဦး၊ ကျွန်တော်တို့ သတင်းတပ်ဖွဲ့ကပါ၊ အဲဒါ ဦးရဲ့ အိမ်ကို ကျွန်တော်တို့ သတင်းအရ ရှာဖွေခွင့်ပြုပါ"

အဖေက ဘာ ပြန်ပြောရမှန်း မသိ ဖြစ်သွားသလို ရှုပါတို့ သားအမိမှာလည်း ချက်ချင်း မျက်ဖြူဆိုက်သွားကြသည်။ ဧည့် ခန်းသို့ ကမန်းကတန်း အဖေ၏ မျက်နှာကို လှမ်းကြည့်၏။ အဖေ၏ မျက်နှာမှာ ဖြေးစက်နေသည်။ အဖေ၏ မျက်နှာ၌ စိုးရိမ်ပူပန်မှုတို့သည် သိသာ ရှံမျှသာ ထင်၏။ သွေးပျက်နေ သူက အမေနှင့် ဒေါ်လေး။

"ဥပဒေအရ ဆောင်ရွက်နိုင်ကြပါတယ် ခင်ဗျား၊ ဆောင် ရွက်ကြပါ"

"ဟုတ်ကဲ့ ခင်ဗျား၊ ခွင့်ပြုပါ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

အဖေ့အသံမှာ သိသိသာသာ တည်ငြိမ်နေသည်။ကျောက် သွေးခဲ့သို့ အဝင်တွင် အဖေ၏ မျက်နှာကို ရှုပါတစ်ချက် မြင် လိုက်ရသည်။ ရှာဖွေရေးနှင့် ရပ်ကွက်ကောင်စီဥက္ကဋ္ဌ စခန်းမှူး

တို့သည် အပေါ်ထပ်၌ ရှာဖွေကြသည်။ လိပ်ကာ အထပ်ထပ်ကို လှစ်ဟ၍ ဝင်သွားနေသော သူတို့၏ နောက်တွင် အဖေသည် ခြေလှမ်း မှန်မှန်ပင် လိုက်ပါနေ၏။

အပေါ်တက်သော မင်းတက်လှေကားရင်းတွင် မတ်တတ်ရပ်နေကြသော မိန်းမသားသုံးယောက်မှာမူ ကိုယ်ကို မနည်းအားပြု၍ ရပ်နေကြရ၏။ တစ်ယောက်မျက်နှာကိုပင် တစ်ယောက် မကြည့်ဝံ့သလို ဖြစ်နေကြသည်။

"ဒေါ်နန်းရှူ အပေါ်ကို တစ်ဆိတ်ကြွပါဦးခင်ဗျား"

"ဟုတ် ဟုတ်ကဲ့ရှင်၊ လာပါပြီ၊ အိုး သမီး နေနေ"

ရပ်ကွက်လူကြီးတစ်ယောက်က လှမ်းခေါ်သဖြင့် အမေအပေါ်သို့ တက်ရန် လုပ်နေသောအခါ ရှူပါလည်း ခြေလှမ်းပြင်မိသည်။ အမေက တား၏။ ဒေါ်လေးကလည်း မသိမသာဆွဲထားသည်။ အောက်၌ စောင့်နေသော ရဲသားကမူ မျက်နှာပူ၍လားမသိ။အကြည့်ကို ရှူပါတို့ဆီမှခွာ၍ အပြင်ကို မတ်တတ်ရပ် ငေးနေသည်။

တုန်တုန်ချည့်ချည့် တက်သွားသော အမေ့ကို ငေးကြည့်ကာ ရှူပါမှာလည်း မှင်တက်မိသွားသည်။ ခေါင်းထဲတွင် ထူပူနေ၏။ ဘာကျေး၍ ဘာလုပ်ရမှန်း မသိဖြစ်နေသည်။

နာရီဝက်ပင် မကြာ အိမ်ပေါ်က အားလုံး ပြန်ဆင်းလာကြသည်။ ကတ္တီပါအိတ်ငယ်နှင့် ထည့်ထားသော ရတနာအိတ်ကို အဖေကိုယ်တိုင် ဆွဲချလာသည်။ အိမ်အောက်ထပ်ကိုပါ ထပ်ရှာကြသည်။ အိမ်အောက်ထပ်မှာမူ ဘာမှ မရှိ။





ရှာဖွေရေးပုံစံတွင် စာရင်းသွင်းကြသည်။ မည်သူကမျှ စကားမဆိုကြ။ ဟုတ်ပါတယ်နော်ဟု စာရင်းလုပ်သူက မေးသည်ကို ဖေဖေကသာ ဟုတ်ကဲ့၊ ဟုတ်ပါတယ်ခင်ဗျားလဲ ပြန်ပြောနေသည်။ ခဏချင်းပင် စာရင်းသွင်းပြီး သွားသည်။

"ဦး နွေစဉ် သုံးဆောင်တတ်တဲ့ဆေးရယ်၊ အဝတ်အပို ရယ်၊ အိပ်ရာလိပ်ရယ် ယူပါခင်ဗျား"

"ဟုတ်ကဲ့"

အဖေက ရှူပါကို လှမ်းကြည့်သည်။

"သွားတိုက်ဆေးရယ် သွားပွတ်တံရယ် ဆေးလိပ်ရယ်ပါ ထည့်ပေးနော်သမီး"

"ဟုတ် ဟုတ်ကဲ့ ဖေဖေ"

စိတ်ထဲ ထိန်းသော်လည်း ငိုသံ ပါသွားသည်။ အမေကမူ တရှုပ်ရှုပ်ငိုနေလေပြီ။ ဒေါ်လေးက မျက်ရည် ပိုးပိုးပေါက်ပေါက်ကျ၍ ပစ္စည်းတွေ ကူထည့်ပေးသည်။

"တစ်ညလောက် ကြာချင်ကြာမှာမို့ လိုရမည်ရ သဘောပါခင်ဗျား၊ မေးမြန်းပြီးရင်လဲ ဦးကို ကျွန်တော်တို့ ပြန်ပို့ပေးမှာပါ"

ယခင်ကလည်း ဤသို့ပင် ခေါ်ယူမေးမြန်းခြင်းခံရဖူးသဖြင့် အဖေက ဣန္ဒြေမပျက် ခေါင်းညိတ်သည်။ ပြုံး၍ ပြောသော်လည်း အဖေ၏ အပြုံးက မဲ့သလို ဖြစ်နေသည်။

"ကြေညာချက် ထွက်ပြီးကတည်း က ပင် ကျောက်သံပတ္တမြားဌာနကို စာရင်းပို့ပြီးသားပစ္စည်းတွေပါသမီး၊ ဘာမှ

မစိုးရိမ်ပါနဲ့နော်၊ ခဏပါ၊ သက်ဆိုင်ရာက မေးမြန်းစုံစမ်းပြီးရင် ဖေဖေ ပြန်လာမှာပါ၊ဖေဖေ မရှိတုန်း မေမေ့ကို ဂရုစိုက်နော်သမီး"

"ဟုတ်ပါတယ် ခင်ဗျာ၊ မကြာပါဘူး၊ ခဏပါ"

အရပ်ဝတ်နှင့် ပုဂ္ဂိုလ်တစ်ယောက်ကပါ ပြောသော်လည်း ရှုပါကား မျက်ရည်ကို ဆည်မရ ဖြစ်မိသည်။ ဖေဖေ ကို ခေါ်သွားကြတော့သည်။ တစ်အိမ်လုံး ငိုရှိုက်၍ ကျန်ခဲ့သည်။

အရေးအကြောင်း ဆိုလျှင် အားကိုးရာကို ရှာတတ်စမြဲအတိုင်း ဘကြီးနှင့် ကြီးကြီးမေတို့ဆီ မေမေနှင့်သွား၍ အကြောင်းကြားရသည်။ အဖေ့အတွက် လုံးဝဥဿုံ ဘကြီးနှင့် ကြီးကြီးမေမေ့တို့က ဆောင်ရွက်ပေးလိမ့်မည်။ အားကိုးအားထားရာဆို၍ ဘကြီးနှင့် ကြီးကြီးမေတို့သာ ရှိသည်။ယခင်ကလည်း ဖေဖေနှင့်ပတ်သက်သော အမှုအခင်း ဟူသမျှ သူတို့သာ ဆောင်ရွက်နေကျ။

*　　　*　　　*

အခန်း (၂၂)

နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားမိသည်။ ပိုးပိုးပေါက်ပေါက် ကျလာသော မျက်ရည်တွေကို အံကြိတ်၍ တင်းထား၏။ မရ၊ အသွင်အမျိုး၊ မျက်နှာအနေအထားအဖုံဖုံ၊ ရယ်ပုံ၊ မဲ့ပုံ၊ ညှိုးငယ်နေပုံ၊ ပြောသံ၊ ရယ်သံ၊ ရုပ်ရောအသံပါ မြင်လာရသည်။ ဟန်ဆောင်ကောင်းလှသည့် သူ၏ ပုံပန်းသဏ္ဌာန်သည် ထင်းထင်းပေါ်လာသည်။

သူ.................

သူ.................

ဝမ်းနည်းဖို့ထက် ရှက်ဖို့ ပိုကောင်းသည်။ သိလျက်နှင့် ဇော်မြင့်အောင်က အတန်တန် သတိပေးခဲ့ပါလျက် မိုက်မိခဲ့သည်။ ရက်စက်လိုက်တာ။ သူ့အပေါ် နာကြည်းခံပြင်းစိတ်သည် ရင်ကွဲလုမတတ် ပြည့်သိပ်လာသည်။ အချိန်ရှိသရွေ့

ငိုရှိုက်၍ မစားနိုင် မအိပ်နိုင်ဖြစ်နေသော အမေ့ကို မြင်ရတိုင်း သူ့ကို မှုန်မှုန်ညက်ညက် ကြေသွားအောင် ခြေပစ်ချင်သည်။ သူက အရှက်မဲ့သော်လည်း မိမိမှာ အရှက်လည်း ရသည်။ အကြောင်းသိသူများ ရှေ့တွင် မျက်နှာကိုပင် မည်သို့ ထားရ မှန်း မသိ ဖြစ်ရသည်။ အချို့က ဝမ်းသာကြမည်။ ကဲ့ရဲ့စကား ဆိုသည်။ ရွာ၏ နားထဲသို့ သုံးရက်အတွင်း ရောက်လာသည်။ အဖေ၏ တရားမဝင်သော လုပ်ငန်းကို ကာကွယ်ရန်အတွက် တမင် မြှူထားတာ ထိပြီဟု ပြောကြလိမ့်မည် ထင်သည်။ ရတနာမှောင်ခိုသမားများကပင် အားရစကား တီးတိုး ဆိုနေ ကြလေပြီလား အဖေ့ကိုလည်း လုံးဝ တွေ့ခွင့် မရသေး။

ခေါင်းထဲ မီးတောက်နေမိသည်။ အမေနှင့် ဒေါ်လေးတို့ ကမူ အကြံဉာဏ်ပင် ပေးဖော် မရလောက်အောင် ပူဆွေး သောက ရောက်နေ ကြသည်။ ရွာကမူ ကားတစ်စီးနှင့် မိုးလင်းက နေဝင်ထိ အပေါင်းအသင်းများကို တစ်ယောက် ပြီး တစ်ယောက် လိုက်၍ အကူအညီ တောင်းရသည်။ မိန်းဓာ လေးတစ်ယောက်တည်း နေဝင်မိုးချုပ် မတင့်တယ် ဖြစ်မည် စိုး၍ အမေ့ကိုကားပေါ် အတင်းတင်ခေါ်ရသည်။ ရွှေနေကြီး ဦးသန်းလှိုင်မြင့်နှင့် တိုင်ပင်ရသည်။ နီးရာစပ်ရာလိုက်ရသည်။ မနီးသည်ကို နီးအောင် မစပ်သည်ကို စပ်မိအောင် ကြံဖန်သွား လာ လှုပ်ရှားရသည်။ မိမိအပြစ်နှင့် မိမိ မရှက်နိုင် မကြောက် နိုင် ဖြစ်ရသည်။

သူတို့ကိုတော့ တွေးမိတိုင်း နာကြည်းသည်။ တစ်ရပ်တည်း တစ်မြေတည်း စီးပွားအရလည်း ယခင်က ဆက်နွယ်ဖူးသူ၊ မိမိ





အပေါ်တွင် ကြီးမားသော သံယောဇဉ်ဖြင့် သတိပေးဖူးသူ ဇော်မြင့်အောင်၏ ပကတိဖြူစင်သော စကားကိုပင် သံသယနှင့် အမုန်းပွားခဲ့ရသည်။ သူ့ကို ဤမျှအထိ ချစ်ခဲ့ရသည်။ သူ့ အနေကမူ ရတနာ တစ်မြို့လုံးရှိ မှောင်ခို ကုန်သည်တွေကို ထောက်လှမ်းရန် အတွက် မိမိကို ချစ်ယောင် ကြင်ယောင် ဆောင်ခဲ့သည်။ သူ၏ ပိုက်ကွန်ထဲကို သိလျက်နှင့် ဝင်တိုးမိ ခဲ့ရသည်။ သိလျက်နှင့် အလိမ်အညာကို ခံခဲ့ရသည်။ ဖေဖေ၏ မျက်နှာကို မြင်ယောင်မိတိုင်း သမီး အမိုက်မကို ခွင့်လွှတ်ပါ ဖေဖေဟု တဖွဖွ တောင်းပန် နေမိသည်။ နှစ်လုံးသားထဲမှာ နာကျင်အေးခဲနေ၏။

သူ၏ မတိမကျ စကား၊ မရေမရာ အဖြေ၊ မသေမချာ သွားလာမှု၊ မထင်မှတ်တတ်သော နေရာများတွင် တွေ့ရကြုံရ တတ်မှု၊ အဝတ်အဆင် အသွင်အမူအရာ အမျိုးမျိုးပြောင်းပြီး နေထိုင်တတ်မှု။ ယခု တွေးကြည့်မှ သူ၏ မင်းသားခေါင်း ဆောင်းထားသော ဘီလူးသဘာက်ရုပ်သည် ထင်းထင်းပေါ် လာသည်။အရေထူမှုကို သည်းခံနိုင်စွမ်းရှိပေစွဟုအထင်ကြီးခဲ့မိ သည်။သူ၏ မာယာများမှုကို ရိုးသားလွန်းသည့်ဟု ထင်ခဲ့သည်။ မဝံ့မရဲလုပ်ပြမှုကို အ့ရန့်ကောဟုထင်ခဲ့ရသည်။သူ လိုချင်သမျှ သော သတင်းအစအန မရမချင်း အရှက်မဲ့ အကြောက်မဲ့ လာ ဆက်ဆံနေတတ်သည်ကိုပင် ငါ့ကို ချစ်လွန်း၍ဟု အထင်ကြီးခဲ့ သည်။ ရတနာမှာ တစ်လပဲ နေမယ်လို့ မှန်းလာတာ ခုတော့ ချစ်ချစ်ကြောင့် မောင်ကြီး မပြန်နိုင်တယ် ဖြစ်နေပါပြီဟု ဆိုစကားကို ဘဝင်နှလုံး ပြုံးမိခဲ့သည်။ သူ့ကို ယုံမိ၍ အကုန် လည်း ဖွင့်ပြောမိခဲ့သည်။ အဖေ၏ ရတနာသွေးအလုပ်၊

ကျောက်တွင်းတွေ ပြည့်သူ့ပိုင်သိမ်းစဉ်က ကြောက်ကြောက်နှင့် ရေတံလျှောက်၊ ထပ်ခိုး၊ ခေါင်မိုး၊ အိမ်သာ၊ ချောင်ကြို၊ ချောင်ကြားမကျန် ရတနာတွေ တက်ဝှက်ခဲ့သည့်အကြောင်း။

ဤသည်တို့ကို တွေးမိလျှင် အသည်းပေါက်မတတ် နာကြည်းမိသည်။

အဖေ့ကို တွေ့ခွင့်ရသောအခါ အဖေ့မျက်နှာကို မည်သို့ကြည့်ရမှန်း မသိသေး။ အဖေကတော့ သမီးကို ချစ်လို့ နာကြည်းစိတ်နှင့် တေ့တေ့ပြောချင်မှ ပြောမည်။ တုံးစံအတိုင်း ရှည်လျားသော စကားများနှင့်အတူ တွေးတွေးဆဆ ရိပ်ဖမ်းသံဖမ်းလောက်သာ ပြောကောင်းပြောမည်။ အဖေငယ်စဉ်က ပြောဖူးသော သီလျှက်နှင့် အလိမ်ခံရသည့် ဘုန်းကြီးတစ်ပါး၏ ဥပမာနှင့်ပင် တင်စားလေမည်လားမသိ။

ယခင်က ရတနာပတ်ဝန်းကျင်တွင် လိမ်တတ်သော လူကြီးတစ်ဦးပေါ်ဖူးသည်။ ထိုလူကြီးသည် လိမ်သောနေရာ၌ အလွန်တော်သည်ဟု ဆိုသည်။ သူ လိမ်သည်မှာလည်း ယဉ်ယဉ်ကလေးဖြစ်သဖြင့် အလိမ်ခံရသူတွေမှာ စိတ်ဆိုးရအခက်၊ ခွင့်လွှတ်ရအခက်နှင့် အောင့်သက်သက် ရယ်၍သာ ခံလိုက်ကြရသည်ဟု ဆိုလေသည်။

အခါတစ်ပါးတွင် ဖေဖေတို့ ဘုန်းကြီး ဆရာတော်ဘုရားက ဒီတကော သိပ်လိမ်တတ်တယ်လို့ နာမည်ကြီးတယ်၊ ဟော့ ကောင်တွေ အဲဒီတကောကြီးကို သွားခေါ်စမ်း၊ ငါ့ကို လာလိမ်ပြစမ်းပါလို့ ဘုန်းကြီးက မှာတယ်ပြောဆိုပြီး ကျောင်းသား တစ်ယောက်ကို အခေါ်လွှတ်လိုက်သည် ဆို၏။ ကျောင်းသား ပြန်လာသောအခါ ဟော့ ကောင်ဟိုတကောကို ဘာလို့ တစ်ခါတည်း





ခေါ်မလာလဲဟု မေးရာ ကျောင်းသားက အလိမ်တတ်က ပြောပါတယ်ဘုရား၊ သူ့လို အရပ်လူကြီး တစ်ယောက်က တစ်နေ့ငါးကျပ်နဲ့ ထင်းခုတ်ခိုင်းထားလို့ အတော်ကြာရင် ထင်းခုတ်သွားရမယ်၊ ဒီနေ့တော့ လာလိမ်နိုင်မှာမဟုတ်တော့ဘူး၊ နောက်နေ့မှ လာလိမ်ပါရစေ၊ ဘုန်းတော်ကြီးကို လျှောက်လိုက်ပါလို့ မှာလိုက်ကြောင်းပါ ဘုရားဟု ကျောင်းသားက လျှောက်၏။

စိတ်ထက်သန်နေသော ဘုန်းတော်ကြီးကလဲ ဟော့ ကောင်ရော့ ပိုက်ဆံ တစ်ဆယ်ယူသွား၊ ခုချက်ချင်း ငါ့ကို လာလိမ်လှည့်၊ ထင်းခုတ်မသွားနဲ့တော့ သွားပြောချေ၊ မြန်မြန်သွားဟု ကျောင်းသားငယ်အား လွှတ်လိုက်ပြန်၏။ ထိုကျောင်းသား ပြန်လာသောအခါ အလိမ်တတ်လည်း တစ်ပါတည်း ပါလာသည်။

"ဟော့ တကော ဒီနယ်တစ်ဝိုက်မှာ ဒကာကြီး သိပ်လိမ်တတ်တယ်ဆိုပြီး နာမည်ကြီးနေတာ ကျုပ်ကို ခဏလိမ်ပြစမ်း" ဟု ဘုန်းကြီးက ပြော၏။ ထိုအခါ အလိမ်တတ်ကြီးက လိမ်တယ်ဆိုတာ လူသတ်လစ်မှ လိမ်လို့ရပါတယ်ဘုရား၊ စပါးကြီးမြွေများ ညို့သလိုပဲ ခုလဲ လောလောဆယ်တော့ အရှင်ဘုရားကို လိမ်လို့မရသေးပါ၊ အတော်လေးကြာမှ လာလိမ်ပါ့မယ်၊ ခုတော့ တပည့်တော် ထမင်းဆာလို့ ရှာခဏ ပြန်ပါရစေဦးဟု လျှောက်ပြန်သည်။ ထိုအခါ ဘုန်းတော်ကြီးက ကဲ တကော ရှာလဲ ပြန်မနေနဲ့တော့၊ ဘုန်းကြီးကျွေးပါ့မယ်ဆိုပြီး ကျက်သရေခန်းတွင် ရှိသော ငှက်ပျောသီး၊ ထိုးမုန့်၊ ယို စသည်

စားစရာများကို ထုတ်၍ ကျွေးလေသည်။ စာပြီးသောအခါ ကဲ တကာကြီး လိမ်တော့လေဟု ပြော၏။ ထိုအခါအလိမ်တတ်ကြီးက တပည့်တော်အပြစ်ကြီးနေပါ့မယ်ဘုရား၊ဒီလောက် လိမ်ပြီးရင် ကျေနပ်ပါတော့ဟု လျှောက်သည်ဆို၏။ ထိုအခါမှ ဘုန်းတော်ကြီးသည်လည်း သူ့ ငွေတစ်ဆယ်နှင့် ကျက်သရေခန်းက စားစရာတွေ အလိမ်ခံရပြီဟု သိသည် ဟူ၏။

အဖေသည် သိလျက်နှင့်ပင် အလိမ်ခံရသူများအကြောင်းကို ဤပုံနှင့် ဥပမာ ဆောင်၍ ပြောလေမည်လား။

ရူပါအနေကမူ အဖေ၏ မျက်နှာကို မည်သို့ ကြည့်ရမှန်းမသိ ဖြစ်နေမိသည်။ ပုံပြင်ထဲတွင် အလိမ်ခံရသူများမှာ ရယ်နိုင်အားရှိကြသော်လည်း ရူပါကား ငိုရှိုက်၍ နေရလေပြီတည်း။

*   *   *

အခန်း (၂၃)

ခြေသံကြောင့် လှမ်းကြည့်ဖြစ်သည်။ ဇော်မြင့်အောင်သည်
ည်း သူ့ကို လှမ်းကြည့်၏။ ရုပ်လိုက်သော မျက်လွှာ၏
တစ်ဒင်္ဂမှာ ရင်ထဲက လေးလံသွားသည်။ ဇော်မြင့်အောင်သည်
ားက ဆက်တီပေါ်၌ လာထိုင်၏။ ထပ်မကြည့်မိ။ သူ့ကို
ကြည့်ရမှာ ဝန်လေးနေသည်။ ရင်ထဲကမူ တင်းကျပ်နေသည်။
လာထိုင်ဟုပင် မပြောမိသည်ကို နှောင်းပြီးမှ တွေးမိ၏။ ဘာ
ပြောရမှန်းမသိ။ ဘယ်စကားက စရမှန်းမသိ။ သူ့အဖေအမေ
တို့ လာပြောပြီးနောက်တွင် နှစ်ယောက်စလုံး တစ်ယောက်ကို
တစ်ယောက် အမ်းတန်းတန်းဖြစ်နေကြသည်။ ယခင်က တွေ့
သည့်နေရာတိုင်း၌ စတတ် နောက်တတ်ကြသော်လည်း ယခု
တော့ တစ်ယောက်ကို တစ်ယောက် စေ့စေ့ပင်မကြည့်ဝံ့သလို
ဖြစ်နေကြသည်။

"ရှုပါ"

ခေါ်လိုက်သည်ကပင် မလုံမလဲ မျက်ခုံးချီ၍ တစ်ချက် ကြည့်မိသည်။ ဤအကြည့်သည် ထူးခြားခြင်း၏ အမှတ်အသား ဆိုသည်ကို သဘောပေါက်သည်။

"ကြားတဲ့နေ့ကပင် လာမလို့၊ ခရီးလွန်နေတာနဲ့"

အသိအမှတ် ပြုသောအနေနှင့် ကြည့်မိသည်။ ဇော်မြင့် အောင်၏ ပြန်ကြည့်သောအကြည့်ကမူ နင့်ကို ငါ မပြောဘူး လား ဟူသော သဘောပေါ်နေသဖြင့် ရှုတ်ခြည်းအကြည့်လွဲ လိုက်၏။

"ဘယ်လောက်ဖိုးပါသွားတယ် ထင်လဲ"

"သုံးလေးဆယ်တော့ ရှိမယ်၊ လက်ဝတ်လက်စားနဲ့ ခုတ် မျက်စိတွေရယ် အားလုံးပါတာ"

သိန်းသုံးလေးဆယ်ဟူသောစကားကြောင့် ဇော်မြင့်အောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားမှန်း သိလိုက်သည်။ ရွှေနှင့် တွဲ ပြုလုပ်ထားသော ရတနာက လွဲလျှင် အိမ်ရှိသမျှ အကုန် ဟ သော သဘောကြောင့် စိတ်ထိခိုက်သွားပုံရသည်။

"ဖေဖေ့ ပစ္စည်းတွေလဲ ပါသွားလိမ့်မယ်ထင်တယ်"

"ပေးထားတာ ရှိလား"

"ရှိတယ်လို့ မေမေက ပြောတယ်"

"ဦးလေး မရှိဘူးလား"

"လားရှိုးဘက် တက်သွားတယ်"

"အလုပ်ကိစ္စပဲလား"

"အင်း အဖေ မရှိတုန်းမှ လာဖြစ်တာ၊ အဖေရှိရင်တော ကြံနိုင်ဖန်နိုင်တာပေါ့၊ တို့ကလဲ ဘာမှ မလုပ်တတ်ဘူး၊ လူကြ





တွေနဲ့ပဲ လိုက်ခိုင်းရမယ်၊ မေမေလဲ ကြားကြားချင်း ခေါင်း မီးတောက်နေတာပဲ၊ ဒီကိုတော့ မေမေ ရောက်ပြီ ပြီလား"

"မနေ့ကပဲ လာတယ်"

တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ဘဲ ပြောနေရသ ဖြင့် ရင်ထဲက တစ်မျိုးတင်းကျပ်လာသည်။ ရှက်သလို ရှိန်း သလို ဖြစ်နေသည်။

"ဦးလေးနဲ့လဲ မတွေ့ရသေးဘူးပေါ့"

ခေါင်းညိတ်ပြ၏။

"သုံးရက် ရှိပြီနော်"

"အင်း...."

လည်ချောင်းထဲ တစ်စုံတစ်ခု နင့်သွားသလို အင်း လိုက်ရ သည်။

ဇော်မြင့်အောင် သူ့ကို ရဲရဲကြည့်ဝံ့ပြီကို သတိထားလိုက်မိ သည်။

"ဟိုနေ့က အဲဒီကောင် ပါလား"

"ဟင့်အင်း...."

"ပြောင်ကြီးတော့ ဘယ်လိုက်လာမလဲ၊ မျိုထား ဆို့ထား တာတွေ မျက်နှာပူနေမှာပေါ့၊ တောက်....တော်တော် ယုတ်မာ တဲ့ အကောင်"

မနေတတ် ဖြစ်သွားသည်။ မျက်ရည် ကျလာ၏။ နာကြည်း စိတ်နှင့်အတူ ဒေါသက ရှိန်းရှိန်း တက်လာသည်။

"ဒီကြားထဲလဲ လာမလည်သေးဘူးနော်"

ခေါင်းကို မသိမသာ ခါယမ်းပြလိုက်ရသည်။

"တို့ စေတနာနဲ့ပြောခဲ့တယ်ဆိုတာတော့ ရှု၂ ယုံ၂ ပြီနော်"

သူ့ကို မကြည့်ဘဲ သူ့စကားသံကိုသာ ငြိမ်၍ နားစွင့်နေသည်။

''သိပ်လဲ စိတ်ညစ်မနေပါနဲ့ အချစ်ရယ်၊ အချစ်ငိုနေတာကိုယ် မကြည့်ရက်ဘူး၊ ခု ဘာလုပ်ပေးရမလဲဟင်၊ ဘာအကူအညီ ပေးရမလဲ ပြော''

ရူပါက သူ့ကို နာကြည်းစိတ်နှင့် တရှုံ့ရှုံ့ ငိုလိုက်သောအခါ ဇော်မြင့်အောင်က အချစ်ဟု ရဲရဲတင်းတင်း ပိုင်စိုးပိုင်နင်း ဆိုသည်။ ရူပါမှာ ပို၍ ငိုချင်လာ၏။ သူ၏ တိုးညင်းစွာနွဲ့သောအသံကို ဝမ်းနည်းစွာ ဆက်နားထောင်နေရသည်။

''ဟင် အချစ် ကိုယ့်ကို ပြောလေ၊ ခု ဘာ....''

''ဩော် မောင်ဇော်သားကွယ့်''

''ဟုတ် ဟုတ်ကဲ့ ဒေါ်လေး''

''အရေးထဲကွယ်၊ မင်းအဖေကလဲ ဘယ်သွားနေတုံး''

''လားရှိုးဘက် တက်သွားတယ် ဒေါ်လေး၊ အဆင်မပြေရင် ကြာမယ် ပြောသွားတယ်၊ ကျွန်တော်တို့လဲ ခေါင်းမီးတောက်နေတာပဲ ခင်ဗျား''

သူ၏ ဟိတ်နှင့်ဟန်နှင့် ပြောသောစကားမှန်းသိလိုက်သည်။ ဒေါ်လေးက ဘာသောက်မလဲဟု မေး၏။ သူက ရူပါဘက်လှည့်ကြည့်၍ နေပါစေ ဒေါ်လေး၊ ကျွန်တော် အသိအကျွမ်းတွေတော့ ရှိပါတယ်၊ သွားစုံစမ်းဦးမယ်ဟု ပြောပြီး ပြန်သွား၏။

ရူပါသည် ရှည်လျားသော သက်မနှင့်အတူ အိမ်ပေါ်သို့ ပြေးတက်လာမိသည်။

* * *

အခန်း (၂၄)

''သမီးအဖေ ပြောစကားအရဆိုရင် အပြစ် မပေးနိုင်ပါဘူးနော် သမီး''

အဖေ့ကို သွားတွေ့ပြီး ပြန်လာကြရာ လမ်းတွင် အမေက ပြောသည်။ အမေ၏ ဤစကားသည် လမ်း၌ပင် အကြိမ်မနည်းတော့ဟု ထင်သည်။ အမေမှာ ရိုး အေး ထုံအသူပိပိ အလွန် ကြောက်တတ်သူ ဖြစ်၏။ တစ်စုံတစ်ခု ဖြစ်လျှင် ထိုကိစ္စနှင့်ပတ်သက်၍ မေးမြန်းမဆုံး ဖြစ်တတ်သည်။

''မပေးနိုင်ပါဘူး အမေ၊ အဖေ့မှာ ရှိသမျှ ပစ္စည်းတွေ အစိုးရကြေညာချက် ထုတ်ပြီးကတည်းက ကျောက်သံပတ္တမြားဌာနမှာ စာရင်းပေးပြီးသား ဆိုတာပဲ၊ ခု မန်နေဂျာ ပြန်လာရင် စာရင်းနဲ့တိုက်ပြီး ပြန်လွှတ်လိုက်ရုံပဲလို့ ဖေဖေက ပြောတယ် မဟုတ်လား''

အမေ ခဏ ငြိမ်သွားသည်။

"ဦးဇော်လူသန်းတို့ ပစ္စည်း ဆိုတာကတော့ဆော သမီး"

"အို ဒါက သူတို့ သွေးပေးပါလို့ အပ်ထားတဲ့ ပစ္စည်းတွေပဲ၊ ဒါလဲ သူတို့ဘာသာ သူတို့ အို..."

"ညီမရေ"

"ရှပါ"

"ရှပါ"

သူ....

သူ....

မသိမသာ အံကြိတ်လိုက်မိသည်။ သူ့အသံနှင့် သူ့ရုပ်ကို မြင်လိုက်သည်နှင့် မျက်ရည်က ပိုးပိုးပေါက်ပေါက် ကျချင်လာသည်။ စိတ်ကို ထိန်းမရ။ မျက်ရည်ကို အံကြိတ်၍ ထိန်းထားရသည်။

ဗိုလ်ကုန်းအတက် ဖြစ်နေသဖြင့် ကားကိုလည်း မြန်မြန် မောင်း၍ မရ။ လမ်းက ကွေ့ကောက်သလို နှစ်ဖက်စလုံးတွင် ချောက် ရှိနေသဖြင့် စီယာတိုင်ကို မနည်း ထိန်းကိုင်ထားရသည်။ အဆုတ်ကို ဖျစ်ညှစ်ထားသလို အသက်ရှူမရ ဖြစ်သွားမိသည်။

သူက တကြော်ကြော်ခေါ်၍ နောက်က ပြေးလိုက်လာသည်။ ခါးပတ်ကွေ့ လမ်းချိုးကတည်းကပင် မြင်မိ၏။ သို့သော် သူဟု မထင်။ တွင်းက ပြန်လာသော အလုပ်သမားတစ်ယောက်ယောက်၊ ခြံသမားတစ်ယောက်ယောက်ဟုသာ ထင်မိ၏။ ခါးမှာ ဘောက်ချပ်နှင့် ခေါးမတို၊ ပင်နီကြမ်း ရှမ်းဘောင်းဘီ နက်ပြာ အဖရောင်လွင့်နေသော အင်္ကျီလက်ရှည်နှင့် သူ။





အောင်မြင်မှုတွေ ရနေလို့ သရုပ်ဆောင် သိပ်ကောင်းနေတယ်ပေါ့လေ။ တွင်းသမားလား ထင်ရတယ်။ သိပ်ပိုင်နေတာပေါ့ဟု စိတ်ထဲက ပြောလိုက်မိသည်။ ဂီယာကို ဆောင့်တွန်းလိုက်သည်။ ကားဘေးနှင့် တောင်ကမ်းပါးယံတို့ ထိလုခမန်း ဖြစ်သွား၏။ အမေက လန့်အော်လိုက်သည်။ သူက ကားနောက်ကို ပြေးလိုက်လာသဲ ကားကို အရှိန်နှင့် ချိုးကွေ့လိုက်သည်။ အသံသာ ကျန်ရစ်တော့သည်။

"ရှပါရေ"

"ညီမ"

"ညီမ"

တကြော်ကြော်ခေါ်၍ ကျန်ရစ်သည်။

"ဒီအသံ ကြားဖူးပါတယ်၊ အသိလား သမီး"

"ဟုတ်တယ် အမေ"

အသံက သိသိသာသာ မာသွားသည်။

"ဘာလို့ ကားရပ်မပေးလဲ သမီးရယ်"

နောက်သို့ လှည့်ကြည့်၍ အမေက ပြော၏။

အမေက သူ့အကြောင်းကို လုံး၀ မသိသေး။ ရှပါကလည်း ကိုယ့်အပြစ်နှင့်ကိုယ်မို့ ပြောရခက်နေသည်။

"ဘာလို့ ကားရပ်မပေးလဲ၊ လိုက်ချင်လို့ နေမှာပေါ့၊ သိပ်ရိုင်းတယ်လို့ ထင်သွားမယ် သမီး"

"ထင် ထင် အမေရာ၊ သူများကိစ္စနဲ့ သူများ ခေါင်းရှုပ်နေရတဲ့ကြားထဲ၊ အလကားဟာတွေ"

အမေ နှုတ်ဆိတ်သွားသည်။ ရှုပါက ခုထိ အံကြိတ်ထားတုန်း။ ဝေ့လာသော မျက်ရည်များကိုမူ ဘယ်လိုမှ ပြန်သိမ်းသွင်း၍ မရ ဖြစ်နေ၏။

တွင်းသမား၊ ခြံသမားအသွင်မို့ သူမှန်း အမေ လုံးဝ မသိ။ ဒီသူငယ်က အနေအထိုင် အပြောအဆို သိပ်ယဉ်ကျေး သိမ်မွေ့တာပဲ၊ မန္တလေးသားလား မပြောရဘူး၊ ဒါပေမယ့် ဒီခေတ်ကောင်လေးတွေက သူလို မဟုတ်ပါဘူး၊ ဒီသူငယ်က ထူးခြားသလိုပဲဟု ပြောဖူးသည်။

ယခင်က အမေ ဤသို့ မှတ်ချက်ချသည်ကို ရှုပါ အတိုင်းမသိ ကြည်နူးခဲ့ရသည်။ ယခုတော့ ဒေါသ ဖြစ်ရ၏။ နာကြည်းရ၏။ နောက်က လိုက်လာခေါ်၍ ကံကောင်းသွားသည်။ ကားကို မှတ်မိ၍ ရှေ့ကသာ ဆီးတားလျှင်တော့ ကားနှင့်ပင် တိုက်သတ်မိလိမ့်မည် ထင်ရသည်။ ဒေါသက သူ့အပေါ် ဤမျှအထိ ကြီးမားနေသည်။

ကားရုံထဲတွင် ကားသွင်းပြီး အိမ်ဘက်သို့ တက်လာသည်။ ဒေါသက မပြေချင်သေး။ နာကြည်းစိတ်နှင့် သူ့ကို မုန်းမုန်းညက်ညက် ချေပစ်ချင်နေသည်။

"စောစောက ဟိုမန္တလေးက သူငယ်လေး အိမ် လာသွားသေးတယ်၊ ဒေါ်လေးက သူ့ကို ဗြုန်းစားကြီး မှတ်တောင် မမှတ်ဘူး၊ တွင်းသမား ခြံသမားလား ထင်ရတယ်၊ သူ့အသိ ခြံသမားတွေနဲ့ ခြံလိုက်ကြည့်မလို့ ထွက်လာတာ၊ လမ်းက သိရလို့ လာသတင်းမေးတာတဲ့၊ ဒေါ်လေးက သူတို့အဖေဆီ လိုက်သွားကြတယ်ပြောလို့ လိုက်သွားလေရဲ့၊ တွေ့လား"





အိမ်ပေါ်ရောက်သည်နှင့် ဒေါ်လေးက ဆီးပြော၏။ ဒေါ်သက ပို၍ အရှိန်ထပ်တက်ရသည်။ ကိုယ်ခင်းခဲ့သော ဇာတ်မို့ အမေတို့ ဒေါ်လေးတို့ကို ဖွင့်ပြောရမှာ ခက်နေ၏။ ဤအကြောင်း အမေတို့ ဒေါ်လေးတို့သာ သိလျှင် ရင်ထုမနာဖြစ်ရဦးမည်။ ပြဿနာကို အိမ်ပေါ် ခေါ်တင်ခဲ့သူက မိမိ။

ဇော်မြင့်အောင်သည် ဤကိစ္စနှင့်ပတ်သက်၍ အမေ၊ အဖေ၊ ဒေါ်လေး တို့ကို မပြောပါစေနဲ့၊ အိမ်က လူတွေ မသိပါစေနဲ့ဟု ဆုတောင်းခဲ့ရသော အကြိမ်ပေါင်းလည်း မနည်းတော့။ သမီး စိတ်မချမ်းမသာ ဖြစ်မည်စိုး၍ မပြောကြတာလား။ သမီးကိုပါ အဖေက စိတ်နာလေသလား။ အတပ်တော့ မထင်တတ်။ သူ့အကြောင်းနှင့်ပတ်သက်၍ လုံးဝ နှုတ်မဟကြပေ။ အိမ်က လူတွေ ဤသို့ နှုတ်ဆိတ်နေကြလေ ရှုပါရင်ထဲ တင်းကျပ်လာလေပင်။ အိမ်က လူကြီးတွေကို ပြောရမည်လားဟု ရှုပါကို မုန်းသွားမှာစိုး၍ ထင်သည်။ ဇော်မြင့်အောင်ကလည်း လုံးဝ မဟသေး။

ရေတစ်ခွက် သောက်လိုက်၏။ မောလာသော ရင်က အေးမြ မသွား။ ရေခွက်ကို ရေအိုးပေါ် လှမ်းအတင်တွင် အမေ၏ အသံကို ကြားလိုက်ရသည်။

"လာကွယ် လာ လာ၊ ဘယ်က လှည့်လာတာလဲ"

ခါတိုင်းထက် မျက်နှာကို ညိုးညိုးလေး လုပ်ထားသည်၊ အကယ်ဒမီမင်းသား။ သူ့ဟန်က ရှုပါ၏စိတ်ကို ပို၍ ဒေါသ နှိုးဆွနေစေသည်။ ခေါင်းငုံ့ထားသော ဟန်ကိုပင် ယခင်ကလို သနားစရာ မမြင်တော့။

သူ့ကို မကြည့်ချင်အောင်ဖြစ်နေသဖြင့် အတွင်းဧည့်ခန်းတွင် သွားထိုင်နေလိုက်သည်။ ပါးနှစ်ဖက်တွင် လက်ဝါးကပ်ကာ အံကြိတ်ထား၏။

"ကျွန်တော် စောစောက တစ်ခေါက် လာပါသေးတယ်၊ အန်တီနဲ့ညီမက အန်ကယ်ဆီ သွားကြတယ်ပြောလို့ လိုက်လာတာ မမီလိုက်ဘူး၊အန်ကယ်ကပြန်သွားကြပြီ ပြောလို့ ပြန်လာတာ၊ ကျွန်တော် လှမ်းခေါ်သေးတယ်၊ အန်တီတို့ မကြားလို့"

"ဪ မင်းကိုး၊ သမီးက မင်းမှန်းမသိလို့ ကားရပ်မပေးတာ ဖြစ်ပါလိမ့်မယ်"

"ဟုတ်ကဲ့ ခင်ဗျာ"

အမေတို့မျှား အ,လိုက် န,လိုက်တာဟု အမေ့ကိုပါ ဒေါသ ဖြစ်ရသည်။ သူ့အသံကို ကြားရလေ စိတ်ထဲက ခံပြင်းလေပင်။

"မင်းလဲ ကြားပြီးရော့ပေါ့၊ မသီရယ် ကော်ဖီလုပ်ပါကွယ်"

"နေပါ၊ နေပါ အန်တီ"

"မဟုတ်ပါဘူးကွယ့်၊ အန်တီတို့ပါ သောက်မလို့ကွယ့်"

လိပ်ကာကြားထဲက ခေါင်းလျှိုထုတ်လိုက်သည်။ မသီကို ဘာမှ မလုပ်ရန် လက်ကာပြလိုက်၏။

"ကျွန်တော် စိတ်မကောင်းပါဘူးအန်တီ၊ဒီအရပ်မှာ အသိအကျွမ်းလဲ နည်းတော့ မကူညီနိုင်တာကို ဝမ်းနည်းပါတယ်၊ အစိုးရဥပဒေနဲ့ မလွတ်မကင်းတဲ့ကိစ္စဖြစ်နေပေမင့် ဥပဒေတွင်းက လူမှုရေးအရတော့ ကူညီချင်တဲ့ စေတနာ ကျွန်တော့်မှာ





အပြည့်ရှိပါတယ်၊ ကင်းစခန်းမှူးကတော့ ကျွန်တော်နဲ့ ရင်းနှီးပါတယ်၊ သူနဲ့ ဆိုင်မဆိုင်တော့ မသိဘူး၊ မေးကြည့်ပါဦးမယ် ခင်ဗျား"

"ကျေးဇူးပါပဲကွယ်၊ မင်းလို ညီ့သည်တစ်ယောက်က အရေးတယူလာမေးဖော်ရတာ အဒေါ်တို့ ကျေးဇူးတင်ပါတယ်ကွယ်၊ ဟဲ့ သမီး"

"ကျွန်မ ခေါင်းကိုက်နေလို့ အမေ"

"နေ နေပါစေအန်တီ၊ ညီမခမျာလဲ ခေါင်းရှုပ်နေမှာပဲ၊ ကျွန်တော့်အနေနဲ့ကတော့ ဘာမှအကူအညီမပေးနိုင်တာကိုပဲ စိတ်မကောင်းဖြစ်မိပါတယ်"

ဘယ်နှစ်ခါ ရှိပြီလဲ။ တပ်ပြောပါဦးသား။ ဘယ်အကူအညီ ပေးနိုင်မလဲ။ ရှင် ကတဲ့ ဇာတ်ပဲ မဟုတ်လား။ မျက်နှာပြောင်တိုက်ပြီး လာပြောရသေးတယ်။ ရှင်တို့မှာ ရှင်တို့အလုပ်သာ အောင်မြင်မယ်ဆိုရင် အမေ အဖေတွေတောင် ထောင်ထဲ ဖမ်းထည့်ဖို့ ဝန်မလေးကြဘူး မဟုတ်လားဟု ရှုပ်စိတ်ထဲက အော်ဟစ်နေမိသည်။

သူ ပြန်သွားမှ အပြင်သို့ ထွက်လာမိ၏။ မျက်ဝန်းထဲတွင် မျက်ရည်က မခြောက်သေး။

"သမီးကလဲ ချက်ချင်း ဘာလို့ ထလာရလဲ၊ ခေါင်းကိုက်နေတယ်ဆို"

အခိုပ်သုံးပါး တစ်ပါးပါးမှ နားမလည်သော အမေ့ကြောင့်လည်း တစ်မှောင့်ပင်။ အားငယ်နေသော အမေသည် ခုနေခါ ဤသမီးသာ အားကိုးရာမို့ တစ်စုံတစ်ခုဖြစ်မှာတော့ ရိုးရိမ်ပုံရသည်။ အမေ့အကြည့်မှာ သောကဲ အပြည့်ပါလေ၏။

* * *

## အခန်း (၂၅)

တစ်ယောက်တည်းလား သမီးဟု မြင်မြင်ချင်း မေးသည်။ ဟုတ်ကဲ့ အန်ကယ်ဟု ပြောပြီး ဦးသန်းလှိုင်မြင့်၏ ရှေ့တွင် ခပ်ယို့ယို့ ထိုင်လိုက်ရ၏။

"မေမေ ကိုယ်လက် မအီမသာဖြစ်နေလို့ သမီးတစ်ယောက် တည်း လာတာ"

"အေးပေါ့၊ ဒေါ်နန်းရှုလဲ စိတ်သောက များတတ်ပါဘိ နဲ့၊ အခြေအနေ ကောင်းပါတယ်သမီး၊ အန်ကယ့်ကို သမီး အဖေက အကုန်ပြောပြတယ်၊ သမီးအဖေ တင်ပြထားတဲ့ စာရင်းနဲ့ အိမ်က သိမ်းထားတဲ့ ပစ္စည်းနဲ့ တိုက်ကြည့်တော့ သိပ်မကွာပါဘူး၊ နတ်မျက်ရှင် အရိုင်းသုံးလေးလုံးပဲ အပိုပါ တယ်၊ အဲဒါလဲ ဦးဇော်လူသန်းပစ္စည်းတဲ့၊ ခု ဦးဇော်လူသန်း မရှိတော့ ရှင်းမရသေးဘူး၊ ဦးဇော်လူသန်း ရောက်လာရင်





ရှင်းသွားမှာပါ၊ လောလောဆယ်တော့ ဆယ့်လေးတစ်နဲ့ အမှု ဖွင့်မှာပေါ့၊ အာမခံရတဲ့ ပုဒ်မမို့ အန်ကယ် အားလုံး စီစဉ်ပြီး ပါပြီ၊ သန်ဘက်ခါ ရုံးချိန်းပဲ၊ အာမခံရပါလိမ့်မယ်၊ သမီး မေမေကိုလဲ နားရှင်းအောင် ပြောပြနော်၊ သမီးအမေက စိုးရိမ် ကြီးတတ်တော့ သိပ်တွေးပူနေမှာ စိုးရတယ်၊ အန်ကယ် ညနေ ထမင်းစားပြီးမှ လာပြောမလို့ မှန်းနေတာ၊ သမီးရောက်လာ တော့ ဟန်ကျသွားတာပေါ့၊ ဗိုလ်ကုန်းက သမီးကြီးကြီးတို့ကို လဲ အပြန်မှာ ဝင်ပြောသွားနော်"

"ဟုတ်ကဲ့"

စိတ်ချမ်းသာစရာ စကားကို ကြားရတော့လည်း ချက် ချင်း အမေ့ကို ပြေးပြောချင်မိသွားသည်။ ကြီးကြီးတို့ဆီကို ဝင်ပြောဖို့ ဦးသန်းလှိုင်မြင့်၏ သတိပေးစကားကို အမှတ်ရ လိုက်သည်။

"သမီးကို ခွင့်ပြုပါဦး အန်ကယ်"

"အေး အေး ကောင်းပြီကွယ်၊ ကားကိုလဲ သတိရှိရှိ မောင်းကြကွယ့်၊ဟိုနေ့က ဦးထွန်းဖေသမီးတဲ့၊ ပွဲကုန်းအဆင်း မှာ စိုက်ပျိုးရေးခြံထဲ ကားဝင်သွားလို့တဲ့၊ တဲပျက်သွားတယ် ကြားတယ်"

"ဟုတ်ကဲ့ အန်ကယ်၊ သမီး အမြဲ သတိထားပါတယ်"

ခြေလှမ်းသည် သွက်လက် ပေါ့ပါးသွားသည်။

* * *

ဝမ်းသာစကား ပြောချင်လွန်း၍ ကားရုံတံခါးကို ကမန်း ကတန်း သော့ခတ်လိုက်သည်။ ကျောက်တုံးလှေကားထစ် တွေကို ပြေး တက်မိ၏။ ချယ်ရီပင်အောက်က ကျောက်ဘုံး

လှေကားထစ်ပေါ်တွင် သူ ငူငူကြီး ထိုင်နေသည်။ ရှုပါကို မြင်တော့ သူက ရုတ်တရက် ထရပ်၏။ နာကြည်းစိတ်သည် ရုတ်ခြည်း ရင်ထဲ ပြည့်သိပ်သွားသည်။

"ဘယ်က ပြန်လာလဲ ဟင်"

"ဘယ်က လာ လာ၊ ရှင့်အလုပ်လား"

စိတ်ကို တင်း၍ ပြောလိုက်ရသော်လည်း ငိုသံ ပါသွားသည်။ ဟင် ဟူသော သူ၏ အံ့သြသွားသံကိုလည်း ကြေကြေကွဲကွဲ ကြားမိလိုက်၏။

"အချစ်ရေ…"

လွမ်းတရသော အသံနှင့် ခေါ်မှန်း သိသာသည်။ လုံးဝ ပြန်မထူးမိ။ အံကြိတ်၍ သူ့ကို ကြည့်နေမိသည်။

"မောင် အိမ်ပေါ်ရောက်သေးတယ်၊ အချစ် ရှေ့နေဆီ သွားတယ်ပြောလို့ ဒီက လာစောင့်နေတာ"

"ဘာလုပ်ဖို့လဲ"

"ခုနေအချိန်မှာ အချစ်အနား ကိုယ် အချိန်ပြည့် မနေနိုင်တာ ဝမ်းနည်းလို့ပါ၊ အချစ် အားငယ်နေမှာ မောင် သိပါတယ်"

"ဒီမှာ…. ဒီမှာ"

ခါးထောက်လိုက်သည်။ မီးတောက်မတတ်သော မျက်လုံးအစုံနှင့် သူ့ကို ကြည့်လိုက်၏။ သူကလည်း အံ့သြကြီးစွာ ပြန်ကြည့်နေသည်။

"ဘာမှ အားမငယ်ဘူးသိလား၊ ရှင် ကျွန်မကို အားပေးစရာလဲ မလိုဘူး၊ တွေ့စရာလဲ မလိုဘူး၊ နောက် ရှင် ကျွန်မတို့





အိမ်ရိပ်ကိုလဲ လာ မနင်းပါနဲ့၊ ဒါ နောက်ဆုံး ပြောတယ်လို့ မှတ်ပါ"

"ဟင်…."

သူ တွေသွားသည်။

"မောင့်ကို ဒီလို မပြောပါနဲ့လား အချစ်ရယ်"

"ပြောတယ်၊ ပြောတယ်၊ အချစ်ရယ် မောင်ရယ်တဲ့လား ဟင်၊ ရှင်က ခွေးပါးစပ်နဲ့ နတ်သံ ပစ်တယ်ဆိုတာ"

"အို ညီမ ရှုပါ၊ ဘယ်လိုဖြစ်လာတာလဲကွယ်၊ မောင့်ကိုလဲ အကျိုးအကြောင်း ပြောပါဦး ညီမ"

"ဘာအကျိုးအကြောင်းမှ ပြောစရာ မလိုဘူး၊ ရှင် မြန်မြန် ဆင်းသွားစမ်းပါ"

"ဘာဖြစ်လို့လဲဟင် ညီမ"

"မုန်းလို့ မုန်းလို့ ရှင့်ကို မုန်းလို့"

"ဟင်…."

သူသည် ခေါင်းကို ရမ်းခါနေသည်။ မျက်နှာကို ညှိုးညှိုးငယ်ငယ်နှင့် လှမ်းကြည့်၍ ဆို့နင့်စွာ ခေါ်၏။

"ညီမ ညီမ"

"ဘာလဲ"

မိုးချုန်းသံနှယ် ကျယ်သွားသော ရှုပါ့အသံကြောင့် သူ၏ နှုတ်ခမ်းကို ခဏ ပြင်သည်။ တဆတ်ဆတ် လှုပ်သွားသော သူ့နှုတ်ခမ်းပေါ်တွင် ရှုပါ၏ မျက်လုံးက စူးစိုက်နေ၏။

"မောင့်ကို ဘာလို့ မုန်းတာလဲကွယ်"

သည်တစ်ခါတော့ သူ့မျက်လုံးကို ပေါက်ထွက် မတတ် စိုက်ကြည့်ဖြစ်သွားသည်။

"ဟင်း ဟင်း ဘာကြောင့် မုန်းရလဲ ဟုတ်လား"

သူ မဖြေ။ ကြေကွဲဝမ်းနည်းသော အကြည့်နှင့်သာ ငေးကြည့်နေ၏။ ဤလို ဟန်ဆောင်ကောင်းခြင်းကို ပို၍ ခံပြင်းသွားသည်။

"ရှင့်အပြစ် ရှင် သိမှာပေါ့"

"မောင့်မှာ ဘာအပြစ်မှ မရှိပါလား အချစ်ရယ်"

"တော်၊ ရှင့်မှာ အပြစ် မရှိတာလား၊ အရှက် မရှိတာလား"

"ညီမ ဘာတွေ ပြောနေတာလဲဟင်၊ မောင် ဘာဆို ဘာမှ နားမလည်ရပါလားကွယ်"

သူက အချစ်ရယ် မောင်ရယ် ပြောနေသည်ကို နားဝင်မချိနိုင်။ ပို၍ပင် ဝမ်းနည်းရ၏။ နာကြည်း၍ မျက်ရည်ကျရ၏။ ဆည်းတားမရ၍ ငိုရှိုက်မိလိုက်သည်။ ရင်ထဲတွင် ပွင့်ထွက်လုမတတ် ခံစားနေရ၏။

"ဘာလို့ ငိုတာလဲ ညီမရယ်၊ ဘယ်လိုဖြစ်တယ် ဘာကြောင့်ရယ်ဆိုတာ မောင့်ကိုလဲ ပြော ပြောပါဦး"

"ဖယ်၊ ရှင် ကျွန်မအသားကို မထိနဲ့၊ ရှင့်ကို ကျွန်မ ရွံတယ်၊ မုန်းတယ်၊ နောက်လဲ ဒီကို ဘယ်တော့မှ မလာပါနဲ့၊ ရှင့် မျက်နှာလဲ ကျွန်မတို့ မကြည့်ချင်ဘူး၊ သွား၊ သွားဆို သွား၊ ဖယ်"

ညီမရယ်....

ညီမ....

ရူပါ....





မျက်ရည် ပိုးပိုးပေါက်ပေါက် ကျ၍ အိမ်ဘက်သို့ ပြေးတက်လာမိသည်။ ရှိုက်သံတစ်ဝက်နှင့် လှမ်းခေါ်ကျန်ရစ်သော သူ့အသံကို နားထဲမှာ ပူလောင်စွာ ကြားနေရသည်။ စီးမျောပါလာသော သူ့အသံကို ကြားလေ ရင်ထဲက နာကြည်းလေ မျက်ရည်ကျလေပင်။

"ဟင် သမီးရယ်"

ငို၍ အိမ်ပေါ် ပြေးတက်လာသော ရူပါကို အမေက ဧည့်ခန်းဝမှာ ဆီးဖက်သည်။ ရှည်ကြာ နွမ်းမောစွာ စောင့်စားနေရသော အမေ၏ ရင်ထဲမှာ ဆို့သွားပုံရသည်။ ဟင် သမီးရယ် ဟူသော အသံသည် ကြေကြေကွဲကွဲ နင့်သည်းသွားသည်။ အဖေ့အတွက် စိုးရိမ်သော မိုးကြိုးသန်လျက်သည့် အမေ၏ ခေါင်းကို ပစ်လေပြီ ထင်လိုက်ရသည်။ ပြေးထွက်လာသော ဒေါ်လေး၏ ဆောက်တည်ရာမရ ခြေသံကိုလည်း ကြားလိုက်ရသည်။

"ဟင် သ....သမီးအဖေ"

"အ....အဖေ အာမခံရမယ်တဲ့ အမေ"

"ဟင်း"

မတိုင်ပင်လိုက်ရသော သက်မချသံတို့ကို နားထဲမှာ သဲ့သဲ့မျှသာ ကြားမိလိုက်သည်။ မိမိသောကနှင့် မိမိမို့ အငိုက မရပ်နိုင်သေး။ တသက်သက် လှိုက်မောသော ရှိုက်သံသည် အမေ ဖက်ထားခါမှ ပို၍ ကျယ်လောင်လာသည်။ သမီးအမိုက်မကို ခွင့်လွှတ်ကြပါဟု နှလုံးသားက အော်ဟစ် တောင်းပန်နေမိသည်။

"ဒါများ ကလေးရယ်၊ အဖေကြီး အာမခံရမယ်ဆိုတာ ဝမ်းသာစရာပေါ့၊ မထိတ်သာ မလန့်သာနဲ့၊ တိတ်၊ တိတ်"

ဒေါ်လေး၏ နှစ်သိမ့်စကား။ အမေကမူ ယုံကြည်ပုံမရ။ မျက်ရည်ဝဲကာ အသေမျက်လုံးနှင့် သမီးကို အသက်မဲ့ တွေကြည့်နေသည်။

"အမေ အမေ မေမေ"

"ဟင် သ....သမီး"

ပင်ပန်းကြီးစွာ သက်ပြင်း ချ လိုက်ရသည်။ အမေ၏ အကြည့်ကို ရုတ်တရက် လန့်သွားသည်။ သတိမေ့သွားပြီ၊ တက်သွားပြီဟု ထင်လိုက်သဖြင့် အမေ့ကို ပြန်ဖက်၍ အထိတ်တလန့် ခေါ်လိုက်မိသည်။ အမေကလည်း အဖေ့သတင်း မကောင်းထင်၍ သမီးကို စိုးရိမ်သွားသည်။ သိသိသာသာ အသံက ပျက်သွားသည်။

"အန်ကယ် ဦးသန်းလှိုင်မြင့်က သဘက်ခါ ဖေဖေ အာမခံရမယ်တဲ့ မေမေ၊ ဖေဖေ အပြစ် မရှိနိုင်ဘူးတဲ့၊ အစိုးရ ကြေညာချက် ထုတ်ကတည်းက ဖေဖေ အိမ်ရှိ ရတနာ ပစ္စည်းအားလုံးကို ကျောက်သံပတ္တမြားဌာနမှာ စာရင်းတင်ထားပြီးသားပါတဲ့၊ ခုမှ သမီး မှတ်မိတယ်သိလား မေမေ၊ ဖေဖေက သမီးမှာ နတ်မျက်စိ ရှိသားလို့ မေးဖူးတာလေ၊ ရှိနေရင် ဥပဒေနဲ့ မလွတ်ဘဲ ဖြစ်နေမှာ စိုးလို့တဲ့လေ"

ပြုံးရယ်၍ ပြောသည်ကိုပင် အမေ၏ အကြည့်က မယုံသင်္ကာသေးသလိုပင်။ ဒေါ်လေး၏ သက်ပြင်းချသံကတော့ ခုမှ စိတ်သက်သာရာ ရသွားပုံ။





"ဒါများ ငိုစရာလား ကလေးရယ်၊ အာမခံ ရတယ်ဆိုရင် အမှုက တစ်ဝက်ပေါ့တာပဲ၊ အာမခံရဖို့ပဲ အရေးကြီးပါတယ်၊ မထိတ်သာ မလန့်သာပဲ"

စောစောက ထပ်တူထပ်မျှသော စကားကို ထပ်၍ထပ်၍ ဆိုလေသည်။ အမေ၏ သောကတစ်ဝက် ပေါ့သွားသော သက်ပြင်းချသံသည် နွေပါးသော အရပ်၌ အေးချမ်းဖွယ်ရာ ဖြစ်ချေသည်။

※ ※ ※

## အခန်း (၂၆)

"အဖေ" ဟု ခေါ်လိုက်ကာ တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်ပါသည်။ မျှော်လင့်ထားသောနေ့ရက်ထက် စော၍ အဖေအာမခံ ရလာသည်။ တစ်အိမ်သားလုံး ဝမ်းသာသွားကြသည်။ ပထမ တစ်ပတ်တုန်းကမူ သန်ဘက်ခါ အာမခံရမည်ဟု ဦးသန်းလှိုင်မြင့်က ပြောခဲ့သော်လည်း အာမခံမရခဲ့။ ယနေ့ မမျှော်လင့်သော နေ့မှ အဖေ့ကို ဦးသန်းလှိုင်မြင့်ကိုယ်တိုင် အိမ်အရောက်လာပို့သည်။

ရပ်နီးမိတ်ဆွေများနှင့် တစ်ညနေလုံး အိမ်တွင် လူစည်ကားနေသည်။

"ဦးဇော်လူသန်း ခရီးထွက်သွားတာ တော်တော် ကြာပြီလား ဒေါ်ယဉ်ဖေ"

"တစ်လ နီးပါး ရှိပါပြီ"





"အစိုးရ ကြေညာချက်ထုတ်တုန်းက ဒေါ်ယဉ်ဖေ့တို့ ကျောက်သံပတ္တမြားဌာနမှာ စာရင်းတွေ ဘာတွေ သွားတင်တာ ရှိလား"

အဖေသည် လူရှင်းသွားသည်နှင့် ဒေါ်ယဉ်ဖေ့ကို စကားသီးသန့်မေးသည်။ အဖေ့၏ စကားကြောင့် ဒေါ်ယဉ်ဖေ့ မျက်နှာ မသိမသာ ပျက်ချင်သည်။ "ကိုသန်း တင်ထားတာလား၊ ကျွန်မလဲ မမေးမိဘူး"ဟု တိုးတိုးဆိုသည်။ ဇော်မြင့်အောင်ကတော့ ရူပါ၏ မျက်နှာကိုသာ မလွှတ်တမ်း ကြည့်နေ၏။

"တိုင်ပင်စရာ ရှိလို့လား ဦး"ဟု ဇော်မြင့်အောင်က ဝင်မေး၏။ သူက ရူပါနှင့် သူ့ကိစ္စများလားဟု ထင်နေသလား မသိ။ မေးသံက အားတက်သရော ရှိလှသည်။

"အေးကွယ့်၊ တိုင်ပင်စရာရှိဆို ဦးဆီမှာ သက်ဆိုင်ရာက ပစ္စည်းလာသိမ်းတော့ မင်းအဖေပစ္စည်းတွေလဲ ပါနေလို့"

"ဒါက ကိစ္စမရှိပါဘူးဦးရယ်၊ ဖေဖေလာတော့ ရှင်းသွားပါလိမ့်မယ်၊ ဖေ့ာင်တော်ဦးဘုရားပွဲအမီ လွှတ်လာတာ၊အာမခံ ရလာတာ ကျွန်တော်တို့ သိပ်ဝမ်းသာကြပါတယ်"

သူစကားလွှဲမှန်းသိ၍လား၊သူနှင့်ပြောလည်း အချည်းနှီးပဲဟု သဘောထား၍လားမသိ။ အဖေ နောက်ထပ် စကားမပြောတော့။ အဖေနှင့် လုပ်ဖော်ကိုင်ဖက် ဘုရားလူကြီးတစ်ယောက်လည်း သတင်းကြား၍ ရောက်လာရာ စကား ပြတ်သွားကြသည်။

"ပွဲက ဒီနှစ် သိပ်စည်မယ်၊ ရပ်ကွက်လူငယ်အဖွဲ့တွေရဲ့ ဂီတဆည်းဆာတေးသံသာအဖွဲ့ကလဲ သုံးလေးပွဲတဲ့၊ မနည်းဘူး၊ သိပ်ပျော်စရာကောင်းမှာ"

ဇော်မြင့်အောင်က ရှုပါနား ကပ်၍ ပြော၏။

တစ်နှစ်တစ်ခါ ကျင်းပလေ့ရှိသော အထိကရ ဘုရားပွဲကို ရှုပါသည် ဇော်မြင့်အောင်ပြောမှ သတိရလိုက်မိသည်။ အဖေ့ အတွက် သောကတစ်ဝက် ငြိမ်းသွားပြီဖြစ်သဖြင့် အပျော်အပါး စိတ်ကူးနိုင်လေပြီ။ သတိရနိုင်လေပြီ။

* * *

အခန်း (၂၇)

အရိပ်အခြည်ကြည့်နေမှန်း စောစောကပင်ရိပ်မိထားသည်။ မသိကျိုးကျွန်ပြုထား၏။ မမြင်သလိုနေ၏။ နေ့လယ်က အိမ်ကို တစ်ခေါက်လာသေးသည်။ ဖျာဝယ်ပြီးပြီလား လာမေးတာ ဟု ဆို၍ အကူအညီ တောင်းမလားဟု သူ ငုံ့လင့်မှန်း ပြသသည်။ ဝယ်ပြီးပါပြီသာ ပြောလိုက်သဖြင့် သူ ပြန်သွားသည်။ ယခု ရုံဝသို့ သူ ရောက်လာပြန်သည်။ ရှုပါ စိတ်ကျဉ်းကျပ်သွားလေသည်။

"ဖျာနံပါတ်က ဘယ်လောက်လဲ"

"ဆယ့်နှစ်တဲ့"

ဇော်မြင့်အောင်က ခတ်တည်တည် လာမေးသည်ကို အားလုံးက အံ့သြသွားကြသည်။ ဒီလိုတောင် ဖြစ်နေကြပြီလား ဟူသော အကြည့်နှင့်မသင်းရီက ရှုပါ့ကို မျက်လုံးတစွေ့ ထောင့်

ကပ်ဝေ့ကြည့်သည်။ အဓိပ္ပာယ်ကို သိလိုက်သဖြင့် ရူပါက နှုတ်ဆွံ့သွားသည်။

"တစ်ချပ်တည်းလား"

"ဒီလောက် လူအုပ်နဲ့ တစ်ချပ်တည်းရမလား၊ ဆယ့်နှစ် ဆယ့်သုံး ဆယ့်လေး သုံးချပ်"

ပြောပြီးသား တစ်ချပ်၏ နံပါတ်ပါ ထည့်ပြောလိုက်သည်။ ဩော် ဩော် ဟု ပြုံး၍ ဆိုသည်။ ရူပါက သူ့မျက်နှာကို မကြည့်သဖြင့် အားမလို အားမရ ဖြစ်နေပုံရ၏။ တော်တော် မဏ္ဍပ်တိုင် တက်ပြချင်တယ်၊ အပိုတွေ လိုက်ကြော်ငြာနေတာ ပေါ့လေဟု စိတ်ထဲက မျက်မိလိုက်သည်။

"ဆယ့်နှစ် ဆယ့်သုံး ဆယ့်လေး ဆိုတော့ ခေတ်ပေါ် တီးဝိုင်းနားဘင်ပဲ၊ ရှေ့ဆုံးကဆိုတော့ ဒရုံသံ နားများ ငြီးနေကြမလား"

တစ်ယောက်တည်း ညည်းညည်း ပြောသည်ကို မည်သူကမှ စကားမပြန်မိကြ။ ခြေလှမ်း ရွှေ့ရွှေ့သာ လျှောက်နေကြ၏။

"စောစော နေရာ ဝင်ကြည့်ထားပါလား ဒေါ်လေး"

"မကြည့်ချင်သေးပါဘူးကွယ်၊ ခုမှ ဝင်မလို့"

ဒေါ်လေးနှင့် မသင်းရီက ကော်ဇောကြမ်းတစ်ချပ်ကို နှစ်ယောက် ဆွဲကိုင်၍ ရှေ့က ဝင်သွားကြသည်။ မသီ၊ ရူပါ၊ ဒေါ်ခင်ခင်ကြီးတို့ နောက်က လူလိုက်လာ၏။

သူ ပြောသလိုပင် ခေတ်ပေါ်တီးဝိုင်းနောက်က ဖျာနံပါတ်တွေကို တွေ့ရသည်။ မသင်းရီနှင့်ဒေါ်လေးတို့က ကော်ဇော ကြမ်းကို ဖျာပေါ် ဖြန့်ခင်းလိုက်ကြသည်။ဖျာအပြန့်ကို စောင့်ရင်း ရူပါတို့က မတ်တတ်ရပ်နေသည်။ ဇော်မြင့်အောင်က





ဖျာတန်း၏ တစ်ဖက်အစတွင် ခါးထောက်၍ မတ်တတ်ရပ် ကြည့်နေသည်။

ဖျာအဖြန့်တွင် အားလုံး ဝင်ထိုင်လိုက်ကြသည်။ သူက ခပ်သုတ်သုတ်ပြန်သွား၏။ ရူပါက ခုံ့ခနဲ တစ်ချက်အသံထွက် သွားသည်။ ဒေါ်ခင်ခင်ကြီးက ရူပါကို နားမလည်သလို ကြည့်၏။ ရူပါစိတ်ထဲမှာ ရယ်ချင်သွားသည်။ ဇော်မြင့်အောင် လုပ်ပုံက အိမ်က မိသားစုကို စိတ်မချ၍ လိုက်လာသည့်ပုံစံမျိုး၊ မိသားစု နေရာကဲတော့ စိတ်ချလက်ချပြန်ကြည့်ဟန်၊ နောက်သို့ တစ်ချက် ပြန်လှည့်ကြည့်သွားပုံက ပိုင်စိုးပိုင်နင်းသဘော၊ သူ့ဘက်ကတော့ ကျိန်းသေပေါက် တွက်ထားပုံရသည်။

"ငါ ကြားပါတယ်၊ ဟုတ်လား"ဟု ဒေါ်ခင်ခင်ကြီးက မတိုးမကျယ် မေးလာ၏။

"အမေတို့ နားပူနေတာနဲ့ ကျွန်မ စဉ်းစားပါရစေဦး ပြောထားပါတယ် ဒေါ်ဒေါ်"

ဒေါ်ခင်ခင်ကြီး သက်ပြင်းချသံကို ကြားလိုက်ရ၏။

ဇော်မြင့်အောင်က တကယ် လည်တာပဲဟု သူ ထင်သွားပုံ ရသည်။ ဤလိုနွားခြေရာလောက်မြို့ငယ်ထဲ၌ ဇော်မြင့်အောင်က ဖျာဝယ်ပေး၊ ဖျာနံပါတ်ရှာပေး၊ နေရာထိုင်ခင်း လုပ်ပေး သည်ကို မြင်ကြရုံနှင့် ဘာသဘော ဆိုသည်ကို ဤသူငယ်မ မသိ၍လား။ သိလျက်နှင့် ဆိုလျှင် လက်ခံထားပြီးသားလားဟု ဒေါ်ခင်ခင်ကြီး တွေးနေပုံ ရလေသည်။ မသင်းရီကိုမူ သူ့ သဘောထားပြောပြီးမှ စိတ်သန့်သည်။

"ကြွရောက်လာကြတဲ့ ရှေပွဲလာ ဧည့်ပရိသတ်များခင်ဗျာ၊ ကျွန်တော်များ ပြည်ကြီးရတနာ ဇာတ်သဘင်အဖွဲ့က ကပြ

အသုံးတော်မခံမီ ရတနာမြို့ရဲ့ ဝါသနာရှင် လူငယ်အဖွဲ့သုံးဖွဲ့က ဂီတဆည်းဆာ တေးသံသာများနဲ့ ဖြေဖျော်ကြမှာ ဖြစ်ပါတယ်၊ ပထမဦးဆုံး ဖြေဖျော်မည့် အဖွဲ့ကတော့ ဗိုလ်ကုန်း လူငယ်များရဲ့ တေးသီဂီအဖွဲ့ ဖြစ်ပါတယ်၊ ဒုတိယအဖွဲ့ကတော့ ရှမ်းတောရပ်က တေးနုဝေ အဖွဲ့ ဖြစ်ပါတယ်၊ တတိယအဖွဲ့ကတော့ အေးပြင်က ဂီတဥလီအဖွဲ့တို့ ဖြစ်ကြပါတယ်၊ နားသောတ ဆင်ကြပါ ခင်ဗျား”

ဗိုလ်ကုန်းလူငယ်များအဖွဲ့က စတင် သီဆိုကြသည်။ အများသုံးမှာ လက်ရှိရေပန်းစားနေသော အဆိုကျော်များ၏ ခေတ်ဟောင်း ခေတ်သစ် တေးများ ဖြစ်ကြသည်။ ငတီရိယို အဆိုတော်များဖြစ်ကြသော စိုင်းထီးဆိုင်၊ ကိုင်ဇာ၊ မင်းအောင်၊ မေဆွိ၊ ဖြူသီ၊ မိုင်တို့ သီချင်းများဟု သတိထားမိသည်။ ဝါသနာပါ၍သာ တက်ဆိုကြသော်လည်း မူရင်းအဆိုကျော်တွေကို မမီသဖြင့် နားမစွဲပေ။

မသင်းရီက လက်ကုတ်၏။ ဘာပါလိမ့်ဟု ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်မိသည်။ ဇော်မြင့်အောင်သည် သူတို့ရှိရာသို့ တန်းတန်းမတ်မတ် ဘေးဘက်က ဝင်လာနေ၏။ လက်ထဲတွင် နေကြာစေ့လှော်၊ မြေပဲလှော်၊ အချဉ်ထုပ်တွေကို ကော်ဇော ရှေ့ပုံ၍ ဒေါ်ခင်ခင်ကြီးနှင့် ရှုပါအနား ဖင်ရွှေ့ထိုင်သည်။ မသင်းရီက ကိုယ်ကို ထိန်း၍ ရှုပါကို မသိမသာ တိုက်သော အခါ ပို၍ အနေရ ကျပ်သွားသည်။ ဒေါ်လေး ပါနေ၍ ပြောင်ပြောင်တင်းတင်းတော့ မနောက်ရဲ။ မိုးအလင်း ကြည့်ကြမည်ဖြစ်သဖြင့် ညောင်းတတ်သူဒေါ်လေးက ခြေဆင်း ခြေဆန့်ကောင်းအောင်ဟု ဖျာသုံးချပ်ပင် ဝယ်ထားရာ နေရာ





လွှတ်တွင် မထိုင်နဲ့ဟု ပြောရအောင်ကလည်း အားနာဖို့ကောင်းနေသည်။ ဇော်မြင့်အောင်ကတော့ နေကြာစေ့လှော်၊ မြေပဲလှော်၊ ဆီးထုပ်တွေကို တစ်ယောက်တစ်ထုပ် နှစ်ထုပ်စီ လိုက်ပေးနေသည်။

ကော်ဇော်နှုတ်ခမ်းပေါ် ဖိနပ် ရောက်လာသဖြင့် ရှုပါက သူ့ခြေထောက်ကို မျက်စောင်းထိုးလိုက်၏။ ချက်ချင်း ခြေထောက်ကို ကော်ဇော်ရှေ့ ရွှေ့သွားသည်။ “ရော့လေ”ဟု အသံတိမ်တိမ်နှင့် နေကြာစေ့လှော်ထုပ်၊ ဆီးထုပ်တွေ လက်ထဲ အတင်း ထည့်ပေးသည်။ ငြင်းနေလျှင် လူတွေက ပိုအာရုံစိုက်ကြမည်စိုး၍ ဣန္ဒြေမပျက် ယူထားလိုက်ရ၏။

“ဘာသီချင်းတွေလဲ၊ ငါ နားငြီးပါတယ်”

ဒေါ်လေး အပြောကို မသင်းရီက နှုတ်ခမ်းမဲ့ပြ၏။

“ဒီသီချင်းက မိုင်ရဲ့ နာမည်ကြီး သီချင်း ဒေါ်လေးရယ်” ရှုပါက ရယ်၍ ပြောသည်။

“မြန်မာလား၊ ကြားပဲ ကြားဖူးပါတယ်”

“မြန်မာစစ်စစ်”

“ဘာလဲ မိုင်ဆိုတာ”

“ဗိုလ်နာမည် ဒေါ်လေးရယ်၊ လျှာယားတယ်လို့ အဓိပ္ပာယ်ရတယ်” ဇော်မြင့်အောင်က နောက်သည်။

“စောစောက ကြားလိုက်ပါတယ်၊ ကိုင်ဇာ ဆိုဟာက ကော”

“ကိုင်ဇာဆိုတာ အဂျာဘိုင်တို့ အီစမန် အီစွပ်တို့ရဲ့ အဖေလို့ ပြောတာ ဒေါ်လေး”

အားလုံး ဝိုင်းရယ်ကြသည်။

"ကျွန်တော်များ အေးပြင်ဂီတာဉ္စလီအဖွဲ့ရဲ့ ယခု ဖြေဖျော်မယ့် ဝါသနာရှင်ကတော့ ရတနာမြေကို အလည် ခေတ္တရောက်နေတဲ့ ညွှန့်သည် ကိုထွန်းကျော် ဖြစ်ပါတယ် ခင်ဗျား၊ ကိုထွန်းကျော် ဖြေဖျော်ရန် ကြွပါ"

တောမကျ မြို့မကျ အခမ်းအနားမှူး၏ အစီအစဉ်ဆုံးမှ သူသည် ခပ်ကုပ်ကုပ်ထွက်လာ၏။ ရှုပါတို့ လူအုပ်မှာ ဟင်-ဟယ် ဖြစ်သွားကြသည်။

"ဟဲ့ ဟိုသူငယ် မဟုတ်လား၊ ပြန်သွားပြီ ထင်နေတာ"

ဒေါ်ခင်ခင်ကြီးက မှတ်ချက်ချ၏။

မသင်းရီ ဒေါ်လေးနှင့် ဇော်မြင့်အောင်တို့၏ မျက်လုံးများသည် ရှုပါဆီ ဝေ့လာကြ၏။ စိတ်ထဲ ပို၍ ကျဉ်းကျပ်သွားမိသည်။ ဣန္ဒြေမပျက် သူ့ကို ကြည့်နေသဖြင့် သူ့ကို မြင်မှာပဲ။ ဇော်မြင့်အောင်နှင့် ယှဉ်ထိုင်နေတာ တွေ့မှာပဲ။ သူ့စကားကြောင့် ရုတ်တရက် အတွေး ရပ်သွားသည်။

"ကြွရောက် အားပေးကြတဲ့ ရွှေပွဲလာ ဧည့်ပရိသတ်များ ခင်ဗျား၊ ကျွန်တော်ဟာ ရတနာကို ခေတ္တ လာလည်တဲ့ ဧည့်သည်တစ်ယောက်ပါ၊ ခုလို အထိကရ ဘုရားပွဲတော်မှာ အေးပြင်ရပ် လူငယ်များရဲ့ ဂီတာဉ္စလီအဖွဲ့ထဲ ဝင်ရောက်ပြီး ဖြေဖျော်ခွင့်ရတာ အထူးပဲ ကျေးဇူးတင်ပါတယ်"

"ခွေးကောင် သောက်စကားက ရှည်လိုက်တာ"

ဇော်မြင့်အောင်က မကြားတကြား ပြောသည်။

"အဖွဲ့နာမည်က ဂီတာဉ္စလီဆိုတော့ အမှန်က ကျွန်တော်တို့ သီချင်း တေးဂီတတွေဟာ ဗုဒ္ဓကို ပူဇော်တဲ့ တေးသီချင်းပဲ





ဖြစ်ထိုက်ပါတယ်၊ ပွဲကလဲ ဘုရားပွဲပဲမဟုတ်လားခင်ဗျား၊ ဒါပေမင့် ပဏာမသီချင်းအပြီးမှာ ကျွန်တော်တို့ လူငယ်တွေဟာ နှလုံးသားနဲ့ ပတ်သက်တဲ့ သီချင်းများနဲ့ပဲ ပရိသတ်များကို ဖြေဖျော်သွားကြတာ သတိပြုမိကြပါလိမ့်မယ်၊ ခေတ်စကားနဲ့ ပြောရရင်တော့ ခံစားမှု သီချင်းတွေပေါ့ခင်ဗျား၊ အဲ တိုတိုပဲ အစီရင်ခံရရင် ပဉ္စသိခ် နတ်သားက ချစ်သူ ဒေဝစ္ဆရာ နတ်သမီးကို ရည်ရွယ်ပြီး ဗုဒ္ဓဘုရားဆီမှာ လျှောက်ကြားသလို ကျွန်တော့်ရဲ့ ဘုရားပွဲတော် သီချင်းကလဲ ဗုဒ္ဓဘုရားကို တိုင်တည်ပြီး အယူခံ လျှောက်ကြားတဲ့ သီချင်းပဲ ဖြစ်ပါတယ်၊ နားသောတ ဆင်ကြပါခင်ဗျား"

"ရွှေညွှန့်သည်ရဲ့ အပြောကတော့ သိပ်ကောင်းတယ်"

ရှုပါတို့ အနားက ကောင်မလေးတစ်ယောက်က မှတ်ချက်ချ၏။ ဇော်မြင့်အောင်ကတော့ ရှုပါ၏ မျက်နှာတွင်အဓိပ္ပာယ်ရှာသလို စိုက်ကြည့်နေသည်။ ရှုပါသည် မသိမသာ အံကြိတ်၍ ဣန္ဒြေ ဆည်ထားရသည်။

"တောင်စခန်းအလှ ရတနာမြို့ရဲ့ မဟီဘွေ့၊
ပတ္တမြား နီလာ ပေါ်ပြည့်ကြွယ်ဝ ဖြစ်ထွန်းရာ
အခြေ၊
မြန်မာကို ကမ္ဘာသိတာက ရတနာအတိပြွမ်းတဲ့မြေ၊
သမိုင်းကြောင်း ကောက်ရမှုင် ပတ္တမြားငမောက်ဏ
သက်သေ၊
သတင်းကြီးလွန်းလို့ အပန်းတကြီး လာရသူတွေ၊
အကျွေ့အကောက်များနဲ့ တောင်စောက် တောင်
မြင့်တွေက အံ့မခန်းပါလားလေ၊

သည်းလှိုက် ရင်ဖိုစရာ ပေါပါတဲ့ မောစရာ့
ရတနာမြေ ....၊

ဆလိုက်မီးရောင်ထဲတွင် တလက်လက်တောက်၍ ရွှေ့လျား နေသော သူ့မျက်လုံးအစုံကို ကြည့်ကာ ရှုပါရင်ထဲ လှိုက်ဟာ သွားမိသည်။ ဒါကြောင့် သူ့ကိုယ် သူ အနုပညာသမားဟု အယောင်ဆောင် ပြောရဲခြင်း ဖြစ်မည်။ ဆိုလိုက်တော့လည်း အသရေ စာသားတွေမှာ နားစွဲလောက်လေသည်။ သင်တန်း မျိုးစုံ တက်ထားသည်ဟု ဇော်မြင့်အောင် ပြောခြင်းမှာ အများကြီး ဖြစ်နိုင်ချေ ရှိလေသည်။

"မြေလွှာကြည့်ရင် အစဉ်နိတျာရဲ့ မထင်ဘဲရတဲ့
ရဘာနာတွေ၊
မသေ့အမှန် မှန်းပေမင့် အဖြုံး အကြမ်း အညံ့ပန်း
ပင် မရတာတွေ၊
ဩော်.... ဤမြေလွှာ ငိုကာရယ်ကာ မာယာ များ
တတ်ပလေး၊
ကြိုးစားလုပ်ကိုင်ရင်းက ဆင်းရဲသား ငမွဲဘဝ
ရောက်သွားကြတာတွေ၊
ချွေးတစ်စက် လက်တကြော မတင်းမကျဘဲနဲ့လဲ
အတောမသတ် ချမ်းသာသွားကြတာတွေ၊
တကယ် အမှန် တွေးကြည့်ရင် ကံပဲလို့ ဆိုရ
မလားလေ....၊

ရင်ထဲ တဒိတ်ဒိတ် ခုန်လာမိသည်။ အံ့ဩသောစိတ်နှင့်အတူ သူ၏ ဖြေဖျော်မှုစီးကြောင်းထဲ မျောပါနေမိ၏။ ဇော်မြင့် အောင်၏ မျက်နှာကို တစ်ချက် လှမ်းကြည့် ဖြစ်သည်။





မျက်တောင်မခတ်ဘဲ သူ့ကို ငေးတွေကြည့်နေသည်။ မှင်တက် မိနေ၏။

"ကိုယ့်ရင်မှာ ပွင့်တဲ့ နီလာပန်းလေး တစ်ပွင့်ရယ်၊
ခုတော့ ပတ္တမြားမြေ အငွေ့ရိုက်လို့ ကိုယ့်မှာ
ငိုရှိုက်နေရပြီလေ၊
ငိုကာ ရယ်ကာ မာယာမများပါနဲ့ အယူခံလွှာများ
တင်ဆက်ပါရစေ၊
တွေ့ကြစဉ် တဒင်္ဂတော့ ရတနာသူမလေး ပျူငှာ
တယ်၊
မေတ္တာတေးဖွဲ့တော့လဲ ခေါင်းကလေးညိတ်ပြတယ်
ဟော့ မကြာခင် အမြင်တစ်မျိုးစောင်းလို့ အသွင်
တစ်မျိုး ပြောင်းပြန်တယ်၊
မောင့်မေတ္တာ အနန္တ သူက လက်မခံပေ၊
ဘာကြောင့် မုန်းလဲ့ မေးစမ်းပါရစေ၊
အဖြေရှာမရလို့ အသည်းက နာရှုသူမယ်၊
နီလာ ပတ္တမြား သွေးသလို မောင့်အသည်းများ
တမြေ့မြေ့ သွေးနေသလားကွယ်၊
အကျိုးအကြောင်း စကားနဲ့ မောင့်ကိုများ ရှင်းပြ
ပါလား အချစ်ရယ်...."

လက်ခုပ်ဩဘာသံများ တစ်ရုံးလုံး လျှံသွားသည်။ ထပ်မံ၍ ပွဲတောင်းကြသည်။ သူက ငြင်းသည်။ တစ်ကြိမ်ပဲ ဆိုပြပါရ စေဟု သူက တောင်းပန်သည်။ ပရိသတ်က အော်ဟစ် တောင်းဆိုကြသည်။ သူက ငြင်းမြဲ ငြင်း၏။ နောက်တော့

ဂီတဥ္စလီအဖွဲ့က ကက်ဆက်နှင့် ဖမ်းထားသော အသံကိုသာ ဖွင့်ပြ၍ တောင်းပန်စကား ဆိုလေသည်။

"ဟင်း ဒီသူငယ်ကိုး၊ ကြည့်စမ်း ဆိုတတ်လိုက်တာ၊ သိပ်ကောင်းတာပဲ"

ဒေါ်လေးက မှတ်ချက်ချ၏။ ဒေါ်ခင်ခင်ကြီးနှင့် မသင်းရီတို့ကလည်း အံ့သြ ချီးကျူး စကား ဆိုကြသည်။ မျက်နှာမထားတတ်သူ နှစ်ယောက်ကတော့ ဇော်မြင့်အောင်နှင့် ရှုပါ။

အောင့်ထားသော အသက်ကို ပြင်းစွာ ချမိလိုက်သည်။ နှစ်ကိုယ်တည်းသာ နားလည်သော သီချင်းမှန်း သေးလူများပင် သိသွားနိုင်သည်ဟု တွေးမိ၏။ ဝဲလာသော မျက်ရည်စတွေကို ပုတ်ခတ်၍ သိမ်းဆည်း၏။ ပင်ပန်းကြီးစွာ အားထုတ်ရမှုက ရင်ကို ဖိုလာစေသည်။ သီချင်းမှာ ရတနာဝန်းကျင်တောတောင် ရေမြေနှင့် နှလုံးသား၏ စေစားချက် ပါမှန်း သိသာသည်။ အသံအကောင်းကြီး မဟုတ်သော်လည်း အဆိုပိုင် စာသားကောင်း၍ နားထောင်သူတိုင်း မျက်ရည် ဝဲမိကြသည်။

ဒေါ်ခင်ခင်ကြီးနှင့်ဒေါ်လေးတို့၏ ပဝါစက မျက်လုံးနားတို့ထိမှုကို သတိထားစဉ် ဇော်မြင့်အောင်၏ လှုပ်ရှားမှုက နှောင့်ယှက်သွားသည်။ ဇော်မြင့်အောင်သည် သူ့ သီချင်းစဆိုကတည်းက တည်ငြိမ်မှုနှင့် လှုပ်ရှားမှုမှာ ဟန်ချက်မညီဖြစ်နေသည်။ မှင်တက်မိနေရာကလည်း ကြမ်းကြမ်းတမ်းတမ်း ကိုယ်လက်တို့ကို ရှုတ်ခနဲ လှုပ်ခါနေတော့သည်





ရှုပါ ဇော်မြင့်အောင်ကို သတိထားမိလိုက်စဉ် သူသည် ရုတ်တရက် ထိုင်ရာက ထသွားသည်။ ပွဲရုံထဲမှ အပြင်သို့ ထွက်သွားတာ မြင်လိုက်ရလေ၏။

※ ※ ※

"ရှုပါ့လူက အဟုတ်ကြီးပါလား၊ နာမည်ကြီး အဆိုတော်ဖြစ်နိုင်တယ်နော်"

မသင်းရီစကားက အခံရှိထားသော ဒေါသကို လန့်ပြေးအောင် လုပ်သလို ရှိလေ၏။ ပေါင်ကို ဆွဲဆိတ်လိုက်၏။ ဒေါသနှင့်ရောသော ကြည်နူး ဆွတ်ပျံ့မှု တစ်ခုသည် ရင်ထဲ၌ နင့်ခနဲဖြစ်သွားသည်။ ပင်ကိုက သီချင်း ဝါသနာထုံသော ရှုပါ၏ရင်ထဲ သူ့သီချင်းက ဆို့စေ၏။ အဆုတ်ကိုပင် ဖျစ်ညှစ်ထားသလို ခံစားလိုက်ရသည်။

"သူ့ကို ဇော်မြင့်အောင်တို့ကတော့ ထောက်လှမ်းရေးလိုလို ဘာလိုလိုတောင် ပြောနေကြတယ်၊ သီချင်းဆိုကတော့ အဟုတ်ကြီးပဲ"

ဒေါ်လေး ကြားသွားမှာ စိုးလိုက်မိ၏။ ပြန်မပြောလျှင် မသင်းရီ အသံကျယ်ကျယ်က ပြန်မြည်လာမှာ စိုး၍ တိုးတိုး ပြောရ၏။

"ဟုတ်တယ် ပြောကြတယ်၊ သူတို့က သင်တန်းမျိုးစုံ တက်ထားတယ်လို့ ဇော်မြင့်အောင် ပြောဖူးတယ်"

မသင်းရီ၏ မျက်လုံးဒဏ်ကို မခံနိုင်တော့။ မပြောဘဲ ထားလျှင် ပိုဆိုးမည် ထင်၍ ပြောရ၏။

"အဖေ့ကိစ္စတောင်"

"အေး၊ ငါ့ကို ဇော်မြင့်အောင် ပြောတယ်၊ ရှုံ့ပါ့ အားနာလို့ မမေးမိတာ၊ ဒါပေမယ့် ဇော်မြင့်အောင် စကားကိုလဲ အတည်ယူရမှာ အခက်သားပါ၊ သူကားနဲ့ ပါလာကတည်းက ဇော်မြင့်အောင်တို့ နှိမ်ချင် ပြောချင်နေတာ"

နှုတ်ဆိတ်သွားသည်။ သူနှင့် ငါ တစ်ဒင်္ဂ ချစ်ခဲ့ကြသည်ကို မသင်းရီ၊ ဒေါ်ခင်ခင်ကြီးတို့များ သိသွားကြလေပလား ဟူသော အတွေးကို တွေးမိသောအခါ သူ့ကို ပို၍ နာကြည်းချင်လာပြန်သည်။ တတ်လဲ တတ်နိုင်ပါပေ့။ လူတွေကို သနားအောင် ကျလောက်အောင် ယုံလောက်အောင်လဲ လုပ်တတ်ပါပေ့။ သိလျက်နှင့် ခံခဲ့ရသည် တကား။ သူသည် အစွမ်းသတ္တိ ကြီးမားပေစွ တကား။

"လူကတော့ လူလည်ပဲကွ၊ မဟုတ်ပါစေနဲ့၊ မဖြစ်ပါစေနဲ့ ဆုတောင်းလိုက်ချင်တယ်၊ မင်းကို သိပ်ခင်တာပဲ၊ မင်းအပေ ကိစ္စ ဆိုတာကတော့ သူက မင်းနဲ့ ဒီလောက် ခင်တာ လုပ်ပါ မလား၊ ဇော်မြင့်အောင်များ မလိုလို့ သတင်းလွှင့်...."

ဇော်မြင့်အောင် ပြန်လာသည်ကို လှမ်းမြင်သဖြင့် မသင်းရီ က စကား ရပ်ပစ်လိုက်သည်။ မသင်းရီ စကားရပ်သွားသော် လည်း ရှုပါကတော့ အတွေး ရှည်လျားနေမိသည်။ မသင်းရီ စကားသည် သူ့ကို များစွာ သံသယဇဉ် နှောင်ဖွဲ့ သွားစေ သည်။ ဝတ္ထုတို့ ရုပ်ရှင်တို့ထဲကလို ရုပ်တူ ညီအစ်ကိုနှစ်ယောက် တစ်ယောက်က စုံထောက်၊ တစ်ယောက်က အဆိုကျော် အန ပညာသမား၊ ရှုပါ့ချစ်သူက အဆိုကျော်။ရုပ်တူ၍ စုံထောက်နှ မှားပြီး အမြင်လွဲကာ လမ်းခွဲကြသည်။ နောက်တော့ အမြ





မှန်၍ ပြန်ပေါင်း။ မည်မျှ ကောင်းလေမည်နည်း။ အတွေးတို့သည် အဆုံးအစ မရှိ ရှည်လျားလာလေသည်။

ဘုရားပွဲသုံးရက်တွင် ပထမ တစ်ရက်သာ သူ သီချင်းဆိုသွားသော်လည်း သုံးရက်စလုံး သူ့သီချင်းကို တိပ်နှင့်ကူး၍ ဖွင့်ကြသည်။ သုံး လေး ရက် အတွင်းမှာပင် သူ့ သီချင်းက ရတနာမြို့ရှိ လူငယ်လူရွယ်များ ပါးစပ်တိုင်း ရောက်သွားသည်။ ကက်ဆက်ရှိသူ လူငယ်တိုင်း သူ့သီချင်းကိုကူး၍ အိမ်မှာ မနား တမ်း ဖွင့်နေကြသည်။ သူ့သီချင်းကို ကြားရတိုင်း ရှုပါမှာ သံယောဇဉ်တစ်ဝက် နာကြည်းစိတ် တစ်ဝက်နှင့် ဒွန်တွဲကာ ရှုးမလောက် ခံစားရသည်။ သူ့သီချင်း ကြားရရင် ပိုရင်နာ သဖြင့် အိမ်လည်သွားရမှာပင် ဝန်လေးနေမိသည်။ အိမ်တိုင်း လိုလို သူ့သီချင်းသံက မြည်နေသည်။

ရွှေနေ ဦးသန်းလှိုင်မြင့်အိမ်ကို ရောက်ခဲ့ရာ၌ပင် သူ့သမီး ရတနာလှိုင်မြင့်က မမကကော သူ့သီချင်း ကူးမထားဘူးလား ဟု အမေး ခံရသည်။ ဘာမှ မသိသူက အရိုးခံအတိုင်း မေးသော်လည်း ရှုပါရင်ထဲ အပ်ဖျားနှင့် အသည်းကို လာဆွသလို အခံရခက်သွားမိသည်။ မျက်နှာပင် ပျက်မိသည်။ ယောင်၍ ခေါင်းညိတ်မိခဲ့သည်ဟု ထင်၏။

* * *

## အခန်း (၂၈)

"မင်း ကြွားပြီ ပြီလား"ဟု မသင်းရီက မနက်ပိုင်းတွင် လာမေးသည်။ ဈေးထဲက ကြွားခဲ့တာပဲဟု စကားကို ပေါ့သွားအောင် အသံကို ဖော့၍ပြောရသည်။ မသင်းရီက ရှုပါ၏ အပြောကို အားမရလှ်လား မသိ၊ စိန်းစိန်း ကြည့်နေ၏။

"တို့သွား သာတင်းမေးရင် ကောင်းမလား မသိဘူးကွာ"

"ဘာကိစ္စကြောင့် ဖြစ်တယ်လဲ မသိဘဲနဲ့ ရှုပ်ရှုပ်ရှက်ရှက်ဟာ၊ သူ့ကိုလဲ အမျိုးမျိုး ပြောကြတယ်မဟုတ်လားလို့"

အတတ်နိုင်ဆုံး ဝိဇ်ကို တင်းထား၍ ပြောရ၏။ ဘည်ကြွားထဲက အသံ တုန်ချင်သည်။ သူ့စကားကို မသင်းရီက သက်ပြင်း ချ၏။ သနားပါတယ်ဟု ထပ် ပြောသည်။

"မသေနိုင်ပါဘူးလို့ ပြောသံ ကြားတာပဲ"





"ဟုတ်တယ်တဲ့၊ မသေနိုင်ဘူးလို့ ပြောကြတယ်၊ ဂွေးပင်ကွေ့အဆင်းမှာ အပစ်စံရတာတဲ"

အားလုံး သိပြီးသား ကြားပြီးသားမို့ ထပ်၍ မပြောချင်တော့။

"ဘယ်သူတွေက ပစ်ပါလိမ့်မနေဉ်"

"ဘယ်သိမလဲ၊ သူ နေတာထိုင်တာ မဟုတ်လို့ နေမှာပေါ့"

"သူက အနေအထိုင် အလွန်တော်ပါတယ်ရှုပါရယ်၊ လူမှားလို့ မျှားလား"

"နေ့ခင်းကြီး လူမှားမလားဟာ"

အသံက မာပြတသွားသဖြင့် မသင်းရီက ရှုပါကို အံ့ဩသလိုကြည့်နေသည်။

"ငါတော့ ဆေးရုံ သွားကြည့်ရ ကောင်းမလား စဉ်းစားနေတယ်၊ ရှုပါ လိုက်မလားဟင်"

စကားက နှလုံးသားကို တိုက်ရိုက်ထိမှန်သည်။ ရှုတ်တရက် ဘာပြန်ပြောရမှန်း မသိ ဖြစ်သွားမိ၏။

"ဟင် ရှုပါသွားကြည့်ရအောင်ဟာ၊ ဒေါ်ခင်ခင်ကြီးပါ ခေါ်သွားကြမယ်၊ တုံမိတေဆွကြီး သနားပါတယ်ဟာ၊ သူ့အသိအကျွမ်းလဲ နည်းပါးတော့ သိပ်အားငယ်နေမှာပဲ"

နေ၍မရတော့ ငိုမိလိမ့်မည်ဟု ထင်လိုက်သည်။ ရှုတ်တရက် ထ၍ မျက်နှာလွှဲရ၏။ အပြင်ဘက် ပြူတင်းပေါက်ထဲ ခေါင်းထုတ်ထားလိုက်သည်။ ခံစားရသော ဝေဒနာကို ရင်စည်း၍ ခံရန် အင်အားတွေ ကုန်ခန်းသွားသလား ထင်လိုက်ရသည်။

"ဟင် ရှုပါ"

"ငါ ငါတော့ လိုက်လို့မဖြစ်ဘူးထင်တယ် မသင်းရီ"

ရှည်လျားသော ပင့်သက်နှင့်အတူ မျက်နှာကို ပြန်တည်၍ ပြောရ၏။

"ဘာဖြစ်လို့လဲ"

"စောစောက ပြောသလိုပဲ သူ့ကိစ္စက ဘယ်လိုလဲမှ မသိတာ၊ ကိုယ်တို့မှာလဲ အမှုနဲ့ဆိုတော့ ပြဿနာ ရှုပ်မှာစိုးလို့"

"အင်း...."

မဆိုင်တာဟု ခါတိုင်းလို မသင်းရီ ဇွတ်တရွတ် မလုပ်သည်ကိုသာ ကျေးဇူးတင်ရတော့သည်။ မသင်းရီကတော့ သူ သွားကြည့်မည်ဟု ဆိုသည်။ ကြည့်ချင်မြင်ချင်လိုက်သည်မှာတော့ အမှန်ပင်။ နှလုံးသား၏ စေစားချက်ကို ဦးနှောက်နှင့်အံကြိတ်၍ သိမ်းထားရသည်။ ယခင်က မချတတ်သော သက်ပြင်းသည် ယခုတော့ ရှုပါအတွက် ဝသီတစ်ခုလိုပင် ဖြစ်နေလေပြီ။ မသင်းရီပြန်သွားတော့ တစ်အားကျိတ်၍ ငိုပစ်လိုက်သည်။

* * *

နာရီပိုင်းလောက်သာ ကွာသည်။ ဒေါ်ခင်ခင်ကြီး ရောက်လာပြန်၏၊ မသင်းရီထက်ပင် ဆိုးသည်။ မျက်စိမျက်နှာ ပျက်နေ၏။

"ကြားပြီးပြီလားဟင်၊ဟိုသူငယ်လေ မနေ့ညနေက ဝွေးပင်ကွေ့အဆင်းမှာ သေနတ်ပစ်ခံရလို့တဲ့တော် ဒုက္ခပါပဲ၊ ဟင် ရှုပါ ကြားပြီးပြီလား"

ဒေါ်ခင်ခင်ကြီးကို စိန်းစိန်းကြည့်နေမိသည်။ ဒေါ်ခင်ခင်ကြီး၏ ပြန်အကြည့်ကို သိလိုက်သည်။ ခါတိုင်း သိပ်သွက်တဲ့





မိန်းကလေး ဘယ်လိုများ ဖြစ်သွားပါလိမ့်ဟု ထင်သွားပုံရသည်။ ရင်ထဲ ဆို့နေသည်ကိုတော့ သိပုံမရ။

"ကြားတယ်၊ ကျွန်မလဲ စိတ်မကောင်းပါဘူး ဒေါ်ဒေါ်"

မပြောဘဲနေလျှင် ပိုဆိုးမည်ကို သိ၍ ပြောရသောစကား။

"တော်သေးတာပေါ့၊ ပခုံးနဲ့လက်ပြင်ကြားထိလို့၊ ထမင်းစား လာခေါ်ရင်း ဝွေ့ပင်အကွေ့မှာ အပစ်ခံရတယ်တဲ့၊ ထမင်းကျွေးဖို့ လာဖိတ်တဲ့ ကောင်လေးကိုတောင် ဒီနေ့မနက်မှာမှ ပြန်လွှတ်လိုက်တယ်တဲ့၊ ရဲဘက်နဲ့စစ်ဘက်က အပူတပြင်း စုံစမ်းနေသတဲ့"

ညှိုးညှိုးနွမ်းနွမ်းရှိတတ်သော သူ့မျက်နှာကို ကွက်ခနဲ မြင်လိုက်မိသည်။ ရဲဘက်ကပါ လူ့အတွက် အပူတပြင်း စုံစမ်းနေသည်။ သူ သူ ဘယ်လိုလူလဲ။ သာမန် အသက်နှစ်ဆယ်ကျော် အရွယ်ကောင်လေးတစ်ကောင်အတွက်....

"တို့ သွားကြည့်ရအောင် ရှုပါ၊ မသင်းရီကိုပါ ခေါ်တာပေါ့"

ငိုချင်ရဲ့ လက်တို့ပါလားနော်ဟုတွေးလိုက်သည်။လားပြန်ပြီတစ်ယောက်။ သူနှင့်ပတ်သက်၍ လွတ်လွတ်လပ်လပ် တွေးချင်သည်။ စိတ်ထဲ တင်းကျပ်နေသည်တို့ကို မျက်ရည်နှင့်ဖြစ်ဖြစ် ဆေးကြောပစ်လိုက်ချင်သည်။တွေးရန် အချိန်မရ။ဆေးကြောပစ်ဖို့ဆိုသည်က ပို၍ ဝေးသည်။ အသည်းတွင် စွန်းထင်းသော အညစ်အကြေးလား၊ အမှတ်သင်္ကေတလား ဆိုသည်ကိုပင် ခွဲခြားဖို့ အချိန် မပေးကြ။

သူ့အား ကြည့်ရန် ခေါ်သည်ကို မသင်းရီအား ပြောခဲ့သောစကားနှင့်ပင် ပြန်ပြောလိုက်ရသည်။ "ဆိုင်တော့ မဆိုင်

ပါဘူးကွယ်၊ အင်းလေ နေရင်လဲ နေဦး၊ ငါတို့ အခြေအနေ သွားကြည့်ပါဦးမယ်''ဟု ပြောသွားသည်။

အပြင်ကို ငေးနေမိသည်။

စိမ်းဖန့်နုသစ်သော နွေဦးသစ်ရွက်တို့ကို လှမ်းမြင်နေရသည်။ ယောင်အာလဲပင်၏ ဖူးစပုရစ်နေသည့် အဆုပ်ဆုပ် သီးခဲနေသည်။ ညိုးခြောက်စပြုနေသော တောင်ဇလပ်ပန်းနွမ်းတွေကိုလည်း မြင်နေရသည်။ ဆောင်းတွင်းက သီးနှင်းကြောင့် သစ်ရွက်တို့ ဖူးဝေစချိန်မှာ ပန်းတို့က နွမ်းနေသည်။

နွေဦး၏ အသွမ်းသည် ရင်ထဲသို့ ကြေကွဲဆွတ်ပျံ့ဖွယ်ရာ ဝင်ရောက် လာလေသည်။ မျက်ရည်တို့ကို ဆည်းတားရန် မစွမ်းသာတော့။

✻ ✻ ✻

## အခန်း (၂၉)

ထမင်းဝိုင်းတွင် ဖြစ်နေသဖြင့် ဘယ်လိုမှ ရှောင်လွှဲ၍မရ။ စောစောကလည်း အမေနှင့်ဒေါ်လေးတို့ကို သည့်စကား ပြောကြားခဲ့ပြီ ပြောခဲ့ရပြီ။ ယခု အဖေ၏ စကားက ပို၍ အနေကျပ်လှသည်။ သိလျက်နှင့် တမင် ပြောတာလား၊ သရော်တာလားဟုပင် ထင်ချင်ချင် ဖြစ်သွားသည်။

''သမီးဆီ လာလည်တတ်တဲ့ မန္တလေးက သူငယ်ဆိုတာလေ၊ သေနတ်ပစ်ခံရလို့ ဆေးရုံရောက်နေတယ်တဲ့၊ သမီး သိပြီလား''

''ဟုတ်ကဲ့''ဟု ပြောလိုက်သော အသံသည် ပကတိအတိုင်းပင် ဖြစ်ရဲ့လားဟု စိုးရိမ်လိုက်ရသည်။ အဖေ့မျက်နှာကို ကြည့်ရမှာ ဝန်လေးနေ၏။

"ဘယ်လို ဖြစ်တာလဲ မသိဘူး၊ လူမှားလို့ပဲလား၊ ခုတလော ဘယ်ကို သွားသွား နေရာတကာတိုင်း သီချင်းတစ်ပုဒ် အသစ်ဖွင့်နေကြတာ ကြားရတယ်၊ မေးကြည့်တော့ အဲဒီသူငယ် ဆိုသွားတဲ့ သီချင်းလို့ ပြောတယ်၊ တို့ရတနာမြေရဲ့ တောတောင် ရေမြေ သဘာဝလဲ ပါတယ်၊ တစ်နေ့က အောင်နန်းမှာ ဦးထွန်းဖေသမီးတွေ ဖွင့်နေကြလို့ ဖေဖေ နားထောင်ခဲ့သေးတယ်၊ ကောင်းသားပဲ၊ အဆို တော်တော် ပိုင်တာပဲ၊ ဒီသူငယ်က အဆိုကျော်လား သမီး"

"မဟုတ်ပါဘူး ဖေဖေရယ်၊ အဆိုကျော်ဆို သမီးတို့ သိမှာပေါ့၊ အိမ်မှာ ရေဒီယို အဆိုကျော်တွေရဲ့ တိပ်တွေ အများကြီးပဲ၊ သူ့ သီချင်းတစ်ခွေမှ မရှိပါဘူး၊ ခု အဲဒီ ဖေဖေ နားထောင်ခဲ့တယ်ဆိုတဲ့ သီချင်းက ဖောင်တော်ဦး ဘုရားပွဲမှာ အေးပြင်က လူငယ်တွေနဲ့ သူ ဆိုသွားတဲ့ သီချင်းပါ၊ အဲဒီနေ့က သမီးတို့ သူကိုယ်တိုင် ဆိုပြသွားတာကို နားထောင်လိုက်ပါတယ်၊ ဒါလောက်လဲ မဟုတ်ပါဘူး"

သမီး အာသွက်မ စကား နည်းနေလျှင် အဖေ တစ်မျိုး တစ်မည် ထင်မှာစိုး၍ သိသလောက် ပြောလိုက်ရသည်။

"အေး....ကိုယ့်ထက်သာ မနာလိုဆိုသလို ဒီသူငယ်လေးကို မနာလိုတဲ့ လူတွေကများ မတော်တရော် ကြံကြတာလား၊ လူငယ်တွေဆိုတော့ အချစ်ရေးတွေ ဘာတွေနဲ့များ ပတ်သက်နေရော့လား၊ သီချင်းကလဲ အချစ်သီချင်းဆိုတော့ စဉ်းစားစရာပဲ၊ အဲဒီသီချင်းက ဘုရားပွဲမှာ ဦးဆုံးဆိုတာလား သမီး"





"ဟုတ်ကဲ့၊ ထင်တာပဲ အဖေရာ၊ သူ တခြားမှာ ဆိုဖူးလား မဆိုဖူးလားတော့ သမီးတို့ ဘယ်သိမလဲ၊ အဲဒီနေ့က ဒေါ်လေးလဲ ပါသားပဲ"

စကားရှည်တတ်သော အဖေနှင့်တော့ ခက်ပြီဟု တွေးလိုက်သည်။ သူ့ကို အဖေ ဘာကြောင့် ဤမျှ စိတ်ဝင်စားနေပါလိမ့်။ အိမ်လည်လာဖူး တွေ့ဖူးရုံ လူငယ်တစ်ယောက်ကို အဖေ ဤသို့ မေးခဲ့လှသည်။ ရုပ်ရှင်နှင့် ပတ်သက်၍ ယခင်က လူငယ်များစွာ လာကြသူတော့လည်း အများအပြားပင်။ သို့သော် ယခင် ညှော်သည်များကို အဖေကား မေ့မေ့ပျောက်ပျောက်။ သူ့ကျမှ တရေးတယူ မေးနေခြင်းမှာ အဖေ အဖမ်းခံရသည့် ကိစ္စနှင့်ပင် တကယ် ပတ်သက်နေ၍ စိတ်ဝင်စားနေခြင်းလား။

အတွေးကြောင့် တစ်ကိုယ်လုံး ထူပူသွားမိသည်။ အဖေသည် သိ လျက် နှင့် ပင် ဖြစ် လင့် ကစား အ ကြောင်း အရာ တစ်ခုကို ပြောရာ၌ တည့်တည့် ပြောခဲ့လှသည်။ သွယ်ဝိုက်၍ အကျိုးအကြောင်း အလျှင် ပြောတတ်သည်။ အိမ်က လူတွေ သဘောပေါက်ပြီး သိပြီးဟု ထင်လျှင် ဆက်မပြောတော့။ မသိမှ မရိပ်မိကြမှ တည့်တည့် နားဝင်အောင် ပြောတတ်၏။ ထို့ကြောင့် ယခုလည်း သမီး သိပါပြီ၊ သဘောပေါက်ပါပြီ ဖေဖေ ဟုသာ အော်ပြောချင်စိတ် ပေါက်လာသည်။

"ဘုရားပွဲတော်ရက်တမှ ဆိုသွားတဲ့ သီချင်းဆိုတော့ ဘာကြာသေးလို့လဲ၊ တစ်ပတ်ပဲ ရှိသေးတာပဲ၊ ဒီသူငယ်က ယဉ်ယဉ်ကျေးကျေးတော့ တော်တော် ရှိတာပဲ"

"အနုပညာသမားလို့ ပြောဖူးတာပဲ ဖေဖေ"

စကားပြတ်ပုဒ်စေဟု အတင်း ဝင် ပြောလိုက်၏။ သို့သော် အဖေ၏ စကားက မရပ်။

"ဟုတ်ပါလိမ့်မယ်၊ လူကြည့်ရတာတော့ နုနုနယ်နယ် သိမ်သိမ်မွေ့မွေ့ပုံပဲ၊ အဖေ အကျဉ်းထဲ ရောက်နေတုန်းက သူ့အသိ ကင်းက စခန်းမှူး ဦးခင်မောင်သန်းနဲ့ အဖေ့ကို လာတွေ့သေးတယ်၊ အဲဒီတုန်းက အပြင်လူတွေဆိုလို့ အိမ်ကမိသားစုနဲ့တောင် မတွေ့ရသေးတော့ အဖေ တော်တော် ကျေးဇူးတင်မိတယ်၊ သူက ဒုံးယားတစ်ထုပ်ကို ယူလာတယ်၊ ထောင်ထဲ အကျဉ်းထဲမှာ ဆေးလိပ်ဟာ ပိုက်ဆံပဲလို့ ကြားဖူးတာနဲ့ ဝယ်လာတာတဲ့၊ လူမှုရေးအရ အကူအညီလိုရင် ပြောပါတဲ့၊ စခန်းမှူးဦးခင်မောင်သန်းနဲ့ သူက ညီအစ်ကိုလို ခင်မင်တဲ့အကြောင်း ပြောတယ်၊ စခန်းမှူး ဦးခင်မောင်သန်းကိုလဲ သူက ဥပဒေက ခွင့်ပြုတာဆို ကူညီပါလို့ ဖေဖေ့ရှေ့တင်ပဲ ပြောတယ်၊ ဒါပေမယ့် ဦးခင်မောင်သန်းကတော့ သူ့အပိုင်မဟုတ်လို့ စုံစမ်းပေးပါ့မယ်ပြောတယ်၊ ဖေဖေကတောင် သမီးတို့ ပူပန်နေကြမှာ စိုးလို့ သူနဲ့ မှာလိုက်သေးတယ်၊ လာပြောလား မသိဘူး"

အဖေ၏ စကားက သူနှင့် ပတ်သက်သည်များကို အားလုံး သတိရစေသည်။ ရင်ထဲ ပိုဆို့လာ၏။ ဘာ ပြန်ပြောရမှန်း မသိလောက်အောင် ဖြစ်သွားသည်။

"အဲဒီတုန်း အဲဒီလူငယ် လာပြောသေးလား သမီး"

"ဘယ်နေ့ကလဲ ဖေဖေ၊ သမီးတို့က ဖေဖေ့အတွက် သိပ်ပူပန်နေကြတော့၊ နေ့ မမှတ်မိတော့ဘူး၊ လာတော့ လာပါတယ်"





အမေတို့ ဒေါ်လေးတို့ကို အလိုလို ဒေါသ ထွက်ချင်နေသည်။ တစ်စွန်းတစ်စလေးမျှပင် ဝင် မပြောကြ။ အဖေ့ရှေ့မှာ ရှုပါက အသက်ရှူကျပ်မိနေပြီ။

"လူငယ်လေပေမင့် စခန်းမှူး ဦးမောင်မောင်သန်းကတော့ သူ့ကို တော်တော် လေးစားပုံရတယ်၊ အဖေ့ရှေ့မှာကို အဲဒီလူငယ်ကို ဟုတ်ကဲ့ဆရာ၊ ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ခင်ဗျားတောင် ပြောတော့၊ အဖေ အံ့ဩ သွားတယ်၊ မမေးကောင်းလို့သာ မမေးမိတာ၊ ဆရာဆိုတဲ့ စကားက အဲဒီလူငယ်ဟာ တစ်ဖက်ဖက်မှာ အရာခေါ်လောက်အောင် သူ့ဂုဏ်ဒြပ်ရှိလို့ နေမှာပေါ့၊ အဲဒါကြောင့် သမီး သိလားလို့ အဖေက မေးတာပါ"

'အဲဒီဆရာပေါ့ အဖေ့ကို ဒုက္ခပေးသွားတာ' ဟု အော်ပြောလိုက်ချင်သည်။ သို့သော် မိမိတွင်လည်း ပြဿနာကို အိမ်ခေါ်လာမိသူမို့ ပြောမထွက်။ စကားက လည်ချောင်းထဲတစ်နေ၏။

မပြောရဲ မဖြေရဲ မရ။ အားလုံးက သူ့မျက်နှာကို ကြည့်နေကြသည်။

"ဂ စခန်းမှူးက ဆရာ ခေါ်တယ်ဆိုတော့ ဖေဖေ သိရော့ပေါ့ ဖေဖေ"

ငိုသံထွက်လာသော ရှုပါကို ဖေဖေက အံ့ဩသွားသည်။ ဒေါ်လေးနှင့် အမေကလည်း ထိပ်ထိပ်ပျာပျာနှင့် ရှုပါ၏ မျက်နှာကို လှမ်းကြည့်ကြ၏။ စိတ်ကို ဖြေလျှော့လိုက်တော့၏။

"သမီးကို ခွင့်လွှတ်ပါ ဖေဖေ၊ သမီး ရှိခိုးတောင်းပန်ပါတယ်၊ သမီးလဲ...."

"ဟွန် သမီး ဘယ်လို ဘာဖြစ်လဲယ်၊ ဖေဖေ့ကို ရှင်းရှင်း ပြောစမ်းပါဦး၊ နေစမ်းပါ၊ ဖေဖေ့ကို ပြောစမ်းပါ"

စိတ်ကို ဆည်ထား၍ မရတော့ ထမင်းဝိုင်းက ထပြေးမည် အလုပ်မှာ ဖေဖေက သူ့လက်ကို အတင်း ဆွဲထား၏။ "ပြော စမ်းပါ သမီး၊ ဘယ်လို အဖေ နားမရှင်းလို့" ဟုလည်း ထပ် မေးနေ၏။

"သူ သူက လျှို့ဝှက်စုံထောက်တဲ့ အဖေရယ်၊ သမီးတို့ကို ခင်ယောင် မင်ယောင်ဆောင်ပြီး ရတနာမှောင်ခိုသမားတွေကို ထောက်လှမ်းနေတာတဲ့"

"ဟင် တကယ်လား၊ သမီးကို ဘယ်သူ ပြောလဲ သမီး"

"ဒီလိုပဲ ပြောကြတယ် အဖေ၊ အဖေ အမှုဖြစ်ပြီးမှ သမီး တို့က သိရတာ၊ အဖေ့ကိစ္စမှာလဲ သူ အဓိကတဲ့၊ သမီးကို ခွင့်လွှတ်ပါအဖေ၊ ပြဿနာကို အိမ်ခေါ်လာမိတဲ့ သမီးကို ခွင့်လွှတ်ပါ"

"ဟေ့"

အဖေ မှင်တက်မိသွားသည်။ ဒေါ်လေးနှင့် အမေတို့ကမူ မျက်နှာ မထားတတ်အောင် ဖြစ်သွားကြ၏။ တွေးတွေးဆဆ အမြဲရှိတတ်သော အဖေ၏ အသံက ထင်ပေါ်လာပြန်သည်။

"ဪ ဒီလိုကိုး၊ တော်တော် တတ်နိုင်တဲ့ သူငယ်ပဲ၊ အဲသလို တော်လို့လဲ တမင် ရွေးလွှတ်လိုက်တာ ထင်ပါရဲ့၊ အကျဉ်းထဲမှာ လာတွေ့တော့ တော်တော် ခင်မင်သွားမိတာ၊ သားမရှိတဲ့ ငါ့အတွက် သားတစ်ယောက်လို ခင်မင်သွားမိ တယ်၊ ဒီလို အားကိုးအားထားရတဲ့ သားယောကျာ်း လေး တစ်ယောက်လောက်ရှိရင် ဘယ်လောက် ကောင်းလိုက်မလဲလို့ တောင် စိတ်အားတက်မိတယ်၊ ခု မေးတာကလဲ ကိုယ်ချင်းစာ စိတ်နဲ့ ညနေ ဆေးရုံသွားကြည့်မလို့ပါ၊ အစကတော့ သမီး





တောင် ခေါ်သွားဦးမလို့၊ မိဝေး ဖဝေးမှာ မတော်တဆ ဒဏ်ရာရနေတော့ အားငယ်နေမှာပဲလို့ သနားမိတယ်၊ ကြား ကြားချင်လဲ စိတ်မကောင်းလိုက်ဘူး၊ ခုတော့ သူ့အကုသိုလ်နဲ့ သူ ဖြစ်တာပဲ၊ ငါ့ကို သူ ဒုက္ခမပေးနိုင်ပါဘူး၊ ငါက ဥပဒေ ဘောင်တွင်းထဲ ရောက်နေပါပြီ၊ ငါ့ပစ္စည်းတွေကိုလဲ အားလုံး စာရင်းပေးထားပြီးသားပဲ၊ ခု ဦးဇော်လူသန်း ပြန်လာတာနဲ့ ငါ့အမှုက ပြီးသွားမှာပါ၊ ဒီသူငယ် ရေလိုက်လွဲတာပဲ၊ ဟဲ ဟဲ သနားတော့ သနားပါတယ်၊ အစိုးရဌာနမှာ ဒီလို လူငယ် တွေဟာ အများကြီးတက်လမ်းရှိသေးတာပဲ၊ သမီး မဟုတ်ပါ ဘူး၊ အဖေတောင် ခင်သွားပါတယ်ဆို၊ သမီးမှာ အပြစ် မရှိ ပါဘူး၊ သမီးတို့ အဖေတို့ရယ် မဟုတ်ပါဘူး၊ တွေ့တဲ့လူတိုင်း ခင်မင်ကြမှာပဲ၊ ဆက်ဆံရေး အပြောအဆို အနေအထိုင် အားလုံး တော်တယ်"

"တော်မှာပေါ့အဖေရဲ့၊ သူတို့က သင်တန်းမျိုးစုံတက်ထား တာတဲ့၊ ခု ဖောင်တော်ဦးဘုရားပွဲမှာ သီချင်းဆိုပြသွားတာသာ ကြည့်တော့၊ ခုဆို တစ်မြို့လုံး သူ့သီချင်း"

"အေးပေါ့လေ၊ ဒါကတော့ သူတို့အလုပ်ကိုးကွယ့်"

* * *

## အခန်း (၃၀)

နွေမဲ့သော အရပ်၊ နွေပါးသော အရပ် ဟု သူ ပြောခဲ့သည်ကို သတိရနေမိသည်။ နွေရောက်နေပါပြီ မောင်ရေ....ဟု ကြားလောက်အောင် အော်ပြောလိုက်ချင်သည်။ ဘယ်မှာလဲ နွေ တပေါင်းလေပေမင့် ချစ်ချစ်တို့ အရပ်ကတော့ ချမ်းတုန်းပဲ ဟု သူ ပြောမည် အမှန်။ ရင်ထဲကို လက်ညှိုးထိုး ပြချင်သည်။ နွေ ,နွေရင်ထဲကို ရောက်နေပါပြီ။

အမေက ဇော်မြင့်အောင်တို့အတွက် ကမ်းလှမ်းချက်ကို လက်ခံဖို့ နားပူအောင် တိုက်တွန်းနေသည်။ ဇော်မြင့်အောင်ကို ဘယ်လိုမှ ချစ်မရ။ သူ့ကိုလည်း နာကြည်းသည်။ အဖြေ မရ တိုင်း စိတ်ထဲက ဝေနောက်နေသည်။ အမေက အမျိုးမျိုး နားချသည်။ အားနာစရာ ကောင်းနေပြီ ဟု ဆိုတတ်သည်။ အဖေကတော့ သမီးသဘော။ သမီးဘာသာ သမီး ဆုံးဖြတ်။





သမီးနဲ့ ပေါင်းမယ့်လူ အဖေ ဘာမှ မပြောချင်ဘူး။ သမီး စိတ်ချမ်းသာရင် ပြီးရော့။ စိတ်ချမ်းသာဖို့ အရေးကြီးတယ်။ စိတ်ချမ်းသာမှုဆိုတဲ့ တန်ဖိုးကို အဖေတော့ ခု ကောင်း ကောင်း သဘောပေါက်ပြီဟု ဆိုလေသည်။

အဖေ့ စကားကို အများကြီး စဉ်းစားမိသည်။ စိတ်ချမ်းသာမှု ဆိုသောစကား အဖေ ပြောခဲ့သည်မှာ အကြိမ်ပေါင်း မနည်းတော့ဘူးဟု ထင်သည်။ ပုတီးစိပ်သောင် မဖြောင့်တဲ့ အလုပ်ဟု စပြောဖူးသည်တို့ကို အမှတ်ရနေမိသည်။

နွေရက်သည် ရွှေ့ရွှေ့ လှမ်းလာသည်။ နှင်းဆောင်းသော ကာလတို့သည် ပါးလျား၍ ကျန်နေခဲ့ကြလည်း။ နုညက်စိမ်းဖန့်သော သစ်ရွက်တို့ပင် စိမ်းစိမ်းညို ရင့်လာကြပြီ။ ဆီးနှင်းများကို မမြင်ရတော့ တောင်ချိုင့် လျှိုမြောင်ကြားတွင် မြူနှင့် မင်းလွင်တို့ ရစ်ပွဲစ ပြုနေကြသည်။ မနက် ထတွင် နွေးထွေးသော နေခြည်သည် အရုပ်တကာ၌ ထင်လာသည်။ တပေါင်း နွေ။

သည်ရက်ပိုင်းမှာ ရုံထဲ၌ ဒေါ်မြအစဉ် ဖိုလိုက် မောနေမိသည်။ စိတ်နွမ်းပါးမှု ဝေဒနာကို ယခင်က မခံစားဖူး။ အသည်းကွဲသည်၊ ရင်နာသည်ဆိုတာ ဒီလိုပါပဲလားဟု တွေးမိသည်။ မဖြစ်နိုင်တာကို ပြန်တွေးသော အတွေးတွေကမူ ထွေပြားလွန်းလှသည်။ တစ်ကြိမ်တစ်ခါမျှ မခံစားဖူးသော ဝေဒနာကို ရင်ထဲမှာ လှိုက်မော နွမ်းလျစွာ ခံစားရလေသည်။ ပင်ပန်းပေစွ။

* * *

## အခန်း (၃၁)

ဈေးကို ရောက်တော့ သူ့ကို ပို၍ သတိရမိသည်။ သူနှင့် ဈေးမှာ တွေ့ကြသည်တို့ကို မြင်ယောင်လာသည်။ လက်ဖက်ရည် အတူ သောက်ကြသည်တို့ကို အမှတ်ထင်လာသည်။ ထမင်းစားဖိတ်သည်တို့ကို တွေးနေမိသည်။ လက်ဖက်ရည်ဆိုင်ရှေ့ ရောက်တော့ ရွေ့ရွေ့လှမ်းလာသော ခြေလှမ်းတို့ တုံ့သွားမိသည်။ ရင်ထဲ နင့်ခနဲ ဖြစ်သွားမိ၏။

ဇော်မြင့်အောင်နှင့် ထူးမင်းသိန်းတို့ကို လက်ဖက်ရည်ဆိုင်တွင် လှမ်းမြင်ရသည်။ မျက်နှာကို လွှဲလိုက်မိ၏။ နောက်က လိုက်လာသော မသီကို ခြေလှမ်းတုံ့၍ စောင့်လိုက်သည်။

"ဒေါ်လေးကော မသီ"

"ရေတ်သီးခြောက် ဝယ်နေတယ်"



လက်ထဲ ကိုင်လာသော ပန်းဂေါ်ဖီထုပ် နှစ်ထုပ်ကို မသီ ဆွဲခြင်းထဲ ထည့်လိုက်၏။ သူ့မျက်လုံးတစ်စုံ့ကို ဘေးသို့ ဝေ့လိုက်ရသည်။

"ဝယ်ပြီးကြပြီလား"

ဇော်မြင့်အောင်သည် လက်ဖက်ရည်ဆိုင်က ဆင်းလာပြီး နှုတ်ဆက်၏။

"ဝယ်တုန်းပဲ"ဟု ပြောလိုက်ရသည်။

"ဒီအပတ် ဦးလေး ရုံးချိန်းရှိလား"

"ရှေ့အပတ်မှ"

"ဪ"

"မနက်ဖြန်မှ အိမ်လာခဲ့ဦးမယ်"

ဘာမှ ပြန်မပြောလိုက်မိ။ ဈေးထဲ ဖြစ်သဖြင့် နားထင်နားရင်းတွေ ပူနေသည်။ ဟိုတုန်းက အမြဲအနေသာဆိုလျှင် ဆဲလွှတ်မှာ အမှန်ပင်။ မည်သူ့ကိုမျှ မကြည့်မိသော်လည်း မျက်လုံးပေါင်းများစွာက ဇော်မြင့်အောင်နှင့် သူ့ဆီ ရောက်နေကြလိမ့်မည်ကို သိသည်။

"ဘာစားမလဲ မသီ"ဟု မေးမိသည်ကို ဇော်မြင့်အောင်က စကားဆုံးအောင် မစောင့်ဘဲ သူ့ကို မေးသည်အတင်နှင့် ဘာကျွေးမလဲဟူသော အမေးကို ရှက်ရှက်နှင့် တို့များတော့ မကျွေးဘူးလားဟု ခပ်ဝါးဝါး ဆက်ပြောသည်။

ဟိုတုန်းက ဆဲဆိုနေကျ၊ နောက်နေစနေကျဖြစ်သော်လည်း ယခု သူနှင့် စကားပြောရမှာ နှုတ်လေးနေမှန်း ဇော်မြင့်အောင်လည်း သိနေပုံရသည်။ ထို့ကြောင့် ရုပါကို နောက်ထပ် ဘာမှ မပြောတော့ဘဲ ဒေါ်လေးကိုသာ "တစ်ပတ်စာလား

ဒေါ်လေး၊ အားကြီးပါလား''ဟု လှမ်းပြောသည်။ ဒေါ်လေး တတော့ ဘာမှ သိပုံမရ။ ''အေးကွယ့်''ဟု ဆို၏။ ''အများ ကြီးပဲ ဟဲ့သဲ''ဟု လုပ်နေသေးသည်။

အောက်နှုတ်ခမ်းကို မသိမသာ ကိုက်ထားလိုက်ရသည်။ လူ တိုးတော့မှာမို့ များများ ဝယ်ရတာပေါ့လေ ဟူသော သဘောနှင့် စမ္မန်း သိလိုက်သည်။ ဟိုတုန်းက စိတ်နှင့်သာဆို လျှင် တွေ့ကရာနှင့် ကောက်ပေါက် ထုရိုက်မိသည်မှာအမှန်ပင်။ ခံပြင်းနေသော်လည်း ခုနေတော့ သည်းခံရမည်ကို သတိရမိ လိုက်လေသည်။ ထွေပြားသွားသောစိတ်ကို ပြန်၍ စုစည်း သိမ်းသွင်းနေရသည်မှာ ပင်ပန်းလွန်းလှသည်။

✻ ✻ ✻

အခန်း (၄၂)

''ဦးဇော်လူသန်းတို့ သားအဖကို ညက လာဖမ်းသွားတယ် တဲ့၊ ဈေးထဲက ကြားခဲ့ရတယ်''

ဒေါ်လေး၏ စကားသံသည် ကြားနိုင်ရုံမျှသာ ရှိသည်။ ဒေါ်လေး၏မျက်နှာကို အားလုံး ကြည့်မိသွားကြသည်။ အမေ ကမူ ထုံးစံအတိုင်း ထိတ်ထိတ်ပျာပျာ ဖြစ်တော့၏။ ဘယ်လူ ပြောလဲ၊ ဘယ်က ကြားလဲ မေးနေစရာ မလိုတော့။ မြို့၏ မျက်စိဖြစ်သော ဈေးက ပြန်လာသူ၏ စကားသည် တိကျ၏။

ဈေးကို ရောက်လျှင် သူ့ကို သတိရတတ်သည်။ ဇော်မြင့် အောင် တွေ့တတ်သည်မို့ ရှုပါ ဤနေ့ ဈေးမလိုက်မိ။ ဒေါ်လေးနှင့် မသီတို့သာ သွားကြသည်။

အမေက အဖေ့မျက်နှာကို မော့ကြည့်သည်။ သောက် လက်စ ကော်ဖီခွက်ကိုပင် ရပ်ထားလိုက်သည်။ ဒေါ်လေးကို

အဖေက နှုတ်ဖြင့်မဆို။ မျက်လုံးအကြည့်နှင့်သာ အသိအမှတ်ပြု၏။ ဒေါ်လေးက မီးဖိုဆောင်ဘက် လှမ်းထွက်သွားသည်။

တို့ဟူးသုပ်ကို အပြီးသတ် စားလိုက်သည်။ ကော်ဖီခွက်ကို လှမ်းယူရင်း အမေ့ကို မသိမသာ ကြည့်သည်။ အမေကမူ အဖေ၏ မျက်နှာကိုသာ ငေးနေ၏။

ကော်ဖီခွက်ကို အပြီးသတ် သောက်လိုက်၏။ လက်ကိုင်ပဝါနှင့် နှုတ်ခမ်းကို သုတ်သည်။ "ငါ သွားကြည့်ဦးမယ်" ဟု ဆိုသည်။

"ရှင် သွားလို့ ကောင်းမလား"

မဟုန်တားစပူး အဖေ့ကို အမေက ဟန့်တား၏။

"ဘာဖြစ်လို့လဲကွ"

"အို....ကိုယ့်မှာလဲ အမှုတန်းလန်းနဲ့၊ ဘာမှန်း ညာမှန်း မသိ၊ ကျွန်မ စုံစမ်းကြည့်ပါဦးမယ်"

"မဆိုင်တာ၊ ခုဒနခါ သွားမမေးရင် ပိုပြီး တစ်မျိုးထင်စရာဖြစ်ဦးမယ်၊ ငါ့အမှုနဲ့များ ပက်သက်နေလား၊ ငါကတော့ အရှိအတိုင်း ပြောမိတာပဲ၊ စာရင်းတင်ထားတဲ့ ထဲမှာ မပါတဲ့ ပစ္စည်းတွေဟာ ဦးဇော်လူသန်း လာအပ်ထားတာပါလို့၊ ပစ္စည်းကလဲ သိပ်မများပါဘူး၊ ငါ့အထင် သောင်းကြီးတောင် တန်ချင်မှ တန်မှာ"

တား၍ ရမည်မဟုတ် ဆိုသည်ကို အမေ သိသည်။ "ကျွန်မ လဲ့ လိုက်မယ်" ဟု အမေက ဆိုသည်။ အဖေက ရှုပါကို ကြည့်သည်။ ရှုပါက မျက်လွှာ ချပ်မိလိုက်၏။





"သမီးလဲ လိုက်ခဲ့၊ ခုနေခါ ဒေါ်ယဉ်ဖော့ တစ်ယောက်တည်း အားငယ်နေမှာပဲ၊ အားပေးစကား ပြောသင့်တယ်၊ သွားကြစာပေါ့"

"အားပေးတာကတော့ ဟုတ်ပါပြီ၊ သားအဖနှစ်ယောက် စလုံးဆိုတော့"

အဖေ့ကို ပြောရင်း အမေက ဒေါ်လေးကို လှမ်းခေါ်သည်။ ခုမှ အကျိုးအကြောင်း မေးရမှန်း သတိရသလို ဒေါ်လေးဆီသို့သာ စိတ်စောနေသည်။

"ဘာကြောင့် ဖမ်းတာတဲ့လဲ၊ ဘာကြားခဲ့လဲ"

"ဘာကြောင့် ဖမ်းတယ်ဆိုတာ ဘယ်လူမှ အတပ်မသိဘူး ပြောတယ် မမ"

"ဒုက္ခပဲ"

အမေက ညည်းသည်။ ထွေနေသော အဖေက သက်ပြင်း မသိမသာ ချ၏။

"ဒီလူ ဘယ်နေ့က ပြန်ရောက်ပါလိမ့်၊ ခရီးက ရောက် ရောက်ချင်း ဒီလာဖို့ ပြောထားတာ ဘယ်လို ဖြစ်ပါလိမ့်"

အမေနှင့် အဖေတို့ကြားတွင် ရှုပါက အနေကျပ်သွားမိလေသည်။

✻ ✻ ✻

တစ်ရပ်ကွက်တည်း ဖြစ်သဖြင့် ခြေကျင်ပင် လျှောက်လာကြသည်။ ရတနာတွင် နာမည်ကြီးသူဌေး ဖြစ်သော်လည်း မှည့်သူကမှ သတင်းလာမေးဝံ့ပုံ မရ။ အိမ်မှာ တိတ်ဆိတ်နေသည်။ ရှုပါတို့ မိသားစုကို မြင်တော့ အိမ်ဖေ ဒေါ်မဘီဏ

သံတံခါး ဆွဲဖွင့်ပေးသည်။ 'ကြီးတော်ဖော့၊ ရှုပါတို့ အိမ်သား တွေရယ်' ဟု လှမ်းပြော၏။

ငိုထားသော မျက်နှာ၊ မျက်ရည် မခြောက်သေးသော မျက်လုံးအစုံကို ပွတ်၍ ဇော်မြင့်အောင်တို့အဖေ ဒေါ်ယဉ်ဖော့ အခန်းထဲက တစ်လှမ်းချင်း ထွက်လာသည်။

"ထိုင်ကြပါရှင်" ဟု ငိုသံနှင့်ပြော၍ တစ်ချက် ထပ်ရှိုက်လိုက်သည်။

"ဘယ်လို ဖြစ်တာလဲဗျာ၊ နန်းသူ ဈေးက ကြားခဲ့ရတယ် ပြောလို့ လာမေးကြတာပါ"

"ညသန်းခေါင်ပဲ၊ သားဖ နှစ်ယောက်စလုံးကို လာခေါ် သွားကြတယ်"

"ရဲဌာနကပဲလား"

"ဟုတ် တဲ ဟုတ်ပါတယ်၊ အရပ်လူကြီးတွေလဲ ပါပါ တယ်"

"ဘာကိစ္စလို့ ပြောလဲ"

"ကျွန်မတို့လဲ ဘာမှ မသိရပါဘူး၊ ကိုသန်းကတောင် ရဲသားတွေကို အော်ပါသေးတယ်၊ ကျုပ်တို့ ဘာအပြစ်ရှိလို့လဲ၊ ဘာအမှုနဲ့ ဖမ်းလဲလို့၊ စခန်းမှူးနဲ့ အတူပါလာတဲ့ လူရှယ်တစ်ယောက်က ဦးမှာ အပြစ် ရှိ မရှိဆိုတာ ကျွန်တော်တို့လဲ မသိပါဘူး ခင်ဗျာ၊ အထက်က တာဝန်ပေးချက်အရ ခေါ်ပါ ဆိုလို့ လာခေါ်ရတာပါ၊ ဟိုရောက်တော့ ဦးတို့မှာ အပြစ် မရှိရင်လဲ ကျွန်တော်တို့ပဲ ပြန်ပို့မှာမို့ ခုတော့ ကျေးဇူးပြုပြီး တစ်ဆိတ်ကြွခဲ့ကြပါ၊ ရပ်ကွက်လူကြီးတွေလဲ ပါပါတယ် ဆိုပြီး ခေါ် သွားကြတာပဲ ဦးပါသောင်းရယ်"





"ဦးဇော်လူသန်း ပြန်ရောက်နေတာ ဘယ်နေ့ကလဲ"

"အင်း နှစ်ရက် သုံးရက်လောက် ရှိသွားပါပြီ"

"ဪ"

ဒေါ်ယဉ်ဖော့ တုံ့တုံ့ဆိုင်းဆိုင်း စကားကို အဖေက တစ်ချက် တွေသွားသည်။

"ကျွန်တော့်ကိစ္စတော့ သူ သိပြီးပါပြီနော်"

"ကျွန်မ သူ ခရီးပြန်ရောက်ကတည်းက ပြောပါတယ်၊ ဦးပါသောင်းနဲ့ အေးအေးဆေးဆေး တိုင်ပင်ရမယ်လို့ ပြောတယ်၊ သူနဲ့ မတွေ့ကြသေးပဲကိုး"

အဖေက ဘာမှ မပြော။ ဒေါ်ယဉ်ဖော့၏ မျက်နှာကိုသာ စိုက်ကြည့်နေသည်။

"ကဲ သောက်ကြပါဦး"

"ကျွန်မတို့ ခုလေးတင်ပဲ အိမ်က သောက်ပြီ ပြီ၊ ချက်ချင်း ကြားတာနဲ့ ထွက်လာကြတာ"

ကော်ဖီ လာချသည်ကို အမေက ပြော၏။

"ရပ်ကွက် လူကြီးတွေကိုတော့ တိုးတိုး တိတ်တိတ် မေး မကြည့်ဘူးလား"

"မေးကြည့်ပါတယ်၊ သူတို့လဲ ဘာမှ မသိဘူးတဲ့၊ ရဲမှူးက လိုက်ခဲ့ပါ ခေါ်လို့ လိုက်လာကြတာလို့ ပြောတယ်"

"ဘယ်ဟုတ်မလဲဗျာ၊ ရပ်ကွက်လူကြီးပဲ ပြည်သူ့ ကိုယ်စား လှယ်တွေပဲ သိမှာပါ၊ လောလောဆယ် မပြောချင်ကြသေးလို့ ဖြစ်ပါလိမ့်မယ်၊ ဒါနဲ့ ဘယ်လိုလုပ်ကြကောင်းမလဲ၊ ကျွန်တော် တို့ ဘာကူညီရမလဲ ပြောပါ"

"အောင်နန်းဆာ ကိုသန်း အစ်ကိုနဲ့ သား သူငယ်ချင်းကို ပြောဖို့ အိမ်က ဒရိုင်ဘာကို လွှတ်ထားပါတယ်၊ သူ ပြန်မလာသေးပါဘူး၊ သူပြန်လာမှ အကျိုးအကြောင်း သိရမှာပါ၊ ဘာဆက်လုပ်ရမယ်ဆိုတာလဲ သူ ပြန်လာမှဆိုတော့ ညနေကျမှ ကျွန်မ အကြောင်းကြားခိုင်းပါ့မယ်၊ ကျေးဇူးတင်ပါတယ် ဦးပါသောင်းရယ်"

"အိမ်ကို ရှာသေးလား"

"လုံးဝ မရှာပါဘူး"

"ဒါဆို ရတနာကိစ္စတော့ မဖြစ်နိုင်ဘူး"

"ရတနာကိစ္စတော့ မဟုတ်ဘူးလို့ ထင်တာပဲ၊ သွားရင်း လာရင်း လမ်းမှာများ တစ်ခုခု ဖြစ်ခဲ့လား ကျွန်မလဲ မသိသေးပါဘူး"

"ကောင်းပါပြီဗျာ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ သမီးလေး ကော်ဖီ သောက်သွားဦးလေ"

"ခုလေးတင်ပဲ အိမ်က သောက်လာလို့ပါ ဒေါ်ဒေါ်"

"လာလည်ပါဦးကွယ်"ဟု လိုက်ပို့ရင်း လမ်း၌ နှစ်ကိုယ်ကြား ပြောသည်။ ကျောက်တုံး လှေကားထစ် အဆင်းတွင် ဖြစ်သဖြင့် ရူပါက ခလုတ်ပင် တိုက်မိသွား၏။ အဖေ နောက်သို့ တစ်ချက်လှည့်ကြည့်သည်။ အားတုံ့အားနာဖြစ်နေ၍ သူ့သားနှင့် ရူပါတို့ကိစ္စ မေးချင်နေပုံရသည်။ သမီးလေးနဲ့ အဒေါ် သာတွေ့ဦးမယ်ဟုလည်း ဆိုသေးသည်။ ရူပါက အင်းလေလုပ် အဲမှလုပ် စိတ်ကျဉ်းကျပ်မိသည်။ ဆွဲလာသော လက်ကို မသိမသာ ဖြုတ်ထားခဲ့ရသည်။





"တွေ့လား၊ သူဌေးတစ်တော်ဆိုတာ ဘယ်လောက် အပြောအဆို အစီအမံ တော်လဲ၊ သူ့ဟာနဲ့ သူ ပြီးပြီသား ဖြစ်ချင်ဖြစ်နေမှာ၊ ကျုပ်တို့ကသာ ကြားက ပူနေကြတာ"

အဖေက လမ်း၌ အမေ့ကို ပြော၏။

"နန်းရူကတော့ ဖြစ်လိုက်ရင် ငိုဖို့ပဲ၊ သူများကိစ္စတောင် သူ့ဆ ကြားတဲ့က ခြေမကိုင်မိ လက်မကိုင်မိနဲ့ မနက်ဆ ကျုပ် မြင်ပါတယ်"

"ကျွန်မက အဲဒါကြောင့်လဲ သူဌေးသတော် မဖြစ်တာပေါ့ရှင်၊ ရှင်ကလဲ သူဌေးမှ မဟုတ်တာ၊ ကျောက်သွေးသမားပဲ၊ ဟိုခေတ်က ချာပရာစီတွေ လုပ်တာ"

အမေက အပြုံးစစနှင့် ပြော၏။

"ကျုပ်ကလဲ ခင်ဗျားကို သူဌေးသမီးတွေထက် ဘာကိုမက်လို့ စွဲမိမှန်း မသိပါဘူးဗျာ"

"တော်၊ ကလေးကလားတွေ ကြော်ငြာမနေပါနဲ့၊ တော့်ကို သူဌေးသမီးတွေ မက်မှန်း ရတနာတစ်မြို့လုံးက သိပါတယ်"

ဖေဖေ လူပျိုဘဝက သူဌေးတွေ သူဌေးသမီးတွေ မျက်စိကျခဲ့ကြသည်ဟူသော သတင်းကိုတော့ ရူပါ ငယ်စဉ်ကပင် ကြားထားဖူးသည်။ သို့သော် ဤအကြောင်းကို အဖေသည် တစ်ခါမှ လေသံမဟဖူး။ ဤနေ့မှ ဘာကြောင့် ပြောလေသည်ကို ရူပါမှာ မတွေးတတ်။

အပျော်မပျက် မပြောဖူးသော အဖေသည် ငါ့စိတ်ကို သိ၍ ပြောလေသလား။ ငါ့ရှုပ်ကိုများ သတိထားမိနေသလား၊

ဇော်မြင့်အောင်အတွက် ငါ သိပ်ပူပန်နေပြီလို့ များ ထင်သွားလေသလား။

အတွေးတို့သည် ခေါင်းထဲ မဆံ့အောင် ဖြစ်သွားမိသည်။

''ဒီနှစ် နွေ သိပ်ပူတာပဲ''ဟု ကျောက်တုံးလှေတားထစ်ပေါ် လှမ်းတက်ရင်း အဖေက ပြော၏။ ''တပေါင်းလပဲတော်၊ ဒီလောက်တော့ ပူမှာပေါ့''ဟု အမေက ဆိုသည်။

''တန်ခူး ကဆုန်ဆိုရင် နေတောင် ရပါ့မလား''

အဖေ၏ စကားက မရပ်သေး။

''တန်ခူး ကဆုန်ဆို မိုးရွာပြီပဲတော်၊ ပူစရာမရှိ တွေးပူနေလိုက်တာ''ဟု အမေက ပြောသည်။

အဖေ ပြောမှ မှန်းတည့်နေသည် တကယ် ပူလွန်းသည်ဟု ထင်လိုက်မိသည်။

* * *

## အခန်း (၃၃)

သည်ရက်ပိုင်းမှာ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းမှု အလျှင်းမရှိ။ စိတ်ကို ပကတိအတိုင်း မထားနိုင်။ ချစ်သူ၏ လှည့်စားခံရမှုနှင့် မချစ်မနှစ်သက်သူ၏ ဒုက္ခသောကတို့ကို နှလုံးသားဗာတစ်ပြိုင်တည်း ခံစားနေရသည်။ ရက်ပိုင်းမျှသော ကာလတွင် မြန်ဆန်လွန်းသော အပြောင်းအလဲ အဖြစ်အပျက်တို့ကြောင့် စိတ်သောကကို ငြိမ်းသတ်မရသလို ဖြစ်နေမိသည်။

ဇော်မြင့်အောင်တို့ သားအဖကို လုံးဝ တွေ့ခွင့်မရကြသေးဟူသော သတင်းကို အမေ့ဆီမှ တစ်ဆင့် ကြားရသည်။ အမေသည် သူတို့အိမ်သို့ နေ့စဉ် လိုလို ရောက်သွားတတ်သည်။ ပြန်လာ၍ အမေ ပြောသော စကားကား ဘာမှ ထူးခြားမှု မရှိ။

ဘယ်နေရာ သွားသွား လူတွေ၏ မျက်လုံးများသည် သူ့ကို စူးစမ်းသော အကြည့်များနှင့် ဝိုင်းကြည့်နေကြသည်ဟု

စိတ်ထဲ ထင်နေသည်။ ဇော်မြင့်အောင်တို့ဘက်က မည်သည့်သတင်း လွင့်ထားသည် မသိ။ ဇော်မြင့်အောင်တို့ သားအဖနှင့်ပတ်သက်၍ ဘာကြားသေးလဲ၊ လူချင်းတွေ့ရပြီလား၊ ဘာကိစ္စ ဖမ်းတာလဲ ဟူသော အမေးများကို ရူပါအား မေးကြသည်။ အမေးခံရတိုင်း ရူပါမှာ စိတ်ကျဉ်းကျပ်မိသည်။

မိမိက မည်သို့မျှ မပတ်သက်သလို ဖြေသည်ကိုပင် မယုံသက်ာသော အကြည့်၊ မယုံသက်ာသော ရိပ်တိပ်တိပ်စကားတို့နှင့် မသိသား ဆိုးဝါးစွာ မေးတတ် ကြည့်တတ်ကြသည်ဟု ထင်နေမိသည်။

အပြင်ထွက်ရမှာ စိတ်ကျဉ်းကျပ်နေသော ရူပါသည် အိမ်ထဲ၌ ကုပ်နေမိသည်။ ဤသည်ကိုပင် မသိသူများက ဇော်မြင့်အောင်အတွက် ပူပန်၍ အိမ်က အပြင်မထွက်တာဟု ထင်ကောင်း ထင်ကြလိမ့်မည်။ အမှန်မှာ သူ့အတွက် နာကြည်းကြေကွဲစိတ်နှင့် လွမ်းဆွေးပူပန်မိသော စိတ်တို့က ယခုထိ လွန်ဆွဲ ယှဉ်ပြိုင်လျက် ရှိကြလေသည်။

* * *

အခန်း (၃၄)

နွေလယ်က လာပို့သွားသော ရက်ပတ် သတင်းစာများကို အဖေသည် ပက်လက်ကုလားထိုင်တွင် မှေးဖတ်နေသည်။ အမေနှင့် မသီက ဈေးပိုင်းဘက် ထွက်သွားကြသည်။ ဒေါ်လေးက မီးဖိုချောင် ဝင်နေ၏။

ရူပါ အိမ်ပေါ်ထပ်သို့ တက်လာသည်။ လိပ်ကာကို ဖယ်လိုက်သည်။ ပြတင်းမှန်တံခါးကို ဖွင့်လိုက်၏။ နွေဦးလေသည် ရှတ်ခြည်း ဝင်လာသည်။ ခုတင်ပေါ်တွင် မှောက်လှဲလိုက်သည်။ ခေါင်းအုံးကို တစ်ဘောင်နှင့် ထောက်သည်။ လက်ဖဝါးပေါ် မေးတင်တာ အပြင်သို့ ငေးနေမိသည်။

နေရောင်ထဲတွင် လှုပ်ရှားနေသော နွေသစ်ရွက် စိမ်းရင့်ရင့်တွေကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေသည်။ မြင်ကွင်းထဲက အရာဝတ္ထုများသည် စိတ်၌ စွဲထင်ခြင်း ကင်းနေ၏။ အမြဲတမ်းသည်

အသိဥ္စ မရှိ။ ရင်ထဲ ဟာနေသည်။ လွမ်းမော ကြေကွဲဖွယ်ရာ ကောင်းသော နေ့ပါလားဟု တွေးနေသည်။ စိတ်သည် ခန္ဓာအိမ်ထဲက ထွက်သွားသည်။ ကျယ်ပြောသော ဟင်းလင်းပြင်ထဲ စီးမျောနေ၏။

"သမီးရေ၊ သမီး"

"ရှုပါ၊ ရှုပါ"

ထိတ်ထိတ်ပျာပျာ ခေါ်သော အဖေ၏ ထပ်ဆင့် ခေါ်သံများကို သတိပြုမိလိုက်သည်။ အိပ်ရာပေါ်က ကမန်းကတန်း ထထိုင်မိ၏။ "သမီးလာပါဦး၊ လာပါဦး" ဟူသော ခေါ်သံကြောင့် ထိတ်၍ သွားမိသည်။ အစဉ် တည်ငြိမ်တတ်သော အဖေ၏ အသံသည် ထူးခြားစွာ လှုပ်ရှားနေသည်။

"ရှင်"ဟု တစ်ခွန်းသာ ထူးလိုက်ပြီး အောက်ထပ်သို့ အလျင်စလို ဆင်းလာမိသည်။ ခြေလှမ်းတိုင်းသည် မပြေးရုံတမည်သာ ရှိသည်။ အဖေ ဤသို့ အရေးတကြီး ခေါ်သံကို တစ်ခါမှ မကြားဖူး၊ မကြုံဖူးဟု ထင်မိသည်။

အဖေ့ရှေ့ဥ္စ ရပ်လိုက်သည်။ အကြည့်က စူးရှနေသည်။ အဖေ ပက်လက်ကုလားထိုင်ဥ္စမဟုတ်တော့။ ကြမ်းခင်းပြင်တွင် မတ်တတ်ရပ်နေသည်။ လက်တစ်ဖက်က သတင်းစာကို ကိုင်ထား၏။ မျက်မှန်ထဲက အဖေ၏ မျက်လုံးသည် လက်လက်တောက်နေလေသည်။

"ဟိုသူငယ်ကို လျှို့ဝှက်စုံထောက်လို့ ပြောတာ ဘယ်လူတွေလဲ သမီး"





ရှုပါ့ကို စူးစူးစိုက်စိုက် ကြည့်၍မေး၏။ တစ်ခုခု ထူးခြားလေပြီဟု စိတ်ထဲက သိလိုက်သည်။ ဖြေကြားမိသော အသံက တုန်နေသည်။

"ဇော်မြင့်အောင်တို့က ပြောတယ် ဖေဖေ"

"ဖေဖေ အဖမ်းခံရတဲ့ ကိစ္စကလဲ အဲဒီ သူငယ်လက်ချက်ပဲ ဆိုတာကကော"

"သူတို့ပဲ ပြောတာ အဖေ"

"အင်း....ငါ့သမီးကလဲ ပါးသလိုလိုနဲ့ တယ် ထူသေးတာကိုး"

ဘာ ဆိုလိုမှန်း မသိသဖြင့် အဖေ၏ မျက်နှာကို ငေးကြည့်နေမိသည်။ အဖေက ပြုံးလိုက်သည်။

"သဘောပေါက်ပြီလား သမီး"

"ဘာကိုလဲ အဖေ"

ဤတစ်ခါ အဖေက အသံမျှင်းမျှင်းနှင့် ရယ်သည်။

"တတ်လဲ တတ်နိုင်ကြပါပေ့ဗျား၊ ကဲ သမီး ဒီသတင်း ဖတ်ကြည့်စမ်း"

အဖေ ကမ်းပေးသော သတင်းစာကို လှမ်းယူလိုက်သည်။ အဖေက သတင်းကော်လံကို လက်ညှိုးနှင့် ထိုးပြထားသည်။

မတ်တတ်ပင် သတင်းကို ဖတ်မိသည်။

စာရေးဆရာ သူလျှိုပ ရတနာဥ္စ သေနတ်ပစ်ခံရခြင်း။

အမှုနှင့် ပတ်သက်၍........

× × × ×

× × × ×

× × × ×

အခဖေ၏ မျက်နှာကို မကြည့်မိ။ ရှည်လျားသော သက်ပြင်းကို ပင်ပန်းတကြီး ချမိလိုက်သည်။ သူ့အား ဇော်မြင့်အောင်တို့က ထောက်လှမ်းရေးဟု ထင်ကြခြင်းမှာ သူ့ပယောဂလည်း ပါသည်။ ဇော်မြင့်အောင်တို့ ရှိန်းသွားအောင်ဟု တမင်လုပ်ကြံ၍ ပြောမိခြင်းမှာ သူ့အား သေနတ်ပစ်ခံရလေအောင် ပြောလိုက်သကဲ့သို့ပင်။ ဇော်မြင့်အောင်တို့အား အထင်သေးမိခြင်းမှာ သူ၏ အမှားပင်။ ဤမျှထိ လုပ်ဝံ့ကြလိမ့်မည်ဟု မထင်မိခဲ့။ သူ့အဖေတွင် သေနတ်ရှိမှန်းလည်း ရူပါ မသိခဲ့။ သူက ဂီတစာဆိုပါ၊ စာရေးဆရာပါဟု အမှန်အတိုင်း ပြောသည်ကို နောက်ပြောင် ပြောခြင်းဟု အထင် မှားခဲ့သည်။ အချို့သီချင်း ဝါသနာပါသော်လည်း အဆိုကျော်နှင့်သီချင်းကိုသာ တွဲဖက် သိပြီး တေးရေးသူ ဂီတစာဆိုကို အမှတ်မထားမိ။ ရုပ်ပြဝတ္ထုတွေ ဖတ်တတ်သော်လည်း ဘာသာရပ် ဆိုင်ရာ စာအုပ်များကိုသာ ရေးတတ်သော စာရေးဆရာနှင့်သူ အလှမ်းဝေးခဲ့သည်။

ရင်ထဲမှာ လှိုက်တက်လာမိသည်။ ရစ်ဝဲလာသော မျက်ရည်များနှင့် အခဖေ၏ မျက်နှာပင် အမြင်တွင် ဝါးနေသည်။ အဖေ၏ သက်ပြင်းချလိုက်သံသည် သူ၏ နှလုံးသားကိုပင် တုန်ခါသွားစေသည်။

“လူမှုရေးအရ သိပ်ညံ့ဖျင်းရာ ကျနေပြီ သမီး၊ ဖေဖေတို့ သွားကြည့်ကြမှ ဖြစ်မယ်၊ ဟိုရောက်မှ တောင်းပန်ရမှာပဲ၊ မသေကောင်း မပျောက်ကောင်းကွယ်”

စကားကို ခဏ ရပ်ထားသည်။ ရူပါသည် ဖေခဖေ့မျက်နှာကို မကြည့်မိ။ မတ်တတ်ရပ်၍ မျက်လွှာချထားမိသည်။





“အသက် နှစ်ဆယ်ကျော်ဆိုတော့ ကလေးပဲ ရှိသေးတာ၊ သားသမီးချင်း ကိုယ်ချင်းစာသင့်တယ်၊ တစ်ပြည်တစ်ရွာမှာဆိုတော့ သိပ်အားငယ်နေမှာပဲ၊ ဖေဖေတို့ကိုတော့ သိပ်ရိုင်းတဲ့ လူတွေလို့ ထင်နေလိမ့်မယ်၊ သူ့ဆီ သမီး တစ်ခါမှ သွားမကြည့်ဖြစ်ဖူး မဟုတ်လား”

ဝမ်းနည်းစွာ ခေါင်းညိတ်မိသည်။

✻ ✻ ✻

## အခန်း (၃၅)

"နေ နေ သမီး၊ အဖေ မောင်းမယ်"

အဖေက ဟန့်တားလိုက်သည်။ သော့ဖွင့်သော လက်ကို ပြန်ရုပ်၍ နေရာ ရွှေ့လိုက်သည်။ ဖေဖေ ကားပေါ် လှမ်းတက်လာ၏။

ရင်ထဲမှာ ငိုကြွေးနေသည်ကို ဖေဖေ သိသည်ဟု ထင်သည်။ ကားမောင်းရင်း ဖေဖေ ပြောလာသော စကားများကို နားထဲ၌ မကြားတစ်ချက် ကြားတစ်ချက် ရှိသည်။ ဇော်မြင့်အောင်တို့ သားအဖ အကြောင်းနှင့် သူ့ အကြောင်းတို့ကို ဆက်စပ် ပြောနေခြင်းလောက်သာ အကြမ်းဖျဉ်း သဘောပေါက်သည်။ စိတ်က သူ့ ဆီသာ ရောက်နေသည်။ ခုနေ သူ ဘယ်လိုနေပါလိမ့်။ လာကြည့်ဖော်တောင် မရတဲ့ ငါ့ကို သူ စိတ်နာနေမှာပဲ။ ဇော်မြင့်အောင်နဲ့ ငါ့သတင်းလဲ သူ ကြား





မှာပဲ။ သူ သိပ်အားငယ်နေမှာပဲ။ ချစ်သူလဲ ပစ်ပယ်ခြင်းခံရ၊ သေနတ်ပစ်လဲ ခံရတော့ ရတနာကို သူ သိပ်စိတ်နာနေမှာပဲ။ နွေမွဲ့သောအရပ် နွေးပါးသောအရပ် သိပ်အေးချမ်းတဲ့ အရပ်ဟု သူ ပြောသော စကားများကို ကြားယောင်နေမိသည်။

ဆေးရုံရှေ့တွင် ကားရပ်သည်။ အတွေးတွေ အားလုံး ပြတ်စဉ်သွား၏။ ချက်ချင်း ကားပေါ်က ဆင်းသည်။ ရင်ထဲ တဒိတ်ဒိတ် ခုန်လာသည်။ အဖေလည်း မြန်၏။ ဆေးရုံပေါ် လှမ်းတက်တော့ အဖေ့ ခြေလှမ်းကို သူ မမီ။ နောက်ကသာ လိုက်မိ၏။ စုံစမ်းရေးဌာနတွင် သားအဖနှစ်ယောက် မတ်တတ်ရပ်မိကြသည်။

"ဆရာမ၊ စာရေးဆရာ သူလျှံပ ဆိုတာ ဘယ်အခန်း...."

"ဩော်....သူ ဟိုတစ်နေ့ကပင် ဆေးရုံက ဆင်းသွားပါပြီဦး...."

ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ဟင်းခနဲ သက်ပြင်း ချရပြန်သည်။ အဖေသည် မျက်တောင် ပုတ်ခတ်လုပ်၍ ခဏငိုင်နေ၏။

"သူနဲ့ တွေ့ချင်လို့လား ဦး"

"ဟုတ် ဟုတ်ပါတယ် ဆရာမ"

"သူ အေးပြင်မှာ တစ်ရက် နှစ်ရက် နေဦးမယ် ပြောသွားပါတယ်၊ သူ့ အစ်ကို နာရီပြင်ဆိုင် သိလား"

"သိသိပါတယ် ဆရာမ၊ လျှပ်စစ်သိပ္ပံ နာရီပြင်ဆိုင်ဆို မဟုတ်လား"

"ဟုတ်တယ်၊ ညီမတို့ တွေ့ချင်ရင်တော့ အဲဒီပဲ လိုက်သွားကြပါ"

အဖေက သူ့ကို ကြည့်သည်။ ကျေးဇူးတင်စကားဆိုရန်ပင် သတိမထားမိ။ အဖေကသာ ကျေးဇူးတင်စကား ဆိုသည်။

"သူ အေးမြြင့်မှာ ရှိဦးမှာပါနော် ဆရာမ"

"တစ်ရက်နှစ်ရက်တော့ နေဦးမယ်လို့ ပြောသွားတာပါပဲ ဦးရယ်"

"သူ့ဒဏ်ရာကော ဆရာမ"

"ကောင်းသွားပါပြီ၊ အထင်မှားလို့ ,လုပ်ကြံခံရတာတဲ့၊ ကျွန်မတို့လဲ သတင်းစာထဲပါမှ သိကြတယ်၊ ဆွေမျိုးတော်လား ဟင်"

ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ဆရာမကော သဘော ပေါက်ပုံရ၏။ ရှုပါကို စေ့စေ့ကြည့်သည်။ အဖေ့ကိုလည်း ကြည့်သည်။ ပြီးမှ "အေးမြင့်က လူငယ်တွေကတော့ သူ့ကို သိပ်ခင်ကြတာ၊ သွေးလိုလား ဘာလား ညာလားနဲ့ သိပ်ပြီး ဂရုစိုက်ကြပါတယ်၊ ဒဏ်ရာက အပရိကမို့ ပြောပြီးရယ်ကြ ရသေးတယ်၊ လူမမာက ဒီလောက်မဟုတ်ဘူး၊ သူ့ပရိသတ်က အစိုးရိမ် လွန်နေကြလို့၊ သူ့သီချင်း ကျွန်မတို့လဲ ကြိုက်တယ်"

ရယ်နိုင်ကြသည် ဆိုစကားကို အလိုမကျမိ။ သူတို့က ရယ် နိုင်ကြသော်လည်း သူ့ရင်ထဲကမူ ပူလောင်လှပေပြီ။ သူ့ ဒဏ်ရာ ပျောက်ကင်း၍ ဆေးရုံကပင် ဆင်းသွားပြီ ဆိုသော် လည်း သောကမူ ရင်မှာ မအေးပေ။

ဆရာမကို နှုတ်ဆက်၍ အေးမြင့်သို့ ထွက်လာကြသည်။ တွေ့မှ တွေ့ရပါဦးမလား ဟူသော စိုးရိမ်သောက စိတ်သည် ရင်ထဲ၌ အပြည့်ပါလာလေသည်။

* * *





"ဪ…မောင်ထွန်းကျော်လား" ဟူသော စကားတ
စသည်။ သူ့မရီးတော်ဖြစ်ကြောင်း ပြော၏။ သူ့အား စာရေး
ဆရာ သီချင်းရေးဆရာမှန်း လူသိမှာစိုး၍ ရောက်စတည်းကပင်
သူတို့ကို နှုတ်ပိတ်ထားသည်ဟု ဆိုသည်။ သူ့အကြောင်းကို
ယခုမှ သိ၍ လာမေးသူတွေဟု ထင်ပုံရသည်။

သူက အချိန်ကို လု၍ လာရသည်။ သူ့အား စာရေးဆရာ၊
ဂီတစာဆိုမှန်း သီချင်း ဝါသနာရှင် လူငယ်များက လာရောက်
မိတ်ဆက် မေးကြ မြန်းကြ ဆွေးနွေးကြနှင့် တရှုန်းရှုန်းဖြ
မည်ကို သူ တွေးမိသည်။ အတွေ့အကြုံအရသိသည်။ ရန်ကုန်က
လာသော စာရေးဆရာ၊ ဂီတစာဆိုမှန်းသိလျှင် နယ်က လူငယ်
များသည် မိတ်ဖွဲ့ချင်ကြသည်။ မသိတာ မကျေနပ်တာ သဘော
မပေါက်တာလည်း ရှိ၍ လာမေးမြန်းတတ်ကြသည်။ အဖြေကို
မကျေနပ်တာ ဘဝင်မကျတာ ရှိသလို ကျေနပ်တာ သဘော
ပေါက်တာလည်း ရှိသည်။ သူသည် ဒေသန္တရ ဗဟုသုတအတွက်
အချိန်လု၍ လာသူ ဖြစ်သည်။ သူလာရင်းကိစ္စသည် ဗဟုသုတ
ယူရန်ဖြစ်သည်။ ဟောပြောရန် ဗဟုသုတဖလှယ်ရန် လာသူ
မဟုတ်။ စာရေးသည်ဆိုသော အလုပ်သည် စိတ်နှင့်လုပ်ရသော
အလုပ် ဖြစ်သည်။ တခြားအလုပ်လို နှုတ်စကားနှင့် လက်
အလုပ်ကို သီးခြားစီလုပ်၍မရ။ ဤသည်ကို သဘောမပေါက်
သူတွေနှင့် သူတွေ့မှာ ကြောက်သည်ဟု ပြောပြသည်။

"လာတုန်းကတော့ စောစော ပြန်ရမယ်ပြောတယ်၊ နောက်
တော့ ဖြစ်ချင်လို့ ထင်ပါရဲ့၊ ဖောင်တော်ဦးဘုရားပွဲ လေ့လာ
ဦးမယ်ဆိုပြီး နေတာ၊ ဘုရားပွဲမှာ အရပ်က ကောင်လေးတွေနဲ့

သီချင်းတောင် ဆိုလိုက်သေးတယ်၊ ဘုရားပွဲပြီးတော့ ဘာကြောလို့လဲ သေနတ်ပစ်ခံရတာ၊ ဒါလဲ အထင်အမြင်မှားလို့ ဒီလိုမဟုတ်ရင်လဲ လူမှားလို့ပဲ နေမှာပါ၊ ဒီက လူတွေက သူ့ကို ခင်ကြပါတယ်၊ ဖောင်တော်ဦးဘုရားမှာ သူ ဆိုပြတဲ့ သီချင်းတွေတောင် တစ်မြို့လုံး ညံနေတာပဲ၊ အဲဒါကြောင့် သူ့အစ်ကိုက အပြစ်တင်တယ်၊ အစကပင် စာရေးဆရာသီချင်းရေးဆရာပါလို့ လူသိရှင်ကြား ပြောထားရင် မင်း ဒီလိုအဖြစ်မျိုး ဖြစ်မှာ မဟုတ်ဘူးလို့”

သူ့မရီးသည် သတင်းစာထဲက သူ့အကြောင်း သတင်းကို ဖတ်မိပုံ မရသေး။ သတင်းစာပို့သူက မြို့၏ ဆင်ခြေဖုံးအပိုင်းကို ရောက်သေးပုံ မပေါ်။ ဇော်မြင့်အောင်တို့ သား အဖ လက်ချက်ဆိုတာလည်း သိပုံမရသေး။ယခင်က သူ၏အကြောင်းတွေကိုသာ ပြောပြနေသည်။

သူ့မရီးစကားကို အဖေက ကြားဝင်ဖြတ်ရမှာ နှုတ်လေးနေသည်။ သူ့အကြောင်းကို တစူးတစိုက် နားထောင်နေသော အဖေကို အားမလိုအားမရ ဖြစ်မိနေသည်။ သိချင်နေသော သူ ပြန်သွားပြီလား၊ သူ ရှိနေသေးလား စကား မေးရမှာ ခက်နေသည်။ သူ့မရီး၏ စကားက ရေပက်မဝင် ရှည်လျားနေတော့ စိတ်တိုလာသည်။ ရင်ထဲက စကားလုံးများကို နှုတ်ခမ်းပေါ်သို့ အားယူ၍ တင်ရသည်။

“သူ သူ ဒီမှာ ရှိသေးလား အစ်မကြီး”

“မနေ့ကပင် သူ့ညီတွေဆီကို ပြောင်းသွားတယ်၊ အဲဒီမှာ တစ်ရက်နှစ်ရက်နေပြီး ပြန်တော့မယ်ပြောတယ်၊ သူ့အစ်ကိုကတော့ သူ့ကို မြန်မြန် ပြန်ပို့လိုက်ရမယ်လို့ ပြောနေတယ်”





သတိရသည်။ အလာတုန်းက ရတနာကို မလိုက်တော့ဘဲ အထက် ကျောက်တောင်ရွာတွင် သူ ဆင်းကျန်ခဲ့သည်။ သူ့ညီအရင်းတွေ ရှိသည်ဟု ချစ်သူဘဝတုန်းက ပြောဖူးသည်။ နာမည်ကိုတော့ မမှတ်မိ။

အဖေက ရှုပါကို ကြည့်နေသည်။ ဤတစ်ခါ နောက်ဆုံးအဖြစ် အရဲစွန့်လိုက်သည်။

“အထက်ကျောက်တောင်မှာ သူ့ညီတွေက ဘယ်သူတွေပါလဲ အစ်မကြီး”

“မောင်မြင့်တို့ မောင်တင့်တို့လို့ မေးရင်ရပါတယ် ညီမရယ်၊ အစ်မကြီးခင်ပွန်းတောင် အဲဒီကို မနက်ကပင် သွားတယ်၊ မဟုတ်ရင် ဒီမှာ တစ်ရက်တန်သည် နှစ်ရက်တန်သည် နေဦးမလို့၊ သူ့အစ်ကိုက ဘာမှန်း မသိသေးတော့ အဲဒီမှာ သွားနေတာ သင့်တယ်ထင်လို့တဲ့”

“မောင်ထွန်းကျော် အထက် ကျောက်တောင်ရွာမှာတော့ ကျိန်းသေရှိပါတယ်နော်တူမ”

အဖေ၏ စကားက ခုမှ ထွက်လာသည်။

“ရှိပါတယ် ဦး၊ ရှိပါတယ်”

“သွားလိုက်ပါဦးမယ်ကွယ်” ဟူသော စကားကို အဖေက ဆိုသည်။ ရှုပါ၏ မျက်နှာကို အဖေ ကြည့်သော အကြည့်သည် ရုတ်တရက်မူ အဓိပ္ပာယ် ဖော်မရ ဖြစ်သွားမိသည်။ ကြင်နာသော အရိပ်ကို တွေ့ရသော်လည်း သူ့ကိုလား သမီးကိုလား ခွဲခြား မရပေ။

* * *

ရွာထက်ရှိ တောင်ခါးပတ် ကတ္တရာလမ်းပေါ်မှ ရွာဆင်း လမ်းကြမ်းထဲ ဖို့ ဆင်းလိုက်သည်။ ကားဘီးကို ဖေဖေက တစ်ပတ်ချင်းသာ လှိမ့်ချသည်။ တောင်စောင်း ကမ်းပါးယံ အောက်နားသို့ ရောက်လာသည်။ ဘုန်းကြီးကျောင်း တပ်ခြံဝ တွင် ကားကို ရပ်လိုက်၏။ မတ်စောက်သော ဓားလမ်းသည် ဆုံးချေပြီ။ ရှေ့ကို ဆင်း၍မရတော့။

တောင်ဇလပ်ပင်အောက်တွင် ထိုင်နေသော ကျောင်းသား ငယ်များနှင့် ကိုရင်လေး တစ်ပါးသည် ရှုပါတို့ သား အဖ နှစ်ယောက်ကို ငေးကြည့်နေကြသည်။

"လူလေးတို့ ဒီရွာက မောင်မြင့် မောင်တင့်တို့ အိမ်က ဘယ်အိမ်လဲကွယ့်"

"ဒီက ဆင်းသွားတော့ ဟိုဘက် ကမ်းပါးယံက အိမ် မြင့်မြင့်ကြီး"

တိုင်ပင်ထားသလိုပင် ပြိုင်တူ စ လှမ်းမိကြသည်။ ခြေလှမ်း တိုင်းသည် မှန်မှန်မရှိတော့။ ရှုပါ၏ ခြေလှမ်းက ရှေ့သို့ ရောက် နေသည်။ ခုနေခါတွင် ရင်ခုန်တာလောက်ကို လုံးဝ သတိ မထားနိုင်တော့။

မြင့်မြင့်ချင်း သူ့ကို မှတ်မိလိုက်သည်။ အိမ်ရှေ့ ခြံစပ်က ကရမက်ပင်တစ်ပင်ရင်းတွင် ထိုင်နေသည်။ တောင်ပေါ် လမ်း ဘက် ငေးနေ၏။ နေစာ လှုံနေပုံရသည်။ အဝေးက အမော တကော ပြေးလာသော ခြေလှမ်းရှင်ကို ငေးကြည့်ရင်းက ထိတ်ထိတ်ပျာပျာနှင့် ထရပ်သည်။ မယုံ သင်္ကာသော အံ့ဩ သမှုနှင့် ညှိုးညှိုးငယ်ငယ် ငေးကြည့်နေသည်။





သူ့အကြည့်သည် တင်းထားသော စိတ်ခွန်အား ဟူသမျှ ကို ရုတ်ခြည်း လျော့ကျ သွားစေလေသည်။ ရက်ရှည်လများ တင်းကျပ်စွာ သိမ်းဆည်း ထားသော ခွန်အား ဟူသမျှကို စွန့်လွှတ်လိုက်မိသည်။ စိတ်သွားတိုင်း ကိုယ်ခန္ဓာကိုပါ ဖြေလွှတ် လိုက်လေသည်။

"အို....မောင် ရယ်"

ရှည်လျားသော ရှိုက်သံများနှင့် အတူ တစ်အားပြေး ဖက်လိုက်လေသည်။

✲ ✲ ✲

## အခန်း (၃၆)

စိမ်းဖန့်ညို့မှိုင်းသော မှော်ရုံဟောဝန်ဘက် သူ လက်ဆန့်တန်းလိုက်သည်။

"ကြည့်စမ်းပါဦးအချစ်ရယ်၊ ဒီလို စိုပြည်စိမ်းလန်းတဲ့ လော့ကားထစ် စိုက်ပျိုးခင်းတွေကို မြင်နေရတော့ ဘယ်လောက်ကြည်နူးစရာ ကောင်းလဲလို့"

"ဟုတ်ပါတယ် မောင်ရယ်"

သူ့မျက်နှာကို ပီတိအပြည့်ဖြင့် မော့ကြည့်မိသည်။

"အဲဒါကြောင့် ချစ်ချစ်ကို မောင် ပြောချင်တာ"

"ဘာပြောမလို့လဲ၊ ပြောလေ"

ကလေးငယ် တစ်ယောက်လို သူ့လက်တစ်ဖက်ကို ဆွဲယမ်းလှုပ်ခါပစ်လိုက်မိသည်။





"မောင်တို့ နိုင်ငံဟာ အပူပိုင်းကျပေမယ့် ချစ်ချစ်တို့ အရပ်ကတော့ နွေပါးတဲ့အရပ် နွေမဲ့တဲ့အရပ်မို့ ဆောင်းရက်ရှည်တဲ့ နွေဒေသလို့ပဲ ပြောရမယ်၊ မောင့်မေတ္တာဟာလဲ အဲဒီကွေ့တာထဲက အမြဲစိမ်းသစ်တောလိုပါပဲ ဆိုတာ"

ပြောတတ်လိုက်တာ"

"ဟော့ဗျာ၊ စာရေးဆရာဆိုပါမှ ချစ်ချစ်က ခုထိ မယုံသေးဘူး"

သူက ငုံ့ကြည့်သည်။

"ယုံပါပြီတဲ့ရှင်၊ ယုံပါပြီတဲ့ စာရေးဆရာကြီးရဲ့"

ဖိုးကျော့

၂၄-၁-၈၂။